# ရှင်ယောဟန်နှင့်ရှင်ယုဒတို့၏ဓမ္မသစ်ဩဝါဒစာစောင်များ

ရှင်ယောဟန်နှင့်ရှင်ယုဒတို့၏ဓမ္မသစ်ဩဝါဒစာစောင်များကို
ဆင်ခြင်နှုလုံးသွင်းလေ့လာခြင်း

**အက်ဖ်၊ ဝိန်း မက်လီယိုဒ်**

**Light To My Path Book Distribution**
Sydney Mines, NS CANADA B1V 1Y5

# The Epistles of John and Jude

Revised September 2015

Copyright (c) 2013, 2015 by F. Wayne Mac Leod

Second edition: May 2013

Previously published by Authentic Media, 129 Mobilization Drive, Waynesboro, GA 30830 and 9 Holdom Avenue, Bletchley, Milton Keynes, Bucks, MK1 1QR UK

All rights reserved. No part of this book may be reproduced or transmitted in any form or by any means without written permission of the author.

All Scripture quotations, unless otherwise specified are taken from the New International Version of the Bible (Copyright (c) 1973, 1978, 1984 International Bible Society. Used with permission of Zondervan Bible Publiishers. All rights reserved.)

Scripture quotations marked "NKJV" are taken from the New King James Version (r), Copyright (c) 1982 by Thomas Nelson Inc. Used by permission. All rights reserved.

Scripture marked KJV are from the King James Version of the Bible.

Special thanks to the proof readers and reviewers without whom this book would have been much harder to read.

Dr. Andrew Mang Lian Pau မှမြန်မာဘာသာသို့ပြန်ဆိုထားသည်။

# မာတိကာ

စကားဦး

ရှင်ယောဟန်ဩဝါဒစာပထမစောင်ကိုနိဒါန်းပျိုးခြင်း ---------------------------- ၈

၁။ အသက်ရှင်သော နှုတ်ကပတ်တော် ------------------------------------ ၁၂

၂။ မိဿဟာယဖွဲ့ခြင်းအတွက် ပထမအဟန့်အတား - အပြစ်ဒုစရိုက် ---------- ၂၀

၃။ မိဿဟာယဖွဲ့ခြင်းအတွက် ဒုတိယအဟန့်အတား - ကျိုးပျက်နေ
သောဆက်ဆံရင်းနှီးမှုများ -------------------------------------------- ၂၈

၄။ မိဿဟာယဖွဲ့ခြင်းအတွက် တတိယအဟန့်အတား - လောကကို
ချစ်ခြင်း -------------------------------------------------------- ၃၆

၅။ မိဿဟာယဖွဲ့ခြင်းအတွက် စတုတ္ထအဟန့်အတား - သားတော်ကို
ငြင်းပယ်ခြင်း ---------------------------------------------------- ၄၄

၆။ စစ်မှန်သောယုံကြည်ခြင်းအတွက် ပထမစမ်းသပ်ချက် -ဖြောင့်မတ်ခြင်း ------- ၅၄

၇။ စစ်မှန်သောယုံကြည်ခြင်းအတွက် ဒုတိယစမ်းသပ်ချက် - ချစ်ခြင်းမေတ္တာ ---- ၆၄

၈။ စစ်မှန်သောယုံကြည်ခြင်းအတွက် တတိယစမ်းသပ်ချက် - အသစ်ပြုပြင်
ထားသောစိတ်နှလုံး ---------------------------------------------- ၇၂

၉။ စစ်မှန်သော ယုံကြည်ခြင်းအတွက် စတုတ္ထစမ်းသပ်ချက် - စိတ်ဝိညာဉ်------- ၈၂

၁၀။ ကျွန်ုပ်၌တည်သော ဘုရားသခင်၏ချစ်ခြင်း ------------------------------ ၉၂

၁၁။ သားတော်၌ ယုံကြည်ခြင်း -------------------------------------------- ၁၀၂

၁၂။ သေပြစ်သင့်သော ဒုစရိုက် ------------------------------------------ ၁၁၄

ရှင်ယောဟန်ဩဝါဒစာဒုတိယစောင်ကိုနိဒါန်းပျိုးခြင်း ------------------------ ၁၂၄

၁၃။ ချစ်ခြင်းမေတ္တာ၌ ကျင်လည်လျှောက်လှမ်းခြင်း --------------------------- ၁၂၈

၁၄။ သမ္မာတရား၌ ဆက်လက်ကျင်လည်ခြင်း ---------------------------------- ၁၃၆
ရှင်ယောဟန်ဩဝါဒစာတတိယစောင်ကိုနိဒါန်းပျိုးခြင်း -------------------------- ၁၄၄
၁၅။ ဂါယု -------------------------------------------------------------------------- ၁၄၈
ရှင်ယုဒဩဝါဒစာကိုနိဒါန်းပျိုးခြင်း -------------------------------------------- ၁၅၆
၁၆။ ယုံကြည်ခြင်းအတွက် ကြိုးစားတိုက်လှန်ခြင်း ------------------------------ ၁၅၈
၁၇။ ဘုရားကို မကြောက်သောသူများအတွက် အမင်္ဂလာ ---------------------၁၆၈
၁၈။ သင်တို့ကိုယ်ကိုစောင့်ရှောက်ကြလော့ --------------------------------- ၁၈၀

# စကားဦး

ကျွန်ုပ်တို့၌ ထာဝရအသက်ရရှိထားကြောင်းကို သိစေရန်အတွက် ရှင်ယောဟန် ဩဝါဒစာပထမစောင်ကို ရေးထားခဲ့ခြင်းဖြစ်သည်။ ဤစာစောင်တွင် ရှင်ယောဟန်က ယုံကြည်သူများနှင့် သခင်ဘုရားကြား၌ ရောက်လာနိုင်သော အဟန့်အတားများကို ကျွန်ုပ်တို့အား ပြောပြထားသည်။ ကျွန်ုပ်တို့သည် စစ်မှန်သောယုံကြည်သူများဟုတ်၊ မဟုတ်ကို စစ်ဆေးနိုင်ရန်ကူညီပေးဖို့ ရှင်ယောဟန်ကကျွန်ုပ်တို့အား စမ်းသပ်မှုများကို ဖြတ်ကျော်ခေါ်ဆောင်သွားပါသည်။ သူသည် ယုံကြည်ခြင်းဟူသောအရာကို ၎င်း၏အခြေခံအကြောင်းအချက်များအထိ အနှစ်ချုပ်လိုက်ပြီး၊ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းစစ်မှန်မှုရှိ မရှိကို သိမြင်နားလည်ရန် ကျွန်ုပ်တို့၏အသက်တာကို နက်နက်နဲနဲကြည့်ရှုသုံးသပ်ဖို့ စိန်ခေါ်ထားသည်။ ရှင်ယောဟန်ဩဝါဒစာ ဒုတိယနှင့်တတိယစောင်သည် ပုဂ္ဂိုလ်ရေးစာများဖြစ်ပြီး အသက်တာ၌ အခက်အခဲတစ်ခုကို ရုန်းကန်နေရသည့် ယုံကြည်သူများကို နှစ်သိမ့်အားပေးရန်းနှင့် ကောင်းကြီးပေးရန်အတွက် ရေးသားခဲ့သည်။ ရှင်ယောဟန်ဩဝါဒစာ ပထမစောင်က ကျွန်ုပ်တို့အား သခင်ဘုရား၌တည်သော ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများနှင့် မည်သို့မိတ်သဟာယဖွဲ့နေထိုင်ရမည်ကို သွန်သင်ပေးထားပြီး၊ ဤအကြောင်းအရာများကို ဒုတိယနှင့် တတိယစောင်တို့တွင် လက်တွေ့သက်သေပြထားပါသည်။

ရှင်ယုဒဩဝါဒစာသည် ကိုယ့်ကိုယ်ကို ယုံကြည်သူများဟုပြောဆိုလျှက် အသင်းတော်ထဲသို့ ဝင်ရောက်လာကြသည့် မှားယွင်းသောဆရာများနှင့် ပတ်သက်သောပြဿနာတစ်ခုအကြောင်းကို ပြောဆိုရေးသားခဲ့သည်။ ဤမှားယွင်းသောဆရာများသည် ယုံကြည်သူများကို လှည့်ဖြား၍ လမ်းမှားသို့သွေးဆောင်နေခဲ့ကြသည်။ ရှင်ယုဒကမိမိ၏ စာဖတ်ပရိသတ်အား ယုံကြည်ခြင်းအတွက် ကြိုးစားတိုက်လှန်ကြရန် ဩဝါဒပေးထားပြီး အတုအယောင်ခရစ်ယာန်များဖြင့် ပြည့်နေသည့်လောက၌ ခရစ်ယာန်အသက်တာကို မည်သို့နေထိုင်ရမည်အကြောင်း အကြံပြုထားသည်။

ဤရှင်းလင်းချက်ဋီကာကျမ်းသည် တစ်ထိုင်တည်းနှင့်အပြီးဖတ်ဖို့မရည်ရွယ်ထားပါ။ အခန်းတစ်ခန်းစီနှင့်ဆက်စပ်နေသော ကျမ်းပိုဒ်များကို ဤစာအုပ်အားမဖတ်မီတွင် အချိန်ယူ၍ဖတ်ရှုပါ။ သခင်ဘုရားကသင့်အားစကားပြောဖို့ခွင့်ပေးပါ။ သင့်ရဲ့အပြစ်များနှင့် အားနည်းချက်များအားလုံးကိုဝန်ချပါ။ ရရှိလာသောခွန်အားပေးတိုက်တွန်းချက်များအတွက် ကျေးဇူးတော်ချီးမွမ်းပါ။ ဤရှင်းလင်းချက်စာအုပ်သည် မှုတ်သွင်းခြင်းခံထားရသော ဘုရားသခင့်နှုတ်ကပတ်တော်၏နေရာကိုအစားထိုးဖို့မဟုတ်ပါ။ ဤစာအုပ်၏ ရည်ရွယ်ချက်မှာလက်ရှိအသက်တာ၌ နားလည်သဘောပေါက်ခြင်း၊ ရှင်းလင်းလွယ်ကူခြင်း၊ လက်တွေ့ရယူကျင့်သုံးခြင်းများကိုယူဆောင်လာပေးဖို့ဖြစ်သည်။ ကျွန်ုပ်၏ဆုတောင်းချက်မှာ ဝိညာဉ်တော်သည် ဤကျမ်းစာစောင်များကိုစာဖတ်သူ၏အသက်တာ၌ ပြန်လည် ရှင်သန်လာရန်နှင့် ၎င်းတို့၏ တရားဒေသနာများကို ကျွန်ုပ်တို့၏ နေ့ရက်ကာလ၌ ပြန်လည်ကြားနာခဲ့ကြရမည့် အကြောင်းဖြစ်သည်။ ဤလေ့လာသင်ယူမှုတွင် ဘုရားသခင်သည် သင့်ကိုကောင်းကြီးပေးပါစေသော်။

အက်ဖ်၊ ဝိန်း မက်လီယိုဒ်

# ရှင်ယောဟန်ဩဝါဒစာ ပထမစောင်ကိုနိဒါန်းပျိုးခြင်း

*ရေးသားပြုစုသူ*

တမန်တော်ယောဟန်သည် ရှင်ယောဟန်ဩဝါဒစာပထမစောင်ကို ရေးသားပြုစုခဲ့သူဖြစ်သည်။ သူသည်တမန်တော်ရှင်ယာကုပ်၏ညီဖြစ်သည် (မဿဲ ၄း၂၁၊ ၁၀း၂)။ သူတို့၏ဖခင်မှာ ဇေဗေဒဲဟုခေါ်သော ငွေကြေးအသင့်အတင့်ချမ်းသာသည့် တံငါသည်တစ်ဦးဖြစ်သည် (မာကုၤ၂၀ ကိုကြည့်ပါ)။

မဿဲ ၄း၂၁-၂၂ တွင် သခင်ယေရှုက ယောဟန်အား မိမိ၏နောက်သို့လိုက်ရန် ဆင့်ခေါ်သောအချိန်တွင် သူနှင့်သူ၏အစ်ကိုယာကုပ်တို့သည် တပည့်တော်များဖြစ်လာဖို့ မိမိတို့၏ဖခင်ကိုလည်းကောင်း၊ မိမိတို့၏ပိုက်ကွန်များကိုလည်းကောင်း စွန့်ပစ်ထားခဲ့ကြသည်။ ရှင်ယောဟန်သည် သခင်ယေရှုနှင့် အလွန်နီးစပ်ခဲ့ပြီး အရေးပါသောအချိန်များတွင် သခင်နှင့်အတူရှိရသောအခွင့်ကောင်းများကို မကြာခဏရရှိခဲ့သည် (မာကု ၅း၃၇၊ မဿဲ ၁၇း၁၊ ၂၆း၃၇ ကိုကြည့်ပါ)။

သခင်ယေရှု ရှင်ပြန်ထမြောက်ပြီးနောက်တွင် ရှင်ယောဟန်သည် ယေရုရှလင်မြို့ရှိအသင်းတော်၌ ခေါင်းဆောင်တစ်ဦးအနေဖြင့် အချိန်ယူခဲ့ပြီး၊ တမန်တော်ရှင်ပေတရုနှင့်အတူ အမှုတော်ဆောင်ခဲ့သည် (တမန်တော် ၃း၁၊ ၄း၁-၃)။ သမိုင်းအချက်အလက်များအရ သူသည် ဧဖက်မြို့၌လည်း အမှုတော်ဆောင်ခဲ့သည်ဟု ယုံကြည်ထားကြသည် (သို့သော် ဤအချက်ကိုသမ္မာကျမ်းစာ၌ အတိအလင်းဖော်ပြထားခြင်းမရှိပါ)။

*နောက်ခံအကြောင်းအရာ*

ဤစာစောင်ကို လက်ခံရရှိသောသူများနှင့် စပ်လျဉ်း၍ ရှင်ယောဟန်ဩဝါဒစာတွင် မည်သည့်ရည်ညွှန်းဖော်ပြချက်ကိုမျှ မတွေ့ရပါ။ သို့သော် ထင်ရှားသိသာသည့်အရာမှာ ဤစာစောင်ကို လက်ခံဖတ်ရှုသောသူတို့နှင့် ရှင်ယောဟန်တို့၏ဆက်ဆံ ရင်းနှီးမှုဖြစ်သည်။ ရှင်ယောဟန်က သူတို့ကို "ချစ်သားတို့" (၂း၁၊ ၁၈၊ ၃း၇၊ ၁၈၊ ၄း၄၊ ၅း၂၁)ဟူ၍လည်းကောင်း၊ "ချစ်သူတို့" (၂း၇၊ ၃း၂၊ ၂၁၊ ၄း၁၊ ၇၊ ၁၁) ဟူ၍လည်းကောင်း၊ "ညီအစ်ကိုတို့" (၃း၁၃)ဟူ၍ လည်းကောင်း ရည်ညွှန်းခေါ်ဆိုခဲ့သည်။ ဤအသုံးအနှုန်းများက တမန်တော်ကြီးသည် မိမိ ရေးသားပေးပို့လိုက်သော သူများအပေါ်၌ အလွန်နက်ရှိုင်းသော ချစ်ခြင်းမေတ္တာနှင့် စိုးရိမ် ပတ်သက်မှုတို့ရှိနေကြောင်းကို ညွှန်ပြနေကြသည်။

ဤစာစောင်၏ ရည်ရွယ်ချက်ကို ၁ ယော ၅း၁၃ တွင် ရှင်းပြထားသည်။ (စာဖတ်) သူတို့အနေဖြင့် မိမိတို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ဟု သိစေခြင်းငှါ ဤစာ စောင်ကို ရေးသားပေးပို့ခဲ့ကြောင်း ဤကျမ်းပိုဒ်တွင် ရှင်ယောဟန်က ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ တစ်နည်းအားဖြင့် ဆိုရလျှင်၊ ရှင်ယောဟန်၏ ရည်ရွယ်ချက်မှာ ယုံကြည် သူများအား ကယ်တင်ခြင်းစိတ်ချမှုကို ပေးရန်ဖြစ်သည်။ သူသည်ဤအချင်းအရာကို သူတို့ အထံ၌ သခင်ယေရှု၏ လုပ်ဆောင်ချက်များကို ပြန်လည်အသိပေးခြင်းဖြင့် လည်းကောင်း၊ ထိုသခင်နှင့် ကိုယ်တိုင်ဆက်ဆံရင်းနှီးရာ၌ ရှိလာနိုင်သော အဟန့်အတားများကို ပြန်လည် သတိပေးခြင်းဖြင့်လည်းကောင်း လုပ်ဆောင်ခဲ့သည်။ ထို့နောက် သူသည်စစ်မှန်သော ယုံကြည်သူ၏အသက်တာ၌ ဖြစ်ပေါ်လာသော အပြောင်းအလဲများကို စာဖတ်သူတို့အား ပြသပေးခဲ့သည်။ ရှင်ယောဟန်၏ သွန်သင်ခြင်း၏အလင်းအောက်၌ ကိုယ့်ကိုယ်ကို ပြန်လည် စမ်းစစ်ခြင်းဖြင့် စာဖတ်သူသည် သူ(သို့)သူမ၏ ကယ်တင်ခြင်းအထောက်အထား များကို မြင်တွေ့လာမည်ဖြစ်သည်။ ထို့အပြင် ရှင်ယောဟန်စိုးရိမ်ပူပန်ပေးသည့်အရာမှာ ထိုဒေသ တစ်ဝိုက်၌ ပျံ့နှံ့နေသည့် မှားယွင်းသော သွန်သင်ချက်များပင်ဖြစ်သည်။ ရှင်ယောဟန်က မိမိ၏စာဖတ်သူတို့အား ဝိညာဉ်များကို စစ်ကြောကြ၍ အခြားသောသတင်းကောင်းတရား

ကို သွန်သင်ပေးသူတို့အား သတိထားကြရန် သတိပေးခဲ့သည်။

*ယနေ့အတွက် ဤစာစောင်၏အရေးပါပုံ*

ရှင်ယောဟန်ဩဝါဒစာ ပထမစောင်သည် ယုံကြည်သူလူသစ်များအတွက် လည်းကောင်း၊ မိမိတို့၏ ကယ်တင်ခြင်းစိတ်ချရမှုကို ရှာတွေ့ရန် ရုန်းကန်နေရသောသူများ အတွက်အံ့ဖွယ်ကျမ်းတစ်စောင်ဖြစ်သည်။ ရှင်ယောဟန်သည် ကြင်နာနူးညံ့မှုနှင့်အတူ ပြောဆို၍ သမ္မာတရားတော်ကို အလွန်ထိရောက်၍ အစွမ်းထက်သော နည်းလမ်းဖြင့် ဆက်သွယ်ပြောဆိုထားပါသည်။ ရှင်ယောဟန်၏အဆိုအရ ယုံကြည်သူ၏အသက်တာသည် ပြောင်းလဲသောအသက်တာဖြစ်သည်။ ဤစာစောင်တွင် ရှင်ယောဟန်က သခင်ခရစ်တော်၏ စစ်မှန်သောနောက်လိုက်တစ်ဦး၏ စရိုက်လက္ခဏာများဟု သူယုံကြည်ထားသည့်အရာများကို ထုတ်ဖော်ပြသပေးခဲ့သည်။ ဤအရေးပါသော စာစောင်၌ ရှင်ယောဟန်က ကျွန်ုပ်တို့အား သွန်သင်ပေးထားချက်များ၏ အလင်းအောက်၌ ကျွန်ုပ်တို့၏အသက်တာများကို ကောင်းမွန်စွာစစ်ဆေးကြရမည်။

# ၁

# အသက်ရှင်သော နှုတ်ကပတ်တော်

၁ ယော ၁း၁-၄ ကိုဖတ်ရှုပါ။

တမန်တော်ယောဟန်သည် ရှင်ယောဟန်ဩဝါဒစာ ပထမစောင်ကို အသက်ရှင်သောနှုတ်ကပတ်တော်အား ကျွန်ုပ်တို့ကို မိတ်ဆက်ပေးခြင်းဖြင့် အစပြုထားသည်မှာ အလွန်ဆီလျော်လှပါသည်။ သူ၏အခြားဩဝါဒစာနှစ်စောင်ကိုလည်း ဤနည်းအတိုင်းပင် အစပြုထားသည်။ သူရေးသားပြုစုခဲ့သော ခရစ်ဝင်ကျမ်းကို "လူဇာတိခံယူခဲ့သော" နှုတ်ကပတ်တော်အား ရေးသားတင်ပြခြင်းဖြင့် အစပြုခဲ့ပြီး (ယောဟန် ၁း၁-၁၄)၊ နောက်ထပ်သူရေးသားပြုစုခဲ့သည့် ဗျာဒိတ်ကျမ်း၏ အဦးဆုံးအခန်းကြီးတွင် "ရွှေမီးခွက်ခုနစ်လုံး" အလယ်၌ရပ်နေသောသူကို ဖော်ထုတ်ပြသပေးထားသည် (ဗျာဒိတ် ၁း၉-၂၀)။ ဤအရာများအားလုံးသည် သခင်ယေရှုကိုရည်ညွှန်းထားချက်များဖြစ်သည်။ ရှင်ယောဟန်က ဤစာစောင်၌ အသက်ရှင်သော နှုတ်ကပတ်တော်အကြောင်းကို ကျွန်ုပ်တို့အား မည်သို့ပြောပြထားသည်ကို အကျဉ်းချုပ်၍ လေ့လာကြည့်ကြပါစို့၊

*ဤနှုတ်ကပတ်တော်သည် ရှေးဦးစွာကပင်ဖြစ်၏*

မိမိရေးသားပြုစုခဲ့သော ခရစ်ဝင်ကျမ်းတွင် ရှင်ယောဟန်က နှုတ်ကပတ်တော်သည်

ဤလောက ကမ္ဘာကြီးကို ဖန်ဆင်းခဲ့ကြောင်း ပြောပြထားသည် (ယောဟန် ၁း၁-၃)။ သခင်ယေရှုသည် နှုတ်ကပတ်တော်အဖြစ်နှင့် အစဉ်အမြဲတည်ရှိနေခဲ့ပါသည်။ သူသည်ဘုရားသခင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဘဝအသက်တာနှင့် ကျွန်ုပ်တို့၏ရှင်သန်တည်ရှိနေရခြင်းတို့အတွက် သူ့အပေါ်၌ကျေးဇူးအကြွေးတင်နေကြပါသည်။ သူသည်ကိုယ်တိုင်ပင်အသက်ကို ပေးနိုင်သောတန်ခိုးကို ပိုင်ဆိုင်ထားသည်။ သူသည်ဖန်ဆင်းရှင်ဖြစ်၍ ကျွန်ုပ်တို့သည် ဖန်ဆင်းခြင်းခံအရာများဖြစ်ကြသည်။ အရာခပ်သိမ်းဖြစ်တည်လာသည့် အစအဦးအချိန်၌ပင်သူရှိနေခဲ့ပါသည်။ သူသည်အဆုံးအစမရှိသော ထာဝရဘုရားသခင်ဖြစ်သည်။

*ဤနှုတ်ကပတ်တော်ကို နားဖြင့်ကြား၍၊ မျက်စိဖြင့်မြင်ကာ၊ လက်နှင့်စမ်းသပ်တို့ထိခဲ့ကြ၏*

သခင်ယေရှုသည် သန့်ရှင်းသောဘုရားသခင်ဖြစ်သော်လည်း သူသည်ယိုယွင်းပျက်စီးနေသော မိမိဖန်ဆင်းထားသည့်အရာများနှင့် အတူနေထိုင်ရန်ကြွဆင်းလာခဲ့သည်။ ဘုရားသခင်သည် နံဝိညာဉ်ဖြစ်၍ ကျွန်ုပ်တို့ကဲ့သို့အသွေးအသားခန္ဓာဖြင့် ကန့်သတ်မခံရပါ။ သို့သော်အသက်ရှင်သော နှုတ်ကပတ်မှုကား အကန့်အသတ်များရှိသော ကျွန်ုပ်တို့၏ဖြစ်တည်မှုကိုယူတင်ဝတ်ဆောင်ခဲ့သည်။ ထိုနှုတ်ကပတ်တော် ဤလောက၌ ရှင်သန်သွားလာခဲ့ချိန်၌ သူ့ကိုမြင်ခဲ့၊ ကြားခဲ့ရန် အခွင့်ကောင်းရရှိခဲ့သူများအနက်မှတစ်ဦးမှာ ရှင်ယောဟန်ပင်ဖြစ်သည်။ ရှင်ယောဟန်သည် ထိုအသက်ရှင်သောနှုတ်ကပတ်တော်ကို မိမိ၏လက်ဖြင့်ထိတွေ့ခဲ့ဖူးသည်။ ရှင်ယောဟန်သည် အသက်ရှင်သော နှုတ်ကပတ်တော်ကို "စေ့စေ့ကြည့်ရှု၍" တွေ့မြင်ခဲ့သည်ဟူသော အချက်ကိုသတိပြုပါ (ငယ်၁)။ "စေ့စေ့ကြည့်ရှုသည်" ဟူသော စကားလုံးအတွက် အသုံးပြုထားသောဂရိစကားလုံးသည် "တွေ့မြင်သည်" ဟူသောစကားအသုံးအနှုန်းနှင့်ကွဲပြားပါသည်။ "စေ့စေ့ကြည့်ရှုသည်" ဟူသောစကားလုံးတွင် လေးလေးနက်နက်ဆင်ခြင်ကြည့်ရှုသည့်အဓိပ္ပါယ်မျိုးပါသည်။ ဆိုလိုသည်မှာ ဂရုတစိုက်ကြည့်ရှုစစ်ဆေးသည့်သဘောဖြစ်သည်။ ဤနေရာ၌ ရှင်ယောဟန်က ကျွန်ုပ်တို့ကို ပြောပြနေ

သောအရာမှာ သခင်ယေရှုတည်းဟူသောလူပုဂ္ဂိုလ်နှင့်ပတ်သက်၍ သူ့၌သံသယလုံးဝ မရှိပါဟူ၍ဖြစ်သည်။ သူသည်သခင်ယေရှု၏စစ်မှန်မှုကို ဂရုတစိုက်ကြည့်ရှုစစ်ဆေး၍ သိရှိနားလည်ခဲ့ပါသည်။ ဤစာစောင်၏ပထမဆုံးကျမ်းပိုဒ်ငယ် သုံးပိုဒ်တွင် ရှင်ယောဟန်က သခင်ယေရှုနှင့် ပတ်သက်၍သူ၏ ယုံကြည်စိတ်ချနေမှုကို အနည်းဆုံးခုနစ်ကြိမ် ဖော်ပြထား သည်။

၁။ "ငါတို့သည် ကိုယ်တိုင်ကြားလျက်" (ငယ် ၁)

၂။ "ကိုယ်မျက်စိနှင့်မြင်လျက်" (ငယ် ၁)

၃။ "စေ့စေ့ကြည့်ရှု၍" (ငယ် ၁)

၄။ "လက်နှင့်စမ်းသပ်ခဲ့ပြီး" (ငယ် ၁)

၅။ "ထိုအသက်သည် ထင်ရှားခဲ့ပြီ" (ငယ် ၂)

၆။ "ငါတို့လည်း မြင်ရကြပြီ" (ငယ် ၂)

၇။ "ငါတို့ကြားမြင်ရသောအရာကို သင်တို့အားပြသကြ၏" (ငယ် ၃)

ဆိုလိုရင်းကို လွဲချော်သွားရန်မှာ ခက်ခဲပါလိမ့်မည်။ ရှင်ယောဟန်က ကျွန်ုပ်တို့ကို နားလည်သဘောပေါက်စေလိုသောအရာမှာ ဤနေရာ၌သူတင်ပြနေသောအရာသည် အသက်သေခိုင်လုံသော အမှန်တရားဖြစ်သည်ဟူသောအချက်ဖြစ်သည်။

*ဤနှုတ်ကပတ်တော်သည် ထာဝရအသက်၏အရင်းအမြစ်ဖြစ်၏*

ဤနေရာ၌ တမန်တော်ကြီးဖော်ပြနေသော ပုဂ္ဂိုလ်သည် ထာဝရအသက်၏အရင်း အမြစ်ဖြစ်သည်။ မိမိရေးသားပြုစုခဲ့သော ခရစ်ဝင်ကျမ်းတွင် ရှင်ယောဟန်က "ထိုနှုတ်ကပတ် တော်၌ အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏" ဟုပြောဆိုထားသည် (ယောဟန် ၁း၄)။ နှုတ်ကပတ်တော်သည် အသက်ကိုပေးဖို့ ကြွလာခဲ့သည်။ ဤနေရာ တွင် ရုပ်ခန္ဓာနှင့်ဆိုင်သောကျွန်ုပ်တို့၌ရှိပြီးသား အသက်ကိုပြောဆိုနေခြင်းမဟုတ်ပါ (သို့သော် ဤအသက်အတွက်ပင် သူ့ကိုကျေးဇူးကြွေးတင်နေပါသည်)။ ဤနေရာ၌ရှင်ယောဟန် ပြော

နေသောအသက်မှာ ထာဝရအသက်ဟူသော ဝိညာဉ်ရေးရာနှင့်ဆိုင်သောအသက် ဖြစ်သည်။ ဤအသက်သည် အသက်ရှင်သော နှုတ်ကပတ်ဆတော်တည်းဟူသော လူပုဂ္ဂိုလ်မှတဆင့် ဘုရားသခင်ထံမှ ရောက်လာသောအသက်ဖြစ်သည်။ သခင်ယေရှုသည် ဤထာဝရ အသက်ကို ပေးကမ်းဖို့ရောက်ရှိလာခဲ့သည်။

သခင်ယေရှုခရစ်အကြောင်းကို ကျွန်ုပ်တို့အား ရေးသားပြောကြားရန် တမန်တော် ယောဟန်ကို တွန်းအားပေးခဲ့သော အကြောင်းအရင်းများကို ကျွန်ုပ်တို့ယခုရောက်လာပါပြီ။ ရှင်ယောဟန်က ဤစာစောင်ကို ရေးသားပြုစုရသည့်အကြောင်းအရင်းနှစ်ခုကို ဖေါ်ပြထား သည်။ ၎င်းတို့မှာ မိတ်သဟာယဖွဲ့ခြင်းနှင့် ဝမ်းမြောက်ခြင်းတို့ဖြစ်ကြသည်။

*သင်တို့သည်ငါတို့နှင့် မိတ်သဟာယဖွဲ့စေခြင်းငှါ (ငယ် ၃)*

ပထမအနေဖြင့် ဤစာစောင်တွင် ဧဝံဂေလိပြုလုပ်ခြင်းနှင့်ဆိုင်သော အရေးကြီး သည့်အချက်တစ်ချက်ရှိနေသည်။ ရှင်ယောဟန်သည် ယုံကြည်သူများ (“ချစ်သားတို့” ၂း၁) ထံသို့ လိမ်မူရေးသားနေစဉ်တွင် ကိုယ့်ကိုယ်ကို ခရစ်ယာန်ပါဟု ပြောဆိုနေသောသူတိုင်း ကယ်တင်ခြင်းကို အမှန်တကယ်မရရှိကြသေးကြောင်း သူသတိပြုမိနေပါသည်။ ထာဝရ အသက်ကို မရရှိသေးသောသူတိုင်းအား ထိုထာဝရအသက်ရဖို့ လှမ်းယူဖမ်းဆုပ်ကြရန် သူအလိုရှိခဲ့သည်။ ထို့အပြင် ရှင်ယောဟန်သည် စစ်မှန်သောယုံကြည်သူများအား သခင် ခရစ်တော် ပြောကြားထွက်ဆိုခဲ့သောအရာများ မှန်ကန်ကြောင်းကို ပြန်လည်အာမခံပေး ခြင်းဖြင့် သူတို့ကိုယုံကြည်ခြင်း၌ တည်ဆောက်၍ ခွန်အားပေးတိုက်တွန်းလိုခဲ့သည်။

ရှင်ယောဟန်၏ ဩဝါဒစာသုံးစောင် (ရှင်ယောန်ဟန်ဩဝါဒစာ ပထမ၊ ဒုတိယ၊ တတိယစောင်)ကို အလျင်အမြန် လှန်လျှောကြည့်ရုံကပင် တမန်တော်ယောဟန်သည် မိတ် သဟာယဖွဲ့ခြင်းအကြောင်းကို အလွန်အလေးထားနေကြောင်းကို တွေ့ရပါမည်။ သူသည် မိမိ၏ဒုတိယနှင့်တတိယဩဝါဒစာစောင်များကို အသင်းတော်ရှိလူအသီးသီးတို့အား အချင်း ချင်းတစ်ဦးနှင့်တစ်ဦး ချစ်ကြ၍ စည်းလုံးညီညွတ်ခြင်းကို ပြန်လည်ထိမ်းသိမ်းထားရှိကြရန်

ခွန်အားပေး တိုက်တွန်းဖို့ ရေးသားခဲ့သည်။ ဤပထမစာစောင်တွင် မိတ်သဟာယဖွဲ့ခြင်းမှာ အဓိကရေးသားလိုသော အကြောင်းအရာဖြစ်သည်။ အခန်းကြီး ၃ နှင့် ၄ ကို တစ်ဦးနှင့်တစ်ဦးချစ်ခြင်း၊ ဘုရားသခင်ကို ချစ်ခြင်းဟူသော ချစ်ခြင်းမေတ္တာအကြောင်းအရာအတွက် ရည်စူးထားခဲ့သည်။ ဤနေရာရှိ အခန်းကြီး ၃ မှ အပိုဒ်ငယ် ၁တွင် ဤစည်းလုံးညီညွတ်ခြင်းနှင့် မိတ်သဟာယဖွဲ့ခြင်း၏ အခြေခံအကြောင်းအရင်းသည် သခင်ယေရှုနှင့် ထိုသခင်လုပ်ဆောင်ခဲ့သောအရာတို့တွင်ဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ “ငါတို့သည် ခမည်းတော်နှင့်၄င်း၊ သားတော်ယေရှုခရစ်နှင့်၄င်း မိသဟာယဖွဲ့ရသည်။” သခင်ခရစ်တော်၌တည်သော ကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမများနှင့် အမြဲတမ်းတော့ အဆင်ပြေ၊ သဘောထားတိုက်ဆိုင်နေကြမည်မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့သည် သခင်ယေရှုကို ကျွန်ုပ်တို့၏ ကယ်တင်ရှင်သခင်အဖြစ် လက်ခံယုံကြည်ထားလျှင် ကျွန်ုပ်တို့သည် တစ်ခုတည်သောဝိညာဉ်ရေးမိသားစု၏မိသားစုဝင်များဖြစ်ကြသည်။ ထိုသံယောဇဉ်အနှောင်အဖွဲ့သည် ကျွန်ုပ်တို့အချင်းချင်းကြားရှိ အရေးမပါသော မတူကွဲပြားချက်များထက် ပို၍ခိုင်ခံ့ပါသည်။

ကျွန်ုပ်တို့၌ အားလုံးနှင့်ဆိုင်သော ဘုံကယ်တင်ရှင်တစ်ပါးကို ရှိထားကြသောကြောင့် အချင်းချင်းမိတ်သဟာယဖွဲ့နိုင်ကြပါသည်။ ကျွန်ုပ်တို့သည် ထိုကယ်တင်ရှင်အပေါ်၌ ပြုထားကြသော ဆက်ကပ်အပ်နှံခြင်းဟူသော အရာအားဖြင့်တစ်စိတ်တစ်ဝမ်းတည်း ဖြစ်နေကြသည်။ ထိုကယ်တင်ရှင်ကို စိတ်ကျေနပ်စေရန်နှင့် ထိုကယ်တင်ရှင်ကို ချစ်ရန်ဟူသော ကျွန်ုပ်တို့၏အများတူ စိတ်ဆန္ဒအားဖြင့် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်နေကြပါသည်။ ကျွန်ုပ်တို့အတွက် ထိုသခင်လုပ်ဆောင်ပေးသွားခဲ့သည့်အရာကို ကျွန်ုပ်တို့အတူတကွ နားလည်ထားမှုအားဖြင့် ကျွန်ုပ်တို့စည်းလုံးညီညွတ်ကြပါသည်။ ကျွန်ုပ်တို့နောက်ဆုံးရောက်ရှိကြမည့် တူညီသောပန်းတိုင်အားဖြင့် ကျွန်ုပ်တို့စည်းလုံးညီညွတ်ကြပါသည်။ ကျွန်ုပ်တို့၏ စည်းလုံးညီညွတ်ခြင်းကို သခင်ယေရှုနှင့် သူလုပ်ဆောင်ခဲ့သောအရာများ၌သာ တွေ့ရှိရပါသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုကို ပိုသိလာ၍၊ ပိုချစ်လာလေလေ၊ ထိုသခင်နှင့်ဆိုင်သော သူများနှင့်ဝိညာဉ်ရေးရာဆက်ဆံရင်းနှီးမှုများကို ကျွန်ုပ်တို့တက်တက်ကြွကြွပို ၍လုပ်

ဆောင်လာကြပါမည်။ ဤစာစောင်ကိုရေးသားရသည့် ရှင်ယောဟန်၏ပထမ ရည်ရွယ်ချက်မှာ သခင်ယေရှုနှင့်ထိုသခင်လုပ်ဆောင်ခဲ့သောအရာများ၌ သာ၍ကြီးမားသော မိတ်သဟာယဖွဲ့ခြင်းကိုရှိနေကြဖို့ ခွန်အားပေးတိုက်တွန်းရန်ဖြစ်သည်။

*သင်တို့၏ဝမ်းမြောက်စရာအကြောင်း စုံလင်စေခြင်းငှါ (ငယ် ၄)*

ဤစာစောင်ကို ရေးသားရခြင်း၏ ဒုတိယအကြောင်းအရင်းကိုလည်း ရှင်ယောဟန်က ဖော်ပြထားသည်။ ရှင်ယောဟန်သည် မိမိ၏စာဖတ်ပရိတ်သတ်များထံ၌ သခင်ယေရှုအကြောင်းကို ဝေငှပေးထားသည်။ ထိုသို့အားဖြင့် သူတို့သည်ဝမ်းမြောက်ခြင်းနှင့် ပြည့်နေကြမည်ဖြစ်သည်။ ဤဝမ်းမြောက်ခြင်းသည် မည်သည့်နေရာမှ ရောက်ရှိလာပါသနည်း။ ဝမ်းမြောက်ခြင်းသည် သခင်ယေရှုနှင့် ထိုသခင်၏လုပ်ဆောင်ချက်များကို သိနားလည်သောသူတို့၏အသိဉာဏ်မှ ရောက်ရှိလာပါသည်။ ခရစ်ယာန်အသက်တာသည် ပျော်ရွှင်ဝမ်းမြောက်ဖွယ် အသက်တာဖြစ်သည်။ ထိုအတွက်ကြောင့်ပင် ရှင်ယောဟန်က ဝမ်းမြောက်ခြင်း၏အရင်းအမြစ်ဖြစ်သော သခင်ယေရှုကို သူတို့အားညွှန်ပြပေးထားခြင်းဖြစ်သည်။

အခန်းငယ် ၄ ရှိ "သင်တို့" ဟူသော စကားလုံးအပေါ်၌ ငြင်းပွားမှုအချို့ရှိနေသည်။ အရေးပါသောအချို့ ဂရိရှေးစာမူများတွင် "သင်တို့"ဟူသော စကားလုံးကို "ကျွန်ုပ်တို့" ဟူသော စကားလုံးဖြင့် အစားထိုးထားကြသည်။ New International Version ကျမ်းစာက "ငါတို့၏ဝမ်းမြောက်စရာအကြောင်း စုံလင်စေခြင်းငှါလည်းကောင်း၊ ဤအရာများကို ငါတို့သည် ရေးလိုက်ကြ၏" ဟု ဖော်ပြထားခြင်းဖြင့် အထက်ပါအချက်ကိုထင်ဟပ်ပြသထားသည်။ ရှင်ယောဟန်က သူသည်၍စာစောင်ကို ရေးပို့လိုက်ခြင်းဖြင့် သူ၏စာဖတ်ပရိတ်သတ်များသည် သူကိုယ်တိုင်နှင့်လည်းကောင်း၊ သခင်ယေရှုနှင့်လည်းကောင်း မိတ်သဟာယဖွဲ့လာနိုင်ကြမည်ဖြစ်ကြောင်းကျွန်ုပ်တို့အားပြောပြခဲ့သည်။ လူအများ သခင်ယေရှုနှင့်ကယ်တင်ခြင်း မိတ်သဟာယဖွဲ့ခြင်းထဲသို့ ဝင်ရောက်လာကြသည်ကို မြင်ရခြင်းသည် ကြီးမားသော ဝမ်းမြောက်ခြင်းအမှန်ဖြစ်ပါသည်။ သူတို့ကို သခင်ယေရှုထံ၌ မိတ်ဆက်

ပေးသောသူ၌လည်းကောင်း၊ ထိုမိတ်သဟာယဖွဲ့ခြင်းထဲသို့ ဝင်ရောက်လာသော သူ၌လည်းကောင်း ဝမ်းမြောက်ခြင်းရှိပါသည်။ အစွန်ဆုံးဆိုရလျှင်၊ ဤစာစောင်အား ရှင်ယောဟန်ရေးသားရသည့်အကြောင်းအရင်းမှာ သူနှင့်တကွသူ၏စာဖတ်ပရိသတ်များသည် သခင်ခရစ်တော်ကိုသိနားလည်ခြင်းမှ စီးဆင်းလာသောဝမ်းမြောက်ခြင်းကို မျှဝေခံစားကြရန်ပင်ဖြစ်သည်။

တမန်တော်ကြီးသည် သူတွေ့မြင်ကြားနာခဲ့ရသောအရာကို သက်သေခံနေပါသည်။ သူ၏သက်သေခံချက်သည် အစွမ်းထက်လှသည်။ အကြောင်းမှာ အသက်ရှင်သောနှုတ်ကပတ်တော်ဖြစ်တော်မူသော သခင်ယေရှုဤလောက၌ ရှင်သန်ခဲ့ချိန်၌ ရှင်ယောဟန်ကိုယ်တွေ့ရရှိခဲ့သော အတွေ့အကြုံများကြောင့်ဖြစ်သည်။ ရှင်ယောဟန်က မိမိ၏မျက်မြင်ကိုယ်တွေ့ တွေ့ကြုံခဲ့ရသော အတွေ့အကြုံကို သေချာစိတ်ချမှုနှင့်အတူ စိတ်အားထက်သန်စွာဝေငှခဲ့ပါသည်။ သူသည်သခင်ယေရှုကို မိမိ၏စာဖတ်ပရိတ်သတ်အား စိတ်နှလုံးအကြွင်းမဲ့ဖြင့် ပေးကမ်းနေခဲ့ပါသည်။ သခင်ဘုရား၏အကြောင်းကိုပြောဆိုဝေငှရာတွင် အလွန်ဝမ်းမြောက်နေခဲ့သည်။ စာဖတ်ပရိသတ်ကြီးအနေဖြင့် အသက်ရှင်သောနှုတ်ကပတ်တော်ကိုသိမြင်လာကြရန်မှာ ရှင်ယောဟန်၏စိတ်ဆန္ဒပင်ဖြစ်သည်။ မိမိနားလည်သိကျွမ်းထားမှုကိုဝေငှရာ၌လည်းကောင်း၊ မိမိ၏စာဖတ်ပရိသတ်ကြီးအား သခင်ယေရှုနှင့်မိတ်ဆက်ပေးရာ၌လည်းကောင်းရှိနေမည့် ရှင်ယောဟန်၏ စိတ်လှုပ်ရှားပျော်ရွှင်မှုကို သင်ခံစားမိပါလိမ့်မည်။ သင်သည်သခင်ဘုရားအတွက် သက်သေဖြစ်ရာ၌ ထိုကဲ့သို့စိတ်လှုပ်ရှား ပျော်ရွှင်မှုမျိုးကိုခံစားမိပါသလား။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သခင်ယေရှုက မိမိမည်သူမည်ဝါဖြစ်ကြောင်းကြွေးကြော်ထားသည့် အတိုင်းဖြစ်တည်ခဲ့ကြောင်း ရှင်ယောဟန်၌ မည်သည့်သက်သေအထောက်အထား ရှိခဲ့ပါသနည်း။

- ရှင်ယောဟန်၏ ပြောဆိုထားချက်အရ ယုံကြည်သူများဖြစ်ကြသည့် ကျွန်ုပ်တို့၏ စည်းလုံးညီညွတ်ခြင်းအတွက် အခြေခံအကြောင်းအရင်းမှာ အဘယ်အရာနည်း။
- ကျွန်ုပ်တို့သည်သခင်ယေရှုကို မြင်လည်းမမြင်ဖူး၊ ထိလည်းမထိဖူးကြချိန်တွင် သူ့ကိုဝိညာဉ်မျက်စိအားဖြင့် သိမြင်နားလည်ခဲ့ကြသည်ဟု ကျွန်ုပ်တို့ပြောနိုင်ပါသလား။ ရှင်းပြပါ။
- သခင်ယေရှုကိုသိကျွမ်းခြင်း၌ သင်သည်ရှင်ယောဟန်၏ စိတ်လှုပ်ရှားပျော်ရွှင်မှုကို မျှဝေခံစားပါသလား။ သခင်ယေရှုကို အခြားသူများထံ၌ မျှဝေခြင်းကို မပြုလုပ်နိုင်အောင် မည်သည့်အရာက သင့်ကိုဟန့်တားနေပါသနည်း။

**ဆုတောင်းရန်အချက်များ**

- သခင်ဘုရားသည် ကျွန်ုပ်တို့ထံ၌ သူကိုယ်သူစစ်မှန်သောသူအဖြစ် ဖန်တီးပြသဖို့ ကောင်းကင်ဘုံမှ ဆင်းကြွလာခဲ့ခြင်းအတွက် သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။
- ကျွန်ုပ်တို့၏ နေ့ရက်ကာလ၌ ခရစ်တော်၏ကိုယ်ခန္ဓာထဲတွင် သာ၍ကြီးမားသော စည်းလုံးညီညွတ်ခြင်းကို ဆောင်ယူလာပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- အခြားအသင်းတော်မှ မိတ်ဆွေယုံကြည်သူတစ်ဦးအတွက်ဆုတောင်းပေးဖို့ အချိန်ယူပါ။ အချို့ကိစ္စရပ်များတွင် သင်တို့အချင်းချင်းစိတ်သဘောထားအမြဲတမ်းတိုက်ဆိုင်မည်မဟုတ်သော်လည်း သင်တို့သည်သခင်ယေရှု၌တူညီသော သံယောဇဉ်နှောင်ကြိုးတစ်ခုရှိထားကြသောကြောင့် သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။
- သူ့ကိုသိကျွမ်းနားလည်ခြင်း၌ သာ၍ကြီးမားသော စိတ်အားထက်သန်မှုကို ပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။

၂

# မိတ်သဟာယဖွဲ့ခြင်းအတွက် ပထမအဟန့်အတား - အပြစ်ဒုစရိုက်

၁ ယော ၁း၅-၂း၆ ကိုဖတ်ရှုပါ။

ခရစ်ယာန်ယုံကြည်ခြင်း၏ အကြီးမား၊ အထူးခြားဆုံးသော အမှန်တရားများအနက် မှတစ်ခုမှာ သင်နှင့်ကျွန်ုပ်သည် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်နှင့် ရင်းနှီးကျွမ်းဝင်၍နီးစပ်သော ဆက်ဆံမှုတစ်ခုကို ရှိနိုင်ကြသည်ဟူသောအချက်ပင်ဖြစ်သည်။ သခင်ယေရှုသည် ရှေးဦးစွာ ကပင်တည်ရှိနေခဲ့သော်လည်း ဤလောက၌ကျွန်ုပ်တို့နှင့်အတူ ရှင်သန်နေထိုင်ဖို့ ကြွဆင်း လာခဲ့ကြောင်းကို ရှင်ယောဟန်က ဤစာစောင်၏ပထမဆုံးကျမ်းပိုဒ် လေးပိုဒ်တွင် ကျွန်ုပ် တို့ကို အသိပေးထားပါသည်။ ရှင်ယောဟန်ကမိမိ၏သခင်ဘုရားကို လူ့အသွေးအသားခန္ဓာ၌ ကြည့်မြင်၊ ကြားနာ၊ တို့ထိစမ်းသပ်ရသောအခွင့်ကောင်းကို မည်သို့ရခဲ့ကြောင်းကို ကျွန်ုပ်တို့ အားပြောပြသည်။ သူသည် ဖန်ဆင်းရှင်နှင့် သူ၏ဆက်ဆံရင်းနှီးမှုအကြောင်းကို ပြောပြ ရာ၌ အလွန်ကျေနပ်အားရနေခဲ့သည်။ "ခမည်းတော်နှင့်၎င်း၊ သားတော်ယေရှုခရစ်နှင့်၎င်း" (၁း၃) ပြုလုပ်သော ဤမိတ်သဟာယဖွဲ့ခြင်း၌ သူနှင့်အတူပါဝင်လာကြဖို့ မိမိ၏စာဖတ် ပရိတ်သတ်ကြီးကို ဆင့်ခေါ်တိုက်တွန်းရန် ဤစာစောင်ကို ရှင်ယောဟန်ရေးသားခဲ့ခြင်း ဖြစ်သည်။

ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းမှာ ဖြစ်နိုင်ပါသော်လည်း၊ ၎င်းကိုဆီးတား တတ်

သည့်အဟန့်အတားအမျိုးမျိုးရှိနေကြောင်းကို ရှင်ယောဟန်က မိမိ၏စာဖတ်ပရိသတ်ကြီးအားပြောပြချင်နေခဲ့သည်။ ဤအဟန့်အတားများကို နောက်လာမည့် အခန်းအတွင်း၌ ကျွန်ုပ်တို့လေ့လာစမ်းစစ်သွားကြပါမည်။ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းကို ဟန့်တားနှောက်ယှက်သည့် ဤအဟန့်အတားများမှ ပထမအဟန့်အတားကို ဤအခန်းတွင်ကျွန်ုပ်တို့လေ့လာသွားကြပါမည်။

ရှင်ယောဟန်က "ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏။ ဘုရားသခင်၌ မှောင်မိုက်အလျှင်းမရှိ" ဟု ကျွန်ုပ်တို့ကို ပြောပြထားသည် (၄ယ် ၅)။ အလင်းသည် သန့်ရှင်းမြင့်မြတ်ခြင်းနှင့် ပကတိဖြူစင်ခြင်းကို ကိုယ်စားပြုသည်။ အခြားတစ်ဖက်တွင် မှောင်မိုက်သည် အပြစ်ဒုစရိုက်နှင့် မကောင်းမှုအကုသိုလ်ကို ကိုယ်စားပြုသည် (ဆာလံ ၁၁၉း၁၀၅၊ ယောဟန် ၁း၄-၅၊ ရောမ ၁၃း၁၁-၁၄ ကို ကြည့်ပါ)။ ဘုရားသခင်သည် အလင်းဖြစ်သည်ဟုဆိုရာတွင် ရှင်ယောဟန်က ဘုရားသခင်သည် ပကတိသန့်ရှင်းမြင့်မြတ်၍ ဖြူစင်သောသူဖြစ်သည်ဟု ကျွန်ုပ်တို့ကို ပြောပြနေပါသည်။ ဘုရားသခင်လုပ်ဆောင်သော အရာခပ်သိမ်းသည် ကောင်းမွန်၍ ပြည့်စုံ၏။ သူ့ကိုအပြစ်ရှိသည်ဟု ဘယ်သောအခါတွင်မျှ စွပ်စွဲ၍မရပါ။ သူသည် သန့်ရှင်းမြင့်မြတ်ခြင်းနှင့်ပကတိပြည့်စုံခြင်းတို့ကို တိုင်းတာသတ်မှတ်သောသူဖြစ်သည်။ "ဘုရားသခင်၌ မှောင်မိုက်အလျှင်းမရှိ" ဟုကျွန်ုပ်တို့အား ပြောရာတွင် ဘုရားသခင်၏ စရိုက်လက္ခဏာတို့မှာ အပြစ်အနာအဆာကင်းကြသည်ဟူ၍ဆိုလိုသည်။ သူလုပ်ဆောင်ခဲ့သောအရာအားလုံးနှင့် သူလုပ်ဆောင်မည့်အရာအားလုံးတို့သည် ပကတိပြည့်စုံ၍ သန့်ရှင်းမြင့်မြတ်ကြပါသည်။ အပြစ်ဒုစရိုက်၏ မှောင်မိုက်သည် ဘုရားသခင်၌ "အလျှင်း (လုံး၀)မရှိ" ပါ။

ဘုရားသခင်၏ပကတိသန့်ရှင်းမြင့်မြတ်ခြင်းနှင့်စပ်လျဉ်း၍ ဤထုတ်ဖော်ပြောကြားမှုကိုပြုလုပ်ပြီးနောက်တွင် ရှင်ယောဟန်သည် ဤအယူ၀ါဒ၏လက်တွေ့ရယူကျင့်သုံးမှုများကို ဆက်လက်၍ပြောထားသည်။ ရှင်ယောဟန်သည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့မှုကို ဟန့်တားသောအရာများအား ပြောနေကြောင်းကိုသတိရပါ။ ဘုရားသခင်သည် အလင်း

ဖြစ်၍ သူ၌မှောင်မိုက်အလျင်းမရှိသောကြောင့် ကျွန်ုပ်တို့၌ရှိနေသော အပြစ်ဒုစရိုက်မှောင်မိုက်သည် ကျွန်ုပ်တို့ကို ဘုရားသခင်နှင့် စစ်မှန်စွာရင်းနှီးဆက်ဆံဖို့ ဟန့်တားနေပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ဖို့ဆိုလျှင် ကျွန်ုပ်တို့ကိုဘုရားသခင်နှင့်ကင်းကွာနေစေသော အပြစ်ဒုစရိုက်ကို ဦးစွာကိုင်တွယ်ဖြေရှင်းကြရပေမည်။

ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့နေပါသည်ဟု ဆိုသော်လည်း "သမ္မာတရားကိုမကျင့်" (အပြစ်းဒုစရိုက်ကို အကျင့်တစ်ခုကဲ့သို့ လုပ်ဆောင်နေခြင်း) လျှင် ကျွန်ုပ်တို့သည် မုသာကိုသုံးသောသူများဖြစ်သည်ဟု ရှင်ယောဟန်ကအစွန်ဆုံးအထိပြောထားသည် (ငယ် ၆)။ ကျွန်ုပ်တို့သည် ထာဝရအသက်ကို ပိုင်ဆိုင်ထားကြပါသည်ဟု ပြောဆိုသော်လည်း မကောင်းမှုဒုစရိုက်များနှင့်သာအသွင်ဆောင်ထားသော အသက်တာဖြင့်ရှင်သန်နေလျှင် ကျွန်ုပ်တို့၏ပြောဆိုထားချက်မှာ အလွန်သံသယပွားဖွယ်ဖြစ်သည်။ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းသည် နာခံခြင်းနှင့် သန့်ရှင်းစင်ကြယ်ခြင်းဘောင်ထဲ၌သာဖြစ်နိုင်ပါသည်။ ဘုရားသခင်သည် သန့်ရှင်းသောကြောင့် သူသည်မသန့်ရှင်းခြင်းနှင့်မိတ်သဟာယမဖွဲ့နိုင်ပါ။

အခန်းငယ် ၇ က ကျွန်ုပ်တို့သည် အလင်း၌ကျင်လည်လျှောက်လှမ်းလျှင် သခင်ခရစ်တော်၌တည်သော ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများနှင့်လည်း မိတ်သဟာယဖွဲ့နေကြကြောင်းပြောပြထားသည်။ ဘုရားသခင်နှင့်ကျွန်ုပ်တို့မိတ်သဟာယဖွဲ့ခြင်းနှင့် အခြားယုံကြည်သူများနှင့် ကျွန်ုပ်တို့မိတ်သဟယဖွဲ့ခြင်းအကြားတွင် တိုက်ရိုက်ဆက်နွယ်မှုရှိနေပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အား ပြစ်မှားသောအခါ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏မိတ်သဟာယဖွဲ့ခြင်းကို ကျိုးပဲ့အက်ကွဲစေရုံသာမဟုတ်၊ ဘုရားသခင်၏အလင်း၌ကျင်လည်လျှောက်လှမ်းသောသူများနှင့်လည်း မိတ်သဟာယပျက်ရပါသည်။ ကျွန်ုပ်တို့၏မိတ်သဟာယဖွဲ့ခြင်းသည် သခင်ခရစ်တော်တည်းဟူသော သူ၏အနီးတဝိုက်တွင် ဖြစ်ပျက်သည်။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့်မိတ်ဖွဲ့ခြင်းကို ချိုးဖျက်ပါက ကျွန်ုပ်တို့သည် ထိုသခင်နှင့်စပ်ဆိုင်သောသူများနှင့် မိတ်ဖွဲ့ခြင်းကိုလည်း ချိုးဖျက်ပစ်ကြပါသည်။

ရှင်ယောဟန်၏ ပြောဆိုထားချက်များကို ကြားနာရပြီးနောက်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်လည်းကောင်း၊ ဘုရားသခင်၏လူများနှင့်လည်းကောင်း မိတ်သဟာယဖွဲ့ဖို့ဆိုလျှင် ကျွန်ုပ်တို့အနေဖြင့် ပကတိပြည့်စုံနေရန် လိုသည်သည်ဟု ကောက်ချက်ချရပေလိမ့်မည်။ သို့သော် ထိုသို့မဟုတ်ကြောင်းကို ရှင်ယောဟန်က ရှင်းရှင်းလင်းလင်းပြောပြထားသည်။ ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်ကြသည်မှာ အမှန်ပင်ဖြစ်သည် (၎ယ် ၁၀)။ ကျွန်ုပ်တို့ထဲမှမည်သူကမျှ သူ့၌အပြစ်မရှိပါဟု မဆိုနိုင်ပါ။ ကျွန်ုပ်တို့၌ အပြစ်ဒုစရိုက်ရှိနေလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်လည်းကောင်း၊ သခင်ခရစ်တော်၌တည်သော ကျွန်ုပ်တို့၏ညီအစ်ကို မောင်နှမများနှင့်လည်းကောင်း မည်သို့မိတ်သဟာယဖွဲ့နိုင်ကြပါမည်နည်း။ ရှင်ယောဟန်က ထိုမိတ်သဟာယဖွဲ့ခြင်းသည် သခင်ယေရှုနှင့် ထိုသခင်၏လုပ်ဆောင်ချက်များအားဖြင့် ဖြစ်နိုင်ပါသည်ဟု ဆိုထားသည်။ "ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ" (၎ယ် ၉)။

အပြစ်သားများဖြစ်ကြသည့် ကျွန်ုပ်တို့သည် သခင်ယေရှု၏အသွေးတော်အားဖြင့် ဆေးကြောသန့်စင်ခံခြင်းကိုရရှိနိုင်ကြပါသည်။ သို့သော် ထိုသို့ဆေးကြောသန့်စင်ခြင်းကို ခံရဖို့ဆိုလျှင် ကျွန်ုပ်တို့၏အပြစ်များကို ဝန်ချတောင်းပန်ရမည်ဖြစ်ကြောင်း သတိပြုပါ။ မှောင်မိုက်၌ ရှင်သန်သူများသည် မိမိတို့၏အပြစ်ဒုစရိုက်ကို အသိအမှတ်မပြုရန်ကိုလည်းကောင်း၊ ဝန်ချတောင်းပန်ခြင်းအားမပြုရန်ကိုလည်းကောင်း ရွေးချယ်ထားကြသောသူများဖြစ်ကြသည်။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ အသွေးတော်အားဖြင့် ဆေးကြော၍ သန့်စင်ခြင်းကိုခံမှသာလျှင် ဘုရားသခင်နှင့်လည်းကောင်း၊ ဘုရားသခင်၏ လူများနှင့်လည်းကောင်း မိတ်သဟာယဖွဲ့ခြင်းကို ရရှိနိုင်ကြမည်ဖြစ်သည်။ သခင့်၏အသွေးတော်သက်သက်အားဖြင့် ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်များကို စင်ကြယ်စေနိုင်ပါသည်။ စစ်မှန်သောယုံကြည်သူများသည် နောင်တရသည့်စိတ်ထားဖြင့် ရှင်သန်နေထိုင်ကြသည်။ သူတို့သည် မိမိတို့၏အပြစ်များကိုလည်း ဝန်ချတောင်းပန်၍ သူတို့ကိုယ်စားအသေခံသွားသည့် သခင်ယေရှု၏

အသေခံခြင်းအားဖြင့် ဖြစ်တည်လာသော အပြစ်လွှတ်ခြင်းကိုလည်း နားလည်ထားကြသည်။

အခန်းကြီး ၂ တွင် ရှင်ယောဟန်က သူ၏စာဖတ်ပရိသတ်များသည် ၎င်းတို့၏ အပြစ်ဒုစရိုက်များမှ ပြန်လှည့်လာ၍ သန့်ရှင်းခြင်းနှင့် နာခံခြင်းအသက်တာဖြင့် ရှင်သန်ကြမည့်အကြောင်း ဤစာစောင်ကို ရေးသားခဲ့ရသည်ဟု ကျွန်ုပ်တို့အား ပြောပြထားသည် (ငယ် ၁)။ ဘုရားသခင်သည် သန့်ရှင်းမြင့်မြတ်သောဘုရားဖြစ်သည်ဟူသော အသိသည် ကျွန်ုပ်တို့အား သန့်ရှင်းသောအသက်တာဖြင့် ရှင်သန်ဖို့တွန်းအားပေးရပေမည်။ အဘယ်သူသည် မိမိတို့၏ ပုံမှန်စိတ်၌ ဤစကြဝဠာကို ဖန်ဆင်းခဲ့သည့် အနန္တတန်ခိုးရှင်၊ သန့်ရှင်းသောဘုရားကို ပြစ်မှားလိုမည်နည်း။ ထိုသို့ ပြစ်မှားမည်ဆိုလျှင် ကျွန်ုပ်တို့မှာအလွန်မိုက်မဲသောသူများသာဖြစ်ပါလိမ့်မည်။ သို့သော် ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်ကို ကျူးလွန်မိလျှင်ပင် ခမည်းတော်ထံ၌ ကျွန်ုပ်တို့ကိုကာကွယ်ပြောဆိုပေးသော ရှေ့နေတစ်ပါးရှိထားကြပါသည်။ ထိုသူမှာ သခင်ယေရှုပင်ဖြစ်သည်။ ဤအပြစ်လွှတ်ခြင်းကို သခင်ခရစ် တော်ထံသို့ ရောက်ရှိလာကြမည့်သူများအားလုံးကို အခမဲ့ပေးထားပါသည် (ငယ် ၂)။

ကျွန်ုပ်တို့သည် အလင်းနှင့် မိတ်သဟာယဖွဲ့နေကြကြောင်းကို မည်သို့သိရှိနိုင်မည်နည်း။ မိတ်သဟာယဖွဲ့ခြင်းဆိုသည်မှာ နာခံခြင်းဖြင့် ရှင်သန်၍အပြစ်ဒုစရိုက်မှ ပြန်လှည့်လာခြင်းကိုလည်း ဆိုလိုသည်။ ကျွန်ုပ်တို့သည် မိမိ၏အပြစ်ကို ဝန်ခံခြင်းလည်းမရှိ၊ သခင်ခရစ်တော်၏ အပြစ်လွှတ်ပေးခြင်းကိုလည်း မရရှိပဲ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့နေကြပါသည်ဟု မပြောနိုင်ပါ။ ဤနေရာတွင် ပြောင်မြောက်သော အကြောင်းပြချက်များကို ရှင်ယောဟန် လက်မခံပါ။ ကျွန်ုပ်တို့သည် အလင်းနှင့် မိတ်သဟာယဖွဲ့နေကြပါသည်ဟု ဆိုသော်လည်း နာခံခြင်းဖြင့် အသက်မရှင်လျှင် ကျွန်ုပ်တို့သည် မုသာကိုပြောဆိုနေကြခြင်းသာဖြစ်သည် (ငယ် ၄)။

အခြားတစ်ဘက်တွင် ကျွန်ုပ်တို့သည် နာခံခြင်း၌ ရှင်သန်ကြလျှင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့၌အမှန်ပြည့်စုံ (သို့) “စုံလင်သွားရသည်” (ငယ် ၁၅)။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာ ကျွန်ုပ်တို့၌ အမှန်ပြည့်စုံသွားသည် ဆိုသည်မှာ မည်သည့်

အရာကို ဆိုလိုပါသနည်း။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို သခင်ခရစ်တော်တည်းဟူသော အပြစ်လွှတ်ခြင်းနှင့် ခမည်းတော်နှင့် မိတ်သဟာယဖွဲ့ရခြင်းတို့ကို ပေးသနားသောသူထဲ၌ ကျွန်ုပ်အား ပြသခဲ့ပြီးဖြစ်သည်. ။ ထိုချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့၌ အမြစ်တွယ်သွားပြီး၊ ကျွန်ုပ်တို့အထဲ၌ ကြီးထွားရင့်ကျက်ခွင့်ပြု၍၊ ၎င်း၏အခန်းဂဏ္ဍများကို အပြီးသတ် လုပ်ဆောင်ခွင့်ပြုသောအခါ ထိုအချင်းအရာ၏ ရလာဒ်မှာ အပြစ်လွှတ်ခြင်း၊ သန့်ရှင်းသော အသက်တာနှင့် သခင်ဘုရားကို နာခံလိုက်လျှောက်တတ်ခြင်းပင်ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံခြင်း၌ရှင်သန်ဖို့ ကျွန်ုပ်တို့နှစ်သက်အားရမှုရှိသောအခါတွင် ဘုရား သခင်၏ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့၏အသက်တာ၌ ၎င်း၏အခန်းကဏ္ဍများကို လုပ် ဆောင်နေကြောင်း ကျွန်ုပ်တို့သိကြရသည်။ ထိုချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့ကို သားတော် သခင်ယေရှုခရစ်၏ ပြည့်စုံသောသဏ္ဍာန်တော်ထဲ၌ ဖွံ့ဖြိုးရင့်ကျက်လာစေပြီး၊ ပုံဖော်ဖန်တီး ပေးနေပါသည်။ သင်သည် သခင်ခရစ်တော်အတွက် အသက်ရှင်မည်ဟု ကြုံးဝါးလျှင် သင် သည် သခင်ခရစ်တော်နည်းတူ ဘုရားသခင်ရှေ့တော်၌ သန့်ရှင်းခြင်း၊ ဖြူစင်ခြင်းတို့ဖြင့် လျှောက်လှမ်းပါလိမ့်မည်။ သင်သည် မှောင်မိုက်၌အသက်ရှင်နေလျှင် အလင်းနှင့်မိတ် သဟာ ယမဖွဲ့နိုင်ပါ။ သင်သည် အပြစ်ပြုမိသောအခါ ထိုအပြစ်များကို သခင်ယေရှုထံ၌ ဝန်ချ တောင်းပန်ခြင်းအားဖြင့်သာလျှင် အလင်းနှင့်မိတ်သဟာယဖွဲ့ခြင်းကို ပြန်လည်ရရှိနိုင် မည်ဖြစ်သည်။

အလင်းနှင့် မိတ်သဟာယဖွဲ့ခြင်း၌ ပထမအဟန့်အတားကြီးမှာ အပြစ်ဒုစရိုက်ဟူ သော အဟန့်အတားပင်ဖြစ်သည်။ ဤအရာကို သင်ဖတ်ရှုသည်နှင့်အမျှ သင်သည်သခင် ယေရှုနှင့်လည်းကောင်း၊ ထိုသခင်၏သားသမီးများနှင့်လည်းကောင်း ပြန်လည်မိတ်သဟာယ ဖွဲ့ရခြင်းအခွင့်ကို ရရှိဖို့လိုအပ်နေကြောင်း သတိရကောင်းရလာပါလိမ့်မည်။ ဤကျမ်းချက် ၏ကတိတော်မှာ သင်သည်သင့်အပြစ်များကို ဝန်ချတောင်းပန်လျှင် ဘုရားသခင်သည် သင့်ကိုခွင့်လွှတ်ပေးလိမ့်မည်ဟူသောအချက်ဖြစ်သည်။ ဤမိနစ်ပိုင်း၌ပင် ပြန်လည် မိတ်သဟာယဖွဲ့ရခြင်းအခွင့်ကို သင့်အားပေးနိုင်ပါသည်။ ထိုအခွင့်အရေးအတွက် တုန့်

ဆိုင်းမနေပါနှင့်။ သူ့အထံတော်သို့ ယခုပင်တိုးဝင်ပါ။ သူသည်သင့်ကို ခွင့်လွှတ်ချင်ပါသည်။ သင်လုပ်ရမည့်အရာမှာ သင့်အပြစ်များကို အသိအမှတ်ပြု၍ ဝန်ချတောင်းပန်ရန်သာဖြစ်သည်။ သူသည် သင့်ကိုမိတ်သဟာယဖွဲ့ခြင်းထဲ၌ ပြန်လည်သွတ်သွင်းချင်နေပါသည်။ သူသည် သင့်အပြစ်များကို လွှင့်ပစ်၍ဘယ်သောအခါတွင်မျှ ပြန်လည်သတိရမည်မဟုတ်တော့ပါ။ သူ့အထံကို ယခုပင်လာပါ။

## စဉ်းစားသုံးသပ်ရမည့်အချက်များ

- အလင်းနှင့်မိတ်သဟာယဖွဲ့ခြင်းမှ သင့်ကိုဟန့်တားနေသော အပြစ်ဒုစရိုက်များရှိပါသလား။ ၎င်းတို့မှာ အဘယ်နည်း။
- ဘုရားသခင်နှင့် သင့်ရဲ့ဆက်ဆံရင်းနှီးမှုကို အပြစ်ဒုစရိုက်က မည်သို့သက်ရောက်မှုပြုလုပ်ပါသနည်း။ သင့်ရဲ့စိတ်နှလုံးသည် ဘုရားသခင်နှင့်ပုံမှန် အခြေအနေ၌မရှိလျှင် သင်သည်ဘုရားသခင်နှင့် စစ်မှန်စွာ မိတ်သဟာယဖွဲ့နိုင်ပါသလား။ ရှင်းပြပါ။
- သင်သည် သခင်ခရစ်တော်၌ တည်သောညီအစ်ကိုမောင်နှမများနှင့် မှန်ကန်သင့်တင့်သော ဆက်ဆံရင်းနှီးမှု မရှိဘဲလျက်၊ သင်သည်ဘုရားသခင်နှင့် မှန်ကန်သင့်တင့်သော ဆက်ဆံရင်းနှီးမှုရှိနေရန်မှာ ဖြစ်နိုင်ပါသလား။

## ဆုတောင်းရန်အချက်များ

- သင့်အနေဖြင့် ဝန်ချတောင်းပန်ဖို့လိုအပ်သည့် အပြစ်ဒုစရိုက်များကို သခင်ဘုရားက သင့်ကိုဖွင့်ပြသပေးနေခဲ့ပါသလး။ ထိုအပြစ်ဒုစရိုက်ကို ဝန်ခံတောင်းပန်ဖို့ အချိန်ယူပါ။
- အပြစ်လွှတ်ခြင်းနှင့် မူလအခြေအနေသို့ ပြန်လည်ထားရှိခံရခြင်းသည် သခင်ယေရှုအားဖြင့် ဖြစ်တည်နိုင်သောကြောင့် သခင်ဘုရားကိုကျေးဇူးတင်ချီးမွမ်း

ပါ။

- နေ့စဉ်အသက်တာ၌ ဘုရားသခင်ကို နာခံခြင်းအသက်တာဖြင့် ရှင်သန်နိုင်သောအစွမ်းကို ပေးဖို့တောင်းလျှောက်ပါ။ သင့်နှင့်မိတ်သဟာယဖွဲ့လိုနေမှုအတွက် သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။

# ၃
# မိတ်သဟာယဖွဲ့ခြင်းအတွက် ဒုတိယအဟန့်အတား - ကျိုးပျက်နေသော ဆက်ဆံရင်းနှီးမှုများ

၁ ယော ၂း၇-၁၄ ကိုဖတ်ရှုပါ။

ရှင်ယောဟန်က သခင်ခရစ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်းအတွက် ပထမအဟန့်အတားမှာ အပြစ်ဒုစရိုက်ဖြစ်သည်ဟု ကျွန်ုပ်တို့ကိုပြောပြထားသည်။ ယခုတွင်သူသည် ဒုတိယအဟန့်အတားကို ကျွန်ုပ်တို့အားဆက်လက်၍ပြောပြပါသည်။ ဒုတိယအဟန့် အတားမှာသခင်ခရစ်တော်၌တည်သော ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများနှင့် ဆက်ဆံရေးပျက်ပြားခြင်းပင်ဖြစ်သည်။

ရှင်ယောဟန်က ယခုသူပြောပြသွားမည့်အကြောင်းအရာမှာ အသစ်မဟုတ်ကြောင်း ကျွန်ုပ်တို့အားပြောပြခြင်းဖြင့် အစပြုထားပါသည်။ အပြစ်ဒုစရိုက်၌မကျရှုံးမီတွင် အာဒံသည် မိမိ၏ဖန်ဆင်းရှင်နှင့် ပြည့်စုံသောပေါင်းသင်းဆက်ဆံမှုကို ဧဒင်ဥယျာဉ်ကြီး၌ ရရှိခဲ့သော်လည်း ဘုရားသခင်က အာဒံတစ်ဦးတည်း မနေကောင်းဟုပြောခဲ့သည် (ကမ္ဘာဦး ၂း၁၈)။ ဘုရားသခင်က အမျိုးသမီးတစ်ယောက်ကို အာဒံ၏အဖော်အဖြစ်ဖန်ဆင်းခဲ့သည်။ ကျွန်ုပ်တို့သည် အခြားလူသားများနှင့် ပေါင်းသင်းဆက်ဆံရေးကိုလိုအပ်ကြသည်။ ကျွန်ုပ်တို့

တကိုယ်တည်းနေထိုင်ဖို့ မဖန်ဆင်းခဲ့ပါ။ ကျွန်ုပ်တို့သည် အခြားသူများနှင့်သဟဇာတ ဖြစ်ခြင်း၌ပျော်ရွှင်ခြင်းကို ရှာတွေ့ကြသည်။

ကာဣနက အာဗေလကို သတ်ခဲ့ချိန်တွင် ဘုရားသခင်အလွန်အမျက်ထွက်ခဲ့သည် (ကမ္ဘာဦး ၄)။ သူသည် ကာဣနကိုကျိန်ဆဲ၍ အဝေးသို့နှင်ထုတ်ခဲ့သည်။ ဘုရားသခင်က ကာဣနအား မြေကြီးပေါ်၌စိုက်ပျိုးသော်လည်း အသီးအနှံကို ရမည်မဟုတ်ကြောင်းပြောခဲ့သည်။ သူသည်ဘဝတစ်လျှောက်လုံး အိုးအိမ်အတည်တကျမရှိပဲ လှည့်လည်သွားလာသူဖြစ်လာခဲ့သည်။ ဘုရားသခင်သည် သူ့ကိုအဘယ့်ကြောင့်ပြင်းပြင်းထန်ထန် ဒဏ်ခတ်ခဲ့ပါသနည်း။ မိမိ၏သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားသည့်သူများကို မတရားသဖြင့် ပြုမူဆက်ဆံခြင်းအပေါ်၌ ဘုရားသခင်အဘယ်မျှ အရေးတယူလုပ်နေမှုကို ကျွန်ုပ်တို့အားပြသနေခြင်းမဟုတ်ပါလား။

ဘုရားသခင်က နောဧကိုလူတစ်ဦးတစ်ယောက်က အခြားသူတစ်ယောက်၏သွေးကိုသွန်းခဲ့လျှင် ထိုအပြစ်သားကိုသတ်ရမည်ဟုပြောခဲ့သည် (ကမ္ဘာဦး ၉း၆)။ ဓမ္မဟောင်းကျမ်းတွင် လူအသက်ကိုသတ်ခြင်းအမှုသည် သေဒဏ်ထိုက်သောအမှုဖြစ်သည်။ ဖန်ဆင်းချိန်မှစ၍ လူ့အသက်ကို ရိုသေလေးစား၍ ဂုဏ်ယူစောင့်ထိန်းကြရန်မှာ ဘုရားသခင်၏အလိုတော်ဖြစ်ခဲ့သည် (ကမ္ဘာဦး ၂း၂၄)။ လူ့အသက်မှာ အလွန်မြင့်မြတ်သောအရာဖြစ်ကြောင်းကိုလျစ်လျူရှုထားခြင်းသည် ဘုရားသခင်ထံ၌ရှင်းလင်းချက်ပြန်လည်ပေးရမည်ဟူသောအဓိပ္ပါယ်ပင်ဖြစ်သည် (ဝတ်ပြုရာ ၁၉း၁၈)။

ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်က မိမိ၏သားသမီးများတစ်ဦးနှင့်တစ်ဦး ဆက်ဆံရင်းနှီးရာ၌ မျှော်လင့်ထားသည့် ဥပမာအမြောက်အမြားပါဝင်သည်။ ဝတ်ပြုရာ ၂၅း၄၂-၄၃ တွင် ဘုရားသခင်က မိမိ၏သားသမီးများအား ၎င်းတို့၏အမျိုးသားချင်းဖြစ်သောဣသရေလလူမျိုးများကို ကျေးကျွန်အဖြစ်ဘယ်သောအခါတွင်မျှ ရောင်းစားခြင်း မပြုကြဖို့အမိန့်ပေးထားသည်။ မိမိ၏အဖ (သို့) အမိကိုကျိန်ဆဲသောသားသမီးသည် သေဒဏ်ပေးခံရမည်ဖြစ်သည် (ဝတ်ပြုရာ ၂၀း၉)။ ဘုရားသခင်၏လူမျိုးများသည် စီးပွားရေးအရောင်း

အဝယ်လုပ်ရာ၌ တစ်ဦးကိုတစ်ဦးရိုးသားစွာပြုမူဆက်ဆံကြရမည် (တရားဟော ၂၅း၁၅)။ တရားဟောရာကျမ်း ၅း၂၁တွင် ဘုရားသခင်ကမိမိ၏လူမျိုးတို့အား ၎င်းတို့၏အိမ်နီးချင်းပိုင်ဆိုင်သောအရာများကို တပ်မက်စွဲလမ်းခြင်းမရှိကြဖို့ အမိန့်ပေးထားသည်။ ဘုရားသခင်သည်မိမိ၏လူမျိုတို့အား ၎င်းတို့၏အိမ်နီးချင်းပိုင်ဆိုင်သောဥစ္စာပစ္စည်းများကို ရိုသေလေးစားကြဖို့မျှော်လင့်ခဲ့သည်။ ၎င်းတို့၏အိမ်နီးချင်းပိုင်ဆိုင်သောနွားသည်လမ်းပေါ်၌ လဲကျခဲ့လျှင်ပင် သူတို့သည် ထိုနွားကိုပြန်ထနိုင်အောင် ကူညီပေးကြရမည်ဖြစ်သည်။

တစ်ဦးနှင့်တစ်ဦးချစ်ခြင်း၊ ဂုဏ်ပြုလေးစားခြင်းဟူသော အခြေခံဥပဒေသသည် လူသားတို့ကိုဖန်ဆင်းခြင်းတမျှ အိုဟောင်းကြာညောင်းနေသော်လည်း ထိုအခြေခံနည်းဥပဒေသ၌ အလွန်သစ်လွင်လတ်ဆတ်သောအရာရှိနေပါသည်(ငယ် ၈)။ ဤနေရာတွင် ရှင်ယောဟန်က “ထိုသခင်အားဖြင့်၎င်း၊ သင်တို့အားဖြင့်၎င်း အသစ်မှန်၏” (ထိုသခင်၌လည်းကောင်း၊ သင်တို့၌လည်းကောင်း ထိုအရာကို တွေ့မြင်ရကြ၏)”ဟု ကျွန်ုပ်တို့အားပြောပြထားသည်။ သခင်ယေရှုက သူတစ်ပါးကိုချစ်ခြင်းဟူသောအယူအဆ၏အဓိပ္ပါယ်အသစ်ကို ဆောင်ယူလာခဲ့ပါသည်။ သခင်ယေရှုသည် ဤလောက၌ရှင်သန်ခဲ့သော မိမိ၏အသက်တာအားဖြင့် ဤပညတ်ဟောင်းကို သစ်လွင်လတ်ဆတ်သော အမြင်တစ်ခုကိုပေးခဲ့ပါသည်။ သူသည် ကျွန်ုပ်တို့၏ အိမ်နီးချင်းအား ကိုယ်နှင့်အမျှချစ်ခြင်း၏ အဓိပ္ပါယ်ကိုလက်တွေ့ပြသခဲ့ပါသည်။ ကျွန်ုပ်တို့သည် သူ၏ရန်သူများဖြစ်နေချိန်၌ပင် သူသည်ဘုရားသခင်၏ သားတော်တစ်ပါးအနေဖြင့် မိမိ၏အသက်ကို ကျွန်ုပ်တို့အတွက်စတေးဖို့လိုလိုလားလားရှိနေခဲ့ပါသည်။ ထိုသခင်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကြောင့် ကျွန်ုပ်တို့မှာအပြစ်လွှတ်ခြင်းကိုရရှိနိုင်ခဲ့ကြပါသည်။ ယခုတွင်အပြစ်လွှတ်ခြင်းကိုခံရသော ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ ဘုရားသခင်၏ချစ်ခြင်းသည် ကိန်းဝပ်ရှင်သန်နေနိုင်ပါသည်။ ကျွန်ုပ်တို့၏စိတ်နှလုံး၌ ကိန်းဝပ်ရှင်သန်နေသော ထိုသခင်၏ချစ်ခြင်းမေတ္တာနှင့်အတူကျွန်ုပ်တို့၏အိမ်နီးချင်းကိုချစ်ခြင်း၏အဓိပ္ပါယ်ကို ကျွန်ုပ်တို့မသိခဲ့ဖူးသောနည်းလမ်းဖြင့် အသစ်ခံစားကြရပါသည်။

ဤချစ်ခြင်းမေတ္တာသည် သူလိပ်မူရေးသားပေးပို့လိုက်သော သူများ၏စိတ်နှလုံးထဲ၌ အသစ်တစ်ဖန်ခံစားနေကြကြောင်းကို ရှင်ယောဟန်သိနေခဲ့သည်။ ရှင်ယောဟန်က မိမိ၏ စာဖတ်ပရိတ်သတ်တို့အား ၎င်းတို့အတွက် "မှောင်မိုက်ပျောက်လွင့်၍ မှန်သောအလင်းသည် ထွန်းတောက်လျှက်ရှိ" ကြောင်းကို စိတ်ချယုံကြည်နေခဲ့ကြောင်းပြောပြခဲ့သည် (ငယ် ၈)။ သခင်ခရစ်တော်၏အလင်းသည် သူတို့၌တောက်ပစွာ ထွန်းလင်းနေပါသည်။ ထိုအလင်း သည်သူတို့၌ထွန်းလင်းနေသည်နှင့်အမျှ သူတို့သည်အခြားသူများအားချစ်သော ချစ်ခြင်း မေတ္တာအသစ်ကို ခံစားကြရပေလိမ့်မည်။ သူတို့သည် အလင်း၌ရှိနေကြသည်ဟု ကြွေးကြော် ကြသော်လည်း ၎င်းတို့၏ညီအစ်ကိုများကိုမုန်းတီးနေလျှင်သူတို့သည် အမှောင်၌ပင် ဆက် လက်၍ရှိနေကြကြောင်း ရှင်ယောဟန်က အတိအလင်းပြောထားသည်(ငယ် ၉)။ ထိုသို့ သာဆိုလျှင် သူတို့သည်အလင်းနှင့်မိတ်သဟာယဖွဲ့နိုင်ခဲ့ကြမည်မဟုတ်ခဲ့ပါ။

တမန်တော်ကြီးက ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ညီအစ်ကိုများကိုချစ်လျှင် အလင်း၌ ကျင်လည်သောသူများဖြစ်ကြ၍ ထိမိ၍လဲစရာအကြောင်းမရှိဟု ပြောပြထားသည်။ အခြား တစ်ဘက်တွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများကို မချစ်လျှင် အမှောင်၌ ကျင်လည်လျှက်ရှိနေကြသည်။ အပြစ်ဒုစရိုက်၏ မှောင်မိုက်အားဖြင့် အလင်းကွယ်နေကြ သောကြောင့် မိမိတို့မည်သည့်နေရာသို့ သွားနေကြသည်ကိုမသိသော သူများကဲ့သို့ ကျွန်ုပ်တို့ လျှောက်လှမ်းကျင်လည်နေကြသည်။ မှောင်မိုက်၌ ကျင်လည်လျှောက်သွားခြင်းသည် အဘယ်မျှဆိုးဝါးပါမည်နည်း။ လူတို့သည်အမှောင်ထဲ၌ လျှောက်သွားကြသောအခါ ကြီးမား သောစွန့်စားမှုကိုပြုလုပ်ကြရသည်။ လိမ့်ကျခြင်း၊ ခလုတ်တိုက်မိခြင်းတို့ဖြစ်ဖို့မှာ အလွန်များသည်။ သူတို့သည် မိမိတို့ကိုယ်ကိုလည်းကောင်း၊ အခြားသူများကိုလည်းကောင်း အန္တရာယ်ဖြစ်စေနိုင်သောအရာကို စွန့်စားလုပ်ဆောင်ကြရသည်။ မိမိတို့၏ညီအစ်ကိုမောင် နှမများကိုမချစ်သောသူတို့မှာလည်း အလားတူပင်ဖြစ်သည်။ သူတို့သည် မိမိတို့ကိုယ်ကို သာမက၊ အနီးအနား၌ရှိနေကြသော သူများကိုကြီးစွာအန္တရာယ်ဖြစ်စေကြသည်။ ကျွန်ုပ်တို့ သည် သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့် အခြားသူများကို ချစ်ဖို့ငြင်းဆန်ကြသောအခါ

ထိုအရာသည် ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာအသက်တာအတွက် သွယ်ဝိုက်သက်ရောက်မှုများရှိသည်။ ထိုသွယ်ဝိုက်သက်ရောက်မှု အချို့ကိုလေ့လာကြည့်ကြပါစို့။

ပထမအချက်မှာ သူတစ်ပါးကိုအချစ်မနှစ်သက်သောသူများသည် ကိုယ့်ကိုယ်ကို ဘုရားသခင်နှင့်ကင်းကွာစေကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ညီအစ်ကိုတို့ကို မချစ်လျှင် ဘုရားသခင်က ကျွန်ုပ်တို့၏ကိုးကွယ်ဆည်းကပ်ခြင်းကို လက်ခံမည်မဟုတ်ကြောင်း သခင်ယေရှုက ကျွန်ုပ်တို့ကိုပြောပြထားသည်။

> "ထို့ကြောင့် သင်သည် ပူဇော်သက္ကာကို ယဇ်ပလ္လင်သို့ ဆောင်ယူခဲ့လျှက်သင်၏ညီအစ်ကိုသည် သင်၌အပြစ်တင်ခွင့်တစ်စုံတစ်ခုရှိသည်ဟု အောက်မေ့သတိရလျှင် ယဇ်ပလ္လင်ရှေ့မှာ ပူဇော်သက္ကာကိုထား၍သွားလော့။ ညီအစ်ကိုနှင့်သင့်တင့်ပြီးမှ ပြန်၍ ပူဇော်သက္ကာကိုတင်လော့" (မဿဲ ၅း၂၃-၂၄)။

ဒုတိယအချက်မှာ ကျွန်ုပ်တို့အပေါ်၌ပြုခဲ့မိသော အမှားများအတွက် ထိုသူတို့ကို မေတ္တာစိတ်ဖြင့် ခွင့်လွှတ်မပေးလျှင် ဘုရားသခင်က ကျွန်ုပ်တို့၏အပြစ်များကိုလည်း ခွင့်လွှတ်ပေးမည်မဟုတ်ဟု သခင်ယေရှုက ကျွန်ုပ်တို့ကို ပြောပြထားသည်။

> "သင်တို့သည် သူတစ်ပါး၏ အပြစ်ကိုလွှတ်လျှင် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် သင်တို့၏အပြစ်ကိုလွှတ်တော်မူမည်။ သင်တို့သည် သူတစ်ပါး၏အပြစ် ကို မလွှတ်လျှင် သင်တို့အဘသည် သင်တို့၏အပြစ်ကို လွှတ်တော်မမူ" (မဿဲ ၆း၁၄-၁၅)

ဤအချင်းအရာက ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမိမိ၏သားသမီးများအဖြစ် လက်မခံပါဟု မဆိုလိုပါ။ ဤနေရာ၌ ကျွန်ုပ်တို့သိရှိထားဖို့ လိုအပ်သည့်အရာမှာ ကျွန်ုပ်တို့သည် သူတစ်ပါးအား နားကျည်းမှုများကို စိတ်နှလုံး၌ထားလျှက် ဘုရားသခင်နှင့် သင့်တင့်မှန်ကန်မှု မရှိနိုင်ပါဟူသော အချက်ဖြစ်သည်။ ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများအပေါ်၌ ထားရှိသော နာကျည်းခါးသီးမှုများအတွက် ကျွန်ုပ်တို့သည် ဘုရားသခင်ထံ၌ ရှင်းလင်းချက်ပေးကြရမည်ဖြစ်သည်။

တတိယအချက်မှာ၊ ရှင်ပေတရုက အိမ်ထောင်ရှင်အမျိုးသားများအား ၎င်းတို့၏ ဇနီးသည်များကိုမချစ်လျှင် ဘုရားသခင်က သူတို့၏ဆုတောင်းသံကို နားညောင်းမည် မဟုတ်ဟုအသိပေးထားသည်။

"ထိုနည်းတူ ယောကျ်ားတို့၊ ဆုတောင်းခြင်းအမှု၌အဆီးအတားမရှိစေခြင်းငှါ၊ အသက်ရှင်ခြင်းကျေးဇူးတော်ကို ဆက်ဆံ၍အမွေခံရသေသူချင်းကဲ့သို့ သတိပညာနှင့်လျော်စွာ ကိုယ့်ဇနီးမယားနှင့်အတူနေ၍ အားနည်းသောသူကိုပြုသင့်သည့်အတိုင်း သူ့ကို စောင်မပြုစုကြလော့" (၁ပေ ၃း၇)။

နောက်ဆုံးအချက်မှာ၊ သုတ္တံကျမ်းကို ပြုစုရေးသားခဲ့သူက ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ညီအစ်ကိုများကို မချစ်မနှစ်သက်လျှင် ဘုရားသခင်က မိမိ၏ကောင်းကြီးမင်္ဂလာများကို ကျွန်ုပ်တို့ထံမှ ဖယ်ရှားမည်ဟု ပြောပြထားသည်။

"ဆင်းရဲသောသူ၏ အော်ဟစ်သံကို မကြားလို၍ နားကိုပိတ်သောသူသည် ကိုယ်တိုင်အော်ဟစ်သောအခါ အဘယ်သူမျှ မကြားရ" (သုတ္တံ ၂၁း၁၃)။

ဤအချက်များအားလုံးကို စုစည်းလိုက်သောအခါ ကျွန်ုပ်တို့၏ညီအစ်ကို မောင်နှမများကို မချစ်မနှစ်သက်ခြင်းသည် အဘယ်မျှအန္တရာယ်ကြီးမားကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ကြရသည်။ သင်သည်သူတစ်ပါးကို မချစ်မနှစ်သက်လျှင် ဘုရားသခင်သည် သင့်ရဲ့ကိုးကွယ်ဆည်းကပ်ခြင်းကို လက်ခံမည်မဟုတ်ပါ။ သူသည်သင့်အပြစ်များကို ခွင့်လွှတ်ပေးမည်မဟုတ်ပါ။ သူသည် သင့်ရဲ့ဆုတောင်းသံများကို နားညောင်းဖြေကြားပေးမည်မဟုတ်ပါ။ သူသည်ကောင်းကြီးမင်္ဂလာများကို သင့်ထံမှဖယ်ရှားပစ်မည်ဖြစ်သည်။ ဤအရာသည် အလွန်အရေးကြီးပါသည်။ သင်သည်အလင်း၏ သားသမီးများထံမှ ကိုယ့်ကိုယ်ကို ကင်းကွာစေလျှင်သင်သည် ထိုအလင်းနှင့်မိတ်သဟာယဖွဲ့နိုင်မည်မဟုတ်ပါ။

တမန်တော်ယောဟန်က မိမိ၏စာဖတ်ပရိသတ်များသည် မိမိကိုနာခံကြမည်ဟု ယုံကြည်စိတ်ချမှုနှင့်အတူ ဤစာစောင်ကိုရေးသားပေးပို့ခဲ့သည်။ ရှင်ယောဟန်က အခန်းငယ် ၁၂-၁၄ တွင် သူတို့သည် အပြစ်လွှတ်ခြင်းကို ခံကြရပြီး ဘုရားသခင်ကို သိသောသူများ

ဖြစ်ကြောင်း သူတို့ကိုပြန်လည်အသိပေးထားသည်။ သူတို့သည် မာရ်နတ်ကိုအောင်နိုင်ခဲ့ကြပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သူတို့အထဲ၌ရှင်သန်နေသည်။ ထို့ကြောင့် သေချာစိတ်ချမှုနှင့်အတူ ရှင်ယောဟန်က သူတို့အားအချင်းချင်းတစ်ယောက်နှင့်တစ်ယောက်ချစ်ခြင်းကို အစပြုခဲ့ကြသကဲ့သို့ထိုချစ်ခြင်းကိုဆက်လက်၍ ထိန်းသိမ်းစောင့်ရှောက်ကြသွားကြဖို့ပြန်လည်သတိပေးထားသည်။ ထိုသို့အားဖြင့် မှောင်မိုက်သည် သူတို့ကိုအနိုင်ယူနိုင်ခဲ့မည်မဟုတ်ပါ။

အလင်းနှင့်မိတ်သဟာယဖွဲ့ခြင်းအတွက် ဒုတိယအဟန့်အတားမှာ သခင်ခရစ်တော်၌တည်သော ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများနှင့် ဆက်ဆံရေးပျက်ပြားခြင်းဖြစ်သည်။ နားကျည်းခါးသီးခြင်း၊ မလိုမုန်းထားဖြစ်ခြင်းအပြစ်သည် ကျွန်ုပ်တို့၏ စိတ်နှလုံး၌ ပေါက်ဖွားလာရန်မှာ အဘယ်မျှလွယ်ကူပါသနည်း။ ထိုအပြစ်ကို ကျွန်ုပ်တို့အလျင်အမြန် ကိုင်တွယ်ဖြေရှင်းခြင်းမပြုလုပ်လျှင် ၎င်းသည်ကြောက်မက်ဖွယ်ကောင်းသော ဝိညာဉ်ရေးရာ အကျိုးအပျက်များကို ကျွန်ုပ်တို့၏အသက်တာ၌ ဆောင်ယူလာပါလိမ့်မည်။ အချင်းချင်းတစ်ဦးနှင့်တစ်ဦးချစ်ခြင်း၌ ရှင်သန်နေထိုင်ကြဖို့ ဘုရားသခင်သည်ကျွန်ုပ်တို့အား ကျေးဇူးတော်ကို ပေးပါစေသော်။

## စဉ်းစားသုံးသပ်ရမည့်အချက်များ

- သခင်ခရစ်တော်၌တည်သော ညီအစ်ကိုမောင်နှမတစ်ယောက်ယောက်နှင့် သင့်အကြား၌ရှိနေသော အဟန့်အတားတစ်ခုခုကိုသင်သိပါသလား။ ထိုအရာကိုဖယ်ရှား၍ အချင်းချင်းသင့်မြတ်ကြဖို့ မည်သည့်အရာဖြစ်ပျက်ဖို့လိုအပ်သနည်း။
- သခင်ခရစ်တော်၌တည်သော ညီအစ်ကိုမောင်နှမတစ်ယောက်ယောက်နှင့် သင် မသင့်မမြတ်ဖြစ်ခဲ့သောအချိန်ကို သတိရပါသလား။ သင့်ရဲ့ဝိညာဉ်ရေးရာအသက်တာ၌ ထိုအရာ၏အကျိုးအဆက်ကား အဘယ်နည်း။

- အသင်းတော်၌ အသင်းသူအသင်းသားများသည် သခင်ခရစ်တော်၏ ဤချစ်ခြင်းမေတ္တာကို တစ်ယောက်ပေါ်တစ်ယောက် ပြသရှင်သန်ကြလျှင် မည်သည့်အပြောင်းအလဲများ ဖြစ်လာမည်နည်း။ မည်သည့်ရလာဒ်များကို သင်မျှော်လင့်ပါသနည်း။

## ဆုတောင်းရန်အချက်များ

- သင့်ဘက်မှ ချစ်ခင်ဖို့ခက်ခဲသည့်သူတစ်ယောက်ယောက်ရှိပါသလား။ ထိုပုဂ္ဂိုလ်ကို ချစ်ခင်နိုင်ဖို့သာ၍ကြီးသော ချစ်ခြင်းကိုပေးသနားဖို့ ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။
- သင်သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် မထိုက်တန်သည့်အချိန်၌ပင် ဘုရားသခင်က သင့်ကိုချစ်ခဲ့သည့်အတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- သင့်အသင်းတော်မှ အသင်းသားများသည် ဘုရားသခင်ရည်ရွယ်ထားသည့် အတိုင်းအချင်းချင်းတစ်ယောက်နှင့်တစ်ယောက် မချစ်နိုင်အောင် ဆီးတားထားသည့် မာန်မာနထောင်လွှားခြင်းအမျိုးမျိုးကို ချိုးဖျက်ပေးဖို့ သခင်ဘုရားထံ၌တောင်းလျှောက်ပါ။
- သင့်ဘက်မှ ချစ်ခင်ဖို့ခက်ခဲသည့် သူတစ်ယောက်ယောက်အတွက် ဆုတောင်းပေးဖို့နှင့် ကျေးဇူးတင်ချီးမွမ်းပေးဖို့ အချိန်ယူပါ။

# ၄
# မိတ်သဟာယဖွဲ့ခြင်းအတွက် တတိယအဟန့်အတား - လောကကိုချစ်ခြင်း

၁ ယော ၂း၁၅-၁၇ ကိုဖတ်ရှုပါ။

သခင်ယေရှုနှင့် မိတ်သဟာယဖွဲ့ရာ၌ ဟန့်တားသော ပထမအဟန့်အတားနှစ်ခုကို ကျွန်ုပ်တို့လေ့လာသုံးသပ်သွားခဲ့ကြပြီးဖြစ်သည်။ အပြစ်ဒုစရိုက်နှင့် ကျိုးပျက်နေသောရင်းနှီးမှုများသည် သခင်ယေရှုနှင့်မိတ်သဟာယဖွဲ့ရာ၌ မဟာအဆီးအတားအနှောက်အယှက်များဖြစ်ကြကြောင်းကို ရှင်ယောဟန်က ရှင်းရှင်းလင်းလင်းပြောပြထားသည်။ ယခုတွင်သူသည် လောကကိုချစ်ခြင်းဟူသော တတိယအဟန့်အတားကို ဦးတည်သွားပါသည်။

ရှင်ယောဟန်က “လောကကိုချစ်သောသူ မည်သည်ကား၊ ခမည်းတော်ကို ချစ်ခြင်းမေတ္တာမရှိ” ဟု ရှင်းရှင်းလင်းလင်းပြောထားသည် (၎ယ် ၁၅)။ ဤပြောဆိုချက်အားဖြင့် ရှင်ယောဟန်က မည်သည့်အရာကို ဆိုလိုထားပါသနည်း။ ဤစာစောင်ကို ရေးသားပြုစုခဲ့သူ ရှင်ယောဟန်သည် “ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသော သားတော်ကိုစွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏”

(ယောဟန် ၃း၁၆) ဟု မိမိစီရင်သော ခရစ်ဝင်ကျမ်း၌ပြောခဲ့သည့် ရှင်ယောဟန်မဟုတ်ပေဘူးလား။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့၌ကိန်းဝပ်ရှင်သန်နေလျှင် ကျွန်ုပ်တို့သည်လည်း ဘုရားသခင်ချစ်သကဲ့သို့ ဤလောကကြီးကို မချစ်သင့်ဘူးလား။

ဤနေရာ၌ ရှင်ယောဟန်ပြောပြထားသည့်အရာကို နားလည်သဘောပေါက်ဖို့ ကျွန်ုပ်တို့သည် ယောဟန် ၃း၁၆ နှင့် ၁ ယော ၂း၁၅ တို့၏ ကွဲပြားချက်ကိုသိမြင်ဖို့ လိုအပ်သည်။ ဤကျမ်းပိုဒ်နှစ်ပိုဒ်လုံး၌ "လောက (သို့) လောကီ" ဟူသောစကားလုံးအတွက် အသုံးပြုခဲ့သော ဂရိစကားလုံးမှာ *Kosmos* ဟူသော စကားလုံးဖြစ်သည်။ ဤဂရိစကားလုံးတွင် ကွဲပြားခြားနားသော အဓိပ္ပါယ်များရှိသည်။ ၎င်းသည် ကျွန်ုပ်တို့၏အနီးတဝိုက်၌ တွေ့မြင်နေရသည့် ရုပ်ပိုင်းဆိုင်ရာစကြာဝဠာကြီးကို ပုံဖော်ထားကြသည့် ကောင်းကင်နှင့် မြေကြီးကို ရည်ညွှန်းနိုင်သကဲ့သို့ လူသားမျိုးနွယ်နှင့်ပတ်သက်၍ပြောဆိုရာတွင်လည်း အသုံးပြုနိုင်သည်။ ထိုစကားလုံးသည် ဥပမာတင်စားခြင်း (သို့) ဝိညာဉ်ရေးရာအနက် အဓိပ္ပါယ်မျိုးပို၍ရှိနေသည်။ ထိုစကားလုံးသည် ဘုရားသခင်ကိုဆန့်ကျင်သောအရာများကို ဖော်ညွှန်းပေးသည်။ ဤကဲ့သို့သော အဓိပ္ပါယ်မျိုးတွင် "လောကီဆန်ခြင်း" သည် "ဝိညာဉ်သဘောဆောင်ခြင်း" ၏ဆန့်ကျင်ဘက်ဖြစ်လာသည်။

ရှင်ယောဟန်က ယောဟန် ၃း၁၆ တွင် ဘုရားသခင်က ဤလောကကိုချစ်တော်မူသည်ဟု ပြောဆိုရာတွင် သူသည် *Kosmos* ဟူသောစကားလုံးကို လူသားမျိုးနွယ်အား ရည်ညွှန်းရန် အသုံးပြုထားသည်။ သခင်ယေရှုသည် လူသားမျိုးနွယ်ကိုချစ်သောကြောင့် အသေခံရန် ကြွလာခဲ့သည်။ ၁ ယော ၂း၂တွင် "ထိုသခင်သည် ငါတို့၏အပြစ်မက၊ လောကီသားအပေါင်းတို့၏ အပြစ်ဖြေစရာအကြောင်း ဖြစ်တော်မူ၏" ဟု ရှင်ယောဟန်က ဖေါ်ပြခဲ့ပြီးဖြစ်သည်။

၁ ယော ၂း၁၅ တွင် ရှင်ယောဟန်က ကျွန်ုပ်တို့အား လောကကိုမချစ်ကြဖို့ပြောဆိုရာတွင် သူသည်လူသားများကို ရည်ညွှန်းနေခြင်းမဟုတ်ပါ။ သူသည် လောကဟူသောစကားလုံးကို ဘုရားသခင်နှင့်လည်းကောင်း၊ ဘုရားသခင်၏စိုးစံခြင်းနှင့်လည်းကောင်း

ဆန့်ကျင်သောအရာများကို ရည်ညွှန်းပြောဆိုသည့် အဓိပ္ပါယ်မျိုးဖြင့် အသုံးပြုထားခြင်းဖြစ်သည်။ သူသည် ဘုရားသခင်ကိုလည်းကောင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုလည်းကောင်း ငြင်းပယ်သည့် ခေတ်အဆက်ဆက်မှ လူသားတွေးခေါ်ယူဆချက်ကို ရည်ညွှန်းနေခြင်းဖြစ်သည်။ သူသည် လူအမြောက်အမြားက ရုန်းမထွက်နိုင်ဖြစ်နေကြသည့် သာယာမှုနှင့် ချမ်းသာကြွယ်ဝမှုကို အတောမသတ်နိုင်အောင် ကြိုးစားရှာကြံခြင်းအကြောင်းကိုပြောပြနေပါသည်။

ကျွန်ုပ်တို့သည် လောကနှင့်စပ်ဆိုင်သောအရာများ၏ ထောင်ဖမ်းခြင်းကိုမကြာခဏခံကြရပါသည်။ ဤလောကကြီးသည် ၎င်း၏ပိုင်ဆိုင်မှုစည်းစိမ်များ၊ ဂုဏ်ပကာသနများ၊ ချီးကျူးခံရခြင်းများ၊ သာယာမှုများကို ဘုရားသခင်နှင့် ကျွန်ုပ်တို့၏မိတ်သဟာယဖွဲ့ခြင်းဖြင့် အလဲအလှယ်လုပ်ဖို့ ပေးကမ်းနေပါသည်။ ဧဒင်ဥယျာဉ်ကြီးထဲတွင် နတ်ဆိုးက ဧဝအား တားမြစ်ထားသော အသီးကိုစားခြင်း၌လည်းကောင်း၊ ဉာဏ်ပညာအလွန်တိုးပွားလာမည်ဟူသောကတိ၌လည်းကောင်း ရှိနေသောသာယာမှုဖြင့် စုံစမ်းခြင်းခံခဲ့ရသည်။ မဿဲ ၄ တွင် နတ်ဆိုးက သခင်ယေရှုအား ရက်ပေါင်းလေးဆယ်အစာရှောင်ပြီးနောက် မုန့်ကိုစားခြင်းဖြင့် ရရှိလာမည့် သာယာမှုဖြင့် စုံစမ်းခဲ့ပါသည်။ သူ့ကိုဦးညွှတ်၍ ရှိခိုးလျှင်ဤလောက၏ ပိုင်ဆိုင်မှုစည်းစိမ်များ၊ ဤလောက၌ဩဇာအာဏာရှိခြင်းဟူသော ဂုဏ်ပုဒ်တို့ကိုပေးမည်ဟုလည်းပြောခဲ့သည်။ ထို့အပြင် သူသည်သခင်ယေရှုအား ဗိမာန်တော်အမိုးထိပ်မှ ခုန်ချလျှင် လူသားတို့၏ ချီးကျူးခံရခြင်းကိုလည်း ပေးမည်ဟုပြောခဲ့သည်။ နတ်ဆိုးသည် ကျွန်ုပ်တို့ကိုလည်း စုံစမ်းနေပါသည်။ နတ်ဆိုးသည် ကျွန်ုပ်တို့၏ အာရုံစူးစိုက်မှုကို ဘုရားသခင်ထံမှ ဖယ်ရှား၍ ဤလောကအပေါ်၌ထားရှိကြရန် အလိုရှိပါသည်။ ကျွန်ုပ်တို့၏ အနီးပတ်ဝန်းကျင်၌ဖြစ်ပျက်နေသော အရာများကို လျှပ်တစ်ပြက်ကြည့်ရှုလိုက်လျှင်ပင် ၎င်းတို့က စာတန်အလွန်အောင်မြင်နေကြောင်းကို ပြသနေကြပါလိမ့်မည်။ မကြာသေးမီက ကျွန်ုပ်သည် ကားတစ်စီးပေါ်၌ကပ်ထားသော စာတန်းတစ်ခုကိုဖတ်မိပါသည်။ ထိုစာတန်းက "ကစားစရာအရုပ် အများဆုံးနှင့်သေဆုံးသူသည် အောင်နိုင်သူဖြစ်သည်" ဟု ပြောထာသည်။

ဤသည်မှာဤလောကကြီး၏ တွေးခေါ်နေမှုမဟုတ်ပါလား။ ဘုရားသခင်ကို ရှာကြံကြမည့်အစား၊ ကျွန်ုပ်တို့သည် ဤလောကနှင့်စပ်ဆိုင်သော အရာများကို ဦးစားပေးနေကြပါသည်။

ဤလောက၏ ပိုင်ဆိုင်မှုစည်းစိမ်ဥစ္စာများနှင့် စပ်လျဉ်း၍ ရှင်ပေါလုက တိမောသေအား ၁ တိ ၆း၁၀တွင် ဤသို့ပြောထားသည်-

> အကြောင်းမူကား၊ ငွေကိုတပ်မက်ခြင်းသည် မကောင်းသောအမှုအပေါင်းတို့၏ မူလအမြစ်ဖြစ်သတည်း။ လူတချို့တို့သည်ငွေကိုတပ်မက်သောကြောင့် ယုံကြည်ခြင်းတရားလမ်းထဲမှ လွှဲသွား၍ ပူပန်ခြင်းဝေဒနာများနှင့် ကိုယ့်ကိုကိုယ် ထုတ်ချင်းခပ်အောင် ထိုးကြပြီ။

မှန်ပါသည်။ ငွေကြေးနှင့် ဤလောကီစည်းစိမ်များအား တပ်မက်ခြင်းသည် စိတ်၌စိတ်ကူး၍ရနိုင်သော ဒုစရိုက်အားလုံး၏ မူလအရင်းအမြစ်ဖြစ်သည်။ လူတို့သည် ကာမဂုဏ်ဖောက်ပြန်ခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ ခိုးယူခြင်း၊ စည်းစိမ်ဥစ္စာရှာဖွေရာ၌ မရိုးမသားလုပ်ဆောင်မှုများကို ရွေးချယ်ခဲ့ကြသည်။ ၁ တိ ၆း၁၀ အရ၊ အချို့သောသူတို့သည် စည်းစိမ်ဥစ္စာပိုင်ဆိုင်မှုများကို တပ်မက်ခြင်းကြောင့် ယုံကြည်ခြင်းတရားလမ်းလွှဲသွားခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ဤရုပ်ဝတ္ထုပစ္စည်းများအား တပ်မက်ခြင်းစိတ်သဘော၏ ဆွဲဆောင်ခြင်းကို ခံစားခဲ့ကြဖူးသည် မဟုတ်ပါလား။ ကျွန်ုပ်တို့သည် အသက်တာ၌လည်းကောင်း၊ လုပ်ငန်းများ၌လည်းကောင်း အောင်မြင်ခြင်းနှင့် ရှုံးနိမ့်ခြင်းကို ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုစည်းစိမ်များဖြင့် တိုင်းတာကြပါသည်။ သို့သော်ဤပိုင်ဆိုင်မှုများနှင့်အတူ ကျွန်ုပ်တို့သည်ဘုရားသခင်နှင့်ပို၍နီးစပ်မသွားကြပါ။ အမှန်ဆိုရလျှင်၊ ဤစည်းစိမ်ဥစ္စာများကို တပ်မက်ခြင်းသည် ကျွန်ုပ်တို့ကို ဘုရားသခင်ထံမှ ဝေးရာသို့ဆောင်ယူသွားကြပါသည်။ ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကိုဖူလုံနေပါသည်ဟုခံစား၍အသက်တာ၌ ဘုရားသခင်အားလိုအပ်နေမှုကို မခံစားကြတော့ပါ။

ဤရုပ်ဝတ္ထုပစ္စည်းပိုင်ဆိုင်မှုများအပြင်၊ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းနှင့်အလဲအလှယ်လုပ်ဖို့ ဤလောကကြီးက ကျွန်ုပ်တို့ကို ပေးကမ်းနေသည့် အခြားစုံစမ်းခြင်းတစ်ခုမှာ လူတို့၏ချီးကျူးခံရခြင်းဖြစ်သည်။ ရှင်ယောဟန်က သူစီရင်ပြုစုခဲ့သော ခရစ်ဝင်

ကျမ်းတွင် ဤအကြောင်းအရာကို လိပ်မှုပြောဆိုထားသည်။ သူကဤသို့ပြောထားသည်။

သို့သော်လည်း အရာရှိများတို့သည် ကိုယ်တော်ကို ယုံကြည်ကြ၏။ တရားဇရပ်မှ ဖာရိရှဲတို့နှင့်ထုတ်မည်ကို စိုးရိမ်သောကြောင့် ထင်ရှားစွာဝန်မခံကြ။ အကြောင်းမူကား ဘုရားသခင်ပေးတော်မူသော ဘုန်းအသရေထက်လူတို့ပေးသော ဘုန်းအသရေကိုသာ၍ နှစ်သက်ကြ၏ (ယောဟန် ၁၂း၄၂-၄၃)။

သခင်ယေရှု၏ခေတ်ကာလ၌ပင် အခြားသူများ၏ချီးကျူးချီးမွမ်းခံရခြင်းကို တပ်မက်ခြင်းက ယုံကြည်သူအမြောက်အမြားကို သခင်ယေရှုအား လူသိရှင်ကြားဝန်ခံခြင်းမှဟန့်တားခဲ့သည်။ လူအများက သူတို့ကိုအထင်ကြီးလေးစားစေလိုသောစိတ်ဓါတ်ကြောင့် သူတို့သည် သခင်ယေရှုကို လူသိရှင်ကြားဝန်ခံအသိအမှတ်ပြုခဲ့ကြမည်ဟုတ်ပါ။

လူအများက ချီးကျူးခံရခြင်းကို တပ်မက်ခြင်းသည် သခင်ဘုရားနှင့်ကျွန်ုပ်တို့အတူလျှောက်လှမ်းရှင်သန်ခြင်းကိုလည်း ဟန့်တားနှောက်ယှက်ပါသည်။ သခင်ယေရှုသည် မိမိ၏ခေတ်ကာလမှ လူတို့၏မတရားပြုမူခံရခြင်းနှင့် ပြယ်ရာယ်ပြုခံရခြင်းတို့ကို လိုလိုလားလားတွေ့ကြုံခံစားသွားခဲ့ပါသည်။ သူသည် ကျွန်ုပ်တို့ကို မရှက်မကြောက်ရပ်တည်ပေးခဲ့ပါသည်။ အခြားသူများက ကျွန်ုပ်တို့အားတစ်မျိုးတစ်မည်ထင်မှတ်မည်ကို စိုးရိမ်သောကြောင့် သူ့ကိုကျွန်ုပ်တို့ငြင်းပယ်မည်လော။ ဤလောကီသားများ၏ချီးမွမ်းခြင်းကို တပ်မက်သောကြောင့် ဘုရားသခင်၏အမှုတော်မှာ အဘယ်မျှဟန့်တားနှောက်ယှက်ခြင်းကိုခံခဲ့ရပါသနည်း။

ဘုရားသခင်၏စိတ်နှလုံးတော်နှင့် ညီညွတ်သောသူ ဒါဝိဒ်သည် ယာယီသာယာမှုကို လိုက်စားရန်အတွက် ဘုရားသခင်ကိုကျောခိုင်းခဲ့သည်။ သူသည်မိမိ၏စစ်သည်တော်တစ်ဦး၏ဇနီးဖြစ်သူ ဗာသရှေဘနှင့်ကာမဂုဏ်အပြစ်ကို ကျူးလွန်ခဲ့သည်။ ထိုအမှုကို ဖုံးကွယ်ဖို့ ဒါဝိဒ်သည် လူ့အသက်ကိုသတ်ခြင်းအမှုကို ထပ်မံရွေးချယ်ကျူးလွန်ခဲ့ပြန်သည် (၂ရာ ၁၁း၁-၂၅)။

ရှင်ယောဟန်ဩဝါဒစာ တတိယစောင်တွင် ဒယောတရပ်သည် လူအများကအရေးပါသောသူအဖြစ်လေးစားခံရခြင်းကို လိုချင်တပ်မက်ခဲ့သောကြောင့် သခင်ဘုရားကို

ကျောခိုင်းခဲ့ပါသည်။ သူသည်အသင်းတော်၌ အရေးကြီးပုဂ္ဂိုလ်ဖြစ်လိုခဲ့သည်။ ၃ ယော ၉-၁၀ တွင် တမန်တော်ကြီးကဤသို့ရေးသားခဲ့သည်။

အသင်းတော်ထံသို့ မှာစာကို ငါရေး၍ ပေးလိုက်လေပြီ။ သို့သော်လည်း အကဲအမှူးလုပ်ချင်သော ဒယောတရပ်သည် ငါတို့အားအခွင့်မပေး။ ထို့ကြောင့် ငါလာသောအခါ သူသည် မိမိပြုသောအမှုကို မိမိသတိရစေခြင်းငှါ ငါပြုမည်။ ထိုသူသည် ပြစ်မှုသောစကား နှင့် ငါတို့ကိုကဲ့ရဲ့သည်သာမက၊ ကဲ့ရဲ့ခြင်းနှင့် စိတ်မပြေဘဲလျက်၊ ညီအစ်ကိုတို့ကို ကိုယ်တိုင်လက်မခံ၊ လက်ခံချင်သောသူတို့ ကိုလည်းမြစ်တား၍ အသင်းတော်ထဲက နှင်ထုတ်တတ်၏။

ပထမအရေးကြီးပုဂ္ဂိုလ်ဖြစ်လိုသော မိမိ၏စိတ်ဆန္ဒ၌ ဒယောတရပ်သည် ပြစ်မှုသောစကားနှင့် ကဲ့ရဲ့သောစကားပြောဆိုခြင်းအပြစ်၏သားကောင်ဖြစ်သွားခဲ့ရသည်။ ကိုယ့်ကိုယ်ကိုသူများထက်သာကြောင်း၊ ကောင်းကြောင်းလုပ်ပြဖို့ အခြားသူများကိုအပုပ်ချပြောဆိုဖို့ ပို၍စိတ်ဆန္ဒပြင်းပြလာခဲ့သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် သူသည်ဘုရားသခင်နှင့် သူ့အကြားတွင် သပ်တစ်ခုကိုလျှိုသွင်းပစ်ခဲ့သည်။

၁ ယော ၂း၁၆ တွင် တမန်တော်ကြီးက လောကကိုချစ်ခြင်းဟူသောကြော့ကွင်းထဲ၌ ကြော့မိကြသောသူများ၏ စိတ်ဆန္ဒကို ကျွန်ုပ်တို့အား ဖော်ပြပေးထားသည်။ ရှင်ယောဟန်က သူတို့၌ "ကိုယ်ကာယတပ်မက်ခြင်း" များနှင့် ပြည့်နေကြသည်ဟု ဦးစွာကျွန်ုပ်တို့ကိုပြောပြထားသည်။ သူတို့သည် ကိုယ်ကာယ၏အလို ကျေနပ်အားရခြင်းကိုရှာကြံကြသည်။ ဤအချင်းအရာသည် ကာမဂုဏ်လွန်ကျူးခြင်းအပြစ်နှင့်သော်လည်းကောင်း၊ အရက်သေစာသောက်စားခြင်းနှင့်သော်လည်းကောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့်သော်လည်းကောင်း၊ အခြားပုံသဏ္ဍာန်အမျိုးမျိုးနှင့်သော်လည်းကောင်း ဝင်ရောက်လာနိုင်ပါသည်။ သူတို့သည် လောကီနှင့်ဆိုင်သော အာသာပြေပျောက်မှုကို တပ်မက်စွဲလမ်းကြသည်။

ဒုတိယအနေဖြင့် လောကကိုချစ်သောသူတို့သည် "မျက်စိတပ်မက်ခြင်း" နှင့်ပြည့်နေကြသည် (ငယ် ၁၆)။ ဤအချင်းအရာသည် ရုပ်ဝတ္ထုပစ္စည်းနှင့်ဆိုင်သောအပြစ်ဒုစရိုက်

ဟုထင်မှတ်ရသည်။ သူတို့မြင်တွေ့သောအရာကို သူတို့လိုချင်ကြသည်။ မိမိတို့၏အိမ်နီးချင်း၌ ကားကောင်း၊ အိမ်ကောင်းများရှိနေသည်ကို သည်းမခံနိုင်ကြပါ။ အကောင်းတကာ့ အကောင်းအားလုံးကို သူတို့ပိုင်ဆိုင်ရမည်ဟု မှတ်ယူကြသည်။

တတိယအနေဖြင့်၊ လောကကိုချစ်သောသူတို့သည် "လောကီစည်းစိမ်၌ ဝါကြွားခြင်း" တို့နှင့် ပြည့်နေကြပါသည် (ငယ် ၁၆)။ New International Version ကျမ်းစာက "လောကီစည်းစိမ်၌ ဝါကြွားခြင်း" ကို "မိမိပိုင်ဆိုင်သောအရာနှင့် လုပ်ဆောင်သောအရာတို့၌ ဝါကြွားခြင်း" ဟု ဘာသာပြန်ထားသည်။ လောကကိုချစ်သောသူများသည် လူမှုရေးအဆင့်အတန်းကို ဂရုစိုက်သောသူများဖြစ်ကြသည်။ မိမိတို့၏ အောင်မြင်မှုနှင့် လက်ဝယ်ပိုင်ဆိုင်ထားမှုများအကြောင်းကို ဝါကြွားဖို့လိုအပ်သည်ဟု ခံစားကြသည်။ သူတို့သည် ဘဝအဓိပ္ပါယ်နှင့်ဘဝ၏ထူးခြားမှုကို ဤအချင်းအရာများ၌သာ ရှာတွေ့ခံစားကြသည်။ ဘုရား၌မဟုတ်ပါ။

ရှင်ယောဟန်က ဤအရာများသည် ဘုရားသခင့်ထံမှလာသော အရာများမဟုတ်ပါဟု ကျွန်ုပ်တို့ကိုပြောပြထားသည်။ ဤလောကကြီးက ပေးကမ်းသောအရာများသည် ၎င်းတို့၏ အကောင်းမွန်ဆုံးအခြေအနေ၌ပင် ယာယီသဘောသာဖြစ်ကြသည်။ ဤအရာများသည် ယာယီသဘောသာဖြစ်ကြသည်မဟုတ် ၎င်းတို့ကိုတပ်မက်စွဲလမ်းခြင်းသည် ကျွန်ုပ်တို့ကို ဘုရားသခင်နှင့်ကင်းကွာစေပါသည်။

သခင်ယေရှုနှင့် မိတ်သဟာယဖွဲ့ခြင်းအတွက် တတိယအဟန့်အတားမှာ လောကကိုချစ်ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ကို အသိပေးထားသည်။ ဤကျော့ကွင်း၌သင်ကြော့မိနေခဲ့ပါသလား။ သင်၏စိတ်ဝိညာဉ်သည် ဤလောက၌ စိတ်ချမ်းသာကျေနပ်မှုကို ဘယ်သောအခါတွင်မျှ ရရှိမည်မဟုတ်ပါ။ အမှန်ဆိုရလျှင် လောကကိုချစ်ခြင်းသည် သင့်ကိုသခင်ခရစ်တော်နှင့် ကင်းကွာစေပါလိမ့်မည်။ ဘုရားသခင်တစ်ပါးတည်း၌သာ ပြည့်စုံသောဝမ်းမြောက်ခြင်းရှိပါသည်။

**စဉ်းစားသုံးသပ်ရမည့်အချက်များ**

- ဤလောကနှင့်စပ်ဆိုင်သော အရာများကို တပ်မက်စွဲလမ်းဖို့ သင်စုံစမ်းခြင်းခံရပါသလား။ အထူးသဖြင့် မည်သည့်အရာက သင့်ကိုစုံစမ်းနေပါသနည်း။
- ယုံကြည်သူများအတွက်ပင် ဤလောကကြီးအား အလွန်စွဲဆောင်မှုရှိအောင် မည်သည့်အရာများက ဖန်တီးပေးကြသနည်း။
- ဘုရားသခင်ပေးထားသော အရာများ၌ ပျော်ပိုက်နေခြင်းနှင့် လောကကို ချစ်ခြင်း၌ ကြွေ့မိ၍ ပျော်ပိုက်နေခြင်းတို့၏ ခြားနားချက်မှာ အဘယ်နည်း။

**ဆုတောင်းရန်အချက်များ**

- လောကကိုချစ်ခြင်းမှ သင့်ကိုလွတ်မြောက်စေဖို့ ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။
- လောကနှင့်စပ်ဆိုင်သောအရာများကို လိုက်လံရှာကြံသောသူများသည် ၎င်းတို့နှင့် ဘုရားသခင်၏အကြားတွင် သပ်တစ်ခုကိုလျှိုသွင်းလိုက်သည်ကို သင်သိပါသလား။ ဘုရားသခင်သည် သူတို့ကိုလွတ်မြောက်ခြင်းအခွင့်ပေးဖို့ ဆုတောင်းပေးရန် အချိန်ယူပါ။
- သင့်အားပေးသနားထားသော အံ့ဖွယ်ကောင်းကြီးမင်္ဂလာများအတွက် ဘုရားသခင်ကို ကျေးဇူးတင်ချီးမွမ်းပါ။ ဘုရားသခင်ပေးသနားထားသော ကောင်းကြီးမင်္ဂလာများကို ပျော်ပိုက်နေခြင်းနှင့် ထိုကောင်းကြီးမင်္ဂလာများကို ဘုရားသခင်ထက်ပို၍ တပ်မက်ခြင်းတို့အကြားရှိ ခြားနားချက်ကိုပြသပေးဖို့ ဘုရားသခင်ကို တောင်းလျှောက်ပါ။

# ၅
# မိတ်သဟာယဖွဲ့ခြင်းအတွက် စတုတ္ထအဟန့်အတား - သားတော်ကို ငြင်းပယ်ခြင်း

၁ ယော ၂း၁၈-၂၇ ကိုဖတ်ရှုပါ။

အလင်းနှင့်မိတ်သဟာယဖွဲ့ခြင်းကို ဆီးတားသောအဟန့်အတားများအကြောင်းကို ရှင်ယောဟန်က ကျွန်ုပ်တို့အား သွန်သင်ပေးနေပါသည်။ အပြစ်ဒုစရိုက်၊ ကျိုးပျက်နေသော ဆက်ဆံရင်းနှီးမှုများ၊ လောကကိုချစ်ခြင်းတို့သည် ကယ်တင်ရှင်နှင့် မိတ်သဟာယဖွဲ့ခြင်း၏ ဝမ်းမြောက်ခြင်းကို ကျွန်ုပ်တို့မသိမခံစားနိုင်အောင် ဆီးတားထားကြပါသည်။ ခေတ်ကာလ အဆက်ဆက်တွင် မိတ်သဟာယဖွဲ့ခြင်းကို ဟန့်တားသော ဤအဟန့်အတားများက မြောက်မြားစွာသော လူတို့ကို သခင်ယေရှုထံမှ အဝေးသို့ဆောင်ယူသွားခဲ့ကြသည်။ အခန်းငယ် ၁၈-၂၇ တွင် ရှင်ယောဟန်က ကျွန်ုပ်တို့အား စတုတ္ထအဟန့်အတားအကြောင်းကို သွန်သင်ပေးထားသည်။ ထိုအဟန့်အတားမှာ သခင်ခရစ်တော်ကို ငြင်းပယ်ခြင်းပင်ဖြစ်သည်။

ရှေးဦးစွာ တမန်တော်ကြီးက ကျွန်ုပ်တို့သည်နောက်ဆုံးသောကာလတွင် ရှင်သန်နေထိုင်နေကြကြောင်းကို အသိပေးထားသည်။ နောက်ဆုံးသောကာလ၏ လက္ခဏာတစ်ခုမှာ အန္တိခရစ်ပေါ်ထွန်းလာခြင်းဖြစ်သည်။ ရှင်ယောဟန်က အန္တိခရစ်နှင့်ပတ်သက်၍ အသေးစိတ်ကို ဗျာဒိတ်ကျမ်းတွင် ပြောပြထားသည်။ ဗျာဒိတ် ၁၃ တွင် ရှင်ယောဟန်က

ပင်လယ်ထဲမှ ထွက်လာသော သားရဲအကြောင်းကို ကျွန်ုပ်တို့အား ဖော်ပြပေးထားသည်။ ဤသားရဲသည် မိမိ၏လုပ်ပိုင်ခွင့်တန်ခိုးအာဏာကို နဂါးကြီးအဖြစ် ဖော်ကြူးထားသည့် စာတန်ထံမှ လက်ခံရရှိခဲ့သည်။ စာတန်၏ လုပ်ပိုင်ခွင့်တန်ခိုးအာဏာပေးအပ်ခံရခြင်းအား ဖြင့်အန္တိခရစ်သည် ဤကမ္ဘာကို အချိန်အတိုင်းအတာတစ်ခုအထိ အုပ်စိုးပါလိမ့်မည်။ သူသည်ဘုရားသခင်၏ နာမတော်ကို အသရေရှုတ်ချခဲ့မည်ဖြစ်သည်။ သူသည် သန့်ရှင်းသူတို့နှင့် စစ်တိုက်ပါလိမ့်မည်။ သူ့အားလူမျိုးနွယ်အသီးသီး၊ လူအသီးသီး၊ ဘာသာစကားသီးသီး၊ နိုင်ငံအသီးသီးအပေါ်၌ လုပ်ပိုင်ခွင့်တန်ခိုး အာဏာကိုပေးထားသည်။ ရှင်ယောဟန်က မိမိရူပါရုံတွင် ဤလောက၌မှီတင်းနေထိုင်သူအားလုံးက ထိုသားရဲကို ကိုးကွယ်ကြသည်ကို တွေ့မြင်ခဲ့ကြောင်း ကျွန်ုပ်တို့ကို ပြောပြထားသည်။ အသက်စာစောင်၌ နာမည်ရေးမှတ်ခံထားရသူများကသာ ထိုသားရဲအားကိုးကွယ်ခြင်းကို ငြင်းပယ်ကြသည်။

ဤသားရဲကြီးအား အံ့ဖွယ်နိမိတ်လက္ခဏာများစွာကို ပြုလုပ်ပြသနေသော အခြားသားရဲတစ်ကောင်က ကူညီခဲ့သည်။ နဖူးပေါ်၌သော်လည်းကောင်း၊ လက်ျာဘက်လက်၌သော်လည်းကောင်း၊ တံဆိပ်လက်မှတ်ကိုရေးဆွဲထားသောသူများသာရောင်းခြင်း၊ ဝယ်ခြင်းကို ပြုလုပ်နိုင်မည်။ ထိုတံဆိပ်လက်မှတ်သည် သားရဲအားဝန်ခံခြင်း လက္ခဏာပင်ဖြစ်သည်။ လူ့သမိုင်းကြီး၌ဖြစ်ပေါ်လာမည့် ဤအချိန်ကာလကို သန့်ရှင်းသူတို့အား သည်းခံနိုင်မှုစွမ်းရည်နှင့် သစ္စာရှိခြင်းတို့ကို ကျင့်ကြံလုပ်ဆောင်ဖို့ ဆင့်ခေါ်ထားသောကာလအဖြစ် ဖော်ပြထားသည်။ အန္တိခရစ်၏ ဖြစ်တည်မှုသဘောသဘာဝနှင့်စပ်လျဉ်း၍ ထင်မြင်ယူဆချက်များစွာရှိသည်။ သူသည် ဘုရားသခင်၏အပေါ်၌ ကိုယ့်ကိုယ်ကို ချီးမြှောက်ထားကြ၍ သခင်ယေရှု၏သခင်ဖြစ်တော်မူခြင်းကိုငြင်းပယ်သည့် အာဏာစက်များကို ကိုယ်စားပြုမည့်သဘောရှိသည်။

ဗျာဒိတ်ကျမ်း၌ပြောပြထားသော အန္တိခရစ်ကို ကျွန်ုပ်တို့စောင့်စားနေကြချိန်တွင် မြောက်မြားစွာသော အန္တိခရစ်များရောက်ရှိလာခဲ့ပြီးဖြစ်ကြောင်း ရှင်ယောဟန်က ကျွန်ုပ်တို့ကို ပြောပြအသိပေးထားသည်။ ဤအချင်းအရာသည် နောက်ဆုံးသောကာလ နီးကပ်

လာပြီဖြစ်ကြောင်းကို ပြသသည့် သိသာမြင်သာသော လက္ခဏာဖြစ်သည်ဟု ကျွန်ုပ်တို့ကို ပြောပြထားသည်။ ရှင်ယောဟန်က အန္တိခရစ်များစွာ ရှိခဲ့သည်ဟု ပြောဆိုရာတွင် မည်သည့် အရာကိုဆိုလိုပါသနည်း။ ထိုအန္တိခရစ်များမှာ မည်သူများဖြစ်ကြသနည်း။ ဤကျမ်းပိုဒ်၌ ထိုအန္တိခရစ်များနှင့် စပ်လျဉ်း၍ရှင်ယောဟန်ပြောပြထားသည့် အရာသုံးခုကို စူးစမ်းလေ့လာ ကြည့်ကြပါစို့။

ပထမအချက်အနေဖြင့် ရှင်ယောဟန်က ထိုအန္တိခရစ်များသည် "ငါတို့ထံမှ ထွက် သွားကြ၏။ သို့သော်လည်း အထက်ကငါတို့နှင့်မဆိုင်ကြ" (ငယ် ၁၉)ဟု ကျွန်ုပ်တို့ကိုပြောပြ ထားသည်။ ဤပုဂ္ဂိုလ်များသည် သူတို့ထံမှထွက်သွားကြသည်ဟူသော အချက်ကိုကြည့်လျှင် ၎င်းတို့သည် ဘာသာရေးခံဝန်ချက်တစ်ခုခုကို ပြုလုပ်ထားသောသူများဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်ရသည်။ တစ်ချိန်တစ်ခါတွင် သူတို့သည် အသင်းတော်၏ မိတ်သဟာယဖွဲ့ခြင်း၌ ပါဝင်ခဲ့ကြပေမည်။ ဤကျမ်းပိုဒ်၌ ဖော်ပြမထားသောအကြောင်းအရင်းတစ်ခုခုကြောင့် ဤပုဂ္ဂိုလ်များသည် ထိုမိတ်သဟာယဖွဲ့ခြင်းကိုစွန့်ပစ်သွားခဲ့ကြသည်။ ရှင်ယောဟန်၏ပြောဆို ထားချက်အရ သူတို့သည်မိတ်သဟာယဖွဲ့ခြင်းကို စွန့်ပစ်ခဲ့သည်ဟူသောအချက်က သူတို့သည် အစကတည်းက ထိုနေရာနှင့်သက်ဆိုင်သောသူများမဟုတ်ကြကြောင်းကို ပြသ နေပါသည်။ ဤနေရာရှိ သွယ်ဝိုက်အဓိပ္ပါယ်မှာ သူတို့သည်စစ်မှန်သောယုံကြည်သူများ ဖြစ်ခဲ့လျှင် သမ္မာတရား၌ ကြံ့ကြံ့ခံရပ်တည်၍ ကြိုးစားအားထုတ်ခဲ့ကြပေမည်။ သူတို့၌ သမ္မာတရားနှင့်သက်ဆိုင်သော ဉာဏ်ပညာများရှိထားသော်လည်း ထိုသမ္မာတရားကို ကျောခိုင်းသွားခဲ့ကြသည်။

ဤကဲ့သို့သော ပုဂ္ဂိုလ်များကို သင်တွေ့ကောင်းတွေ့ဖူးပါလိမ့်မည်။ အကြောင်း အမျိုးမျိုးကြောင့် သူတို့သည်အသင်းတော်ရှိမိတ်သဟာယဖွဲ့ခြင်းကို စွန့်သွား၍ ယုဒကဲ့သို့ မိတ်သဟာယဖွဲ့ခြင်း၏ အဆိုးဆုံးသောရန်သူများ ဖြစ်လာခဲ့ကြသည်။ သူတို့၏စိတ်နှလုံး များသည် သမ္မာတရား မဝင်ရောက်နိုင်လောက်အောင် မာကျောနေခဲ့သည်။ သူတို့သည် အသင်းတော်နှင့် လုံးဝမပတ်သက်ချင်တော့ပေ။ သူတို့သည်အသင်းတော်ထဲ၌ စိတ်နာကျည်း

စရာများကို ကြုံတွေ့ကောင်းကြုံတွေ့ခဲ့ကြပေမည်။ သူတို့သည် ယုံကြည်သူများ၏ရှေ့နောက်မညီသောအသက်တာများကို တွေ့ကောင်းတွေ့ခဲ့ကြပေမည်။ အသင်းတော်ကို သူတို့အဘယ်ကြောင့် စွန့်သွားကြသည်ကို ကျွန်ုပ်တို့အား ပြောပြမထားသော်လည်း သူတို့သည်ဘုရားသခင်ကို လည်းကောင်း၊ ဘုရားသခင်၏ လုပ်ဆောင်မှုများကိုလည်းကောင်း ဆန့်ကျင်ပုန်ကန်ခြင်းဖြင့်စတင်ရှင်သန်ခဲ့ကြသည်။ သခင်ခရစ်တော်၏ အမည်နာမကို ကဲ့ရဲ့ရှုတ်ချရန်သူတို့သည် စာတန်၏လက်ထဲ၌ အသုံးတော်ခံတန်ဆာပလာဖြစ်လာခဲ့ကြသည်။

ကျွန်ုပ်တို့သည် အခန်းငယ် ၂၀ နှင့် ၂၁ ကို တခဏအတွင်းပြန်လာပါမည်။ ဤအန္တိခရစ်များနှင့်ပတ်သက်၍ ဒုတိယအကြောင်းအရာကို အခန်းငယ် ၂၂ က ကျွန်ုပ်တို့ကို ပြောပြထားသည်။ သူတို့သည် ကျွန်ုပ်တို့၏ပင်မအသင်းတော်များ၌လည်းကောင်း၊ ကျမ်းစာသင်ကျောင်းများ၌လည်းကောင်း ရှိကောင်းရှိနေကြပါမည်။ သူတို့သည် ကျွန်ုပ်တို့၏အသင်းတော်များ၌လည်း ရှိကောင်းရှိနေကြပါမည်။ သူတို့၏စရိုက်လက္ခဏာမှာ သခင်ယေရှုကို ခရစ်တော်အဖြစ်ငြင်းပယ်ခြင်းပင်ဖြစ်သည်။ “ခရစ်တော်” ဆိုသည်မှာ “ဘိသိက်မြောက်ခံထားသူ” ဟူ၍ဖြစ်သည်။ ဤစကားလုံးအသုံးအနှုန်းကို ကျွန်ုပ်တို့အသုံးပြုသောအခါ ကျွန်ုပ်တို့ကသခင်ယေရှုသည် ဘုရားသခင်၏သားတော်၊ ကျွန်ုပ်တို့၏အပြစ်များအတွက် ယဇ်ပူဇော်ခံရန် ဘိသက်မြောက်ခံထားသူတစ်ပါးဖြစ်သည်ဟု ပြောဆိုနေပါသည်။ ရှင်ယောဟန်က သခင်ယေရှုကိုခရစ်တော်အဖြစ် ငြင်းပယ်သောသူတိုင်းသည် မုသာကို သုံးသောသူများဖြစ်၍ အန္တိခရစ်များဖြစ်ကြသည်ဟု ကျွန်ုပ်တို့ကိုပြောပြထားသည်။ ကယ်တင်ခြင်းကို သခင်ယေရှုထံမှလွဲ၍ အခြားနည်းလမ်းဖြင့် ရှာကြံခြင်းဖြင့်လည်း သခင်ယေရှုကို ခရစ်တော်အဖြစ် ငြင်းပယ်နိုင်ပါသည်။

စစ်မှန်သည့် မည်သည့်ခရစ်ယာန်ကမျှ သခင်ယေရှုသည် ခရစ်တော်မဟုတ်ဟု ပြောမည်မဟုတ်ပါ။ သခင်ယေရှုသည် ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်နွံထဲမှ ကျွန်ုပ်တို့ကို ကယ်တင်ဖို့ ကြွလာတော်မူသော ဘိသိက်မြောက်ခံထားသူဖြစ်ကြောင်းကို ငြင်းပယ်ခြင်းသည် ထိုသခင်ပေးသော ကယ်တင်ခြင်းကိုလည်း ငြင်းပယ်ခြင်းပင်ဖြစ်သည်။ သခင်ယေရှုကို

ခရစ်တော်အဖြစ် လက်မခံမချင်း ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့နိုင်ကြမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် အပြစ်သားများကိုကယ်တင်ရန် သခင်ယေရှုခရစ်ဤလောကသို့ကြွလာတော်မူသည်ဟူသော သမ္မာတရားပေါ်၌အခိုင်အမာတည်မှီးအခြေခံထားသည်။ သို့သော်ဤနေရာ၌ ရှင်ယောဟန်ပြောပြနေသော အန္တိခရစ်များသည် အခြားသောသတင်းကောင်းတရားတော်ကို ဟောပြောနေသောသူများကြသည်။

တတိယအချက်အနေဖြင့်၊ ဤအန္တိခရစ်များသည် ကျွန်ုပ်တို့ကို သခင်ယေရှုနှင့်လည်းကောင်း၊ သခင်ယေရှု၏ လုပ်ဆောင်မှုနှင့်လည်းကောင်း စပ်ဆိုင်သောသမ္မာတရားမှလမ်းလွဲသွားအောင် လုပ်ဆောင်ဖို့ရှာကြံနေကြပါသည် (ငယ် ၂၆)။ ကျွန်ုပ်တို့၏ခေတ်ကာလတွင် ဤသို့လုပ်ဆောင်နေကြသော အစွန်းရောက်ဂိုဏ်းခွဲများနှင့် ဂိုဏ်းဂဏငယ်များရှိကြပါသည်။ သူတို့သည် တစ်အိမ်တက်တစ်အိမ်ဆင်း၍ သခင်ယေရှုသည် ခရစ်တော်ဖြစ်၍ဘုရားသခင်၏ သားတော်လည်းဖြစ်သည်ဟူသော အချက်ကိုငြင်းပယ်သည့် ယုံကြည်ခြင်းထဲသို့ လူတို့ကိုသွေးဆောင်ရန် ရှာကြံနေကြပါသည်။ ဤပုဂ္ဂိုလ်များသည် အန္တိခရစ်များဖြစ်ကြသည်။ သူတို့သည် အလွန်လှည့်ဖြားတတ်သော အသုံးအနှုန်းများဖြင့် ဝင်ရောက်လာကြပါသည်။ သူတို့သည် လူတို့ကိုသခင်ခရစ်တော်ထံမှ သွေးဆောင်ရာ၌ အလွန်အောင်မြင်ကြပါသည်။ သူတို့သည် သခင်ယေရှုကို မသိကြပါ။ သခင်ယေရှုကိုသိခြင်းသည် သခင်ယေရှုသည် ဘုရားသခင်ဖြစ်သည်ဟု သိခြင်းဖြစ်သည်။ သခင်ယေရှုကိုသိခြင်းသည် သခင်ယေရှုရှေ့တော်၌ဒူးထောက်၍ အသက်တာ၏သခင်ဖြစ်သည်ဟုဝန်ခံအပ်နှံခြင်းပင်ဖြစ်သည်။ ဤပုဂ္ဂိုလ်များသည်လူတို့ကို သခင်ခရစ်တော်ထံမှဖြားယောင်းသွေးဆောင်ဖို့ စာတန်၏လက်ထဲမှတန်ဆာပလာများဖြစ်နေကြသည်။ ဤအန္တိခရစ်များသည် ရှင်ယောဟန်တို့၏ခေတ်ကာလတွင် ရှိနေသကဲ့သို့ ကျွန်ုပ်တို့၏ခေတ်ကာလတွင်လည်း ရှိနေကြပါသည်။

သခင်ယေရှုသည် ခရစ်တော်ဖြစ်ကြောင်းကို ငြင်းပယ်သောသူများ၏အကြောင်းကိုမိမိ၏စာဖတ်ပရိသတ်ကြီးအား သတိပေးပြီးနောက်တွင် ရှင်ယောဟန်သည် စစ်မှန်သောယုံကြည်သူများ၏အကြောင်းကို အနည်းငယ်ဆက်လက်၍ပြောပြထားသည်။ စစ်မှန်သော

ယုံကြည်သူသည် သန့်ရှင်းတော်မူသောသူထံမှ ဘိသိက်ကျေးဇူးတော်ကို ခံရပြီးသမ္မာတရားကိုလည်း သိနေသည် (ငယ် ၂၀)။ ရှင်ယောဟန်က သူရေးသားပြုစုခဲ့သော ခရစ်ဝင်ကျမ်းတွင် အလားတူပြောပြထားသည်။

ထိုအခါ ယေရှုက သင်တို့သည် ငါ၏ဒေသနာ၌တည်လျှင် ငါ့တပည့်အမှန်ဖြစ်ကြ၏။ သမ္မာတရားကိုလည်း သိကြသဖြင့် ထိုတရားသည် သင်တို့ကိုလွှတ်လိမ့်မည်ဟု ယုံကြည် သောယုဒလူတို့အား မိန့်တော်မူ၏(ယောဟန် ၈:၃၁-၃၂)။

ဤနေရာတွင် သခင်ယေရှုပြောကြားနေသည့် အကြောင်းအရာနှင့်စပ်လျဉ်း၍ မေးစရာမေးခွန်းရှိနိုင်မည် မထင်ပါ။ စစ်မှန်သော တပည့်တော်သည် သမ္မာတရားကိုသိသည်။ ယောဟန် ၁၆:၁၃ တွင် သခင်ယေရှုက မိမိ၏တပည့်တော်တို့အား သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းတို့ထံသို့ရောက်လာသောအခါ ၎င်းတို့ကိုခပ်သိမ်းသော သမ္မာတရားထဲသို့ လမ်းပြဦးဆောင်သွားလိမ့်မည်ဟု ပြောခဲ့သည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ ကိန်းဝပ်တော်မူလျှင် ကျွန်ုပ်တို့သည် သခင်ယေရှုဟူသော ပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ တိကျသေချာသော နားလည်သဘောပေါက်မှုကို ရရှိထားကြလိမ့်မည်။ ရှင်ပေါလုက ၁ ကော ၁၂:၃ တွင် ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့်သာ ယေရှုသည် သခင်ဖြစ်တော်မူသည်ဟု ကျွန်ုပ်တို့ကြွေးကြော်နိုင်ကြကြောင်းကို ပြောပြထားသည်။

ထို့ကြောင့် ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် ပြော၍အဘယ်သူမျှ ယေရှုကို မကျိန်ဆဲနိုင်သည်ကိုလည်းကောင်း၊ ယေရှုသည်ဘုရားသခင်ဖြစ်တော်မူ၏ဟု သန့်ရှင်းသော ဝိညာဉ်တော်ကို အမှီမပြုလျှင် မဘယ်သူမျှမပြောနိုင်သည်ကို လည်းကောင်း၊ သင်တို့အား ငါသတိပေး၏။

ရှင်ယောဟန်က မိမိ၏စာဖတ်ပရိသတ်သည် သခင်ယေရှုနှင့် စပ်လျဉ်းသော အမှန်တရားကို သိခဲ့ကြသည်ဟု စိတ်ချနေခဲ့သည်။ အကြောင်းမှာ ဘုရားသခင်၏ ဝိညာဉ်တော်သည် သူတို့အထဲ၌ ကိန်းဝပ်တော်မူသောကြောင့်ဖြစ်သည်။

အခန်းငယ် ၂၇ တွင် သခင်ခရစ်တော်ထံမှ "ခံရသော ဘိသိက်ကျေးဇူးတော်"

ဖြစ်သည့် သန့်ရှင်းသော ဝိညာဉ်တော်သည် သခင်ယေရှုအကြောင်းကို သက်သေခံတော်မူကြောင်း သတိပြုပါ။ ယေရှုသည် သခင်ဖြစ်တော်မူကြောင်းကို ယုံကြည်သူတို့သည် တစ်စုံတစ်ယောက်ထံမှ သင်ယူဖို့မလိုကြောင်း ရှင်ယောဟန်က ပြောပြနေသည်။ သခင်ဘုရားသည် နှုတ်ကပတ်တော်အား သွန်သင်ပေးသူများနှင့် ဟောပြောပေးသူများကို အသင်းတော်ထံ၌ ပေးအပ်ထားစဉ်တွင် (ဧဖက် ၄း၁၁-၁၂) ရှင်ယောဟန်က စစ်မှန်သော ယုံကြည်သူ၌မိမိ၏ပကတိဉာဏ်အားဖြင့် သိနေသောအယူဝါဒများ ရှိနေသည်ဟု ပြောပြနေပါသည်။ ဤအရာများမှာ ဘုရားသခင်၏ဝိညာဉ်တော်က ရှင်ရှင်းလင်းလင်းထုတ်ဖော်ပြောပြ ထားသောအရာများဖြစ်ကြသည်။ ဤအယူဝါဒများအနက်မှ တစ်ခုမှာသခင်ယေရှုသည် ခရစ်တော်ဖြစ်၍ ဘုရားသခင်၏သားတော်လည်း ဖြစ်တော်မူသည်ဟူသော သမ္မာတရားပင်ဖြစ်သည်။

သခင်ယေရှုသည် ဘုရားသခင်ဖြစ်သည်ဟု ထုတ်ဖော်ဝန်ခံသောသူများကို ဖမ်းဆီးဖို့ ဒမသက်မြို့သို့သွားရာလမ်းပေါ်တွင် ရှင်ပေါလုရောက်ရှိနေခဲ့ပါသည် (တမန်တော် ၉း၁-၂)။ ရှင်ပေါလုသည် ထိုသူတို့ကိုဖမ်းဆီး၍ညှင်းပန်းနှိပ်စက်ဖို့ (သို့) ကွပ်မျက်ဖို့ ယေရုရှလင်မြို့သို့ ပြန်လည်ခေါ်ဆောင်လာပါလိမ့်မည်။ လမ်းတွင်သူသည် သခင်ယေရှုနှင့်ကြုံတွေ့ခဲ့သည်။ သူ့အသက်တာ ချက်ချင်းလက်ငင်းပြောင်းလဲသွားခဲ့သည်။ သူသည် သခင်ယေရှုကို တွေ့လျှင်တွေ့ချင်း ခရစ်တော်အဖြစ် သိရှိခဲ့ပါသည်။ ရှင်ပေါလုက သခင်ယေရှုသည် သူ့ကို သူ၏အပြစ်ဒုစရိုက်များမှ ကယ်တင်ဖို့ဆင်းကြွလာခဲ့သည့် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်းကို နောက်တဖန်ဘယ်တော့မျှ သံသယမဖြစ်ခဲ့ပါ။ မည်သူကမျှ ထိုင်၍သူ့အား သခင်ယေရှု၏ ဘုရားဖြစ်ခြင်းအကြောင်းကို သွန်သင်မပေးခဲ့ပါ။ ဘုရားသခင်၏ ဝိညာဉ်တော်က ဤအရေးပါသော သမ္မာတရားကို ရှင်ပေါလုအား နားလည်သဘောပေါက်စေခဲ့သည်။ ဤသည်မှာ ရှင်ယောဟန်က ဤနေရာ၌ပြောပြနေသော အရာပင်ဖြစ်သည်။ စစ်မှန်သောယုံကြည်သူတစ်ဦးအနေဖြင့် သင့်အားယေရှုသည် သခင်ဖြစ်တော်မူကြောင်းကို ပြောပြဖို့ဘယ်သူ့ကိုမျှ မလိုအပ်ပါ။ အကြောင်းမှာဘုရားသခင်၏ဝိညာဉ်တော်က ထိုအရာကိုသင့်

အားထုတ်ဖေါ်ပြသခဲ့သောကြောင့် သင်သိနေခြင်းဖြစ်သည်။

အခန်းငယ် ၂၄ တွင် ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်ထံမှ ကျွန်ုပ်တို့ကြားသိခဲ့ကြသည့် ဤသွန်သင်ချက်၌ ဆက်လက်၍မြဲမြံနေကြဖို့ ရှင်ယောဟန်က ကျွန်ုပ်တို့ကို စိန်ခေါ်ထားပါသည်။ သခင်ယေရှုခရစ်နှင့် စပ်လျဉ်းသောဝိညာဉ်တော်မှုတ်သွင်းထားသည့် ဤသွန်သင်ချက်မှ ကျွန်ုပ်တို့ကို ဖြောင်းဖျတားမြစ်ရန် ဘယ်သူ့ကိုမျှ အခွင့်မပေးသင့်ပါ။ အခြားမည်သူထံတွင်မျှ မျှော်လင့်ချက်မရှိပါ။ သခင်ယေရှုတစ်ပါးတည်းကသာ ခရစ်တော်ဖြစ်တော်မူပါသည်။ သူမှလွဲ၍ အခြားနေရာတွင် ကယ်တင်ခြင်းမရှိပါ။

သခင်ယေရှုခရစ်မည်သူမည်ဝါဖြစ်ကြောင်းနှင့်ပတ်သက်သော ကျွန်ုပ်တို့၏ နားလည်သဘောပေါက်ထားမှုကို လုံ့လဝီရိယအလုံးစုံစိုက်ထုတ်၍ကာကွယ်ကြဖို့ ရှင်ယောဟန်က ကျွန်ုပ်တို့ကို ပြောပြထားသည်။ သခင်ယေရှုသည် ခရစ်တော်မဟုတ်ပါဟု ပြောဆိုရန် ရှာကြံနေသောသူများနှင့် လုံးဝပတ်သက်စရာမရှိကြောင်း ရှင်ယောဟန်က ကျွန်ုပ်တို့ကို ပြောပြနေပါသည်။ သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ကိုငြင်းပယ်ခြင်းသည် ကျွန်ုပ်တို့၌ရှိသည့် တစ်ခုတည်းသောမျှော်လင့်ချက်ကို ငြင်းပယ်ခြင်း သာဖြစ်လိမ့်မည်။ သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ ငြင်းပယ်ခဲ့လျှင် ကျွန်ုပ်တို့သည် အလင်း၌ကျင်လည်နိုင်ကြမည်မဟုတ်ပါ။

သင်သည် အလင်း၌ကျင်လည်လျှောက်လှမ်းချင်ပါသလား။ သင့်အားသင့်၏အပြစ်ဒုစရိုက်မှ ကယ်တင်ဖို့ကြွလာသည့် သခင်ယေရှုကို ခရစ်တော်အဖြစ်ယုံကြည်လက်ခံရပေမည်။ သူ့အားခရစ်တော်အဖြစ်နှင့်လည်းကောင်း၊ ဘုရားသခင်၏သားတော်အဖြစ်နှင့် လည်းကောင်း၊ ယုံကြည်လက်ခံခြင်းသည် သူ့ရှေ့၌လိုလိုလားလားဒူးထောက်လိုချင်းကို ဆိုလိုပါသည်။ သင့်အသက်တာ၌သူသာသခင်ဖြစ်ခြင်းကို သင်ဝန်ခံခြင်းဖြစ်သည်။ သူတစ် ပါးတည်းကသာထာဝရအသက်အတွက် သင့်ရဲ့မျှော်လင့်ချက်ဖြစ်သည်။ သခင်ယေရှုနှင့် မိတ်သဟာယဖွဲ့ခြင်း၌ ကျင်လည်လျှောက်လှမ်းဖို့ စတုတ္ထအဟန့်အတားမှာ သူ့အား ခရစ် တော်အဖြစ်လည်းကောင်း၊ဘုရားသခင်၏ သားတော်အဖြစ်လည်းကောင်း ငြင်းပယ်ခြင်းဖြစ်သည်။

## စဉ်းစားသုံးသပ်ရမည့်အချက်များ

- သခင်ယေရှုသာ ခရစ်တော်မဟုတ်လျှင် ကျွန်ုပ်တို့သည် ယနေ့တွင် မည်သည့် အရပ်၌ ရှိနေကြမည်နည်း။
- သခင်ယေရှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ခေတ်ကာလ၌ ရှိနေသောထင်မြင် ယူဆချက်များမှာ အဘယ်နည်း။ သခင်ယေရှုသည် ခရစ်တော်ဖြစ်ကြောင်းကို လူအများက နားလည်သဘောပေါက်ကြဖို့ ကျွန်ုပ်တို့မည်သည့်အရာကို ကူညီ လုပ်ဆောင်ပေးနိုင်ပါသနည်း။
- သခင်ယေရှုသည် ခရစ်တော်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ငြင်းပယ်လျှင် ခရစ် တော်နှင့်မိတ်သဟာယဖွဲ့ခြင်း၌ ကျင်လည်လျှောက်လှမ်းဖို့မှာ အဘယ်ကြောင့် မဖြစ်နိုင်ပါသနည်း။
- သခင်ယေရှုသည် ခရစ်တော်ဖြစ်ကြောင်းကို ငြင်းပယ်သောလူပုဂ္ဂိုလ်များ (သို့) အဖွဲ့အစည်းများ သင်တို့၏အသိုင်းအဝိုင်း၌ ရှိပါသလား။

## ဆုတောင်းရန်အချက်များ

- အပြစ်ဒုစရိုက်၌ လမ်းပျောက်နေကြသော ကျွန်ုပ်တို့ကိုမျှော်လင့်ချက်ပေးဖို့ ကြွဆင်းလာခဲ့သော သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။
- သခင်ယေရှုသည် မည်သူမည်ဝါဖြစ်ကြောင်း သေချာမှုကိုပေးသည့် သန့်ရှင်း သောဝိညာဉ်တော်အတွက် သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။
- သင့်ထံ၌သခင်ယေရှုကို ထုတ်ဖော်ပြောပြသောကြောင့် သူ့ကိုကျေးဇူးတင် ချီးမွမ်းပါ။
- သခင်ယေရှုသည် သူ့အားသခင်အဖြစ်နှင့်လည်းကောင်း၊ ကယ်တင်ပိုင်ရှင် အဖြစ်နှင့်လည်းကောင်း မသိသေးသော မိတ်ဆွေတစ်ယောက် (သို့) ချစ်ရ သောသူတစ်ယောက်ထံ၌ ကိုယ့်ကိုယ်ကို ထုတ်ဖော်ပြောကြားဖို့ ဆုတောင်းရန်

အချိန်ယူပါ။

# ၆

# စစ်မှန်သော ယုံကြည်ခြင်းအတွက် ပထမစမ်းသပ်ချက်- ဖြောင့်မတ်ခြင်း

၁ ယော ၂း၂၈-၃း၁၀ ကိုဖတ်ရှုပါ။

သခင်ယေရှုနှင့် မိတ်သဟာယဖွဲ့ခြင်းအတွက် အဟန့်အတားလေးခုကို ရှင်ယောဟန်က ကျွန်ုပ်တို့အား အသိပေးခဲ့ပါသည်။ သခင်ဘုရားနှင့် မိတ်သဟာယဖွဲ့ခြင်းမှ ကျွန်ုပ်တို့ကို ဟန့်တားထားသည့်အရာများကို ယခုကျွန်ုပ်တို့သိသွားကြပြီဖြစ်ရာ၊ ကျွန်ုပ်တို့၏ အာရုံစူးစိုက်မှုကို အရေးကြီးသောမေးခွန်းဆီသို့ ပြောင်းရွှေ့သွားကြပါမည်။ သခင်ခရစ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်း၌ ကျွန်ုပ်ရှိနေကြောင်းကို မည်သို့သိရှိနိုင်မည်နည်း။ လာမည့်အခန်းအနည်းငယ်တွင် ရှင်ယောဟန်က ကျွန်ုပ်တို့အား စစ်မှန်သောယုံကြည်ခြင်းအတွက် စမ်းသပ်ချက်အမျိုးမျိုးကို ပေးပါလိမ့်မည်။

ရှင်ယောဟန်က မိမိ၏စာဖတ်ပရိသတ်များအား သခင်ဘုရားပြန်လည်ကြွဆင်းလာချိန်၌ ရှက်ကြောက်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း သခင်ယေရှု၌ ဆက်လက်ကျင်လည်လျှောက်လှမ်းကြဖို့ စိန်ခေါ်ခြင်းဖြင့် ဤအပိုင်းကိုအစပြုထားသည် (ငယ် ၂၈)။ အခန်းငယ် ၂၉ တွင် တမန်တော်ကြီးက သူတို့အား ဘုရားသခင်ဖြစ်ပွားစေတော်မူသော သူတိုင်းသည်

ဖြောင့်မတ်မှန်ကန်သောအရာကို လုပ်ဆောင်မည်ဖြစ်ကြောင်း ပြန်လည်အသိပေးထားသည်။ ဖြောင့်မတ်မှန်ကန်သောအရာကို လုပ်ဆောင်ခြင်းဖြင့်သာ သူတို့သည်ရှုက်ကြောက်ခြင်းနှင့် ကင်းလွတ်ကြမည်ဖြစ်သည်။ ဤသည်မှာ စစ်မှန်သောယုံကြည်သူ၏ နှလုံးသားဖြစ်သည်။

အခန်းကြီး ၃ တွင် ရှင်ယောဟန်က ကျွန်ုပ်တို့အပေါ်၌ ထားရှိသောဘုရားသခင်၏ မဟာချစ်ခြင်းမေတ္တာတရားအကြောင်းကို ဆက်လက်၍အသိပေးထားသည် (၄ယ ၁)။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အပြစ်ဒုစရိုက်နှင့်ပြည့်နေ၍ စိတ်ပျက်ဖွယ်ကောင်းသော လောကကြီးမှ ကယ်တင်ခဲ့သည်။ သူသည် ကျွန်ုပ်တို့ကို စာတန်၏ခံတွင်းဝမှ ကယ်တင်၍ မိမိ၏သားသမီးများအဖြစ်ဖန်တီးခဲ့သည်။ ဘုရားသခင်၏သားသမီးများဖြစ်ကြသည့် အားလျော်စွာ ကျွန်ုပ်တို့သည်ဟိုယခင်ကလူများမဟုတ်ကြတော့ပါ။ ကျွန်ုပ်တို့မှာ ပြောင်းလဲခဲ့ကြပြီဖြစ်သည်။ ဤအပြောင်းအလဲမှာအလွန်အခြေခံကျသောကြောင့် လောကီ သားများက ကျွန်ုပ်တို့ကိုပင် မသိကြတော့ပါ (၄ယ ၁)။ ကျွန်ုပ်တို့၏ စိတ်နှလုံးသားများ၌ ဖြစ်ပျက်နေသော အရာကိုသူတို့မသိနိုင်ကြပါ။

သခင်ယေရှုပြန်လည်ကြွဆင်းလာမည့် နေ့ရက်ရောက်လာပါတော့မည်။ ထိုသခင် ပြန်လည်ကြွဆင်းလာချိန်တွင် ကျွန်ုပ်တို့ကိုသူနှင့်အတူ ဆောင်ယူသွားပါလိမ့်မည်။ ဤ လောက၌ နေထိုင်စဉ် ကျွန်ုပ်တို့၏အသက်တာ၌ ကျွန်ုပ်တို့တွေ့ရသည့်အပြောင်းအလဲများ သည် ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့ဖြစ်လာမည့်အရာနှင့် နှိုင်းယှဉ်၍မရနိုင်ပါ။ အခန်း၄ယ ၂ တွင် ရှင်ယောဟန်က ကျွန်ုပ်တို့သည် သခင်ယေရှုကဲ့သို့ ဖြစ်ကြမည်ဟု ပြောပြထားသည်။ သခင်ပြန်လည်ကြွဆင်းလာချိန်တွင် သူသည်ကျွန်ုပ်တို့ကို လွှမ်းမိုးထားသည့်အပြစ်ဒုစရိုက်ကို ဖျက်ဆီးခဲ့ပါလိမ့်မည်။ စာတန်၏တန်ခိုးအာဏာစက်များကို အဆုံးသတ်သွားစေခဲ့မည် ဖြစ်သည်။ ကျွန်ုပ်တို့၏ ဇာတိဟောင်းများသည် ကျွန်ုပ်တို့ကို ဟန့်တားနှောက်ယှက်ကြမည် မဟုတ်တော့ပါ။ ကျွန်ုပ်တို့သည် သခင်ဘုရားကို ပြီးပြည့်စုံသော နှလုံးသားများဖြင့် ချစ်ကြ ပါလိမ့်မည်။ ကျွန်ုပ်တို့သည် သူ့အတိုင်းဖြစ်လာကြပြီး၊ သူ့ကိုမျက်နှာချင်းဆိုင်တွေ့မြင်ကြရ ပါလိမ့်မည်။ ထိုနေ့ရက်သည် အဘယ်မျှခမ်းနားကြီးကျယ်သော နေ့ရက်ဖြစ်ခဲ့ပါမည်နည်း။

ရှင်ယောဟန်က အခန်းငယ် ၃ တွင် ကျွန်ုပ်တို့အား ထိုမျှော်လင့်ချက်ကို ရရှိထားသောသူသည် ကိုယ့်ကိုယ်ကိုစင်ကြယ်စေလိမ့်မည်ဟု ပြန်လည်အသိပေးထားသည်။ သင်သည် သခင်ယေရှု၏ချစ်ခြင်းမေတ္တာကို နားလည်သဘောပေါက်၍ ထာဝရအသက်နှင့်ဆိုင်သော မျှော်လင့်ချက်ရှိနေလျှင် သင်သည်အပြန်အလှန်အနေဖြင့် သူ့ကိုနာခံ၍ ချစ်မြတ်နိုးပါလိမ့်မည်။ သင်သည် ဘုရားသခင်ဖြစ်ပွားစေတော်မူသောသူဖြစ်လျှင် ထိုသခင်၏ စရိုက်လက္ခဏာနှင့် ဖြောင့်မတ်ခြင်းတို့ကို သင့်အသက်တာ၌ တွေ့မြင်ရပါလိမ့်မည်။ သင်သည် သင့်သခင်နှင့်ပို၍ သဏ္ဌာန်တူလာဖို့ သင့်ကိုသင်စင်ကြယ်စေရန် သင့်နှလုံးများ၌ သဘာဝစေ့ဆော်မှုတစ်ခုရှိလာမည်ဖြစ်သည်။

ရှင်ယောဟန်က အပြစ်ဒုစရိုက်ဆိုသည်မှာ ဘုရားသခင်၏ ပညတ်ချက်ကိုချိုးဖောက်ခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ကိုပြောပြထားသည် (ငယ် ၄)။ အပြစ်သားများဖြစ်ကြသည့်အလျောက် ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှလည်းကောင်း၊ ဘုရားသခင်၏ ပညတ်ချက်များမှလည်းကောင်း ရှောင်ပြေးလိုသည့်သဘာဝစရိုက်တစ်ခုကို ပိုင်ဆိုင်ထားကြသည်။ ကျွန်ုပ်တို့ကို ဤအတိုင်းထားထားပါက ကျွန်ုပ်တို့သည်ဘုရားသခင်ကိုလည်းကောင်း၊ ဘုရားသခင်၏ ပညတ်ချက်များကိုလည်းကောင်း ရှာကြံကြမည်မဟုတ်ပါ။ သခင်ခရစ်တော်ကို ကျွန်ုပ်တို့မသိကျွမ်းမီတွင် ကျွန်ုပ်တို့သည် အပြစ်၏ကျေးကျွန်များဖြစ်ခဲ့ကြသည်။

သခင်ယေရှု ဤလောကသို့ ကြွဆင်းလာချိန်တွင် သူသည်ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရင်းနှီးမှုကို ပိတ်ကာထားသော အပြစ်ဒုစရိုက်၏စိုးမိုးမှုကို ဖယ်ရှားဖို့ရောက်လာခဲ့ခြင်းဖြစ်သည် (ငယ် ၅)။ အပြစ်ဒုစရိုက်အပေါ်၌ အောင်နိုင်ခြင်းအခွင့်ကို ပေးနိုင်သောသူမှာ သူတစ်ဦးတည်းသာဖြစ်သည်။ အခြားမည်သူကမျှ အပြစ်ဒုစရိုက်ကို မအောင်မြင်နိုင်ပါ။ သူတစ်ဦးတည်းကသာ ပကတိပြည့်စုံသောသူဖြစ်သည်။ ကျွန်ုပ်တို့၏ အသက်တာ၌ အပြစ်ဒုစရိုက်၏ထိန်းချုပ်မှုမှလွတ်မြောက်ဖို့ သူတစ်ဦးတည်းသည်သာ ကျွန်ုပ်တို့၏ မျှော်လင့်ချက်ဖြစ်သည်။

အခန်းငယ် ၆ တွင် ရှင်ယောဟန်ကသခင်ယေရှု ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ ကိန်းဝပ်

ဖို့ရောက်လာခဲ့ချိန်တွင် သူသည်ကျွန်ုပ်တို့အား အသစ်သောသဘောသဘာဝကို ပေးခဲ့သည်ဟု ကျွန်ုပ်တို့ကို ပြောပြထားသည်။ သူသည် ကျွန်ုပ်တို့၏အထဲ၌ ကိန်းဝပ်တော် မူလျှင် ကျွန်ုပ်တို့သည်အသက်တာကို အပြစ်ဒုစရိုက်ဖြင့် လက္ခဏာဆောင်၍ဆက်လက် ရှင်သန်ကြမည်မဟုတ်ပါ။ "ကိုယ်တော်၌ တည်နေသောသူမည်သည်ကား ဒုစရိုက်ကိုဆက်လက်၍ မပြုတတ်။" မိမိ၏နှုတ်ကပတ်တော်၌ ဘုရားသခင်ကပြဌာန်းထားသည့်အသက်တာ အတိုင်း ကျွန်ုပ်တို့ရှင်သန်နိုင်ဖို့ သန့်ရှင်းသောဝိညာဉ်တော်ရောက်လာခဲ့ပါသည်။ ဤအရာအားဖြင့် ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်၏ထောင်ချောက်ထဲသို့ ဘယ်သောအခါတွင်မျှ မကျတော့ပါဟု မဆိုလိုပါ။ ရှင်ယောဟန်ကစစ်မှန်သောယုံကြည်သူသည် ဘယ်သောအခါ တွင်မျှအပြစ်လုပ်မည်မဟုတ်ဟု ကျွန်ုပ်တို့အားပြောပြနေခြင်းမဟုတ်ပါ။ သူပြောပြနေသော အရာမှာစစ်မှန်သောယုံကြည်သူသည် အကျင့်ကဲ့သို့ဖြစ်နေသော အပြစ်ဒုစရိုက်ကို ဆက်လက်၍မကျင့်တော့ပါဟူ၍ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်က အပြစ်ရှိကြောင်းကိုဖေါ်ပြခြင်းနှင့် သခင်ယေရှုကိုချစ်ခြင်းတို့က စစ်မှန်သောယုံကြည်သူများကို ၎င်းတို့၏အသက်တာ၌ ပေါ်ထွက်လာသောအပြစ်ဒုစရိုက်များအား ကိုင်တွယ်ဖြေရှင်းဖို့ တွန်းအားပေးပါလိမ့်မည်။

ရှင်ယောဟန်က ယုံကြည်သူ၏အသက်တာ၌ ယခုရှင်သန်နေသော တန်ခိုးတော်ကို ကျွန်ုပ်တို့အား အသိပေးထားသည်။

"ချစ်သားတို့၊ သင်တို့သည် ဘုရားသခင်နှင့်စပ်ဆိုင်ကြ၏။ ထိုသူတို့ကိုလည်း အောင်ကြပြီ၊ အကြောင်းမူကား၊ သင်တို့ဘက်၌ရှိသောသူသည် လောကဘက်၌ ရှိသော သူထက်သာ၍ ကြီးတော်မူ၏" (၁ယော ၄:၄)။

ဘုရားသခင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ ကိန်းဝပ်တော်မူသောကြောင့် အပြစ်ဒုစရိုက်ကိုအောင်နိုင်ဖို့ ကျွန်ုပ်တို့၌အသစ်သော တန်ခိုးစွမ်းအင်တစ်ခုကို ရရှိထားကြပါသည်။ စစ်မှန်သောယုံကြည်သူသည် ဖြောင့်မတ်သော အသက်တာနှင့် ရှင်သန်ခြင်းဖြင့် ထိုတန်ခိုးစွမ်းအင်၏ သက်သေအထောက်အထားကိုပြသပါလိမ့်မည်။ အကြောင်းမှာ ဘုရားသခင်၏ ဝိညာဉ်တော်သည် သူတို့အထဲ၌ ယခုပင်ရှင်သန်ကိန်းဝပ်နေသောကြောင့်

ဖြစ်သည်။

ရှင်ယောဟန်က ဤတန်ခိုးစွမ်းအင်နှင့် ထောက်ကူပေးမှုတို့ကို မိမိစီရင်သော ခရစ်ဝင်ကျမ်းတွင်လည်းပြောပြထားသည်။ သူသည်ယုံကြည်သူများကို စပျစ်နွယ်ပင်မှအခက်များနှင့်နှိုင်းစားထားသည် (ယောဟန် ၁၅)။ ဘုရားသခင်၏ မျက်မှောက်ပြုခြင်းဟူသော အရည်သည်ကျွန်ုပ်တို့မှတဆင့်စီးဆင်းသွားပြီး အသက်ရှင်ခြင်း၊ အစွမ်းသတ္တိနှင့်ပြည့်စုံခြင်း၊ အသီးသီးခြင်းများကိုဖြစ်စေပါသည်။ တမန်တော်ပေါလုကလည်း ယုံကြည်သူများ၏အသက်တာ၌ရှိသော ဤတန်ခိုးစွမ်းအင်အကြောင်းကို ပြောပြထားသည်။ ဖိလိပ္ပိ ၂း၁၃ တွင် ရှင်ပေါလုက ဤသို့ပြောထားသည်။

"အကြောင်းမူကား၊ သင်တို့သည် အလိုရှိစေခြင်းငှါ၎င်း၊ အကျင့်ကျင့်စေခြင်းငှါ၎င်း၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း။"

ယုံကြည်သူများဖြစ်ကြသည့်အားလျော်စွာ ကျွန်ုပ်တို့သည်ဘုရားသခင်၏ တန်ခိုးတော်ဖြတ်သန်းစီးဆင်းသွားနိုင်သော ကြားခံတန်ဆာပလာများဖြစ်ကြသည်။ သူသည်ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ ရှင်သန်၍တက်တက်ကြွကြွလှုပ်ရှားနေပါသည်။ သခင်ယေရှုကိုကျွန်ုပ်တို့၏ အသက်တာအား ထိန်းချုပ်ပိုင်ခွင့် အလုံးစုံကိုပေးအပ်လိုက် သောအချိန်တွင် ဤအချင်းအရာမှာသိသာထင်ရှားလာသည်။ ဘုရားသခင်၏ တန်ခိုးတော်ကျွန်ုပ်တို့အထဲ၌ အလုပ်လုပ်သောအခါ ကျွန်ုပ်တို့သည် လုပ်သမျှသောအရာတိုင်း၌ သခင်ယေရှုကိုအစေခံခြင်းနှင့် ဂုဏ်ကြီးစေလိုသည့် စိတ်ဆန္ဒသစ်များရှိလာသည်။

ဘုရားသခင်၏ ဝိညာဉ်တော်ကိန်းဝပ်တော်မူသည့် စစ်မှန်သောယုံကြည်သူများသည် အပြစ်ဒုစရိုက်၌ပျော်ပိုက်တော့မည် မဟုတ်ကြောင်းကို ရှင်ယောဟန်အသေအချာသိနေသည်။ ဤအရာအားဖြင့် ယုံကြည်သူများသည် အပြစ်ဒုစရိုက်ကို လုံးဝမကျူးလွန်ပါဟု မဆိုလိုပါ။ ရှင်ယောဟန်က ၁ ယော ၁း၁၀ တွင် ကျွန်ုပ်တို့အား ဤသို့ပြောပြသည်။

ဒုစရိုက်ကိုမပြုပြီဟု ငါတို့သည်ဆိုလျှင် ဘုရားသခင်ကို မုသာအပြစ်တင်ကြ၏။

နှုတ်ကပတ်တော်လည်း ငါတို့၌မရှိ။

လူတိုင်းလူတိုင်း အပြစ်ဒုစရိုက်၌ ကျရှုံးခဲ့ကြပါသည်။ ကျွန်ုပ်တို့သေဆုံးသည့် နေ့ရက်အထိ အပြစ်ဒုစရိုက်နှင့် နပန်းလုံးနေရပါမည်။ သို့သော် ရှင်ယောဟန်ကစစ်မှန်သောယုံကြည်သူများသည် အပြစ်ဒုစရိုက်ကို ပြုသော်လည်း ထိုအပြစ်ဒုစရိုက်၌ ပျော်ပိုက်နေမည်မဟုတ်ဟု ကျွန်ုပ်တို့ကိုပြောပြနေသည်။ အပြစ်ဒုစရိုက်သည် ကျွန်ုပ်တို့၏ ဇာတိဟောင်းများရှိ ၄င်းပုန်းအောင်းနေသော နေရာမှထွက်လာသည့် အချိန်များရှိလာပေမည်။ သို့သော် အပြစ်ဒုစရိုက်သည် ကျွန်ုပ်တို့၏အသက်တာရှိ ဘုရားသခင်၏မျက်မှောက်ပြုခြင်းနှင့် ထိပ်တိုက်ရင်ဆိုင်ချိန်တွင် ရှုံးနိမ့်သွားရပါသည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ အထဲ၌ ကိန်းဝပ်တော်မူသောကြောင့် ကျွန်ုပ်တို့၏ အသက်တာသည် အပြစ်ဒုစရိုက်ကို အောင်နိုင်သော လက္ခဏာများဖြင့် ခြယ်သထားရပေမည်။

အပြစ်ဒုစရိုက်သည် သင့်ရဲ့စိတ်နှလုံးကိုအုပ်ချုပ်၍ ဆက်လက်ချယ်လှယ်နေပါက သင့်ကိုသင် ဤမေးခွန်းကိုမေးပါ။ ဘုရားသခင်၏ မျက်မှောက်ပြုခြင်းနှင့် ဘုရားသခင်၏ တန်ခိုးတော်ကို ကျွန်ုပ်၏အသက်တာ၌ ကြုံတွေ့ခံစားခဲ့ဖူးပါသလား။ သင့်အသက်တာ၌ ဘုရားသခင်၏ မျက်မှောက်ပြုခြင်းကို သင်သိနေလျှင် သင်သည်အပြစ်ဒုစရိုက်အပေါ်၌ တိုးပွားလျှက်ရှိသော အောင်မြင်မှုကို ကြုံတွေ့ခံစားနေရပါမည်။ သင်သည် နောင်တရခြင်း၊ ဝမ်းနည်းပူဆွေးခြင်း၊ အပြစ်ရှိကြောင်းဖေါ်ပြခံရခြင်းတို့ မရှိပဲ အပြစ်ဒုစရိုက်၌ ဆက်လက်ကျင်လည်နေပါက သင်သည် သခင်ခရစ်တော်ကိုအမှန်တကယ် သိပါသလားဟု ကိုယ်ကိုယ်ကို မေးဖို့လိုအပ်ပါသည်။

ရှင်ယောဟန်က အခန်းငယ် ၇ နှင့် ၈ တွင် အလွန်လေးနက်ပြင်းထန်သော ထုတ်ဖော်ပြောကြားချက်များကို ပြုလုပ်ခြင်းဖြင့် ကျွန်ုပ်တို့လေ့လာနေသည့် ကျမ်းပိုဒ်များ၌ သူပြောဆိုထားသည့် အရာများကို နိဂုံးချုပ်ထားသည်။ "အကြင်သူသည် ဖြောင့်မတ်ခြင်းတရားကို ကျင့်၏. . . . ထိုသူသည် ဖြောင့်မတ်ခြင်းရှိ၏။ အကြင်သူသည် ဒုစရိုက်ကိုပြု၏ . . . ထိုသူသည် မာရ်နတ်နှင့်ဆိုင်၏။" သခင်ခရစ်တော်၏ အသက်တာသည် အပြစ်ဒုစရိုက်

အပေါ်၌လည်းကောင်း၊ မာရ်နတ်အပေါ်၌လည်းကောင်း အောင်နိုင်သောအသက်တာဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်တော် ကျွန်ုပ်တို့၏အသက်တာ၌ ကိန်းဝပ်ရန်ရောက်လာသောအခါ သူသည်အခြေခံကျသော အပြောင်းအလဲများကို ပြုလုပ်ပါသည်။ သင်သည်အသက်တာ၏ ထိန်းချုပ်ပိုင်ခြင်းကို ဘုရားသခင်ထံ၌ပေးအပ်လျှင် သင်သည်အပြစ်ဒုစရိုက်၌ ဆက်လက်ကျင်လည်နေမည်မဟုတ်ပါ။ ဘုရားသခင်သည် သင့်အထဲ၌ကိန်းဝပ်တော်မူလျှင်သင်သည် ဒုစရိုက်ကိုအောင်နိုင်ခြင်းအားဆက်၍ မြင်တွေ့ရပေလိမ့်မည်။ ဘုရားသခင်သည် ယောန၏အသက်တာ၌ ပြုလုပ်ခဲ့သကဲ့သို့ အပြစ်ဒုစရိုက်နှင့် ပုန်ကန်တတ်ခြင်းများကို သင့်စိတ်နှလုံးသားထဲမှဖယ်ထုတ်၍ သူနှင့်ပြန်လည်သင့်မြတ်မှုမရမချင်း ဘုရားသခင်သည် သင့်နောက်ကို လိုက်နေပါလိမ့်မည်။

ဝန်ခံရမည်မှာ ယုံကြည်သူတစ်ဦးအနေဖြင့် ကျွန်ုပ်တို့၏အသက်တာ၌ ကိုင်တွယ်ဖြေရှင်းဖို့ ခက်ခဲသည့်အပြစ်ဒုစရိုက်များရှိပါသည်။ ထိုအရိုးစွဲနေသော အပြစ်ဒုစရိုက်များနှင့် လုံးပန်းနေသောကြောင့် ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့် မဆိုင်သောသူများဖြစ်သည်ဟု မဆိုလိုနိုင်ပါ။ ဤနေရာ၌ ပြောပြနေသည့်အရာမှာ အပြစ်ဒုစရိုက်ကိုဆန္ဒရှိရှိတသမတ်တည်း လုပ်ဆောင်နေခြင်းဖြစ်သည်။ စစ်မှန်သောခရစ်ယာန်များသည် ၄င်းတို့၏အသက်တာရှိ အပြစ်ဒုစရိုက်ကြောင့် စိတ်မအီမသာဖြစ်ကြရပါသည်။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်အတွက် ရှင်သန်ကြလျှင် အပြစ်ဒုစရိုက်ကို ကိုင်တွယ်ဖြေရှင်း၍ ၄င်းကိုအောင်နိုင်ဖို့ ကျွန်ုပ်တို့လုပ်ဆောင်နိုင်သမျှ လုပ်ဆောင်ကြရမည်။ သို့သော် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အပြစ်ဒုစရိုက်၌ သက်တောင့်သက်သာဖြစ်နေကြ၍နောင်တရခြင်း၊ အရှက်ရခြင်းမရှိပဲ ထိုအပြစ်ဒုစရိုက်၌ ခေါင်းမာမာဖြင့်ဆက်လက်၍ ကျင်လည်နေကြောင်းကိုယ့်ကိုယ်ကိုတွေ့ရှိပါက ဘုရားသခင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌အမှန်တကယ် ကိန်းဝပ်နေပါသလား ဆိုသည့်မေးခွန်းအား ကိုယ်ကိုယ်ကို ပြန်မေးရပေမည်။

စစ်မှန်သောယုံကြည်ခြင်းအတွက် ပထမစမ်းသပ်ချက်မှာ ဖြောင့်မတ်ခြင်းကို စမ်းသပ်ခြင်းဖြစ်သည်။ သခင်ယေရှုကိုသိကျွမ်းသောသူတို့သည် မိမိတို့၏အသက်တာ၌

ထိုသခင်၏ တန်ခိုးအစွမ်းများ လှုပ်ရှားနေကြောင်းကို ကြုံတွေ့ခံစားကြပါလိမ့်မည်။ ဘုရားသခင့်ဝိညာဉ်တော်၏ မျက်မှောက်ပြုခြင်းနှင့် တန်ခိုးတော်သည် အပြစ်ဒုစရိုက်နှင့် ပုန်ကန်တတ်ခြင်းကို ယုံကြည်သူတို့၏ စိတ်နှလုံးသားထဲမှ မောင်းထုတ်ဖယ်ရှား၍ သူတို့ကိုနာခံခြင်းနှင့် သစ္စာရှိခြင်း၌ ရှင်သန်ကြရန် လုပ်ဆောင်ပါလိမ့်မည်။ ဤအချင်းအရာသည် သင့်ရဲ့ ကြုံတွေ့ခံစားရသည့်အရာ ဟုတ်ပါသလား။

## စဉ်းစားသုံးသပ်ရမည့်အချက်များ

- ယုံကြည်သူတစ်ဦးအနေဖြင့် သင့်အသက်တာ၌ လုံးပန်းနေရသည့် အပြစ်ဒုစရိုက်များမှာ အဘယ်နည်း။
- အပြစ်ဒုစရိုက်ကို ပြုမိသောအခါ ထိုအရာသည် သင့်ကိုမည်သို့ခံစားစေသနည်း။
- သင့်အသက်တာ၌ အသစ်သောဖြောင့်မတ်ခြင်း၏ အထောက်အထားများရှိပါသလား။
- သင်သည် သခင်ဘုရားထံသို့ ရောက်လာချိန်မှစ၍ သင့်အသက်တာ၌ မည်သည့်အပြောင်းအလဲများကို သခင်ဘုရားကလုပ်ဆောင်နေခဲ့ပါသနည်း။
- အပြစ်ဒုစရိုက်ကို ပြုမိခြင်းနှင့် ထိုအပြစ်ဒုစရိုက်၌ ဇွတ်တိုး၍လုပ်ဆောင်ခြင်းတို့၏ ခြားနားချက်မှာအဘယ်နည်း။

## ဆုတောင်းရန်အချက်များ

- အပြစ်ရှိကြောင်းကို ဖော်ပြပေးဖို့ ဘုရားသခင်သည် မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ကို သင့်အသက်တာထဲသို့ စေလွှတ်ခဲ့ခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- ယနေ့သင့်အသက်တာ၌ လုံးပန်းနေရသည့် အပြစ်ဒုစရိုက်အပေါ်၌ အောင်

နိုင်ခြင်းကိုပေးဖို့ ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။

- သခင့်၏ အစေခံတစ်ယောက်အဖြစ်နှင့် သင့်ကိုသင်ပို၍ပြည့်ပြည့်ဝဝ ဝန်ခံအပ်နှံဖို့အချိန်ယူပါ။ အပြစ်ရှိကြောင်းကိုဖော်ပြပေးသော သန့်ရှင်းသော ဝိညာဉ်တော်၏ အမှုတော်နှင့်အသံတော်ကို ပို၍သတိပြုလာနိုင်သောသူအဖြစ် သင့်ကိုဖန်တီးပေးဖို့ဆုတောင်းပါ။

# ၄
# စစ်မှန်သောယုံကြည်ခြင်းအတွက် ဒုတိယစမ်းသပ်ချက် - ချစ်ခြင်းမေတ္တာ

၁ ယော ၃း၁၁-၁၈ ကိုဖတ်ပါ

ရှင်ယောဟန်၏ ပထမစာစောင်ရှိဤအပိုင်း၌ ကျွန်ုပ်တို့လေ့လာသုံးသပ်သွားကြမည့်မေးခွန်းမှာ "သခင်ယေရှုနှင့် မိတ်သဟာယဖွဲ့ခြင်း၌ ကျွန်ုပ်ကျင်လည်လျှောက်လှမ်းနေသည်ကို ကျွန်ုပ်မည်သို့သိနိုင်မည်နည်း" ဟူသောမေးခွန်းဖြစ်သည်။ ရှင်ယောဟန်က အမျိုးမျိုးသော စမ်းသပ်ချက်များကို တင်ပြထားသည်။ လွန်ခဲ့သည့် နောက်ဆုံးအခန်းတွင် ဖြောင့်မတ်ခြင်း စပ်းသပ်ချက်ကို ကျွန်ုပ်တို့ကြည့်ရှုသုံးသပ်ခဲ့ကြပြီးဖြစ်သည်။ ဤအပိုင်းတွင် ကျွန်ုပ်တို့သည် ဒုတိယစမ်းသပ်ချက်ဖြစ်သော ချစ်ခြင်းမေတ္တာစမ်းသပ်ချက်ကို ကြည့်ရှုလေ့လာသွားကြမည်ဖြစ်သည်။

ရှင်ယောဟန်က ဤဒုတိယစမ်းသပ်ချက်ကို အခန်းငယ် ၁၀ တွင် နိဒါန်းပျိုးထားသည်။ ဤနေရာတွင်သူက "မိမိ၏ညီအစ်ကိုကိုမချစ်သောသူ" သည် ဘုရားသခင်၏သားသမီးမဟုတ်ဟု ပြောထားသည်။ ကျွန်ုပ်တို့၏ညီအစ်ကိုကို ချစ်ခြင်းဟူသောအဓိပ္ပါယ် ကို ကျွန်ုပ်တို့နားလည်ထားဖို့ အရေးကြီးသည်။ ကျွန်ုပ်တို့ပေါင်းသင်းအဖော်ပြုလိုသောသူတစ်ယောက်ယောက်နှင့်အတူရှိစဉ်၌ ခံစားရသောနွေးထွေးမှုနှင့် ချစ်ခြင်းမေတ္တာကို ကျွန်ုပ်

တို့ရောထွေးတတ်ကြသည်။ ကျွန်ုပ်တို့ဆုံတွေ့သောသူများအပေါ်၌ နွေးထွေးသောခံစား ချက်ရှိကြဖို့ ရှင်ယောဟန်က ကျွန်ုပ်တို့ကိုပြောနေခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့ဘက်မှ ပေါင်းသင်း ရသည်ကို ကျွန်ုပ်တို့မပျော်ပိုက်နိုင်သည့်သူများရှိပါသည်။

"ချစ်ခြင်းမေတ္တာ" ဟုပြောဆိုရာ၌ မိမိဆိုလိုသည့်အဓိပ္ပါယ်ကိုရှင်းပြရန် ရှင်ယော ဟန်က သခင်ယေရှု၏ ပုံဥပမာကို ကျွန်ုပ်တို့အား ဖော်ပြပေးထားပါသည်။ ". . . ငါတို့သည် ထောက်၍မေတ္တာတော်ကို သိရကြပြီ" ဟု ရှင်ယောဟန်က အခန်းငယ် ၁၆ တွင်အစပြုထား ပါသည်။ သခင်ယေရှုသည် မိမိ၏အသက်ကို ကျွန်ုပ်တို့အတွက်စတေးခဲ့သောကြောင့်ချစ် ခြင်းမေတ္တာဟူသောအရာကို ကျွန်ုပ်တို့သိကြရသည်။ ဘုရားသခင်က ချစ်စေလို သည့်အတိုင်း သင်ချစ်လိုလျှင် သခင်ခရစ်တော်၏ ပုံသာဓကကို သင်နာခံလိုက်လျှောက်ဖို့ လိုအပ်သည်။ ချစ်ခြင်းမေတ္တာဆိုမှာသည် သူတစ်ပါးအတွက် သင့်အသက်ကိုပေးဆပ်ခြင်းပင် ဖြစ်သည်။

သူတစ်ပါးအတွက် မိမိ၏အသက်ကိုစတေးဖို့ နည်းလမ်းများစွာရှိသည်။ အခန်း ငယ် ၁၇ တွင် ရှင်ယောဟန်က ကျွန်ုပ်တို့ကို ဥပမာတစ်ခုပေးထားသည်။ သင်သည် ရုပ်ဝတ္ထု ဥစ္စာပစ္စည်းများစွာကိုပိုင်ဆိုင်နေချိန်တွင် ညီအစ်ကိုတစ်ယောက်၌ ခက်ခဲကျပ်တည်းသော အခြေအနေတစ်ခုကို ရင်ဆိုင်နေရသည်ဟု ဆိုကြပါစို့။ ချစ်ခင်ကြောင်း၊ ဂရုစိုက်ကြောင်း ပြသရန် ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အရာမှာ ကျွန်ုပ်တို့၏ပစ္စည်းဥစ္စာများကို သူ့အားမျှဝေ၍ သူ၏ဒုက္ခများကို ငြိမ်းသွားစေရမည်ဖြစ်သည်။ ဤအခြေအနေ၌ သင့်ညီအစ်ကိုအတွက် "အသက်ကိုစွန့်ခြင်း" ဟူသောအရာသည် သင့်ရဲ့စည်းစိမ်ဥစ္စာများကို သူ့အတွက်စွန့်လွှတ် ခြင်းဖြစ်ပေမည်။ သခင်ခရစ်တော်က မိမိ၏အသက်ကိုပင် သင့်အတွက်စွန့်လွှတ်ခဲ့သကဲ့ပင် ဖြစ်သည်။

မိမိ၏အသက်ကို စွန့်ခြင်းဆိုသည်မှာ စွန့်လွှတ်မှုတစ်ခုကို ပြုလုပ်ခြင်းပင်ဖြစ်သည်။ သခင်ယေရှုပြုလုပ်ခဲ့သော စွန့်လွှတ်ခြင်းသည် မိမိအသက်ကို စွန့်လွှတ်ခြင်းဖြစ်ခဲ့သည်။ ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများအတွက် ရုပ်ပိုင်းဆိုင်ရာ၌ အမှန်တကယ်အသေခံဖို့ လိုအပ်ခဲ့မည်မဟုတ်သော်လည်း ကျွန်ုပ်တို့ကို အခြားနည်းလမ်းများဖြင့် အသေခံဖို့ အသေ

အခြာဆင့်ခေါ်ခြင်းခံကြရပါလိမ့်မည်။ ကျွန်ုပ်တို့ထံမှ အချို့သောသူများသည် ကျွန်ုပ်တို့၏ မာန်မာနတရား၌ အသေခံဖို့လိုအပ်ခဲ့ပါလိမ့်မည်။ အချို့သောသူများသည် မိမိတို့၏ သက်တောင့်သက်သာနှင့် ဇိမ်ရှိခြင်းများကို စွန့်လွှတ်ကြဖို့လိုပါလိမ့်မည်။ အချို့သောသူများ သည် မိမိတို့၏အချိန်နှင့်ကြိုးစားအားထုတ်မှုကို ပေးဆပ်ဖို့လိုပါလိမ့်မည်။ အချို့သောသူများ သည် ငွေကြေးအားဖြင့်သော်လည်းကောင်း၊ ရုပ်ဝတ္ထုပစ္စည်းများအားဖြင့်သော်လည်းကောင်း ပေးကမ်းဖို့ အတင်းအကျပ်စေခိုင်းခြင်းကို ခံရပေမည်။ ဤနေရာ၌ ရှင်ယောဟန်က ကျွန်ုပ် တို့အား ပြောပြနေသည်ထင်မှတ်ရသည့်အရာမှာ သင်သည်အခြားသူများကို ချစ်လျှင် သင့်ကိုယ်ကိုယ်လည်းကောင်း၊ သင့်ရဲ့ပိုင်ဆိုင်မှုများကိုလည်းကောင်း သူတို့အတွက် လိုလိုလားလား စွန့်လွှတ်လိုပါလိမ့်မည်ဟူသော အချက်ဖြစ်သည်။ ချစ်ခြင်းမေတ္တာသည် စကားလုံးသက်သက်မဟုတ်ပါ။ ချစ်ခြင်းမေတ္တာသည် လှုပ်ရှားမှုနှင့် လက်တွေ့လုပ်ဆောင် မှုကို လိုအပ်ပါသည်။ ချစ်ခြင်းမေတ္တာသည် အချိန်နှင့်အရင်းအမြစ်များကို စွန့်လွှတ်စတေး ဖို့လိုအပ်ပါသည်။

ဤချစ်ခြင်းမေတ္တာကို ပျိုးထောင်ပေးဖို့ လိုအပ်သည်။ သင်သည်အိမ်ထောင်သည် တစ်ဦးဖြစ်လျှင် ချစ်ခြင်းမေတ္တာကို ခြောက်သွေ့၍ အရသာကင်းမဲ့သွားအောင် ဖြစ်သွား စေဖို့ အဘယ်မျှလွယ်ကူသည်ကိုသင်သိပါလိမ့်မည်။ သင့်ရဲ့ခင်ပွန်း(သို့) ဇနီးကို သင်စတင် တွေ့ဆုံခဲ့သည့်အချိန်များကို မှတ်မိပါသလား။ ထိုအချိန်တုန်းက သင်သည် သူ(သို့)သူမ အတွက်မလုပ်ပေးမည့် အရာမရှိခဲ့ဘူးမဟုတ်ပါလား။ သင်သည်ဘဝကို အတတ်နိုင်ဆုံး သာယာ ကြည်နူးဖွယ်ဖန်တီး ရှင်သန်ခဲ့ပါသည်။ ဤအချင်းအရာသည် သင့်ရဲ့ငွေကြေးများကို သုံးစွဲရခြင်းလည်းဖြစ်လိမ့်မည်။ ညအချိန်နောက်ကျမှ ပြန်လာရခြင်း၊ နံနက်စောစော ထသွားရခြင်း များလည်းဖြစ်လိမ့်မည်။ ထိုအရာသည် သင့်ရဲ့အချိန်နှင့် ကြိုးစားအားထုတ်မှုကို ကြီးကြီး မားမားရင်းနှီးမြှုပ်နှံဖို့ တောင်းဆိုခဲ့သည်။ သင့်ရဲ့ချစ်ခြင်းမေတ္တာကြောင့် မည်သည့်ကုန်ကျစရိတ်ကမျှမကြီး၊ မမြင့်ခဲ့ပါ။ အချိန်ကြာလာသည်နှင့်အမျှ အပြောင်း အလဲများစတင်ဖြစ်ပေါ်လာတော့သည်။ ဤပေးဆပ်အနစ်နာခံမှုများကို သင်ဆက်၍

မလုပ်ချင်တော့ပါ။ သင့်ရဲ့ကြင်ဖော်ကို အတတ်နိုင်ဆုံးသက်တောင့်သက်သာ ဖြစ်ဖို့ပြုလုပ်ဖန်တီးပေးမည့်အစား သင့်အသက်တာ၌သက်တောင့်သက်သာရှိဖို့ သင့်ရဲ့ ကြင်ဖော်ကို အသုံးပြုနေကြောင်း သင့်ကို သင်တွေ့မြင်လာရပေမည်။ သင့်ရဲ့အချိန်နှင့် ကြိုးစားအားထုတ်မှုများကို သင့်အတွက်သာစတင်ရင်းနှီးမြှုပ်နှံခဲ့ပါတော့သည်။ သင့်ရဲ့ ချစ်ခြင်းမေတ္တာမှာ မှေးမှိန်သွားပြီး သင့်ရဲ့ကြင်ဖော်အတွက် သင့်အသက်ကို ပေးဆပ်စတေးဖို့ သင်မပျော်တော့ပါ။

အခန်းငယ် ၁၁ တွင် ရှင်ယောဟန်က ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦး စွန့်လွှတ်အနစ်နာခံခြင်းဖြင့် ချစ်ကြရန်မှာ ဘုရားသခင်၏ အစဉ်တည်ခဲ့သော အလိုတော်ဖြစ်ကြောင်း ကျွန်ုပ်တို့ကို ပြန်လည်အသိပေးပါသည်။ ကိုယ့်ကိုယ်ကို သူတစ်ပါးအတွက် ပေးဆပ်အနစ်နာခံခြင်း အယူအဆသည် ဖန်ဆင်းခြင်း၌ အခြေပြုခဲ့ပါသည်။ ဧဝကိုမည်သို့ ဖန်ဆင်းခဲ့ပါသနည်း။ အာဒံ၏နံရိုးမှ မဟုတ်ပါလား။ ဧဝကိုဖန်ဆင်းဖို့ အာဒံအနေဖြင့် နံရိုးတစ်ချောင်းကို စွန့်လွှတ်ပေးဆပ်ခဲ့ရသည်။ ဘုရားသခင်သည် အာဒံ၏နံရိုးကို အဘယ်ကြောင့်တောင်းဆိုခဲ့သနည်း။ သူသည်ဧဝကို အာဒံကဲ့သို့ မြေမှုန့်မှဖန်ဆင်းခဲ့နိုင်ပါသည်။ ဘုရားသခင်သည် အာဒံအား သင်ခန်းစာတစ်ခု သင်ပေးနေခဲ့သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ဘုရားသခင်သည် အာဒံအား ဤသင်ခန်းစာတစ်ခုသင်ပေးနေခဲ့သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ဘုရားသခင်သည် ဤစွန့်လွှတ်အနစ်နာခံတတ်သည့် ချစ်ခြင်းမေတ္တာအယူအဆကို အာဒံအား သွန်သင်ပေးခဲ့ပါသည်။ ဧဝမွေးဖွားလာဖို့ အာဒံဘက်မှ စွန့်လွှတ်အနစ်နာခံမှုတစ်ခုကို လိုအပ်ခဲ့ပါသည်။ ကျွန်ုပ်တို့ကိုယ်ကိုယ်ကို အနစ်နာခံပေးဆပ်ရာတွင် ကျွန်ုပ်တို့သည် အခြားသူတစ်ဦးအား အသက်ရှင်ခြင်းကိုပေးလိုက်ကြပါသည်။ ဤသည်မှာ ချစ်ခြင်းမေတ္တာ၏ ဆိုလိုရင်းအဓိပ္ပါယ်ပင် ဖြစ်သည်။

အာဒံနှင့် ဧဝအားဖြင့် အပြစ်တရားသည် လူသားမျိုးနွယ်အတွင်းသို့ ဝင်ရောက်လာခဲ့ပြီး လူသားများသည် ဘုရားသခင်က ချစ်သကဲ့သို့ ချစ်နိုင်သည့်အစွမ်းကို ဆုံးရှုံးခဲ့ကြရသည်။ အခန်းငယ် ၁၂ တွင် ကာဣနနှင့် အာဗေလတို့အကြောင်းကို ပြန်ပြောပြထားသည်။ ဘုရားသခင်သည် အာဗေလ၏ ယဇ်ပူဇော်ခြင်းကိုလက်ခံ၍ ကာဣန၏ယဇ်ပူဇော်ခြင်းကို

ငြင်းပယ်ပြီးနောက်တွင် ကာဣနသည် မိမိ၏ညီအာဗေလကို သတ်ခဲ့သည်။ ကာဣန၏ ယဇ်ပူဇော်ခြင်းကို ဘုရားသခင်က လက်မခံခဲ့ခြင်းမှာ သူသည်ဘုရားသခင်ထံသို့ ယုံကြည် ခြင်းဖြင့် မတိုးဝင်ခဲ့သောကြောင့် ဖြစ်သည် (ဟေဗြဲ ၁၁း၄)။ ကာဣနသည် ဘုရားသခင်၏ သားသမီးမဟုတ်ခဲ့ပါ။ သူသည် "မာရ်နတ်နှင့်ဆိုင်သော"သူဖြစ်ခဲ့သည်။ ကာဣန၏သရုပ် သကန်အမှန်ကို မိမိ၏ဖြောင့်မတ်သောညီအပေါ်၌ ထားရှိသောမနာလိုဝန်တိုမှုနှင့် အမုန်း ပွားမှုများ၌ ထုတ်ဖော်ပြသခဲ့ပါသည်။ ကာဣနက မိမိ၏မာန်မာနကို ယဇ်ပလ္လင်ထက်၌ စွန့်လွှတ်ပူဇော်၍ဘုရားသခင်ကို ယုံကြည်ခြင်းဖြင့်ကိုးကွယ်ဆည်းကပ်ဖို့ စိတ်ဆန္ဒ မရှိခဲ့ခြင်းသည် မိမိ၏ ညီအားအသေသတ်ခြင်းကို ဖြစ်စေခဲ့သည်။

အတ္တစိတ်၌သေခြင်းဟူသော နိယာမသည် အလွန်ရေပန်းစားသော အရာတော့ မဟုတ်ပါ။ အခန်းငယ် ၁၃ တွင် ရှင်ယောဟန်က မိမိ၏အသက်ကို သူတစ်ပါးအတွက် ပေးဆပ်စွန့်လွှတ်ခြင်း အယူအဆကို လောကီသားများက နားလည်ခဲ့မည်မဟုတ်ကြောင်း ကျွန်ုပ်တို့ကို ပြောပြထားသည်။ ဤနိယာမသည် ကျွန်ုပ်တို့လူ့အဖွဲ့အစည်းကြီး၏ ဖြစ်ရိုး ဖြစ်စဉ်နှင့် ဆန့်ကျင်နေပါသည်။ ဤလောကီသားများက ကျွန်ုပ်တို့သည် သူတို့နှင့်မတူ သောကြောင့် ကျွန်ုပ်တို့ကို ရူးမိုက်သူများဟုထင်မှတ်၍ ငြင်းပယ်ကြသောအခါ ကျွန်ုပ်တို့ အနေဖြင့် အံ့အားသင့်နေဖို့ မလိုကြောင်းရှင်ယောဟန်က ကျွန်ုပ်တို့ကိုသတိပေးထားသည်။ သူတစ်ပါးအတွက် ကိုယ့်ကိုယ်ကို စွန့်လွှတ်အနစ်နာခံခြင်းသည် လူတို့၏သဘာဝပြုမူပုံ မဟုတ်ပါ။ စစ်မှန်သော ယုံကြည်သူသည် မိမိ၏ညီအစ်ကိုကို မမုန်းပါ။ "မိမိ၏ညီအစ်ကို ကို မုန်းသောသူမည်သည်ကား လူ့အသက်ကိုသတ်သောသူဖြစ်၏" (၄ယ ၁၅)။ ကျွန်ုပ်တို့ သည် လူ့အသက်ကိုသတ်ခြင်းအပြစ်ကို ကျူးလွန်ဖို့ လူတစ်ယောက်ကို လက်တွေ့သတ်ဖို့ မလိုပါ။ ဘုရားသခင်၏ရှေ့၌ လူ့အသက်ကိုသတ်ခြင်းအပြစ်ကို ကျူးလွန်ဖို့ကျွန်ုပ်တို့ လုပ်ဆောင်ဖို့လိုသည့်အရာမှာ သူတစ်ပါးကို မုန်းတီးခြင်းအားကျွန်ုပ်တို့၏ စိတ်နှလုံးသား ထဲ၌ ရှင်သန်စေရန်သာဖြစ်သည်။ ဤအမုန်းတရားကို စိတ်ထဲ၌တေးထားလျှက် ဘုရား သခင်နှင့် မိတ်သဟာယဖွဲ့ခြင်း၌ ကျွန်ုပ်တို့မရှင်သန်နိုင်ပါ။ ကျွန်ုပ်တို့မချစ်လျှင် သေခြင်း၌

သာကျွန်ုပ်တို့ တည်နေကြသည် (ငယ် ၁၄)။ တစ်နည်းအားဖြင့်ဆိုလျှင် သူတစ်ပါးကိုမချစ်သောသူများသည် ဘုရားသခင်၏တရားစီရင်ခြင်းနှင့် ပြစ်ဒဏ်ခတ်ခြင်းအောက်တွင် ဆက်လက်၍ရှိနေကြဆဲဖြစ်သည်။

ရှင်ယောဟန်က "ငါတို့သည် ညီအစ်ကိုချင်းတို့ကို ချစ်သောကြောင့်သေခြင်းမှ အသက်ရှင်ခြင်းသို့ မိမိတို့ကူးပြောင်းသည်ကို မိမိတို့သိရကြ၏" (ငယ် ၁၄)ဟု ကျွန်ုပ်တို့ကို အသိပေးရင်း ဤအပိုင်းကို နိဂုံးချုပ်ထားသည်။ ဘုရားသခင်သည် ယုံကြည်သူ၏ စိတ်နှလုံးထဲ၌ ဝင်ရောက်ကိန်းဝပ်တော်မူသောအခါ ထိုစိတ်နှလုံးထဲတွင်ချစ်ခြင်းမေတ္တာရှိလာသည်။ ဘုရားသခင်ဝင်ရောက်ကိန်းဝပ်တော်မူသော ထိုစိတ်နှလုံးထဲတွင်အမုန်းပွားခြင်း၊ ခါးသည်းခြင်း၊ မနာလိုဝန်တိုခြင်းတို့မှာ ပျောက်ကွယ်သွားခဲ့ကြပါသည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးထဲ၌ ဘုရားသခင် ကိန်းဝပ်၍ စိုးစံတော်မူသောအခါ ကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမများအပေါ်၌ ထားရှိသော ထိုသခင်၏ ချစ်ခြင်းမေတ္တာမှာ မျက်မြင်ထင်ရှားလာပါလိမ့်မည်။

စစ်မှန်သော ယုံကြည်ခြင်းအတွက် ဒုတိယစမ်းသပ်ချက်မှာ ချစ်ခြင်းမေတ္တာစမ်းသပ်ချက်ဖြစ်သည်။ သင်သည် သင့်စိတ်နှလုံးထဲ၌ သခင်ခရစ်တော်၏ ကိုယ့်ကိုယ်ကိုပေးဆပ်အနစ်နာခံသော ချစ်ခြင်းမေတ္တာကို သူတစ်ပါးအတွက် ခံစားနေလျှင် သင်သည်ဘုရားသခင်၏ သားသမီးတစ်ဦးအနေဖြင့် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်း၌ ကျင်လည်နေကြောင်းကိုသိနိုင်ပါသည်။ ဤချစ်ခြင်းမေတ္တာသည် ယခင်၌သင်သိရှိခဲ့သည့် ချစ်ခြင်းမေတ္တာမဟုတ်ပါ။ ဤချစ်ခြင်းမေတ္တာသည် သင့်ရဲ့ချစ်ခြင်းမေတ္တာမဟုတ်ပါ။ သဘာဝအားဖြင့် ဤချစ်ခြင်းမေတ္တာမျိုးဖြင့် သင်ဘယ်တော့မျှ ချစ်နိုင်မည်မဟုတ်ပါ။ ဤချစ်ခြင်းမေတ္တာသည် အသစ်ဖြစ်သည်။ စစ်မှန်သည်။ ဤချစ်ခြင်းမေတ္တာသည် သင်အထဲ၌ရှိနေသော ဘုရားသခင်ဖြစ်သည်။ သင်သည် ကျွန်ုပ်ပြောပြနေသည့်အရာကိုသိလျှင် ဘုရားသခင်သည် သင့်အထဲ၌ရှိကြောင်းကိုလည်းကောင်း၊ သင့်ရဲ့ယုံကြည်ခြင်း စစ်မှန်ကြောင်းကိုလည်းကောင်း သင်သိပါသည်။

**စဉ်းစားသုံးသပ်ရမည့်အချက်များ**

- သခင်ယေရှုကို သင်သိကျွမ်းလာချိန်၌ သင့်အနီးအနား၌ရှိသောသူများနှင့် သင့်ရဲ့ရင်းနှီးဆက်ဆံမှု မည်သို့ပြောင်းလဲသွားခဲ့ပါသနည်း။ သူတို့ကိုသင်ပို၍ ချစ်လာခဲ့ပါသလား။
- သင့်ရဲ့လူ့ဇာတိမှလာသော ချစ်ခြင်းမေတ္တာနှင့် သခင်ယေရှုက သင့်စိတ်နှလုံးသားထဲ၌ သွတ်သွင်းပေးထားသော ချစ်ခြင်းမေတ္တာတို့၏ ကွဲပြားခြားနားချက်မှာအဘယ်နည်း။
- သင့်ဘက်မှချစ်ခင်ဖို့ လုံးပန်းရုန်းကန်နေရသည့်သူများ ရှိပါသလား။ ဘုရားသခင်သည် ထိုသူတို့ကိုချစ်ပါသလား။ သင့်အားဖြင့် ဘုရားသခင်ကိုထိုသူတို့အားမည်သို့ ချစ်စေနိုင်မည်နည်း။

**ဆုတောင်းရန်အချက်များ**

- ချစ်ခင်ဖို့ခက်ခဲသည့်သူတစ်ယောက်ယောက် သင့်အသက်တာ၌ ရှိပါသလား။ ထိုသူတို့ကို ချစ်ခင်နိုင်ဖို့ ကူညီမစပေးရန် သခင်ယေရှုထံ၌ တောင်းလျှောက်ပါ။
- သင့်အားပေးထားသည့် အသစ်သောနှလုံးသားအတွက် သခင်ဘုရားကို ကျေးဇူးတင် ချီးမွမ်းပါ။ ဘုရားသခင်သည် မုန်းတီးခြင်းမှောင်မိုက်ကို ယူဆောင်သွား၍ မိမိချစ်ခြင်းမေတ္တာ၏အလင်းနှင့် နွေးထွေးမှုတို့ဖြင့် အစားထိုးခဲ့ခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- ကျွန်ုပ်တို့ခေတ်ကာလရှိ အသင်းတော်သည် တစ်ဦးနှင့်တစ်ဦး ဤအနစ်နာခံပေးဆပ်သည့်ချစ်ခြင်းမေတ္တာ၌ ပြန်လည် သစ်လွင်လာခြင်းကို ကြုံတွေ့ခံစားဖို့ ဆုတောင်းပေးရန်အချိန်ယူပါ။

၈

# စစ်မှန်သောယုံကြည်ခြင်းအတွက် တတိယစမ်းသပ်ချက် - အသစ်ပြုပြင်ထားသော စိတ်နှလုံး

၁ ယော ၃း၁၉-၂၄ ကိုဖတ်ရှုပါ။

ရှင်ယောဟန်ဩဝါဒစာ ပထမစောင်သည် အလွန့်အလွန်လက်တွေ့ကျလှသည်။ ရှင်ယောဟန်သည် ကျွန်ုပ်တို့ယုံကြည်ခြင်း၏တကယ့်အခြေခံများကို စိုးရိမ်ပတ်သက်ပေးနေသည်။ ကျွန်ုပ်တို့သည် "အလင်းနှင့်မိတ်သဟာယဖွဲ့ခြင်း၌ ကျွန်ုပ်ကျင်လည်လျှောက်လှမ်းနေသည်ကို ကျွန်ုပ်မည်သို့သိနိုင်မည်နည်း" ဟူသော မေးခွန်းကို လေ့လာစမ်းစစ်နေကြပါသည်။ တမန်တော်ကြီးက စစ်မှန်သောယုံကြည်ခြင်းအတွက် စမ်းသပ်ချက်နှစ်ခုကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုတွင်ရှင်ယောဟန်သည် တတိယစမ်းသပ်ချက်ဖြစ်သည့် အသစ်ပြုပြင်ထားသော စိတ်နှလုံးစမ်းသပ်ချက်အကြောင်းကို တင်ပြထားပါသည်။

ကျွန်ုပ်သည် ဘုရားသခင်၏ စစ်မှန်သောသားသမီးတစ်ယောက်ဖြစ်၍ အလင်း၌ ကျင်လည်လျှောက်လှမ်းခြင်းရှိမရှိဟူသော ဤမေးခွန်းသည် ကျွန်ုပ်တို့အားလုံး ကိုယ့်ကိုယ်ကို မေးရန် လိုအပ်သည့်မေးခွန်းဖြစ်သည်။ သင်သည် တနည်းနည်းဖြင့် ကျွန်ုပ်ကဲ့သို့ဖြစ်ခဲ့လျှင် သင့်ရဲ့အပြစ်တရားကြီးမားမှုအပေါ်၌ လုံးဝတုန်လှုပ်သွားခဲ့သည့်အချိန်များ သင့်အသက်တာတွင် ရှိခဲ့ပါလိမ့်မည်။ ကျွန်ုပ်တို့စိတ်နှလုံးသားများ၏ အခြေအနေများကို ကြည့်ရှုဆင်ခြင်

၍ ကျွန်ုပ်တို့ဘုရားသခင်နှင့် အဘယ်မျှဝေးကွာနေခဲ့သည်ကို ပြန်လည်သတိရလာသည့် အချိန်များရှိခဲ့ပါသည်။ သခင်ဘုရားနှင့်ကျွန်ုပ်တို့ပို၍ နီးကပ်သွားလေလေ ကျွန်ုပ်တို့ ၌ အပြစ်ကြီးကြောင်းပို၍ ခံစားရလေလေဟုထင်မှတ်ရသည်။ တစ်စုံတစ်ယောက်က ခရစ်ယာန် အသက်တာကို မည်းမှောင်၍မိုးရွာနေသည့်ညဥ့် တောအုပ်ကြီးတစ်ခုကို ဖြတ်သန်းသွားသော သူတစ်ဦးနှင့်ခိုင်းနှိုင်းထားသည်။ ထိုသူသည် တောအုပ်ကြီး၏အခြားတစ်ဘက်၌ နေထိုင်နေသောမိတ်ဆွေထံသို့ လမ်းကိုအသေအချာမမြင်ရပဲ စမ်းတဝါးဝါးဖြင့် သွားနေခဲ့ သည်။ ထိုသို့သွားစဉ်တွင် သစ်ပင်အိုကြီး၏အမြစ်ကိုခလုတ်တိုက်မိ၍ ရွှံ့နွံထဲသို့ လဲကျသွား ခဲ့သည်။ သူသည်လဲကျရာမှပြန်ထ၍ရွှံ့များကိုခါချပြီးခရီးဆက်ခဲ့သည်။ မကြာမီ မနီးမဝေးတွင် မိတ်ဆွေဖြစ်သူ၏ နေအိမ်မှလင်းထိန်နေသည့် မီးရောင်ကို သစ်ပင်များကြားမှ လှမ်းတွေ့ လိုက်သည်။ သူသည် ထိုမီးအလင်းရောင်နှင့် နီးကပ်လာသည်နှင့်အမျှ မိမိ၏အဝတ်အစား များကို ကြည့်လိုက်သည်။ သူအဘယ်မျှညစ်ပတ်နေသည့် အဖြစ်မှန်ကိုသိလိုက်ရသည်။ ထိုအတိုင်း မိနစ်အနည်းငယ်ဆက်လျှောက်လာရာ သူ့မိတ်ဆွေအိမ်မှ မီးအလင်းရောင်နှင့် ပို၍ပင် နီးကပ်လာခဲ့သည်။ ထိုအခါ သူတစ်ဖန်ပြန်၍ကိုယ့်ကိုယ်ကိုကြည့်လိုက်ရာ ယခင်၌ မတွေ့ခဲ့ရသည့်ညစ်ပေမှုများကို ပြန်၍တွေ့ခဲ့ရသည်။ မီးအလင်းရောင်နှင့်ပို၍ နီးကပ်လာလေလေ သူကိုယ်သူ ညစ်ပတ်မှန်းပို၍သိလာလေလေဖြစ်ခဲ့သည်။ သခင်ဘုရား၏ သန့်ရှင်းခြင်းအလင်းတော်နှင့် ကျွန်ုပ်တို့ပို၍နီးကပ်လာလေလေ ကျွန်ုပ်တို့မှာပို၍ ညစ်ပတ်လာလေလေ၊ ပို၍အပြစ်ကြီး လာလေလေဟု ခံစားရပါသည်။

အခန်းငယ် ၂၀ တွင် ရှင်ယောဟန်က ကျွန်ုပ်တို့၏စိတ်နှလုံးသည် ကျွန်ုပ်တို့ကို အပြစ်တင်သောအချိန်များ အသက်တာ၌ရှိသည်ဟု ဆိုထားပါသည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့၏အတွင်း နှလုံးသားထဲသို့ နက်နက်နဲနဲကြည့်ရှု၍ အပြစ်ဒုစရိုက်၏မည်းမှောင်ခြင်း ကို တွေ့ကြရပါသည်။ တစ်ခါတစ်ရံတွင် ဘုရားသခင်၏မျက်မှောက်ပြုခြင်း မထင်မရှား ဝိုးတဝါးနှင့် ရှိနေသောအချိန်များရှိပါသည်။ ဘုရားသခင်သည် အဝေးတစ်နေရာ၌ရှိနေသည် ဟု ထင်မှတ်ရပါသည်။ ဤကဲ့သို့သောအချိန်များတွင် ကျွန်ုပ်တို့သည် “သခင့်ရှေ့တော်၌

ကိုယ်စိတ်နှလုံးကို မည်သို့သက်သာစေကြလိမ့်မည်နည်း" (ငယ် ၁၉)။ အပြစ်ရှိနေသော နှလုံးသား၏ စစ်မှန်သောအလင်းတော်၌ "ကိုယ်တိုင်သမ္မာတရားနှင့်ဆိုင်သည်ကို ကိုယ် မည်သို့သိရမည်နည်း။" ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားသမီးများဆက်လက်၍ ဖြစ်တည်နေကြောင်းကို သိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ကျွန်ုပ် တို့၏ အပြစ်ရှိသောနှလုံးသားထက် "သာ၍ကြီးမြတ်" တော်မူပြီး "အလုံးစုံတို့ကို သိတော်မူ" သောကြောင့်ဖြစ်သည်ဟု အခန်းငယ် ၂၀ က ကျွန်ုပ်တို့ကို ပြောပြထားသည်။ ဤနေရာ၌ ရှင်ယောဟန်က ကျွန်ုပ်တို့ကို ပြောပြနေသောအရာကို အသေးစိတ်လေ့လာကြည့်ကြပါစို့။

စိတ်နှလုံးသည် ဘုရားသခင်ထံမှ ပြေးခွာလိုသောသဘာဝအကျင့်တစ်ခုကို ပိုင်ဆိုင် ထားသည်။ ပရောဖက်ယေရမိက ကျွန်ုပ်တို့အားဤသို့ပြောပြထားသည်။

"စိတ်နှလုံးသည် ခပ်သိမ်းသောအရာထက် စဉ်းလဲတတ်၏။ အလွန်ယိုယွင်းသော သဘောရှိသည်။ စိတ်နှလုံးသဘောကို အဘယ်သူသိနိုင်သနည်း" (ယေရမိ ၁၇း၉)

နောဧတို့၏ခေတ်ကာလမှ လူတို့၏စိတ်နှလုံးကို ဘုရားသခင်ကမည်သို့ဖော်ပြ ထားသည်ကို သတိပြုကြည့်ပါ။

"မြေကြီးပေါ်မှ လူအပြစ်ကြီး၍ သူ၏စိတ်နှလုံးအကြံအစည်ရှိသမျှတို့သည် အစဉ် မပြတ်ဆိုးညစ်ခြင်းသက်သက်ရှိကြောင်းကို ဘုရားသခင်သိမြင်တော်မူ၏" (ကမ္ဘာဦး ၆း၅)။

ဤသည်မှာ ကျွန်ုပ်တို့၏ စိတ်နှလုံးနှင့်ပတ်သက်၍ သမ္မာကျမ်းစာ၏ ဖော်ပြထား ချက်ဖြစ်သည်။ သမ္မာကျမ်းစာ၏ ပြောဆိုထားချက်ကို ကျွန်ုပ်တို့နှစ်သက်မည်မဟုတ်သော် လည်း ထိုအရာမှန်ကန်ကြောင်းကို ကျွန်ုပ်တို့သိကြပါသည်။

"စိတ်ထဲမှာ သဘာဝအတိုင်းပေါ်ထွက်လာတဲ့ အရာတိုင်းကိုလုပ်ဖို့ ကျွန်ုပ်ကိုဒီ အတိုင်းသာလွှတ်ပေးထားရင် ကျွန်ုပ်ဘာလုပ်ခဲ့မိလိမ့်မလဲ" ဟူသော မေးခွန်းကို ကျွန်ုပ်ကို ကျွန်ုပ်မကြာခဏမေးလေ့ရှိသည်။ ကျွန်ုပ်ကိုသာ ကျွန်ုပ်ကြီးပြင်းလာစဉ် သွန်သင်ဆုံးမမှု (သို့) ဥပဒေပညတ်ချက် (သို့) နာမည်ကောင်းကို ထိန်းသိမ်းရမည်ဟူသော ခံစားချက်တစ်ခု

ကသာ ကန့်သတ်ချုပ်ချယ်မထားလျှင် ကျွန်ုပ်ဘာလုပ်ခဲ့လိမ့်မည်နည်း။ ကျွန်ုပ်၏ စိတ်နှလုံးထဲ၌ဘုရားသခင်ကို အသရေပျက်စေမည်ဟူသော စိုးရိမ်ကြောက်ရွံ့စိတ်မရှိလျှင် ကျွန်ုပ်မည်သည့်နေရာတွင်ယနေ့ရှိနေမည်နည်း။ ကျွန်ုပ်၏အောက်ခြေအကျဆုံး စိတ်ဆန္ဒများအား ကျွန်ုပ်၏အသက်တာကိုစိုးမိုးထိန်းချုပ်ခွင့်ပြုလျှင် ကျွန်ုပ်မည်သို့ဖြစ်နေမည်နည်း။ ကျွန်ုပ်လျှောက်ရမည့်လမ်းအား ကျွန်ုပ်၏အပြစ်ရှိသော နှလုံးသားကို နှုတ်တိုက်ချဆုံးဖြတ်စေလျှင် ကျွန်ုပ်မည်သည့်နေရာတွင်ရှိနေခဲ့မည်နည်း။ ဤမေးခွန်းများကို ကျွန်ုပ်ပြန်လည်ဆင်ခြင်သုံးသပ်သောအခါ ကျွန်ုပ်နှလုံးသား၏ ညစ်နွမ်းမှုကို ကျွန်ုပ်ပြန်သိလာသည်။ ဤမသေချာ၊ မရေရာသော အရာများ၏အလယ်တွင် ကျွန်ုပ်သည် ဘုရားသခင်၏သားသမီးဖြစ်ကြောင်းကို မည်သို့ ကြုံးဝါးပြောဆိုနိုင်ပါမည်နည်း။

ကျွန်ုပ်၏စိတ်နှလုံးက ကျွန်ုပ်ကိုအပြစ်တင်ချိန်တွင် ဘုရားသခင်သည် ကျွန်ုပ်၏အပြစ်ဒုစရိုက်ထက်ပို၍ တန်ခိုးကြီးတော်မူကြောင်းကို သတိရနေဖို့လိုအပ်ကြောင်း ရှင်ယောဟန်က ကျွန်ုပ်ကိုသတိပေးနေပါသည်။ သခင်ယေရှုနှင့် ကျွန်ုပ်သက်ဆိုင်လာသောအချိန်မှစ၍ သူသည်ကျွန်ုပ်၏ နှလုံးသားထဲ၌လာရောက် ကိန်းဝပ်တော်မူပြီး၊ ကျွန်ုပ်သည် စိတ်နှလုံး၏ ဆိုးညစ်သောစိတ်ဆန္ဒများအပေါ်၌ အောင်နိုင်ခြင်းကို ကြုံတွေ့ခံစားနေရပါသည်။ ကျွန်ုပ်၏စိတ်နှလုံးထဲ၌ သခင်ယေရှုဝင်ရောက်လာချိန်မှစ၍ ကျွန်ုပ်၏ဆိုးညစ်သော စိတ်နှလုံးကို ပြောဆိုပြုလုပ်စေသောအရာများ၏ ကျွန်ဖြစ်ခြင်းမှလွတ်မြောက်ခြင်းကို ရရှိခဲ့ပြီဖြစ်သည်။ ကျွန်ုပ်သည် အသစ်သောတန်ခိုးစွမ်းအားကို အသက်တာ၌ ကြုံတွေ့ခံစားနေပါသည်။ အပြစ်ဒုစရိုက်အပေါ်၌ အောင်နိုင်ခြင်းကို ကျွန်ုပ်ကြုံတွေ့ခံစားနေပါသည်။ သခင်ခရစ်တော်၏ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်အားထိန်းချုပ်အုပ်စိုးခဲ့သည့် ဇာတိပကတိ၏အမုန်းတရားများနှင့် နာကျည်းခါးသီးမှုများကို အောင်နိုင်ခဲ့ပြီဖြစ်သည်။ မှန်ပါသည်။ ဘုရားသခင်သည် အပြစ်ရှိသော ကျွန်ုပ်၏နှလုံးသားထက်သာ၍ကြီးမြတ်တော်မူပါသည်။ ကျွန်ုပ်၏ရန်သူသည် ကျွန်ုပ်ကိုအပြစ်တင်၍ ဆိုးညစ်သောကျွန်ုပ်နှလုံးသား၏ အပြစ်ဒုစရိုက်များကို လက်ညှိုးထိုး၍ပြသောအခါ ဤအချင်းအရာသည် ကျွန်ုပ်၏စစ်မှန်

သော ဇာတိပကတိသဘောဖြစ်သော်လည်း ကျွန်ုပ်သည် ထိုအရာ၏ကျေးကျွန်မဟုတ်တော့ကြောင်းကို သူ့အားပြောနိုင်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်ကိုအသစ်သောအသက်တာ၌ ရှင်သန်ရန် အစွမ်းပေးခဲ့ပြီဖြစ်သည်။ သင့်ရဲ့စိတ်နှလုံးသည် သင့်ကိုအပြစ်တင်သောအခါ သင့်ရဲ့စိတ်နှလုံးထက်ကြီးမြတ်တော်မူသောသူကို ကြည့်ပါ။

အခန်းငယ် ၂၀ တွင် ရှင်ယောဟန်က အရာခပ်သိမ်းကို ဘုရားသခင်သိတော်မူကြောင်း ဒုတိယအနေဖြင့် ကျွန်ုပ်တို့ကိုအသိပေးထားသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးများကို သိတော်မူသည်။ ကျွန်ုပ်တို့အဘယ်မျှအပြစ်ရှိကြောင်းကို သိတော်မူသည်။ ကျွန်ုပ်တို့၌ ခွန်အားနှင့်အစွမ်းအစကိုပေးရန် လိုအပ်ကြောင်းကို သိတော်မူသည်။ ကျွန်ုပ်တို့ ရုန်းကန်နေရသည့်အရာများကိုလည်း သိတော်မူသည်။ ကျွန်ုပ်တို့အောင်မြင်ဖို့ လိုအပ်သည့်ဘဝအစိတ်အပိုင်းများကိုလည်း သိတော်မူသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးကို ကျွန်ုပ်တို့သိထားသည်ထက် ဘုရားသခင်ကပို၍ သိတော်မူသည်။ ကျွန်ုပ်တို့၏စိတ်နှလုံး၌ ဖြစ်ပျက်နေသော အရာများအားလုံးကို သိရုံသာမဟုတ်၊ ထိုအရာများကို မည်သို့ပြုလုပ်ကိုင်တွယ်ရမည်ကိုလည်း သိတော်မူသည်။ သူသည် ကျွန်ုပ်တို့၏ အပြစ်ဒုစရိုက်ထက်သာ၍ ကြီးမြတ်တော်မူသည်။

ဘုရားသခင်သည် သင့်ကိုလည်းကောင်း၊ သင်လိုအပ်နေသောအရာကိုလည်းကောင်းသိတော်မူသည်။ သင့်အသက်တာ၌ ပုန်းကွယ်နေကြသည့် အောင်နိုင်ဖို့လိုအပ်သောအပြစ်ဒုစရိုက်များကိုလည်းကောင်း၊ ၎င်းတို့အားမည်သို့အောင်နိုင်ရမည်ကိုလည်းကောင်း ဘုရားသခင်သိတော်မူသည်။ ဘုရားသခင်ကမည်သို့အောင်နိုင်ရမည်ကို မသိသော အပြစ်ဒုစရိုက်မရှိပါ။ သင့်နှလုံးသားကလိုအပ်နေသောအဖြေယခုသူ့မှာ ရှိပါသည်။ သင့်ကိုကုစားပေးဖို့ သူ့ကိုခွင့်မပေးတော့ဘူးလား။ မည်သို့ပြုလုပ်ရမည်ကို သူတစ်ဦးတည်းကသာသိသည်။ သူသည် သင့်ရဲ့တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်သည်။

တမန်တော်ကြီးက ကျွန်ုပ်တို့အားဘုရားသခင်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးများထက်ပို၍ တန်ခိုးကြီးကြောင်းကို ပြောပြခဲ့သည်။ ထို့အပြင်ဘုရားသခင်သည် ကျွန်ုပ်တို့စိတ်

နှလုံးသား၏အနာဒဏ်ရာများနှင့် အပြစ်ဒုစရိုက်များအားမည်သို့ကုစားရမည်ကိုလည်း ကျွန်ုပ်တို့နှလုံးသားများ၏ အပြစ် ဒုစရိုက်ဟူ၍မရှိပါ။ သင့်စိတ်နှလုံး၌ ယခုလိုအပ်နေသော အရာများအတွက်အဖြေ သူ၌ရှိနေပါသည်။ သင့်ကိုကုစားပေးဖို့ သူ့ကိုခွင့်မပေးတော့ဘူးလား။ မည်သို့ပြုလုပ်ရမည်ကို သူတစ်ဦးတည်းကသာ သိသည်။ သူသည်သင့်ရဲ့တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်သည်။

တမန်တော်ကြီးက ကျွန်ုပ်တို့အား ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးများထက် ပို၍တန်ခိုးကြီးကြောင်းကို ပြောပြခဲ့သည်။ ထို့အပြင် ဘုရားသခင်သည် ကျွန်ုပ်တို့စိတ်နှလုံးသား၏အနာဒဏ်ရာများနှင့်အပြစ်ဒုစရိုက်များအား မည်သို့ကုစားရမည်ကိုလည်း သိတော်မူကြောင်း ကျွန်ုပ်တို့ကိုအသိပေးခဲ့သည်။ ရှင်ယောဟန်က အခန်းငယ် ၂၂ သို့ပြောင်း၍ကျွန်ုပ်တို့အားဘုရားသခင်သည် ကျွန်ုပ်တို့တောင်းသမျှသောအရာအားလုံးကိုပေးဖို့ ဆန္ဒရှိနေကြောင်းပြောပြထားသည်။ မယုံနိုင်စရာကတိတော်တစ်ခု မဟုတ်ပါလား။ ကျွန်ုပ်တို့စိတ်နှလုံး၏အပြစ်ဒုစရိုက်နှင့်နပန်းလုံးရုန်းကန်တိုက်ခိုက်ချိန်၌ ကျွန်ုပ်တို့လုပ်ရမည့်အရာမှာ ဘုရားသခင်ကိုဟစ်ခေါ်ရမည်ဖြစ်ပြီး၊ သူသည်ကျွန်ုပ်တို့ကို ဖြေကြားပေးမည်ဖြစ်ကြောင်း ဘုရားသခင်ကိုယ်တိုင်ပေးထားသော ကတိတော်ကိုကျွန်ုပ်တို့ရရှိထားပါသည်။ သို့သော် ဤပြောဆိုချက်ကတိတော်ကို ၎င်း၏ကျမ်းဘောင်အသွားအလာထဲ၌ သိမြင်နားလည်ထားဖို့ အရေးကြီးသည်။

ရှင်ယောဟန်က ကျွန်ုပ်တို့တောင်းသမျှကို ရရှိနိုင်ကြောင်း ပြောပြထားသော်လည်း ဤကတိတော်၌ အခြေအနေကန့်သတ်ချက်တစ်ခုပါလာသည်။ ရှင်ယောဟန်က "ငါတို့သည် ပညတ်တော်ကိုစောင့်ရှောက်၍ နှစ်သက်တော်မူသောအကျင့်တို့ကို ကျင့်သောကြောင့်" (ငယ် ၂၂) ကျွန်ုပ်တို့တောင်းသမျှကို ရရှိနိုင်ကြသည်ဟု ပြောထားကြောင်းကို သတိပြုပါ။ ဤကတိတော်သည်သခင်ခရစ်တော်၏ အပြင်ဘက်၌နေထိုင်ရှင်သန်နေကြသောသူများအတွက်မဟုတ်ပါ။ ဤကတိတော်သည် မိမိတို့၏စိတ်နှလုံးက အပြစ်တင်ခြင်းမခံရသောသူများအတွက်ဖြစ်သည်။

ကျွန်ုပ်တို့၏ စိတ်နှလုံးက ကျွန်ုပ်တို့ကို အပြစ်မတင်ရန်မှာ မည်သို့ဖြစ်နိုင်မည်နည်း။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျွန်ုပ်တို့၏အထဲ၌ စိုးစံခွင့်ပြု၍ ကျွန်ုပ်တို့၏အပြစ်ရှိသော စိတ်နှလုံးများကို အောင်နိုင်သောအချိန်၌သာ ဤအရာဖြစ်လာနိုင်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပညတ်ချက်များနှင့်အညီ ရှင်သန်နေထိုင်၍ ဘုရားသခင်ကို ကျေနပ်အားရစေသောအရာများကို လုပ်ဆောင်သောအခါ ကျွန်ုပ်တို့စိတ်နှလုံးသည် ကျွန်ုပ်တို့ကိုအပြစ်မတင်နိုင်ပါ။ ကျွန်ုပ်အပြစ်ဒုစရိုက်ကိုပြုမိချိန်၌ပင် ထိုအပြစ်ဒုစရိုက်ကို သခင်ခရစ်တော်၏ကားတိုင်ဆီသို့ ဆောင်ယူလာသောအခါ ကျွန်ုပ်၏စိတ်နှလုံးသည် ကျွန်ုပ်ကိုအပြစ်မတင်နိုင်ပါ။ ကားတိုင်တွင် ပကတိပြည့်စုံသော ခွင့်လွှတ်ခြင်းနှင့်အပြစ်ဆေးကြောသန့်စင်ပေးခြင်းရှိသည်။ ရှင်ယောဟန်က ကျွန်ုပ်တို့အား ထိုခွင့်လွှတ်ခြင်းနှင့် အပြစ်ဆေးကြောသန့်စင်ပေးခြင်းတို့၌ ကျင်လည်ကြရန်ပြောထားသည်။

ဤကျမ်းဘောင်နယ်နိမိတ်အတွင်း၌ သင်နှင့်ကျွန်ုပ်သည်နာမတော်၌ အရာခပ်သိမ်းကို တောင်းလျှောက်နိုင်ပြီး၊ ထိုအရာများကို ကျွန်ုပ်တို့အတွက်လုပ်ဆောင်ပေးမည်ဖြစ်သည်။ ကျွန်ုပ်၏စိတ်နှလုံးထက်ကြီးမြတ်တော်မူသော ဘုရားသခင်ကို ကျွန်ုပ်အသက်တာအား အကြွင်းမဲ့စိုးစံရန် ခွင့်ပြုပေးသောအချိန်၌သာ ထိုကတိတော်ကို ကျွန်ုပ်ရယူနိုင်ပါသည်။ သခင်ယေရှုက ကျွန်ုပ်၏စိတ်နှလုံးကို သိမ်းပိုက်၍ ကျွန်ုပ်စိတ်နှလုံး၏အပြစ်ရှိသော စိတ်ဆန္ဒများ၌ ကျွန်ုပ်သေဆုံးသွားချိန်၌သာ ကျွန်ုပ်သည်နာမတော်၌ အရာခပ်သိမ်းကို တောင်းဆိုနိုင်သည့် ဝမ်းမြောက်ခြင်းကို သိနိုင်ပါသည်။ သခင့်၏စိတ်ဆန္ဒများသည် ကျွန်ုပ်၏စိတ်ဆန္ဒများဖြစ်လာ၍ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်ကိုသိမ်းပိုက်သောအခါတွင် အရာခပ်သိမ်းကို ကျွန်ုပ်တောင်းလျှောက်နိုင်ပြီး၊ ထိုအရာများ ကျွန်ုပ်အတွက် ပြည့်စုံလာကြမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် စစ်မှန်သောခရစ်ယာန်တစ်ဦးအနေဖြင့် သခင်ယေရှုနှင့် မိတ်သဟာယဖွဲ့ခြင်း၌ ရှင်သန်ကျင်လည်နေကြသည်ကို မည်သို့သိနိုင်မည်နည်း။ ရှင်ယောဟန်က စိတ်နှလုံး၏ အတွင်းသဏ္ဌာန်စမ်းသပ်မှုကို ပြုလုပ်ရန် သင့်အားပြောနေပါသည်။ သင့်ရဲ့

စိတ်ဝိညာဉ်ထဲသို့ နက်နက်ရှိုင်းရှိုင်းကြည့်ရှုစစ်ဆေးသောအခါ သင့်ရဲ့စိတ်နှလုံးထက်ပို၍ တန်ခိုးကြီးသောသူကို သင်တွေ့မြင်ပါသလား။ ဝိညာဉ်ရေးရာအောင်နိုင်မှုများ ထိုနေရာ၌ ရှိပါသလား။ သင့်ရဲ့လူဟောင်း၊ လှည့်ဖြားတတ်သောစိတ်နှလုံးသည် သိမ်းပိုက်ခံရပြီးပြီလား။ သင့်ရဲ့သွေးကြောများထဲ၌ မည်သူ၏သွေးများစီးဆင်းနေပါသနည်း။ အပြစ်ရှိသောသင့် စိတ်နှလုံး၏ ယခင်အသက်တာဟောင်းလား (သို့) သင့်ရဲ့စိတ်နှလုံးကိုသိမ်းပိုက်ခဲ့သော သူ၏ အသက်တာအသစ်လား။ ကျွန်ုပ်တို့၏စိတ်ဆန္ဒများနှင့် ရည်မှန်းချက်များပြောင်းလည်းသွား ခဲ့ကြသောကြောင့် ကျွန်ုပ်တို့ခရစ်ယာန်များ ဖြစ်ကြကြောင်းကို ကျွန်ုပ်တို့သိကြပါသည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးများမှာ အမှန်တကယ်သိမ်းပိုက်ခံခဲ့ရပြီး၊ ကျွန်ုပ်တို့၌အသစ်သော နှလုံးသားများ ပေးအပ်ခြင်းကိုလည်းခံထားရပါသည်။

## စဉ်းစားသုံးသပ်ရမည့်အချက်များ

- ပြောင်းလဲသွား၍ အသစ်ပြုပြင်ထားသောစိတ်နှလုံး၏ အထောက်အထား များသင့်အသက်တာ၌ ရှိပါသလား။ ထိုအထောက်အထားမှာ အဘယ်နည်း။
- သခင်ယေရှုကို သင်သိကျွမ်းခဲ့သောအချိန်မှစ၍ သင့်စိတ်နှလုံးနှင့်အသက် တာထဲသို့ မည်သည့်ထူးခြားသိသာသည့် အပြောင်းအလဲများဝင်ရောက်လာ ပါသနည်း။
- သခင့်၏နာမတော်၌ အရာခပ်သိမ်းကိုတောင်းဆိုခြင်းနှင့် လက်ခံရရှိခြင်း အတွက်ရှိနေသော အခြေအနေကန့်သတ်ချက်များမှာ အဘယ်နည်း။
- ဘုရားသခင်သည် သင့်ရဲ့စိတ်နှလုံးထက်ပို၍ ကြီးသည်ဟူသောအချက်၌ မည်သည့်နှစ်သိမ့်မှုမျိုးကို သင်ရရှိပါသနည်း။

## ဆုတောင်းရန်အချက်များ

- သင့်ရဲ့အပြစ်လွှတ်ခြင်းအတွက် ဘုရားသခင်ပေးကမ်းခဲ့သော အံ့ဖွယ်နည်း

လမ်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။

- သင့်အားပေးထားသော သန့်ရှင်းစင်ကြယ်သည့် စိတ်နှလုံး၏အထောက်အထားများအတွက် ဘုရားသခင်ကို ကျေးဇူးတင်ချီးမွမ်းပါ။
- ဘုရားသခင်က သင့်အားအောင်နိုင်ခြင်းအခွင့်ကို မပေးမည့်အပြစ်ဒုစရိုက်မရှိခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- ဤပြောင်းလဲခြင်းသွားသော စိတ်နှလုံး(သို့) အသစ်ပြုပြင်ထားသော စိတ်နှလုံးကို ဘယ်သောအခါကမျှ မခံစားခဲ့ရသည့် မိတ်ဆွေ(သို့) ချစ်ရသောသူတစ်ယောက်ယောက်အတွက် ဆုတောင်းပေးဖို့အချိန်ယူပါ။
- သင့်အသက်တာ၌ သင့်အောင်နိုင်ဖို့လိုအပ်နေသည့် အပြစ်ဒုစရိုက်တစ်ခုခုရှိနေပါသေးသလား။ ပကတိပြည့်စုံသော အောင်နိုင်ခြင်းကို သင့်အားပေးသနားဖို့ သခင်ယေရှုထံ၌ တောင်းလျှောက်ပါ။

# ၉
# စစ်မှန်သောယုံကြည်ခြင်းအတွက် စတုတ္ထစမ်းသပ်ချက် - စိတ်ဝိညာဉ်

၁ ယော ၄း၁-၆ ကိုဖတ်ရှုပါ။

ဘုရားသခင်၏စစ်မှန်သောသားသမီးတစ်ဦးအနေဖြင့် ကျွန်ုပ်တို့သည် အလင်းနှင့် မိတ်သဟာယဖွဲ့ခြင်း၌ ကျင်လည်လျှောက်လှမ်းနေကြောင်းကို မည်သို့သိရှိနိုင်မည်နည်း။ ရှင်ယောဟန်က ဖြောင့်မတ်ခြင်းစမ်းသပ်မှု၊ ချစ်ခြင်းမေတ္တာစမ်းသပ်မှု၊ စိတ်နှလုံးစမ်းသပ်မှု စသည့် စမ်းသပ်မှုများကို ကျွန်ုပ်တို့အားပေးခဲ့ပါသည်။ စတုတ္ထစမ်းသပ်ချက်မှာ စိတ်ဝိညာဉ်စမ်းသပ်မှုပင် ဖြစ်သည်။

အခန်းကြီးစတင်သည်နှင့် ရှင်ယောဟန်က ခပ်သိမ်းသောစိတ်ဝိညာဉ်တို့ကို ဘုရားသခင်နှင့်စပ်ဆိုင်သော စိတ်ဝိညာဉ်ဟုတ်မဟုတ် စစ်ဆေးကြဖို့ ကျွန်ုပ်တို့ကိုဆင့်ခေါ်ထားသည် (ငယ် ၁)။ သမ္မာကျမ်းစာမှ "စိတ်ဝိညာဉ်" *(Spirit)* ဟူသောစကားလုံးသည် အဓိပ္ပါယ်အမျိုးမျိုးနှင့်ရှိနေသည်။ ဝိညာဉ်ရေးရာ ရှုထောင့်မှကြည့်လျှင် ထိုစကားလုံးသည် သန့်ရှင်းသောဝိညာဉ်တော် (သို့) ဝိညာဉ်ဆိုးများကို ရည်ညွှန်းသည်။ ဤထက်ပို၍ကြည့်လျှင် စိတ်ဝိညာဉ်ဟူသော စကားလုံးသည် လူတစ်ဦးအား စဉ်းစားတွေးခေါ်နိုင်သော အစွမ်းအစကို ပေးသည့် အပိုင်းကိုရည်ညွှန်းသည်။ ထိုထက်လွန်၍ကြည့်လျှင် စိတ်ဝိညာဉ်ဟူသေအရာ

သည် သဘာဝထက်လွန်ကဲသောအရာများနှင့် ဆက်သွယ်ရန်စွမ်းဆောင်နိုင်သော လူတစ်ယောက်၏အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။

ကျွန်ုပ်တို့လေ့လာနေသော ကျမ်းပိုဒ်တွင်ရှင်ယောဟန်က ဝိညာဉ်ခြောက်မျိုးကို ရည်ညွှန်းထားသည်။

၁။ ဘုရားသခင်၏ ဝိညာဉ်တော် (ငယ် ၁)

၂။ သခင်ခရစ်တော်ကို ဝန်ခံသောစိတ်ဝိညာဉ် (ငယ် ၂)

၃။ သခင်ခရစ်တော်ကို ဝန်မခံသောဝိညာဉ် (ငယ် ၃)

၄။ ခန္တိခရစ်၏ဝိညာဉ် (ငယ် ၃)

၅။ သမ္မာဝိညာဉ် (ငယ် ၆)

၆။ မိစ္ဆာဝိညာဉ် (ငယ် ၆)

ရှင်ယောဟန်ပြောပြနေသည့်အရာကို ကျွန်ုပ်တို့နားလည်သဘောပေါက်ဖို့ ဤဝိညာဉ်တစ်မျိုးစီကို စမ်းစစ်သွားဖို့လိုအပ်သည်။ ဘုရားသခင်၏ ဝိညာဉ်တော် (ငယ် ၂) သည် သန့်ရှင်းသောဝိညာဉ်တော်ကို ရည်ညွှန်းဟန်ရှိသည်။ “ခရစ်တော်ကို ဝန်ခံသောဝိညာဉ်” (ငယ် ၂) သည် သခင်ယေရှုနှင့်သခင်ယေရှု၏ ထွက်ဆိုထားချက်များကို နှစ်သက်သဘောကျစွာ တုန့်ပြန်သောသူ၏စိတ်နှလုံးဖြစ်သည်။ “ခရစ်တော်ကို ဝန်မခံသောဝိညာဉ်”(ငယ် ၂) သည် သခင်ယေရှုကို ငြင်းပယ်သောသူ၏ စိတ်နှလုံးဖြစ်သည်။ “အန္တိခရစ်၏ဝိညာဉ်” (ငယ် ၃) သည် သခင်ခရစ်တော်နှင့် ထိုသခင်၏ထွက်ဆိုထားချက်များကို ငြင်းပယ်သော ကျွန်ုပ်တို့၏ခေတ်ကာလရှိ စာတန်လှုံ့ဆော်မှုတ်သွင်းခြင်းခံရသော ကြောင်းကျိုးဆက်စပ်တွေးခေါ်မှုဖြစ်သည်။ “သမ္မာဝိညာဉ်” (ငယ် ၆) ဆိုသည်မှာ ဘုရားသခင်၏ဝိညာဉ်တော်ကသွန်သင်ပေးထားသည့်အတိုင်း သမ္မာကျမ်းစာ၌ ထုတ်ဖော်ပြထားသည့် သမ္မာတရားသွန်သင်ချက်များကိုရည်ညွှန်းသည်။ အခန်းငယ် ၆ ရှိ “မိစ္ဆာဝိညာဉ်” ဆိုသည်မှာ အန္တိခရစ်၏ဝိညာဉ် (သို့) စာတန်က သွန်သင်ပေးထားသော သွန်သင်ချက်များ (သို့) မှားယွင်းသည့်အရာများကို ရည်ညွှန်းသည်။

ဤအကြောင်းအရာများကို ပြောဆိုပြီးနောက်တွင် ရှင်ယောဟန်က ဤဝိညာဉ်များနှင့် ပတ်သက်၍ ကျွန်ုပ်တို့ကိုပြောပြနေသည့်အရာကို လေ့လာစမ်းကြည့်ကြပါစို့။ ရှင်ယောဟန်က စိတ်ဝိညာဉ်တိုင်းသည် ကောင်းသောစိတ်ဝိညာဉ်မဟုတ်ကြပါဟု ကျွန်ုပ်တို့ကိုအသိပေးရင်းအစပြုထားသည်။ သိသာထင်ရှားသော စိတ်ဝိညာဉ်များမှာ "အန္တိခရစ်၏ ဝိညာဉ်" နှင့် "မိစ္ဆာဝိညာဉ်" တို့ဖြစ်ကြသည်။ ရှင်ယောဟန်တို့၏ ခေတ်ကာလ၌ပင် "မိစ္ဆာပရောဖက်များတို့သည် ဤလောကသို့သွားကြပြီ" ဖြစ်သည် (၄ယ ၁)။ ဤမိစ္ဆာပရောဖက်များသည် ဘုရားသခင့်နှုတ်ကပတ်တော်၏ သမ္မာတရားမှလူတို့ကို လမ်းလွှဲစေကြရန် အသုံးပြုသည့် စာတန်၏လက်ထဲမှ တန်ဆာပလာများဖြစ်ခဲ့ကြသည်။

သင်သည် ဥယျာဉ်တစ်ခုကို ပြုစုပျိုးထောင်ခဲ့ဖူးလျှင် မြက်ပင်၊ ပေါင်းပင်များကို ကိုင်တွယ်ဖယ်ရှားရမည့် ပြဿနာကို ဂရုတစိုက်ရှိနေခဲ့ပါမည်။ သင့်ရဲ့ဥယျာဉ်အတွင်းမှာ ပေါင်းမြက်များသည် သီးနှံပင်များနှင့် ပန်းပင်များကို ပိတ်ဆို့ချုပ်နှောင်လေ့ရှိသည်။ ဤပေါင်းမြက်များသည် ယေဘူယျအားဖြင့် ကြီးထွားလွယ်ကြ၍၊ မြေကြီးမှမြေသြဇာအဆီအနှစ်များကို စုပ်ယူတတ်ကြသည်။ ရာသီကုန်ချိန်၌ အသီးအနှံထွက်ကောင်းခြင်းကို ရရှိလိုလျှင် ပေါင်းမြက်ပင်များကို ကိုင်တွယ်ဖယ်ရှားကြရမည်ဖြစ်ကြောင်း ဥယျာဉ်မှူးများကသိထားကြသည်။ ဥယျာဉ်မှူးတစ်ယောက်အတွက် သိထားဖို့လိုအပ်သည့် အရေးအကြီးဆုံးအချက်များထဲမှတစ်ခုမှာ သီးနှံပင်နှင့် ပေါင်းမြက်ပင်တို့၏ ကွဲပြားခြားနားချက်ကို မည်သို့ခွဲခြားရမည်ဟူသော အချက်ပင်ဖြစ်သည်။ ဤနေရာ၌ ရှင်ယောဟန်က ကျွန်ုပ်တို့အား ဤကမ္ဘာမြေကြီးသည် ဥယျာဉ်ခြံတစ်ခုနှင့် အလားတူကြောင်းပြောပြနေပါသည်။ သမ္မာတရားသီးနှံပင်များနှင့် မှားယွင်းသော မိစ္ဆာပေါင်းမြက်ပင်များသည် တူညီသောမြေပေါ်၌ ပေါက်ရောက်နေကြပါသည်။ ဘုရားသခင်နှင့်စပ်ဆိုင်သောအရာနှင့် အန္တိခရစ်နှင့်စပ်ဆိုင်သောအရာတို့ကို ကျွန်ုပ်တို့မည်သို့ သိနိုင်မည်နည်း။ ဤကျမ်းပိုဒ်တွင် ရှင်ယောဟန်က ကျွန်ုပ်တို့အား သွန်သင်လမ်းညွှန်ချက်အချို့ကို ပေးထားပါသည်။

ပထမအနေဖြင့် "လူဇာတိအားဖြင့် ကြွလာတော်မူသော ယေရှုခရစ်ကို ဝန်ခံသော

ဝိညာဉ်မည်သည်ကား ဘုရားသခင်နှင့်စပ်ဆိုင်၏” (၄ယ် ၂)။ သခင်ယေရှု “လူဇာတိအားဖြင့် ကြွလာတော်မူသည်” ဟူသောအချက်ကို ဝန်ခံခြင်းဆိုသည်မှာ မည်သည့်အရာကိုဆိုလို ပါသနည်း။ အခြေခံအကျဆုံးအဆင့်အားဖြင့်ဆိုလျှင် သခင်ယေရှုသည် ကျွန်ုပ်တို့နှင့်အတူ ရှင်သန်နေထိုင်ရန်ကြွလာတော်မူသော ဘုရားသခင်၏သားဖြစ်သည်ဟုဆိုလိုသည်။ သူသည် (ဘုရားသခင်ဖြစ်သော်လည်း) လူသားတစ်ယောက်၏သဏ္ဌာန်ကို ယူတင် ဝတ်ဆောင်၍ ကျွန်ုပ်တို့နှင့်အတူရှင်သန်နေထိုင်ခဲ့သည်။ သူသည်ကျွန်ုပ်တို့၏ အပြစ်ဒုစရိုက်အတွက် အသေခံခဲ့ပြီး၊ သေခြင်းမှပြန်လည်ထမြောက်ကာ ယခုတွင်ခမည်းတော်နှင့် အတူကောင်းကင် ဘုံ၌စိုးစံလျှက်ရှိသည်။

သို့သော် သခင်ယေရှုဤလောက၌ ရှင်သန်နေထိုင်လျှောက်လှမ်းခဲ့ပါသည်ဟု ယုံကြည်ခြင်းထက် သခင်ယေရှုက “လူဇာတိအားဖြင့် ဆင်းကြွလာတော်မူသည်” ဟု ဝန်ခံခြင်း တွင်အဓိပ္ပါယ်များစွာရှိနေပါသည်။ ကျွန်ုပ်တို့၏အသက်တာအတွက်လည်း လက်တွေ့ ကျသော သွယ်ဝိုက်သက်ရောက်မှုများ ရှိနေပါသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ကိုစာတန် ထံမှလည်းကောင်း၊ အပြစ်ဒုစရိုက်မှလည်းကောင်း ကယ်တင်ပေးဖို့ ကြွဆင်းလာခဲ့ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ကင်းကွာလျှက် ထာဝရကာလတစ်ခုအတွက် ပြစ်ဒဏ် စီရင်ခြင်းခံကြရသည့် အပြစ်သားများဖြစ်ကြသောကြောင့် သခင်ယေရှုကြွဆင်းလာခဲ့ခြင်းဖြစ် သည်။ သူသည်စာတန်၏ဦးခေါင်းကို ကြိတ်ချေရန်ကြွလာခဲ့သည်။ သခင်ယေရှုသည် လူ့ဇာတိကိုခံယူ၍ ကြွလာတော်မူကြောင်းကို ဝန်ခံခြင်းသည်ကျွန်ုပ်တို့ဘက်မှ တုန့်ပြန်မှု တစ်ခုကို တောင်းဆိုပြဌာန်းထားသည်။ သခင်ဘုရားကိုဝန်ခံခြင်းသည် သခင်သာကျွန်ုပ် အတွက်အသေခံခဲ့လျှင် ထိုသခင်အတွက် ကျွန်ုပ်စွန့်လွှတ်အနစ်နာမခံနိုင်လောက်အောင် ကြီးမားသည့်အရာ ကျွန်ုပ်၌မရှိပါဟူသော အချက်ကိုဝန်ခံခြင်းပင်ဖြစ်သည်။ သခင်ယေရှုကို ဝန်ခံခြင်းသည် ကျွန်ုပ်အတွက်သူပြုလုပ်သွားခဲ့သော အံ့ဖွယ်ပေးဆပ်အနစ်နာခံခြင်း ပြန်လည်တုန့်ပြန်သည့်အနေဖြင့် ကျွန်ုပ်၏အသက်တာကို ဆက်ကပ်အပ်နှံ၍ ပေးလှူခြင်းပင် ဖြစ်သည်။ သခင်ယေရှုက သင့်ကိုယ်စားလုပ်ဆောင်သွားခဲ့သည့် အမှုတော်ကို နက်နက်

နဲ့နဲ့ ကျေးဇူးတင်တတ်ခြင်းထဲသို့ ဝိညာဉ်တော်က သင့်ကိုဆောင်ယူသွားပါသလား။ သခင်ယေရှု၏အံ့ဖွယ်ပေးဆပ်အနစ်နာခံခြင်းကြောင့် သင့်ရဲ့ဖြစ်တည်မှုအားလုံးကို သူ့ထံ၌ဝန်ခံအပ်နှံဖို့ ဤအချင်းအရာက သင့်ကိုခွန်အားဖြစ်စေပါသလား။ ဤအချင်းအရာက သင့်ကိုခွန်အားဖြစ်စေလျှင် သင့်အထဲ၌ရှိနေသော ဝိညာဉ်သည်ဘုရားသခင်၏ ဝိညာဉ်တော်ဖြစ်၍၊ သင့်ကိုခွန်အားမဖြစ်စေလျှင် သင့်အထဲ၌ရှိနေသောဝိညာဉ်သည် အန္တိခရစ်၏ဝိညာဉ်ဖြစ်သည် (၄ယ် ၃)။

စိတ်ဝိညာဉ်များကို စမ်းသပ်စစ်ဆေးရန် ဒုတိယနည်းလမ်းတစ်ခုကို အခန်း၄ယ် ၄တွင်တွေ့ရသည်။ ဤလောက၏စိတ်ဝိညာဉ်ကို ကျွန်ုပ်တို့အောင်နိုင်လျှင် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်သည် ဘုရားသခင့်ထံမှဖြစ်ကြောင်း ကျွန်ုပ်တို့သိနိုင်သည်ဟု ရှင်ယောဟန်က ပြောပြထားသည်။ ကျွန်ုပ်တို့တွေ့မြင်ခဲ့ပြီးကြသည့်အတိုင်း ဤလောကကြီးသည် မမှန်မကန်ထွက်ဆိုချက်များ၊ မှားယွင်းမှုများနှင့်ပြည့်နေပါသည်။ အန္တိခရစ်၏ဝိညာဉ်သည် ဘဝ၏ကဏ္ဍအသီးသီး၌ ထိုးဖောက်စိမ့်ဝင်နေပါသည်။ ကြော်ငြာများနှင့် ရုပ်သံအစီအစဉ်များမှ စ၍ပညာရေးနှင့် ဖျော်ဖြေတင်ဆက်မှုများအထိတွင် အန္တိခရစ်၏ဝိညာဉ်မှာ သိသာထင်ရှားနေပါသည်။ ၎င်းသည် ဘုရားမပါရှိသော ဘဝအသက်တာကို အားပေးမြှင့်တင်နေပါသည်။ ၎င်းသည် လူသားအားစကြဝဠာကြီး၏ ပလ္လင်ထက်၌ချီးမြှောက်၍ သူ့ကိုဘုရားဖြစ်သည်ဟု ကြွေးကြော်နေပါသည်။ အန္တိခရစ်၏ဝိညာဉ်သည်ကျွန်ုပ်တို့အား ဤလောက၏သာယာမှုများနှင့် စည်းစိမ်ဥစ္စာများကို ရနိုင်သမျှရယူဖမ်းဆုပ်ကြရန် ဆင့်ခေါ်နေပါသည်။ ၎င်းသည် ကျွန်ုပ်တို့အား ချုပ်ချယ်ကန့်သတ်ထားသည့်အရာများကို လွှင့်ပစ်၍မိမိတို့အလိုရှိသည့်အတိုင်းပြုမူကြရန် ဖိတ်ခေါ်နေပါသည်။ ၎င်းကကျွန်ုပ်တို့အားဘုရားသခင်၏ ပညတ်ချက်များသည် ကျွန်ုပ်တို့၏ဘဝအသက်တာကို ပြည့်ပြည့်ဝဝရှင်သန်ခံစားဖို့ မလိုလားအပ်သောအနှောက်အယှက်အဟန့်အတားများဖြစ်သည်ဟုပြောနေပါသည်။ ဤထောင်ချောက်၌ မြောက်မြားစွာသော လူတို့မှာကြော့မိလျှက်ရှိကြသည်။

ကျွန်ုပ်တို့၏ သဘာဝတိမ်းညွတ်မှုမှာ ရန်သူ၏စုံစမ်းနှောက်ယှက်ခြင်းထဲ၌ သား

ကောင်အဖြစ်ကျရောက်သွားဖို့သာဖြစ်ပေလိမ့်မည်။ သို့သော် အန္တိခရစ်၏ဝိညာဉ်ထက်သာ၍ ကြီးမြတ်တော်မူသော တန်ခိုးတော်တစ်ခု ယုံကြည်သူ၏စိတ်နှလုံး၌ရှင်သန်ကိန်းဝပ်နေပါသည်။ ယုံကြည်သူ၏အထဲ၌ရှိနေသော ထိုဝိညာဉ်သည် ဤလောက၌ရှိနေသော ဝိညာဉ်ကိုအောင်နိုင်ထားပါသည်။ သင်သည် ဤလောကရှိ ဝိညာဉ်အပေါ်၌လည်းကောင်း၊ ၎င်း၏ တပ်မက်ခြင်းများအပေါ်၌လည်းကောင်း၊ စုံစမ်းနှောက်ယှက်ခြင်းများအပေါ်လည်းကောင်း အောင်နိုင်ခြင်းကို ကြုံတွေ့ခံစားနေလျှင် သင့်အထဲ၌ရှိနေသာ ဝိညာဉ်သည် ဘုရားသခင်၏ ဝိညာဉ်ဖြစ်ကြောင်း စိတ်ချနေနိုင်ပါသည်။ ရှင်မဿဲခရစ်ဝင်ကျမ်းတွင် သခင်ယေရှုက ဖာရိရှဲများအား နှစ်ခြမ်းကွဲနေသော တိုင်းနိုင်ငံသည် မရပ်တည်နိုင်ကြောင်းကို အသိပေးထားသည်။

"တိုင်းနိုင်ငံမည်သည်ကား၊ မိမိနှင့်မသင့်မတင့်ကွဲပြားလျှင် ပျက်စီးခြင်းသို့ရောက်လိမ့်မည်။ မြို့ရွာဖြစ်စေ၊ အိမ်ဖြစ်စေ၊ မိမိနှင့်မသင့်မတင့်ကွဲပြားလျှင် မတည်နိုင်ရာ။ စာတန်သည်လည်း စာတန်ကိုနှင်ထုတ်သည်မှန်လျှင် သူသည်မိမိနှင့်ကွဲပြား၏။ သူ၏နိုင်ငံသည် အဘယ်သို့တည်နိုင်မည်နည်း" (မဿဲ ၁၂း၂၅-၂၆)။

ဤလောက၏ဝိညာဉ်သည် ဘုရားသခင်၏ ဝိညာဉ်နှင့်စစ်ဖြစ်နေသည်။ ကျွန်ုပ်တို့၏အထဲ၌ရှိသော ဝိညာဉ်သည် ဤလောက၏စိုးမိုးခြယ်လှယ်မှုများကို ကျွန်ုပ်တို့၏အသက်တာမှ မောင်းထုတ်ဖယ်ရှားနေလျှင် ကျွန်ုပ်တို့အထဲ၌ အလုပ်လုပ်နေသော ဝိညာဉ်သည် ဘုရားသခင်၏ဝိညာဉ်ဖြစ်ကြောင်း စိတ်ချလက်ချမှတ်ယူနိုင်ပါသည်။ ဤသည်မှာ ဘုရားသခင့်ဝိညာဉ်တော်၏ စရိုက်လက္ခဏာများအနက်မှ တစ်ခုဖြစ်သည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့သခင်ခရစ်တော်နှင့်တူလာရန် ပုံသွင်းဖော်ဆောင်ပေးပါသည်။ ကျွန်ုပ်တို့၏ စိတ်နှလုံး၌ သန့်ရှင်းသောဝိညာဉ်တော် ကိန်းဝပ်သောအခါ ကျွန်ုပ်တို့ထဲ၌ စိုးစံချုပ်ကိုင်နေသော စိတ်ဆန္ဒသစ်တစ်ခုကို ကျွန်ုပ်တို့တွေ့ရှိပါလိမ့်မည်။ လောကကြီးသည် ၎င်း၏ ဆွဲဆောင်မှုများကို ဆုံးရှုံးရပါလိမ့်မည်။ ဘုရားသခင်နှင့် စပ်ဆိုင်သောအရာများသည် ကျွန်ုပ်တို့၏အသက်တာ၌ အဓိပ္ပါယ်သစ်များနှင့်ထူးခြားမှုအသစ်များကို ဖော်ဆောင်ပါလိမ့်မည်။ ကျွန်ုပ်တို့အထဲရှိဝိညာဉ်သည် ဘုရားသခင်၏ဝိညာဉ်တော်ဖြစ်လျှင် ကျွန်ုပ်တို့သည်

ဤလောကနှင့် စပ်ဆိုင်သောအရာများအပေါ်၌ အောင်နိုင်နေကြသည်ကို မြင်တွေ့ကြရပါလိမ့်မည်။

အခန်းငယ် ၆ တွင် ရှင်ယောဟန်က ဝိညာဉ်များအား စမ်းသပ်စစ်ဆေးမည့် တတိယနည်းလမ်းကို ကျွန်ုပ်တို့အားပေးထားသည်။ ဘုရားသခင်၏ သားသမီးများသည် သမ္မာတရားကို နားလည်သဘောပေါက်၍ လက်ခံယုံကြည်ကြပါလိမ့်မည်။ ရှင်ယောဟန်က "ဘုရားသခင်ကို သိသောသူသည် ငါတို့စကားကို နားထောင်တတ်၏" ဟု ကျွန်ုပ်တို့ကို ပြောပြသည် - ဘုရားသခင်၏ ဝိညာဉ်တော်သည် ယုံကြည်သူတို့အား သမ္မာတရားကို ခွဲခြားမှတ်မိနိုင်သော အစွမ်းကိုပေးပါသည်။ ဘုရားသခင်ကို မသိသောသူများသည် သမ္မာတရားကို လက်မခံပါ။ သူတို့၏နားများသည် ပိတ်နေ၍ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သူတို့အတွက် အဓိပ္ပါယ်မရှိပါ။ သူတို့သည် သမ္မာကျမ်းစာကို ဖတ်ကောင်းဖတ်ကြပေမည်။ သို့သော် သမ္မာကျမ်းစာသည် သူတို့အတွက် အဓိပ္ပါယ်မရှိပါ။ သမ္မာတရားကို သူတို့အား ရှင်းပြသော အချိန်၌ပင် သူတို့သည် သမ္မာကျမ်းစာကို အသက်တာပြောင်းလည်းစေသည့် အဓိပ္ပါယ်မျိုးဖြင့် နားလည်ရန် မတတ်စွမ်းနိုင်ကြပါ။ လောကနှင့်သက်ဆိုင်သောသူများသည် ဤလောကနှင့် စပ်ဆိုင်သောအရာများကိုသာ နားလည်သဘောပေါက်ကြသည်။

သို့သော် ဘုရားသခင်နှင့် စပ်ဆိုင်သောသူများသည် သမ္မာတရားကို ကြားနာရသောအခါ လက်ခံနိုင်သောအစွမ်းရှိကြသည်။ ဘုရားသခင်၏ ဝိညာဉ်တော် ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ မကိန်းဝပ်မီတွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ သမ္မာတရားကို ခွဲခြား၍မမှတ်မိနိုင်၊ မကြားနိုင်၊ နားမလည်နိုင်ဖြစ်ခဲ့ကြသည်။ သို့သော် ယခုတွင်မူ ဘုရားသခင်သည် စစ်မှန်ကြောင်းကို ကျွန်ုပ်တို့သိကြပါသည်။ သူသည် ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်၌ ကျွန်ုပ်တို့နှင့်အတူ စကားပြောတော်မူသည်။ ယခင် ကျွန်ုပ်တို့နားမလည်ခဲ့ဖူးသော ဝိညာဉ်သဘောဆောင်သည့် အရာများကို ယခု ကျွန်ုပ်တို့နားလည်နိုင်ကြပါသည်။ ဘုရားသခင်က နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့အား စကားပြောနေသည်ကို ကြားရခြင်း၌ နှစ်ထောင်းအားရဖြစ်ကြပါသည်။ မည်သည့်ဘက်သို့ချိုးကွေ့ရမည်ကို ကျွန်ုပ်တို့သိလိုသောအချိန်၌ သူသည် ကျွန်ုပ်တို့ကို

လမ်းပြပေးသည်။ ကျွန်ုပ်တို့စိတ်ဓါတ်ကျချိန်၌ သူသည် ကျွန်ုပ်တို့ကို နှစ်သိမ့်ခြင်းစကားပြော၍ ခွန်အားပေးပါသည်။ လမ်းမှားကို ကျွန်ုပ်တို့ လိုက်လျှောက်မိသောအချိန်၌ သူသည် ကျွန်ုပ်တို့ကို အပြစ်ရှိကြောင်းဖော်ပြပေးပါသည်။ သူသည် မိတ်ဆွေများအားလုံးထက် ပို၍နီးစပ်သောမိတ်ဆွေဖြစ်သည်။ သူ့အား ကြားနာရသည်ကို ကျွန်ုပ်တို့ နှစ်ထောင်းအားရဖြစ်ကြသည်။ ယနေ့တွင် သူသည် ကျွန်ုပ်တို့၏ မိတ်ဆွေလည်းဖြစ်သကဲ့သို့ ကျွန်ုပ်တို့၏ဘုရားသခင်လည်းဖြစ်သည်ကိုကျွန်ုပ်တို့ပြောနိုင်ပါသည်။ မောရှေကဲ့သို့ ကျွန်ုပ်တို့သည် သူနှင့်မိတ်ဆွေချင်းသဖွယ်မိတ်ဖွဲ့ဆက်ဆံနိုင်ပါသည်။ သင့်အထဲ၌ရှိနေသော ဝိညာဉ်သည် သင့်အား ထာဝရအရှင်ဘုရားသခင်နှင့် ပို၍နီးကပ်ပြီး ပို၍ရင်းနှီးသော လျှောက်လှမ်းခြင်းဆီသို့ ဆောင်ယူသွားပါသလား။ သင့်အထဲ၌ရှိသော ဝိညာဉ်သည် ပို၍နက်နဲပြီး၊ ပို၍ပုဂ္ဂိုလ်ရေးဆန်သောနည်းလမ်းဖြင့် ဘုရားသခင်ကို ကြားနာနိုင်အောင် သင့်ကို ထောက်ကူပေးပါသလား။ ထိုသို့ပြုလုပ်ပေးလျှင် သင့်အထဲ၌ရှိသော ထိုဝိညာဉ်သည် သင့်အထဲ၌ကိန်းဝပ်တော်မူသော ဘုရားသခင်၏ ဝိညာဉ်တော်ဖြစ်ကြောင်း သင်စိတ်ချသေချာနိုင်ပါသည်။ အန္တိခရစ်၏ဝိညာဉ်သည် သင့်အားသခင်ခရစ်တော်ကို နက်နက်နဲနဲသိသောဉာဏ်ပညာဆီသို့ ဆောင်ယူသွားမည်မဟုတ်ပါ။

ကျွန်ုပ်တို့သည် သမ္မာဝိညာဉ်နှင့် မိစ္ဆာဝိညာဉ်တို့၏ ကွဲပြားခြားနားချက်ကို မည်သို့ခွဲခြားသိနိုင်မည်နည်း။ ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌လည်းကောင်း၊ ကျွန်ုပ်တို့၏ အသင်းတော်၌လည်းကောင်း၊ ကျွန်ုပ်တို့၏ အသိုင်းအဝိုင်း၌လည်းကောင်း မည်သည့်ဝိညာဉ်ကိန်းဝပ်နေသည်ကို ကျွန်ုပ်တို့ မည်သို့သိနိုင်မည်နည်း။ အောပ်ပါမေးခွန်းသုံးခု၏ အလင်းအောက်၌ ထိုဝိညာဉ် ကို စမ်းစစ်လေ့လာခြင်းဖြင့် ကျွန်ုပ်တို့သိနိုင်ပါသည်။ ပထမမေးခွန်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်က သခင်ယေရှုသည် လူ့ဇာတိအားဖြင့် ကြွလာတော်မူသည်ကို ဝန်ခံသောကြောင့်သခင့်ထံ၌ နှိမ့်ချစွာဖြင့် အရာအားလုံးကို ဝန်ခံအပ်နှံပါသလား။ ဒုတိယမေးခွန်းမှာ ကျွန်ုပ်တို့၏အထဲ၌ရှိနေသော ဝိညာဉ်သည် အန္တိခရစ်၏ဝိညာဉ်ကို ဤလောက၌အောင်နိုင်နေပါသလား။ တတိယမေးခွန်းမှာ ကျွန်ုပ်တို့အထဲ၌ ရှိနေသော ဝိညာဉ်သည် သမ္မာတရား၌

ကျွန်ုပ်တို့၏ စိတ်များကို ဖွင့်ဟပေး၍ သခင်ယေရှုနှင့် ပို၍နီးစပ်လာအောင် ဆွဲဆောင်ပေးပါသလား။ ဤမေးခွန်းများကို ဖြေဆိုခြင်းဖြင့်သာ ကျွန်ုပ်တို့၏ အထဲ၌ရှိနေသော ဝိညာဉ်သည် ဘုရားသခင်၏ ဝိညာဉ်တော်အမှန်ဧကန်ဖြစ်ကြောင်းကို အာမခံနိုင်မည်ဖြစ်သည်။

ဘုရားသခင်၏ သားသမီးတစ်ယောက်အနေဖြင့် သင်သည် အလင်းနှင့် မိတ်သဟာယဖွဲ့ခြင်း၌ ကျင်လည်လျှောက်လှမ်းနေကြောင်းကို သင့်အထဲ၌ ကိန်းဝပ်နေသော ဝိညာဉ်အား စမ်းစစ်လေ့လာခြင်းဖြင့် သိနိုင်ပါသည်။ သင့်အထဲ၌ရှိသော ဝိညာဉ်သည် ဘုရားသခင်၏ ဝိညာဉ်တော်နှင့်တူညီမှုရှိလျှင် သင်သည် အလင်းနှင့် မိတ်သဟာယဖွဲ့ခြင်း၌ ကျင်လည်လျှောက်လှမ်းနေသည်ကိုလည်းကောင်း၊ သမ္မာတရား၌ လျှောက်လှမ်းနေသည်ကိုလည်းကောင်း သင်သိပါသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- ကျွန်ုပ်တို့၏ အထဲ၌ရှိနေသော ဝိညာဉ်သည် ဘုရားသခင်၏ ဝိညာဉ်တော်အမှန်ဟုတ်မဟုတ်ကို အတည်ပြုရန် ရှင်ယောဟန်က ဤနေရာ၌ ကျွန်ုပ်တို့ကို ပေးထားသည့်စမ်းသပ်ချက်များမှာ အဘယ်နည်း။
- သင့်ရဲ့ စိတ်နှလုံးကို စမ်းစစ်လေ့လာဖို့ အချိန်ယူပါ။ သင့်အထဲ၌ ကိန်းဝပ်နေသော ဝိညာဉ်နှင့်ပတ်သက်၍ ဤစမ်းသပ်ချက်များက သင့်အား မည်သည့်အရာကို ထုတ်ဖော်ပြသထားကြသနည်း။
- အလားတူ စမ်းသပ်ချက်ကို သင့်ရဲ့အသင်းတော်တွင်လည်း လက်တွေ့ကျင့်သုံးပါ။ ဤစမ်းသပ်ချက်သည် သင့်အသင်းတော်၏ အကြောင်းတစ်စုံတစ်ခုကို သင့်ထံ၌ထုတ်ဖော်ပြသပေးပါသလား။

## ဆုတောင်းရန်အချက်များ

- သခင်ဘုရားသည် မိမိ၏ဝိညာဉ်တော်ကို သင့်အထဲ၌ သွတ်သွင်းပေးထား

ခြင်းတွက် ကျေးဇူးတင်ချီးမွမ်းပါ။

- ဘုရားသခင်သည် မိမိ၏ ဝိညာဉ်တော်ဖြင့် သင့်အားပို၍ပို၍ ဖြည့်တင်းပေးဖို့ တောင်းလျှောက်ပါ။
- ဤလောက၏ ဘုရားကိုမကြောက်သော စိုးမိုးထိန်းချုပ်မှုများကို သင့်အသက်တာမှ မောင်းထုတ်ဖယ်ရှားပေးဖို့ ဘုရားသခင်ကို တောင်းလျှောက်ပါ။
- သင့်အသင်းတော်အတွက် ဆုတောင်းပေးဖို့အချိန်ယူပါ။ အန္တိခရစ်တော်၏ မည်သည့်ဝိညာဉ်ကိုမဆို မောင်းထုတ်ဖယ်ရှားပေးဖို့ ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။ သင့်ရဲ့အသိုင်းအဝိုင်းအတွက် အလားတူ ဆုကိုတောင်းပေးပါ။

# ၁၀
# ကျွန်ုပ်၌တည်သောဘုရားသခင်၏ချစ်ခြင်း

၁ ယော ၄း၇-၂၁ ကိုဖတ်ရှုပါ။

စစ်မှန်သောယုံကြည်ခြင်းအတွက် ထင်ရှားမြင်သာမှုအရှိဆုံး လက္ခဏာမှာ ချစ်ခြင်းမေတ္တာဖြစ်သည်။ ရှင်ယောဟန်သည် ချစ်ခြင်းမေတ္တာအကြောင်းကိုလည်းကောင်း၊ ယုံကြည်သူများ၏အသက်တာ၌ ထိုချစ်ခြင်းမေတ္တာအရေးပါကြောင်းကိုလည်းကောင်း မကြာခဏပြောပြပါသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် ကျွန်ုပ်တို့အချင်းချင်း တစ်ဦးကိုတစ်ဦးချစ်ခြင်းအားဖြင့် လောကီသားများက ကျွန်ုပ်တို့ကိုယုံကြည်သူများအဖြစ် သိခဲ့ကြမည့်အကြောင်း ရှင်ယောဟန်ကကျွန်ုပ်တို့ကို အသိပေးထားသည်။ (ယောဟန် ၁၃း၃၅ ကိုကြည့် ပါ)။ ဤနောက်တစ်ခန်းတွင် တမန်တော်ကြီးက ချစ်ခြင်းမေတ္တာအရေးကြီးပုံကို အသေးစိတ် စမ်းစစ်လေ့လာထားပါသည်။

ဤအခန်းငယ်များတွင် ရှင်ယောဟန်က ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူကြောင်းကို ကျွန်ုပ်တို့အား နှစ်ကြိမ်တိုင်တိုင် အသိပေးထားသည် (ငယ် ၈ နှင့် ၁၆ ကိုကြည့်ပါ)။ ဤအချက်သည် ရှင်ယောဟန်၏ အကျိုးသင့်အကြောင်းသင့် ဆွေးနွေးချက်ကို ပုံဖော်ထားသည်။ ရှင်ယောဟန်က ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ သက်သက်သာဖြစ်တော်မူသည်ဟုပြောနေခြင်းမဟုတ်ပါ။ ဘုရားသခင်သည် ခပ်သိမ်းသောတန်ခိုးနှင့် ပြည့်စုံ

သောဘုရား၊ ခပ်သိမ်းသောအရာကိုသိသောဘုရား၊ သန့်ရှင်းသောဘုရားဖြစ်သည်။ ဘုရားသခင်၌အခြားစရိုက်လက္ခဏာများစွာရှိပါသေးသည်။ ရှင်ယောဟန်သည် ဤကျမ်းပိုဒ်၌ ချစ်ခြင်းမေတ္တာ၏ဝိသေသကို အဘယ်ကြောင့် အသားပေးထားပါသနည်း။ ရှင်ယောဟန်က ချစ်ခြင်းမေတ္တာသည် ဘုရားသခင်နှင့် လူသားကြား၌ ဆက်နွယ်ပေးသော အရာတစ်ခုအနေဖြင့် ရှုမြင်သောကြောင့်လား။ ဘုရားသခင်သည် သန့်ရှင်းတော်မူသော်လည်း ကျွန်ုပ်တို့မှာ အပြစ်ဒုစရိုက်နှင့် ညစ်ညူးနေကြပါသည်။ ဘုရားသခင်၏ သန့်ရှင်းခြင်းကြောင့် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ကြားတွင် အနိုင်းအဆမဲ့သော ကွားဟမှုကြီးတစ်ခုရှိနေပါသည်။ ဘုရားသခင်သည် ထာဝရတည်၍ အဆုံးအစမဲ့လျှက်နေစဉ်တွင် ကျွန်ုပ်တို့မှာ အချိန်နှင့်ကာလတစ်ခုထဲ၌ ဖန်ဆင်းခြင်းခံထားရသူများဖြစ်ကြသည်။ ကျွန်ုပ်တို့၏ နားလည်နိုင်စွမ်းပမာဏမှာ အလွန်နည်းပါးပါသည်။

အပြစ်ရှိသောလူသားများဖြစ်ကြသည့်အလျှောက် ဘုရားသခင်နှင့် ကျွန်ုပ်တို့ ဆက်သွယ်နိုင်သည့် တစ်ခုတည်းသောအရာမှာ ချစ်ခြင်းမေတ္တာဖြစ်သည်။ ဘုရားသခင်၏ စရိုက်လက္ခဏာစာရင်းထဲမှာ ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ ဖယ်ရှားလိုက်မည်ဆိုလျှင် ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ်ဘုရားသခင်နှင့် ထာဝရ ကင်းကွာသွားစေခဲ့ကြမည်ဖြစ်သည်။ ဘုရားသခင်၏သန့်ရှင်းခြင်းနှင့် တရားသဖြင့်ကျင့်ခြင်းသည် မလွဲမသွေ ကျွန်ုပ်တို့ကို မည်သို့ တုန့်ပြန်ရမှန်းမသိအောင် ခံစားရစေမည်ဖြစ်ပြီး ကျွန်ုပ်တို့ကို ထာဝရ အပြစ်တင်နေမည်ဖြစ်သည်။ ချစ်ခြင်းမေတ္တာတစ်ပါးတည်းကြောင့်သာ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ရင်းနှီးဆက်ဆံခွင့်ရရှိကြရသည်။ ထိုချစ်ခြင်းမေတ္တာကြောင့်သာ အပြစ်လွှတ်ခြင်းမှာလည်း ဖြစ်နိုင်လာခဲ့သည်။

ဤစမှတ်မှနေ၍ ရှင်ယောဟန်က ကျွန်ုပ်တို့အား ဘုရားသခင်သည် ချစ်ခြင်းမေတ္တာသက်သက်သာမဟုတ်၊ ထိုချစ်ခြင်းမေတ္တာ၏ ပင်မအရင်းအမြစ်ဖြစ်ကြောင်းကို ဆက်လက်၍ ပြောပြထားသည်။ ဘုရားသခင်ကိန်းဝပ်ရှင်သန်သောနေရာတွင် ချစ်ခြင်းမေတ္တာက စိုးစံအုပ်ချုပ်လျှက်ရှိသည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးထဲ၌ ဘုရားသခင်ကိန်းဝပ်ရှင်သန်သော

အခါ ကျွန်ုပ်တို့၏ အသက်တာများသည် ချစ်ခြင်းမေတ္တာတရားနှင့် ပြည့်လာကြသည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်၍၊ ထိုချစ်ခြင်းမေတ္တာ၏ အရင်းအမြစ်လည်းဖြစ်သောကြောင့် ဘုရားသခင်၏ စိုးစံအုပ်ချုပ်ခြင်းသည် ချစ်ခြင်းမေတ္တာ၏ စိုးစံအုပ်ချုပ်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် မချစ်တတ်လျှင် ကျွန်ုပ်တို့၏ အသက်တာ၌ ဘုရားသခင်၏ မျက်မှောက်ပြုခြင်းကို မသိရှိကြသောကြောင့်ဖြစ်သည်။ အခန်းငယ် ၁၂ တွင် ရှင်ယောဟန်က ကျွန်ုပ်တို့ထဲမှ မည်သူကမျှ ဘုရားသခင်ကို မမြင်ဖူးသော်လည်း ကျွန်ုပ်တို့၏ အသက်တာရှိ ဤချစ်ခြင်းမေတ္တာအားဖြင့် ဘုရားသခင်၏ ဤမျက်မှောက်ပြုခြင်းကို ကျွန်ုပ်တို့ သိနိုင်သည်ဟု ပြောပြထားသည်။

"တစ်ဦးတစ်ယောက်သည် ဘုရားသခင်မပါရှိပဲလျှက် သူတစ်ပါးကိုချစ်နိုင်ပါသလား" ဟူသောမေးခွန်းကို ကျွန်ုပ်တို့မေးကောင်းမေးကြမည်။ ဤမေးခွန်းကိုဖြေဆိုနိုင်ဖို့ ရှင်ယောဟန်က "ချစ်ခြင်းမေတ္တာ" ဟု ပြောဆိုရာတွင် မည်သည့်အရာကိုဆိုလိုကြောင်း ကျွန်ုပ်တို့နားလည်သဘောပေါက်ထားဖို့လိုအပ်သည်။ ဤအချင်းအရာကို ရှင်းပြဖို့ ရှင်ယောဟန်က သခင်ယေရှုဆီသို့ ကျွန်ုပ်တို့၏ အာရုံကိုလွှဲလိုက်သည်။ အခန်းငယ် ၁၉ တွင် ရှင်ယောဟန်က ဘုရားသခင်သည် ကျွန်ုပ်တို့ကို ရှေးဦးစွာ ချစ်ခဲ့သောကြောင့်သာ ကျွန်ုပ်တို့သည်ဘုရားသခင်ကို ပြန်၍ချစ်နိုင်ကြသည်ဟုပြောပြထားသည်။ ဘုရားသခင်သည် ထိုချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့အား မည်သို့ပြသခဲ့ပါသနည်း။ အခန်းငယ် ၉ နှင့် ၁၀ တွင် ကျွန်ုပ်တို့၏ အပြစ်ဒုစရိုက်အတွက် အသေခံဖို့မိမိ၏သားတော် သခင်ယေရှုကို စေလွှတ်ခဲ့ခြင်းဖြင့် ဘုရားသခင်သည် မိမိ၏ချစ်ခြင်းမေတ္တာကိုပြသခဲ့သည်ဟု ကျွန်ုပ်တို့အားပြောပြထားသည်။ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်အတွက်အသေခံဖို့ သခင်ယေရှုကို စေလွှတ်ခဲ့ခြင်းဖြင့် ဘုရားသခင်ကချစ်ခြင်းမေတ္တာ၏ဆိုလိုရင်းကို ပြသခဲ့ပါသည်။ သူတစ်ပါးကို ချစ်ခြင်းဆိုသည်မှာထိုသူတို့အတွက် ကျွန်ုပ်တို့၏အသက်ကို စွန့်လွှတ်အနစ်နာခံခြင်းပင်ဖြစ်သည်။ သူတစ်ပါးကိုချစ်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ အတ္တဆန္ဒများအထက်၌ ထိုသူတို့ ၏ ကောင်းရာကောင်းကြောင်းကို ဦးစားပေးခြင်းဖြစ်သည်။ စစ်မှန်သောခရစ်ယာန်ချစ်ခြင်းမေတ္တာသည် ရန်သူနှင့်

မိတ်ဆွေကို မခွဲခြားပါ။ သခင်ခရစ်တော်သည် မိမိအား မုန်းတီးခဲ့သောသူ များအတွက် အသေခံရန်ကြွလာခဲ့သည်။ မိမိ၏ရန်သူများကို ကယ်တင်ဖို့ မိမိ၏အသက်ကို ပေးဆပ်၍ စတေးခဲ့ပါသည်။

"ယောက်ျား (သို့) မိန်းမတစ်ယောက်သည် ဘုရားသခင်မပါရှိပဲလျှက် သူတစ်ပါးကို ချစ်နိုင်ပါသလား" ဟူသောမေးခွန်းဘက်သို့ လှည့်ကြပါစို့။ ဤမေးခွန်း၏အဖြေ ကို ကျွန်ုပ်၏ ပုဂ္ဂိုလ်ရေးရာအဖြေအဖြစ် ဖန်တီးခွင့်ပြုပါ။ ကျွန်ုပ်၏စိတ်နှလုံးထဲသို့ကျွန်ုပ် နက်နက်နဲနဲ ကြည့်ရှုဆင်ခြင်သောအခါ ကျွန်ုပ်အဘယ်မျှတကိုယ်ကောင်းဆန်နေခဲ့သည်ကို ပြန်လည် သတိပေးခြင်းခံ့ရသည်။ ကျွန်ုပ်၏စိတ်နှလုံးထဲ၌တွေ့ရှိရသော ချစ်ခြင်းမေတ္တာအားလုံးသည် သဘာဝအားဖြင့် အတ္တစိတ်ကိုအခြေခံသော ချစ်ခြင်းမေတ္တာများသာဖြစ်ခဲ့ကြသည်။ ကျွန်ုပ်ပြန်ချစ်ခံရဖို့ သူတစ်ပါးကို ကျွန်ုပ်ချစ်ခဲ့လိမ့်မည်။ ကျွန်ုပ်အား ပြန်ပေးကြဖို့ သူတစ်ပါး ကို ပေးကမ်းခဲ့လိမ့်မည်။ ပြန်လည်လေးစားခံရဖို့ သူတစ်ပါးကို လေးစားခဲ့လိမ့်မည်။ သဘာဝ အားဖြင့် ကျွန်ုပ်၏ရန်သူများကို ကျွန်ုပ်ချစ်ခဲ့လိမ့်မည်မဟုတ်။ သူတစ်ပါးကိုချစ်သော ကျွန်ုပ်တို့ ၏ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့အဆင်ပြေလွယ်ကူမှုအတွက်သာဖြစ်ခဲ့လိမ့်မည်။ ကျွန်ုပ်နှင့် ကိုက်ညီ၍ ကျွန်ုပ်အတွက်အကျိုးရှိလျှင် သူတစ်ပါးကိုကျွန်ုပ်ချစ်ခဲ့ပါလိမ့်မည်။

လူတစ်ယောက်သည် အတ္တမဲ့သောချစ်ခြင်းမေတ္တာဖြင့် အခြားသူတစ်ယောက်အား တုန့်ပြန်နေသည်ကို ကျွန်ုပ်တွေ့မြင်သောအခါ ကျွန်ုပ်သည်ဘုရားသခင်၏လက်တော်ကို အမှန်တကယ်တွေ့မြင်နေရသည်ဟု ယုံကြည်မိသည်။ အဘယ်ကြောင့်ဆိုသော် လူ့သဘော သဘာဝသည် ပျက်စီးယိုယွင်း၍ ဖောက်ပြန်နေကြောင်းကို ကျွန်ုပ်သိထားသောကြောင့် ဖြစ်သည်။ (ယုံကြည်သူဖြစ်စေ၊ မယုံကြည်သူဖြစ်စေ)တစ်ဦးတစ်ယောက်သည် အတ္တကင်းမဲ့ သော ချစ်ခြင်းမေတ္တာကို ပြသနေလျှင် ဘုရားသခင် အလုပ်လုပ်နေခြင်းဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်သည်။ ကျွန်ုပ်တို့၏ အသိုင်းအဝိုင်း၌ တွေ့ရသည့် အတ္တကင်းမဲ့သော ချစ်ခြင်းမေတ္တာ အထောက်အထားများသည် ကျွန်ုပ်တို့၏ အသိုင်းအဝိုင်း၌ ဘုရားသခင်၏ ကျေးဇူးကြီးမား သောမျက်မှောက်ပြုခြင်းကို ညွှန်ပြခြင်းတစ်ခုဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ "ဘုရား

သခင်ကသာ မိမိ၏ မျက်မှောက်ပြုခြင်းကို ကျွန်ုပ်တို့၏ နိုင်ငံမှ ဖယ်ရှားခဲ့လျှင် ကျွန်ုပ်တို့ မည်သို့ဖြစ်နေကြမည်နည်း။ မည်သည့်အခြေအနေတွင်ရှိနေကြမည်နည်း" ဟူသော မေးခွန်းအား ကိုယ့်ကိုကိုယ်မေးမိသည်။ ကျွန်ုပ်တို့သည် ကိုယ်ဝန်ဖျက်ချခြင်းများ၊ လူသတ်ရာဇဝတ်မှုများ တိုးပွားလာသည်ကို တွေ့မြင်ကြရလိမ့်မည်။ ကျွန်ုပ်တို့၏ မိတ်ဆွေလူသားချင်းများနှင့် ၄င်းတို့၏ ပိုင်ဆိုင်မှုများအပေါ်၌ မလေးမစားဆက်ဆံမှုများ တိုးပွားလာသည်ကို မြင်ကြရမည်။ မုဒိမ်းမှုများနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ တိုးပွားလာသည်ကို မြင်ကြရမည်။ တစ်ကိုယ်ကောင်းဆန်မှုများ ကြီးထွားလာနေမှုကိုလည်း တွေ့ကြရမည်။ လင်မယားကွာရှင်း ပြတ်ဆဲခြင်းနှုန်းများလည်း ကြောက်ခန်းလိလိမြင့်တက်လာမည်။ ထိမ်းမြားလက်ထပ်ခြင်းဆိုသည့်အရာကို မေးခွန်းထုတ်လာကြမည်။ လင်မယားများမှာလည်း တစ်ဦးနှင့်တစ်ဦးရာသက်ပန်ပေါင်းသင်းဖို့ ဆက်ကပ်အပ်နှံခြင်းမရှိပဲ အတူတကွနေထိုင်ဖို့ ရွေးချယ်ခဲ့ကြမည် (နှစ်ဦးသားကြား၌ အဆင်မပြေမှုများရှိလာလျှင် လိုအပ်သည့်အချိန်တိုင်း အိမ်ပေါ်မှဆင်းရန် အိမ်တံခါးကိုဖွင့်ထားကြသည်)။ ဤသည်မှာ ဘုရားသခင်က မိမိ၏မျက်မှောက်ပြုခြင်းအား ကျွန်ုပ်တို့၏လူ့အသိုင်းအဝိုင်းမှ ဖယ်ရှားလိုက်ခြင်းကိုညွှန်ပြသော အခြေအနေများဟုတ်ပါသလား။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ၏ အရင်းအမြစ်ဖြစ်သည်။ ဘုရားသခင် မရှိသောနေရာတွင် ချစ်ခြင်းမေတ္တာလည်းမရှိပါ။

ယုံကြည်သူများဖြစ်ကြသည့်အားလျော်စွာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ပို၍နက်နက်နဲနဲ ရှုမြင်နိုင်ကြပါသည်။ အကြောင်းမှာ သူသည်ကျွန်ုပ်တို့အား သန့်ရှင်းသောဝိညာဉ်တော်ကို ပေးထားသောကြောင့်ဖြစ်သည် (၄ယ ၁၃)။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို မျက်မြင်လက်တွေ့ ပြသသူဖြစ်သော သခင်ယေရှုကို ကျွန်ုပ်တို့အား ပြညွှန်ပေးဖို့ သန့်ရှင်းသောဝိညာဉ်တော်ကို ပေးထားရခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကြောင့်သာ ကျွန်ုပ်တို့အပေါ်၌ ထားရှိသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့သိရှိ၍ ဝန်ခံအသိအမှတ်ပြုကြသည် (၄ယ ၁၃-၁၆ကိုကြည့်ပါ)။ သန့်ရှင်းသောဝိညာဉ်တော်က လူတို့ကို မတို့ထိမချင်း သူတို့

အတွက်ထားရှိသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာ ကြီးမြတ်ပုံကို ကိုယ်တိုင်ကိုယ်ကျ သဘောပေါက်နားလည်ခဲ့ကြမည်မဟုတ်ပါ။ ဤအချက်သည် ယုံကြည်သူများနှင့် မယုံကြည်သူများကို ခြားနားစေသည့် အချက်ဖြစ်သည်။ အပြစ်သားများအတွက် ထားရှိသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ယုံကြည်သူများက နားလည်သဘောပေါက်ခဲ့ကြပြီး ထိုအရာကို လက်ခံရယူဖို့ နှလုံးသားတံခါးများကို ဖွင့်ထားခဲ့ကြသည်။ ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ဖြစ်သည်။ ရှင်ယောဟန်က ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာ၌ ကျင်လည်ရှင်သန်ကြလျှင်၊ ဘုရားသခင်၌ကျင်လည်ရှင်သန်ကြခြင်းဖြစ်ကြောင်း၊ အကြောင်းမှာ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူသောကြောင့် ဖြစ်သည်ဟု အသိပေးထားပါသည်။

အခန်းငယ် ၁၇ နှင့် ၁၈တွင် ရှင်ယောဟန်က ကျွန်ုပ်တို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို အမှန်တကယ် သဘောပေါက်နားလည်၍ လက်ခံရယူခဲ့ကြလျှင် ကျွန်ုပ်တို့သည် တရားစီရင်ခြင်းနေ့၌ စိတ်ချယုံကြည်မှုအပြည့်နှင့် ရှိနေခဲ့ကြမည်ဖြစ်ကြောင်း ပြောပြထားသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏နည်းတူ ဤလောက၌ ဖြစ်တည်ကြမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့၌ရဲရင့်သောအခွင့်ရှိကြမည်ဟု ရှင်ယောဟန်ကပြောပြထားခြင်းဖြစ်သည် (ငယ် ၁၇)။ ကျွန်ုပ်သည် ဤလောက၌ခင်ခရစ်တော်နည်းတူဖြစ်သည်ဟု မည်သည့်နည်းလမ်းဖြင့် ပြောဆိုနိုင်ခဲ့ပါမည်နည်း။ ကျွန်ုပ်သည်သခင်ယေရှုကို ယုံကြည်လက်ခံ သောအခါ သူသည်ကျွန်ုပ်၏စိတ်နှလုံး၌ စိုးစံရန်ဝင်ရောက်လာခဲ့ပါသည်။ သခင့်၏ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်၏အသက်တာကို ပြုပြင်ပြောင်းလဲခဲ့သည်။ ကျွန်ုပ်သည် သခင့်ချစ်ခြင်းမေတ္တာ၏ စိုးစံခြင်းကို စိတ်နှလုံးထဲ၌ ကြုံတွေ့ခံစားနေရပါသည်။ ကျွန်ုပ်သည် သူတစ်ပါးတို့ကို သခင်ခရစ်တော်က သူတို့ကို ချစ်သကဲ့သို့ ချစ်နေနိုင်ကြောင်းတွေ့ရှိလာပါသည်။ သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာအားဖြင့် ကျွန်ုပ်၏စိတ်နှလုံးမည်သို့ ပြောင်းလဲခံခဲ့ရ သည်ကို ကျွန်ုပ်တွေ့မြင်ချိန်၌ တရားစီရင်ခြင်းနေ့ကို မျှော်ကြည့်မိသောအခါတွင်လည်း ကျွန်ုပ်တွင် ယုံကြည်စိတ်ချမှုရှိနေပါသည်။ ကျွန်ုပ်သည် သခင်နှင့်သက်ဆိုင်သောသူဖြစ်ကြောင်း

ကျွန်ုပ်သိသည်။ သခင်သည်ကျွန်ုပ်အထဲ၌ ကိန်းဝပ်ရှင်သန်နေသည်ကိုလည်း ကျွန်ုပ်သိပါသည်။

ရှင်ယောဟန်က ဆက်လက်၍ "ချစ်ခြင်းမေတ္တာသည် ကြောက်ရွံ့ခြင်းသံဝေဂကို ပယ်ရှားတတ်၏" ဟု ကျွန်ုပ်တို့ကို ပြောပြသည် (၄ယ် ၁၈)။ သခင်ခရစ်တော်၏ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်မှ အပြစ်ဒုစရိုက်များအားလုံးအတွက် အပြစ်လွှတ်ခြင်းကို ကျွန်ုပ်တို့အားပေးခဲ့ပြီးဖြစ်သည်။ ဤချစ်ခြင်းမေတ္တာကြောင့် သူသည် ကားတိုင်ထက်၌ ကျွန်ုပ်တို့အတွက် အသေခံရန်ကိုလည်း တွန့်ဆုတ်မနေခဲ့ပါ။ သခင့်၏ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့၏အကြီးမားဆုံးသော အပြစ်ဒုစရိုက်ထက်သာ၍ ကြီးမားတော်မူသည်။ သူရဲ့ခြင်းမေတ္တာသည် ကျွန်ုပ်တို့အား ဘုရားသခင်၏ပလ္လင်တော်သို့ ဝင်နိုင်ရန် ပြည့်စုံသောချဉ်းကပ်ဝင်ရောက်ခွင့်ကိုပေးခဲ့သည်။ နောက်ထပ်လုပ်ဆောင်ဖို့ ဘာမျှမရှိတော့ပါ။ သခင်၏ချစ်ခြင်းမေတ္တာက အရာခပ်သိမ်းကို လုပ်ဆောင်သွားခဲ့ပြီးဖြစ်သည်။ သင်သည် သခင်၏မျက်နှာသာပေးမှုကို ကြိုးစားရှာကြံဖို့မလိုပါ။ အကြောင်းမှာ ထိုချစ်ခြင်းမေတ္တာ၌ သင့်ကိုသင့်ရဲ့ဖြစ်တည်မှုအတိုင်းလက်ခံထားခဲ့ပြီးသောကြောင့်ဖြစ်သည်။ သင်သည် သန့်ရှင်း၍ဖြောင့်မတ်တော်မူသော ဘုရားသခင်ကိုတွန့်ဆုတ်ခြင်း (သို့)စိုးရိမ် ကြောက်ရွံ့ခြင်းမရှိဘဲ တိုးဝင်ချဉ်းကပ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ချစ်ခြင်းမေတ္တာ၌ သင့်ကိုလက်ခံထားခဲ့သောကြောင့်ဖြစ်သည်။ သင့်အတွက် ကားတိုင်ထက်၌ အသေခံခဲ့ သောသူသည် ယခုတွင် ပလ္လင်ထက်၌ စံမြန်းနေသောကြောင့် သင့်ကိုငြင်းပယ်ပါမည်လား (ဗျာဒိတ် ၃း၂၁)။ သူ့ရဲ့ချစ်ခြင်းမေတ္တာသည် အခြေအနေပေါ်၌မမူတည်သော ချစ်ခြင်းမေတ္တာဖြစ်သည်။ သူ့ရဲ့ချစ်ခြင်းမေတ္တာသည် ထာဝရကာလတစ်လျှောက်လုံးအထိ တည်မည့်ချစ်ခြင်းမေတ္တာဖြစ်သည်။ မည်သည့်အရာကမျှသင့်ကို ထိုချစ်ခြင်းမေတ္တာနှင့်မခွဲခွါစေနိုင်ပါ။ သူ့ကို ရဲရင့်ခြင်းဖြင့်ချဉ်းကပ်ပါ။ သူသည် သင့်ကိုမောင်းထုတ်မည်မဟုတ်ပါ။ သူ့ရဲ့ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့၏ တရားစီရင်ခြင်းကို ကြောက်ရွံ့သောစိတ်၊ အပြစ်တင်ခြင်းကို ကြောက်ရွံ့သော စိတ်များကိုဖယ်ရှားပစ်ခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် ကျွန်ုပ်တို့အတွက်ထားရှိသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့သဘောပေါက်နားလည်ကြမည်ဆိုလျှင် ကျွန်ုပ်တို့သည်အပြန်အလှန်အနေဖြင့် ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများကိုလည်းချစ်ကြရပါမည် (၄ယ ၁၉-၂၁)။ သင်သည် သင့်ရဲ့ညီအစ်ကိုကို မချစ်လျှင် ဘုရားသခင်ကိုလည်း မချစ်ပါ။ ဤအရာသည် သင့်ရဲ့ ကိုယ်ပိုင်ခွန်အားဖြင့် လုပ်ယူရမည့်အရာမျိုးမဟုတ်ပါ။ သင့်စိတ်နှလုံးထဲ၌ သခင်ခရစ်တော် စိုးစံခြင်း၏ သဘာဝရလာဒ်မှာ သင့်ညီအစ်ကိုမောင်နှမများအား အလျှံအပယ် ချစ်ခြင်းပင် ဖြစ်သည်။

ဤချစ်ခြင်းမေတ္တာကို သင့်အသက်တာ၌ ကြုံတွေ့ခံစားခဲ့ရပါသလား။ သင့်အတွက် ထားရှိသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို နားလည်သဘောပေါက်၍ လက်ခံယုံကြည်ရန် ဘုရားသခင်၏ဝိညာဉ်တော်က သင့်အားထောက်ကူပေးခဲ့ပါသလား။ ဤချစ်ခြင်းမေတ္တာအားဖြင့် သင့်အသက်တာကို ပြုပြင်ပြောင်းလဲခြင်းခံခဲ့ရပါသလား။ သင့်ရဲ့စိတ်နှလုံး၌ ဤချစ်ခြင်းမေတ္တာအမှန်တကယ် စိုးစံနေမှုကို ကြုံတွေ့ခံစားရပါသလား။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအပေါ်၌ ဤနားလည်သဘောပေါက်ခြင်းကို သင့်အားဘုရားသခင်ပေးပါစေ။ ဤချစ်ခြင်းမေတ္တာသည် သင့်ရဲ့စိတ်ဝိညာဉ်ကို သိမ်းပိုက်၍ ပြည့်လျှံလာသည်အထိ သွန်းလောင်းပါစေ။ ဤချစ်ခြင်းမေတ္တာသည် သင့်စိတ်နှလုံးထဲ၌လည်း လျှံနေပါစေသော်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာ ကျွန်ုပ်တို့၌စိုးစံတော်မူသည်။ ဤသည်မှာ ကျွန်ုပ်တို့ ဘုရားသခင်နှင့် စပ်ဆိုင်သောသူများဖြစ်ကြောင်းကို သိနိုင်သောနည်းလမ်းဖြစ်သည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သခင်ယေရှုကို သင့်ရဲ့အသက်သခင်နှင့် ကယ်တင်ရှင်အဖြစ် ယခုသင်လက်ခံပြီးချိန်တွင် သင့်ရဲ့အနီးတစ်ဝိုက်၌ရှိသောသူများနှင့် ဆက်ဆံရင်းနှီးခြင်း၌ ဘုရားသခင်သည် မည်သည့်အပြောင်းအလဲမျိုးကို သင့်အသက်တာ၌ ဆောင်ယူခဲ့ပါသနည်း။

- ဤချစ်ခြင်းမေတ္တာသည် သင့်စိတ်နှလုံးထဲ၌ရှိ၍ သင့်အနီးတစ်ဝိုက်၌ရှိနေသူတို့ အထံ၌ ပြသပါသည်ဟူသော အထောက်အထားရှိပါသလား။ ဤချစ်ခြင်းမေတ္တာကို သူတစ်ပါးအားမပြသနိုင်အောင် မည်သည့်အရာကသင့်ကို ဟန့်တားနေပါသနည်း။

## ဆုတောင်းရန်အချက်များ

- သင့်အသက်တာ၌ သင့်အနေဖြင့် ချစ်ခင်ဖို့ခက်ခဲသည့်သူများ ရှိပါသလား။ ထိုသူတို့ကိုချစ်နိုင်ဖို့ သခင့်ရဲ့ချစ်ခြင်းမေတ္တာကို သင့်အားကြုံတွေ့ခံစားစေရန် တောင်းလျှောက်ပါ။
- သင့်အတွက်ထားရှိသော ဘုရားသခင်၏အခြေအနေပေါ်လည်းမမူတည်၊ ထိုက်တန်၍ရရှိခြင်းလည်းမဟုတ်သော ချစ်ခြင်းမေတ္တာအတွက် ကျေးဇူးတင်ချီမွမ်းပါ။
- သင့်အနီးတစ်ဝိုက်၌ရှိနေသောသူများထံ၌ သခင်၏ချစ်ခြင်းမေတ္တာကို အမြဲတမ်းသက်သေမပြခြင်းအတွက် ခွင့်လွှတ်ပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။

# ၁၁

# သားတော်၌ယုံကြည်ခြင်း

၁ ယော ၁း၁-၁၂ ကိုဖတ်ရှုပါ။

ရှင်ယောဟန်က သခင်ခရစ်တော်ကို ကျွန်ုပ်တို့ယုံကြည်လျှင် ကျွန်ုပ်တို့သည် ဘုရားသခင်ဖွားစေတော်မူသောသူများဖြစ်ကြသည်ဟု ပြောပြထားသည်။ ဘုရားသခင် ဖွားစေတော်မူခြင်းဆိုသည်မှာအဘယ်နည်း။ ကျွန်ုပ်တို့အားလုံးသည် ရုပ်ခန္ဓာအားဖြင့် ဖွားမြင်ခဲ့သူများဖြစ်ကြပါသည်။ ဤအချင်းအရာကို ရှင်းပြဖို့မလိုပါ။ သို့သော် ရှင်ယောဟန်က ဒုတိယအကြိမ်ဖွားမြင်လည်းရှိသည်ဟု ကျွန်ုပ်တို့ကိုပြောပြနေပါသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁း၁၂-၁၃ တွင် ရှင်ယောဟန်က ကျွန်ုပ်တို့အား သခင်ယေရှုကို ယုံကြည်လက်ခံသောသူတို့သည် ဘုရားသခင်၏သားသမီးဖြစ်သောအခွင့်ကို ရရှိကြသည်ဟုပြောပြထားသည်။ ဤနေရာ၌ သွယ်ဝိုက်ညွှန်းဆိုထားချက်မှာ လူတိုင်းသည် ဘုရားသခင်၏ သားသမီးမဟုတ်ကြပါဟူသောအချက်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုနှင့် ကျွန်ုပ်တို့ကိုယ်စား ထိုသခင်ပြုလုပ်ခဲ့သောအမှုကို ယုံကြည်လက်ခံခြင်းဖြင့် ဘုရားသခင်၏ သားသမီးဖြစ်လာကြသည်။ ထို့နောက် ယောဟန် ၃ တွင် သခင်ယေရှုက နိကောဒင်ဆိုသူအား ဘုရားသခင်၏ နိုင်ငံတော်ကို မြင်ရဖို့ ဒုတိယမွေးဖွားခြင်းကိုခံဖို့လိုကြောင်း ပြောခဲ့သည်။ သူ၏ ရုပ်ခန္ဓာအားဖြင့် မွေးဖွားခြင်းသည်မလုံလောက်ပါ။ ယောဟန် ၃း၅-၆ ၌ သခင်ယေရှုက နိကောဒင်အား

ပြောပြထားသောအရာကို နားဆင်ကြည့်ပါ။

> "ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်သို့ မဝင်ရဟု ငါအမှန်အကန်ဆို၏။ ဇာတိပကတိမွေးသောအရာသည် ဇာတိပကတိဖြစ်၏။ ဝိညာဉ်တော်မွေးသောအရာသည် ဝိညာဉ်ဖြစ်၏။"

သခင်ယေရှုက မွေးဖွားခြင်းနှစ်မျိုးရှိကြောင်း အတိအလင်းပြောပြထားသည်။ ပထမမွေးဖွားခြင်းမှာ ရေအားဖြင့်မွေးဖွားခြင်းဖြစ်သည်။ ရေအားဖြင့်မွေးဖွားခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ ရုပ်ခန္ဓာနှင့်ဆိုင်သော မွေးဖွားခြင်းကို ရည်ညွှန်ပြီး၊ ရေသည်မွေးဖွားချိန်၌ ပေါက်ထွက်ခဲ့သောအရာဖြစ်သည်။ ဒုတိယအနေဖြင့် သခင်ယေရှုက ဝိညာဉ်နှင့်ဆိုင်သော မွေးဖွားခြင်းလည်းရှိသည်ဟု ကျွန်ုပ်တို့ကို ပြောပြထားသည်။ ဤကျမ်းပိုဒ်တွင် သခင်ယေရှုက နိကောဒင်အား ကောင်းကင်ဘုံဝင်စားလိုလျှင် ဤဝိညာဉ်နှင့်ဆိုင်သော မွေးဖွားခြင်းကိုခံရန်လိုအပ်ကြောင်းပြောခဲ့သည်။ ကျွန်ုပ်တို့၏ ရုပ်ခန္ဓာနှင့်ဆိုင်သောမွေးဖွားခြင်းသည် ကျွန်ုပ်တို့ကို ဤရုပ်လောကထဲသို့ ဆောင်ယူလာခဲ့ပေးပါသည်။ ကျွန်ုပ်တို့၏ ဝိညာဉ်နှင့်ဆိုင်သော မွေးဖွားခြင်းသည် ကျွန်ုပ်တို့ကို ဘုရားသခင်၏ သားသမီးဖြစ်စေပါသည်။ ကောင်းကင်ဘုံသည် ဝိညာဉ်ရေးအားဖြင့် ပြန်လည်မွေးဖွားခဲ့သောသူများအတွက်သာဖြစ်သည်။

ဤအသစ်သော မွေးဖွားခြင်းကို ကျွန်ုပ်တို့ ကြုံတွေ့ခံစားခဲ့ရကြောင်းကို မည်သို့သိနိုင်မည်နည်း။ ၁ ယော ၅း၁-၅ တွင် ရှင်ယောဟန်က ဤအသစ်သောမွေးဖွားခြင်းနှင့် စပ်လျဉ်း၍ ဖော်ပြချက်အနည်းဆုံး လေးခုရှိသည်ဟု ကျွန်ုပ်တို့ကို ပြောပြသည်။ ၎င်းတို့ကို အကျဉ်းချုပ်၍ လေ့လာကြည့်ကြပါစို့။

*သခင်ယေရှုသည် ခရစ်တော်ဖြစ်သည်ဟု ယုံကြည်ခြင်း (ငယ် ၁)*

ဝိညာဉ်ရေးနှင့်ဆိုင်သော ဤပြန်လည်မွေးဖွားခြင်းကို ကျွန်ုပ်တို့ကြုံတွေ့ခံစားခဲ့ကြရကြောင်းကို ပြသည့် ပထမလက္ခဏာမှာ သခင်ယေရှုသည် ခရစ်တော်ဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ခြင်းပင်ဖြစ်သည် (ငယ် ၁)။ "ခရစ်တော်" ဟူသောစကားလုံး၏ အဓိပ္ပါယ်မှာ

"ဘိသိတ်ခံရသူ" ဟူ၍ဖြစ်သည်။ သခင်ယေရှုသည် ခရစ်တော်ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်သောအခါ သူသည် ကျွန်ုပ်တို့အပြစ်အတွက် အသေခံရန် ဘုရားသခင်စေလွှတ်ခဲ့သောသူဖြစ်သည်ဟု ယုံကြည်ခြင်းဖြစ်သည်။ သခင်ယေရှုသည် ခရစ်တော်ဖြစ်သည်ဟု ယုံကြည်ခြင်းသည် ကျွန်ုပ်တို့အား ခမည်းတော်ဘုရားက လက်ခံဖို့ သခင်ခရစ်တော်သည်တစ်ခုတည်းသော ကျွန်ုပ်တို့၏မျှော်လင့်ချက်ကဲ့သို့ တွယ်ဖက်ထားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ခမည်းတော်ဘုရားက ကျွန်ုပ်တို့ကို လက်ခံလိမ့်မည်ဟူသော သဘောမျိုးဖြင့် သခင်ခရစ်တော် လုပ်ဆောင်သွားခဲ့သောအရာ၌ ထပ်လောင်းပေါင်းထည့်သည့်သဘောဖြင့် ကျွန်ုပ်တို့ လုပ်ဆောင်နိုင်သောအရာမရှိဟု ယုံကြည်မျှော်လင့်ခြင်းဖြစ်သည်။ ကယ်တင်ခြင်းအတွက် ကျွန်ုပ်တို့၏ မျှော်လင့်ချက်သည် သခင်ယေရှုနှင့် ကျွန်ုပ်တို့ကိုယ်စား ကားတိုင်ထက်၌ လုပ်ဆောင်ခဲ့သော ထိုသခင်၏ အမှုတော်၌သာရှိသည်။ သူသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ဘုရားသခင်စေလွှတ်ခဲ့သည့် တစ်ပါးတည်းသော ပုဂ္ဂိုလ်ဖြစ်ပြီး၊ သူလုပ်ဆောင်ခဲ့သော အမှုတော်တစ်ခုတည်းကသာလျှင် လုံလောက်မှုရှိသည်။

*ဘုရားသခင်၏သားသမီးများကိုချစ်ခြင်း (၄ယ် ၁)*

ဒုတိယညွှန်ပြသည့်လက္ခဏာမှာ ကျွန်ုပ်တို့သည် ဒုတိယအကြိမ်မွေးဖွားခြင်းခံ၍ ခမည်းတော်ကို အမှန်တကယ်ချစ်လျှင် ခမည်းတော်၏ သားသမီးများကိုလည်း ချစ်သည့် ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ခံစားကြရပါမည် (၄ယ် ၁)။ ရှင်ယောဟန်က ဤအချက်ကို မိမိ၏ ဩဝါဒစာ၌ မကြာခဏ ထပ်၍ပြောလေ့ရှိသည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်၍ ကျွန်ုပ်တို့အထဲ၌ ကိန်းဝပ်တော်မူသောကြောင့် ကျွန်ုပ်တို့မှာလည်း ချစ်တတ်ကြရသည်။ အထူးသဖြင့် ဘုရားသခင်၏ သားသမီးချင်းများအတွက် ကျွန်ုပ်တို့၏ စိတ်နှလုံး၌ သာ၍ကြီးမားသော ချစ်ခြင်းကိုခံစားကြရသည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ လာရောက်ကိန်းဝပ်သောအခါ ဘုရားသခင်ချစ်သောအရာများကို ကျွန်ုပ်တို့ကလည်း ချစ်ဖို့ဖန်တီးပေးပါသည်။ ဘုရားသခင်၏ ဝိညာဉ်တော် ကျွန်ုပ်တို့အထဲ၌

ရှိလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးများကိုချစ်ပါလိမ့်မည်။

*ပညတ်တော်တိုကို စောင့်ခြင်း (၄ယ် ၂-၃)*

တတိယအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားသမီးများဖြစ်ကြလျှင် ဘုရားသခင်၏ ပညတ်တော်တို့ကို နာခံလိုက်လျှောက်ကြပါလိမ့်မည် (၄ယ် ၂-၃)။ နာခံခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ ကိုယ်ပိုင်နည်းဟန်များ၌ သေခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ ကိုယ်ပိုင်အကျိုးအမြတ်များကို ဘေးဖယ်ထား၍ သခင်ဘုရားအဖို့အလို့ငှါသာ စိတ်ဆန္ဒရှိခြင်းဖြစ်သည်။ နာခံခြင်းသည် စစ်မှန်သော ယုံကြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဟုတ်ပါ။ ကျွန်ုပ်တို့၏ စိတ်ဆန္ဒများ သခင်ဘုရားထံ၌ ဝန်ခံအပ်နှံရခြင်းကို ကျေနပ်နှစ်သက်ကြပါသည်။ ကျွန်ုပ်တို့၏အကျိုးစီးပွားကို ဘေးဖယ်ထား၍ ဘုရားသခင်၏ အကျိုးစီးပွားကို လုပ်ဆောင်ရသည်တွင် ကြီးမားသော ဝမ်းမြောက်ခြင်းကို ကျွန်ုပ်တို့ခံစားကြသည်။

*လောကကိုအောင်နိုင်ခြင်း (၄ယ် ၄-၅)*

စတုတ္ထအချက်မှာ ကျွန်ုပ်တို့သည်ဘုရားသခင်အားဖြင့် ဖွားစေတော်မူသောသူများဖြစ်လျှင် လောကကိုအောင်နိုင်ကြရမည်ဖြစ်သည်။ ရှင်ယောဟန်ကဤအချက်ကို မိမိ၏ဩဝါဒစာ၌ မကြာခဏအထူးပြုဖေါ်ပြထားသည်။ ရှင်ယောဟန်က အခန်းကြီး ၃ တွင် သခင်ခရစ်တော်၌ကျင်လည်သောသူသည် အပြစ်ဒုစရိုက်ကိုဆက်၍ မကျူးလွန်တတ်ကြောင်း ကျွန်ုပ်တို့ကို ပြောပြထားသည် (၁ ယော ၃း၆ ကိုကြည့်ပါ)။ ၁ ယော ၄း၄တွင်လည်း ကျွန်ုပ်တို့အထဲ၌ကိန်းဝပ်တော်မူသောသူသည် ဤလောက၌ရှိသောသူထက် သာ၍ကြီးမြတ်တော်မူသည်ဟု ကျွန်ုပ်တို့ကို အသိပေးထားသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အားဖြင့် အမှန်မွေးဖွားသောသူများဖြစ်လျှင် ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်အပေါ်၌လည်းကောင်း၊ ဤလောကအပေါ်၌လည်းကောင်း ဆက်လက်၍တိုးပွားလျှက် အောင်နိုင်ခြင်း၌ ရှင်သန်ကျင်လည်ကြပါလိမ့်မည်။ အပြစ်ဒုစရိုက်၏မှောင်မိုက်ခြင်းသည် ကျွန်ုပ်တို့၏စိတ်နှလုံး၌

သခင်ခရစ်တော်၏ အလင်းတော်အားဖြင့် အဝေးသို့နှင်ထုတ်ခံရပေလိမ့်မည်။

အခန်းငယ် ၄ က ကျွန်ုပ်တို့အား လောကကိုအောင်နိုင်ခြင်းသည် ယုံကြည်ခြင်းအားဖြင့် ရောက်လာကြောင်းပြောပြထားသည်။ အခန်းငယ် ၅ အရ ထိုယုံကြည်ခြင်းသည် သခင်ယေရှု၌ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ကျွန်ုပ်တို့သည် အောင်နိုင်ခြင်းကို မိမိ၏ အစွမ်းအစဖြင့် မရယူနိုင်ပါ။ ခရစ်ယာန်အသက်တာကို ကျွန်ုပ်တို့၏ ကိုယ်ပိုင်အစွမ်းအစဖြင့် ရှင်သန်ရန် ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါများ ကြိုးစားခဲ့ကြပါသနည်း။ သင်သည် ဆုတောင်းခြင်း၌ ပို၍အချိန်ယူဖို့ သင့်ကိုသင်ဆက်ကပ်ကောင်းဆက်ကပ်ထားပေမည်။ သင်သည်အသက်တာ၌ အပြစ်ဒုစရိုက်တစ်ခုခုကို ရပ်တန့်တော့မည်ဟု ကိုယ့်ကိုကိုယ်ပြောကောင်းပြောခဲ့ပေမည်။ အချိန်အတိုင်းအတာတစ်ခုအထိ အရာအားလုံးအဆင်ပြေ နေသည်ဟု ထင်မှတ်ခဲ့ရပေမည်။ သို့သော် သင့်ရဲ့အောင်နိုင်ခြင်းသည်ကြာကြာမခံခဲ့ပါ။ သင့်ရဲ့ဝိညာဉ်ရေးရာစက်ယန္တရားသည် လောင်စာဆီကုန်သွား၍ ရပ်တန့်သွားခဲ့ရသည်။ သင့်ရဲ့ ကိုယ်ပိုင်အစွမ်းအစဖြင့် အတိုင်းအတာတစ်ခုအထိသာ သင်သွားနိုင်ပါသည်။ ဤနေရာ၌ ရှင်ယောဟန်ပြောပြနေသည့်အရာမှာ သင်သည်လောကကိုအောင်နိုင်ချင်လျှင် ထိုအောင်နိုင်ခြင်းသည် သခင်ယေရှုကိုယုံကြည်ခြင်းအားဖြင့်သာဖြစ်နိုင်ပါသည်။ သခင်ယေရှုတစ်ပါးတည်းကသာ လောကကိုအောင်နိုင်ခဲ့သည်။ သင့်ရဲ့အစွမ်းအစဖြင့် လုပ်ယူ၍ ဖြစ်နိုင်မည်မဟုတ်ပါ။ သူသည် သင့်ရဲ့စိတ်နှလုံးကို ပြောင်းလဲနိုင်သည်။ လိုအပ်သော ခွန်အားများကို သူတစ်ပါးတည်းကသာ သင့်ကိုပေးနိုင်ပါသည်။ ထိုအချင်းအရာကို ပြုလုပ်ရန် သူ့ကိုယုံကြည်ခြင်းဖြင့် ကိုးစားလိုက်ပါ။

အခန်းငယ် ၆-၁၁ က ကျွန်ုပ်တို့အား သခင်ယေရှုအကြောင်းကို ပြောပြထားသည်။ ထိုသခင်အားဖြင့် ကျွန်ုပ်တို့သည် လောကကိုအောင်နိုင်ကြပါသည်။ အထက်ပါကျမ်းပိုဒ်များက သခင်ယေရှုသည် "ရေအားဖြင့်လည်းကောင်း၊ အသွေးအားဖြင့်လည်းကောင်း ကြွလာခဲ့သောသူ" ဖြစ်ကြောင်း ကျွန်ုပ်တို့ကို ပြောပြထားကြသည်။ "ကြွလာခဲ့သည်" ဟူသော စကားလုံးသည် "ပေါ်ထွက်လာသည်" (သို့) "ကိုယ့်ကိုကိုယ်ပြသသည်" ဟုလည်း ဆိုလိုနိုင်

သည်။ ရှင်ယောဟန်ပြောပြနေသည်ဟု ထင်မှတ်ရသည့်အရာမှာ သခင်ယေရှုသည် ရေအား ဖြင့်လည်းကောင်း၊ အသွေးအားဖြင့်လည်းကောင်း မိမိကိုယ်ကို ဤလောကကြီးအား ထုတ်ဖော်ပြသတော်မူသည်ဟူ၍ဖြစ်သည်။ ဤကျမ်းပိုဒ်၌ "ရေ" နှင့် "အသွေး" ဟူသော အသုံးအနှုန်းကို ကျွန်ုပ်တို့မည်သို့ နားလည်ရပါမည်နည်း။

"ရေ" ဟူသောစကားလုံးနှင့်ပတ်သက်၍ ကျမ်းစာရှင်းလင်းချက်ရေးသားသူများ (commentators) အကြား၌ မရှင်းမလင်းနှင့် ရှုပ်ထွေးနေမှုတချို့ရှိနေပါသည်။ အချို့က "ရေ" ဟူသောစကားလုံးကို ရေနှစ်ခြင်းခံခြင်းအား ရည်ညွှန်းသည့်အရာအဖြစ် ရှုမြင်ထားကြသည်။ သခင်ယေရှုသည် ရေနှစ်ခြင်းခံခြင်း (ဗတ္တိဇံခံခြင်း)ဖြင့် မိမိကိုယ်ကို ဤလောကကြီးအား ထုတ်ဖော်ပြသခဲ့သည်။ ဗတ္တိဇံယောဟန်အားဖြင့် မိမိဗတ္တိဇံခံပြီးနောက်တွင် သခင်ခရစ်တော်သည် မိမိ၏လူထုအလယ် သာသနာပြုခြင်းအမှုတော်ကို စတင်ခဲ့သည်။ ဤဗတ္တိဇံခံချိန်တွင် ဘုရားသခင်၏ ဝိညာဉ်တော်သည် သူ့အပေါ်၌ ဆင်းသက်တော်မူခဲ့သည်။ ထိုနေ့ ထိုနေရာ၌ ရောက်ရှိနေခဲ့ကြသော သူများက သခင်ခရစ်တော်အား မိမိအလွန်ချစ်မြတ်နိုး ရသောသားအဖြစ် ခမည်းတော်ကြွေးကြော်သည့်အသံကို ကြားခဲ့ကြသည်။ သခင်ခရစ်တော် ဗတ္တိဇံခံခြင်းသည် သူ့အား ဘုရားသခင်၏သားဖြစ်ကြောင်း လူသိရှင်ကြား ဤလောကကြီး အား ပြောလိုက်ခြင်းပင်ဖြစ်သည်။

အခြားသူများကလည်း "ရေ" ဟူသောစကားလုံးကို သခင်ခရစ်တော်၏ ရုပ်ခန္ဓာ အားဖြင့် မွေးဖွားခြင်းအရာအား ရည်ညွှန်းခြင်းဖြစ်သည်ဟု ရှုမြင်ထားကြသည်။ ယောဟန် ၃း၅က ကျွန်ုပ်တို့သည် ရေအားဖြင့်လည်းကောင်း၊ ဝိညာဉ်တော်အားဖြင့်လည်းကောင်း မွေးဖွားကြရမည်ဟု ကျွန်ုပ်တို့ကို ပြောပြထားသည်။ မီးဖွားချိန်တွင် ရေမွှာ ဦးစွာပေါက်ထွက် လာ၍ ကလေးကိုဖွားမြင်ရသည်။ ဤအချက်သည် ဖော်ပြပါကျမ်းပိုဒ်၏ အနက်ဖွင့်ပြန်ဆို ခြင်းသာဖြစ်ခဲ့လျှင် ဘုရားသခင်၏သားတော်ဖြစ်တော်မူသော သခင်ယေရှုသည် မိမိ၏ ရုပ်ခန္ဓာအရ ဖွားမြင်ခြင်းဖြင့် ကိုယ့်ကိုကိုယ် ဤလောကကြီးအား ထုတ်ဖော်ပြသခဲ့သည်ဟု ဆိုရမည်။ သူသည် လူ့အသွေးအသားခန္ဓာကို ယူဆောင်၍ မာရိ၏ ဝမ်းထဲ၌သန္ဓေတည်

ကာ၊ ကျွန်ုပ်တို့အလယ်၌ သာမန်ဖွားမြင်ခြင်းဖြင့် မွေးဖွားခဲ့ပါသည်။

ရှင်ယောဟန်က သခင်ယေရှုသည် (ရေအားဖြင့်သာ) လူ့အသွေးအသားခန္ဓာကို ရယူခြင်းဖြင့် ကျွန်ုပ်တို့ထံ၌ ကိုယ့်ကိုကိုယ် ထုတ်ဖော်ပြသခဲ့သည်မဟုတ်၊ "အသွေး"အား ဖြင့်လည်း ထုတ်ဖော်ပြသခဲ့သည်ဟု ကျွန်ုပ်တို့ကို ပြောပြထားသည်။ သမ္မာကျမ်းစာ ရှင်းလင်း ချက်ရေးသားသူအများစုက "အသွေး" ဟူသောစကားလုံးသည် ကျွန်ုပ်တို့၏အပြစ်များ အတွက် ကားတိုင်ထက်၌ သခင်ခရစ်တော် အသေခံခြင်းအမှုကို ရည်ညွှန်းသည်ဟု သဘော တူထားကြသည်။ သခင်ခရစ်တော်ကို ရုပ်ခန္ဓာအားဖြင့် ကျွန်ုပ်တို့မတွေ့မြင်ဖူးကြသော်လည်း သူသည် ကားတိုင်အားဖြင့်ကိုယ့်ကိုကိုယ် ကျွန်ုပ်တို့ထံ၌ ထုတ်ဖော်ပြသခဲ့ပါသည်။ တိုင်း နိုင်ငံအသီးသီးမှ မရေမတွက်နိုင်သောလူများသည် ကာတိုင်ထက်၌အသေခံခဲ့သော သခင် ခရစ်တော်အားဖြင့် ဘုရားသခင်ကို တွေ့မြင်ခဲ့ကြပါသည်။ ဖြစ်ရပ်တစ်ခုတွင် သခင်ယေရှုက မိမိ၏တပည့်တော်များအား သူ့ကိုမြေကြီးနှင့်ခွါလျှက် မြှောက်ထားခြင်းခံရသောအ ချိန်(ကားတိုင်တင်ခံရသောအချိန်)တွင် လူအပေါင်းတို့ကို သူ့ထံသို့ ဆွဲယူမည်ဟု ပြောခဲ့သည် (ယောဟန် ၁၂း၃၂)။

သခင်ယေရှုခရစ်တော်၏ လုပ်ဆောင်ခဲ့သောအမှုတော်သည် ကျွန်ုပ်တို့ယုံကြည် ထားချက်များအားလုံး၏အဓိကဗဟိုချက်ဖြစ်သည်။ ကျွန်ုပ်တို့၏မျှော်လင့်ချက်သည် ကားတိုင်ထက်၌ အပြီးအပြတ်သူလုပ်ဆောင်သွားခဲ့သည့် အမှုတော်ပေါ်တွင် ခိုင်ခန့်စွာ တည်ဆောက်ထားသည်။ သို့သော် သခင်ခရစ်တော်ပြခဲ့သောအမှုသည် ကျွန်ုပ်တို့၏ လိုအပ် ချက်များအတွက် လုံလောက်ပါသည်ဟု ကျွန်ုပ်တို့မည်သို့သေချာနိုင်မည်နည်း။ ရှင်ယောဟန် က သခင်ယေရှုနှင့် သခင်ယေရှုလုပ်ဆောင်သွားခဲ့သည့် အမှုတော်အတွက် သက်သေ သုံးပါးကို ကျွန်ုပ်တို့အား အသိပေးထားပါသည်။ ဤသက်သေသုံးပါးကို အတိုချုံး၍ လေ့လာ ကြည့်ကြပါစို့။

အခန်းငယ် ၇ နှင့် ၈ တွင် ရှင်ယောဟန်က ဤသက်သေသုံးပါးမှာ "ဝိညာဉ်တော်၊ ရေ နှင့် အသွေး" တို့ဖြစ်သည်ဟု ကျွန်ုပ်တို့ကို ပြောပြထားသည်။ ဝိညာဉ်တော်ဟူသော

အသုံးအနှုန်းအားဖြင့် ရှင်ယောဟန်သည် သန့်ရှင်းသောဝိညာဉ်တော်ကို ရည်ညွှန်းဟန်ရှိသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သခင်ယေရှုအားဝိညာဉ်တော်နှင့်ပြည့်ဝစေခြင်းဖြင့်လည်းကောင်း၊ အံ့ဖွယ်နိမိတ်လက္ခဏာများအားဖြင့် သခင်ယေရှု၏ အသက်တာ၌ ဘုရားသခင်၏တန်ခိုးတော်ကို လက်တွေ့ပြသခြင်းဖြင့်လည်းကောင်း၊ သခင်ယေရှုနှင့် ထိုသခင်ပြုလုပ်ခဲ့သော အမှုတော်ကို သက်သေခံခဲ့သည်။ ထို့အပြင် အလားတူသန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးများကို ဝိညာဉ်တော်နှင့်ပြည့်ဝစေလျှက် သခင်ယေရှုက မိမိမည်သူဖြစ်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့မှုများသည် စစ်မှန်သောအရာများဖြစ်ကြောင်း ကျွန်ုပ်တို့ အာမခံပေးထားပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်ကိန်းဝပ်သောသူများက သခင်ယေရှုသည် ၎င်းတို့ကိုအပြစ်ဒုစရိုက်မှကယ်တင်ရန် ဆင်းကြွလာသော ဘုရားသခင်၏သားတော်ဖြစ်သည်ဟု သိထားကြသည်။

သခင်ယေရှုနှင့် ထိုသခင်လုပ်ဆောင်ခဲ့သော အမှုအတွက်ဒုတိယသက်သေမှာ "ရေ" ဖြစ်သည်။ ရေသည်သခင်ယေရှု၏ ရုပ်ခန္ဓာအားဖြင့်မွေးဖွားခြင်းနှင့် သခင်ယေရှု၏ အသက်တာကိုကိုယ်စားပြုကြောင်း ကျွန်ုပ်တို့ပြောခဲ့ပြီးဖြစ်သည်။ သခင်ယေရှု၏ အသက်တာကို လေးလေးနက်နက်စမ်းစစ်လေ့လာသောသူသည် သခင်ယေရှုထုတ်ဖော်ပြောကြားထားချက်များသည် မှန်ကန်ကြကြောင်းကို နားလည်သဘောပေါက်ပါလိမ့်မည်။ သခင်ယေရှုသည် အပြစ်ဒုစရိုက်ကို ကျူးလွန်ခဲ့သည့်အကြောင်း ကျွန်ုပ်တို့မတွေ့ရှိခဲ့ပါ။ ခမည်းတော်ဘုရား၏ အကျင့်စရိုက်လက္ခဏာကို သခင်ယေရှု၌ကျွန်ုပ်တို့အတွက် ထုတ်ဖော်ပြောပြခဲ့သည်ကိုကျွန်ုပ်တို့တွေ့မြင်ရသည်။ ခမည်းတော်၏ ချစ်ခြင်းမေတ္တာနှင့် သန့်ရှင်းခြင်းကို သခင်ယေရှု၏လောက၌ အသက်ရှင်စဉ်တွင် လက်တွေ့သက်သေပြသခဲ့ကြောင်း ကျွန်ုပ်တို့တွေ့မြင်ရသည်။ သူ့ရဲ့မေတ္တာတရား၊ အပြစ်ကင်းသောအသက်တာ၊ အတ္တကင်းမဲ့သောချစ်ခြင်းမေတ္တာများက သူကိုယ်သူမည်သူမည်ဝါဖြစ်ကြောင်း ပြောပြခဲ့သည့် အတိုင်းသူဖြစ်ခဲ့ကြောင်းကို ကျွန်ုပ်တို့အား သက်သေထူပြထားကြပါသည်။

"ရေ" စသည့် ဗတ္တိဇံခံခြင်းကို ရည်ညွှန်းသည်ဟု ရှုမြင်သောသူများအတွက် ၎င်း

သည် သခင်ယေရှုနှင့် ထိုသခင်ပြုလုပ်ခဲ့သော အမှုတော်အတွက် သက်သေခံပင်ဖြစ်ပါသည်။ သခင်ယေရှု ဗတ္တိဇံခံခဲ့သောနေ့တွင် အနီးအနားမှလူများက သူသည်ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း ကြေငြာချက်ကို ကောင်းကင်ထက်မှ အသံတစ်ခုအားဖြင့်ကြားခဲ့ ကြသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သူ့အပေါ်၌ ချိုးငှက်အသွင်ဖြင့် ဆင်းသက်ခဲ့ ကြောင်းကို သူတို့တွေ့မြင်ခဲ့ကြသည်။ ဤအရာသည် သခင်ယေရှုက မိမိမည်သူမည်ဝါဖြစ် ကြောင်း ထုတ်ဖော်ပြောပြခဲ့သည့်အတိုင်း အမှန်ဖြစ်၍ သူလုပ်ဆောင်သော အမှုတော်သည် ခမည်းတော်ဘုရား၏ အမှုတော်ဖြစ်ကြောင်း အတည်ပြုချက်ပင်ဖြစ်သည်။

သခင်ယေရှုနှင့် သခင်ယေရှုလုပ်ဆောင်ခဲ့သော အမှုတော်အတွက်တတိယ သက်သေမှာ "အသွေး" ဖြစ်သည်။ ဤအချင်းအရာကို သခင်ယေရှု ကားတိုင်ထက်၌ ကျွန်ုပ် တို့၏အပြစ်အတွက် အသေခံခဲ့ခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ နားလည်းသဘောပေါက်ထားကြ သည်။ ဤအသေခံခြင်းသည် ဓမ္မဟောင်းကျမ်းမှပရောဖက်ပြုထားချက်များအားလုံးကို စုံစုံလင်လင်ပြီးပြည့်စုံသွားစေခဲ့သည်။ အလားတူ အသေခံခြင်းကို ရှင်ပြန်ထမြောက်ခြင်းအား ဖြင့် ဘုရားသခင်ကအသိအမှတ်ပြုခဲ့သည်။ ဤအသေခံခြင်းအားဖြင့် မြောက်များစွာသော လူတို့၏အသက်တာများ ပြောင်းလဲသွားခဲ့သည်။ ဤသက်သေများအားလုံးသည် ပြည့်ပြည့်စုံစုံ သဘောတူကိုက်ညီနေကြပါသည်။ မည်သည့်သက်သေပြချက်ကို ကျွန်ုပ်တို့ နောက်ထပ်လိုအပ်ပါသနည်း။

သခင်ယေရှု ထုတ်ဖော်ပြောပြထားချက်များသည် မှန်ကန်ကြောင်း သက်သေပြ သည့် နောက်ထပ်သက်သေရှိပါသေးသည်။ သင်သည် ယုံကြည်သူတစ်ဦးဖြစ်လျှင် ဤ သက်သေခံချက် (သို့) သက်သေကို သင့်စိတ်နှလုံး၌ ရှိထားပါသည်။ သင့်အထဲ၌ရှိနေသော ဘုရားသခင်၏ ဝိညာဉ်တော်က သခင်ယေရှု ထုတ်ဖော်ပြောပြထားချက်များသည် မှန်ကန် ကြောင်း သင့်ကို အာမခံပေးနေပါသည်။ သခင်ယေရှုက မိမိ၏ဖြစ်တည်မှုကို ထုတ်ဖော် ပြောပြခဲ့သည့်အဆိုအတိုင်း အမှန်ဖြစ်ကြောင်း သင့်စိတ်နှလုံးထဲ၌ သက်သေခံအတည်ပြု ပေးနေသူမှာ အခြားသူမဟုတ်၊ ဘုရားသခင်ကိုယ်တိုင်ဖြစ်နေပါသည်။ ကျွန်ုပ်တို့၏ လူသား

မိတ်ဆွေများထံမှ ကြားရသော သက်သေခံချက်များကို ကျွန်ုပ်တို့သံသယပွားဖို့ အကြောင်းပြချက်ရှိကောင်းရှိနိုင်မည်ဖြစ်သော်လည်း ဘုရားသခင်ကိုယ်တိုင် ပြုလုပ်သော သက်သေခံချက်ကိုမူ ကျွန်ုပ်တို့ သံသယမပွားနိုင်ပါ။

ရှင်ယောဟန်က သခင်ခရစ်တော်၏ ထုတ်ဖော်ပြောကြားထားချက်များကို ငြင်းပယ်ရန်မှာဖြစ်နိုင်ချေရှိသောအရာကြောင်းပြောပြထားပါသည်။ သို့သော် ထိုသို့ငြင်းပယ်ခြင်းသည် ဘုရားသခင်ကို လိမ်လည်လှည့်ဖြားသူဟု ပြောရာကျပေမည်။ သခင်ယေရှုက မိမိကိုယ်ကိုဘုရားသခင်၏ သားတော်ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားချိန်တွင် သင်သည် သူ့ကိုယုံကြည်ဖို့ ငြင်းပယ်သောအခါ သူ့ကိုလူလိမ်ဟုပြောနေခြင်းပင်ဖြစ်သည်။ ထာဝရအသက်ကို သခင်ယေရှု၌သာတွေ့နိုင်ပါသည်။ ထိုသခင်ကိုလည်းကောင်း၊ ထိုသခင်၏ပြောဆိုထားချက်ကိုလည်းကောင်း ငြင်းပယ်ခြင်းသည် အသက်ကိုငြင်းပယ်ခြင်းဖြစ်သည်။ သခင်ခရစ်တော်ကို ငြင်းပယ်သောသူသည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေခံရမည်မဟုတ်ပါ။

အချုပ်အားဖြင့်ဆိုရသော်၊ ဤကျမ်းပိုဒ်၌ ရှင်ယောဟန်က မိမိ၏စာဖတ်ပရိတ်သတ်များအား ဘုရားသခင်ဖြစ်ပွားစေတော်မူသော သူတို့သည် သခင်ယေရှုခရစ်ကို ယုံကြည်ကြသည်ဟု ဖော်ပြထားသည်။ ဤယုံကြည်ခြင်းသည် သခင်ခရစ်တော်၏ ထုတ်ဖော်ပြောပြထားချက်များအား ဂရုတစိုက်စမ်းစစ်လေ့လာမှု၌ အခြေခံထားရုံသာမမဟုတ်၊ သူတို့၏အသက်တာ၌ လက်တွေ့ခံစားချက်များတွင်လည်း အခြေခံထားပါသည်။ သခင့်၏ချစ်ခြင်းမေတ္တာဖြင့် ပြည့်လျှံစီးဆင်နေသောသူများရှိသည်။ သူတို့သည်ဤလောကနှင့် ၎င်း၏စုံစမ်းနှောက်ယှက်ခြင်းများကို သူတို့၏အသက်တာ၌ အလုပ်လုပ်နေသော သခင်၏တန်ခိုးတော်အားဖြင့် အောင်နိုင်နေကြပါသည်။ သူတို့သည် သခင်ခရစ်တော်က သူ့ကိုယ်သူ မည်သူမည်ဝါဖြစ်ကြောင်း ပြောခဲ့သည့်အတိုင်း အမှန်တကယ်ဖြစ်ကြောင်း သက်သေပြချက်ကို သခင်ခရစ်တော်၏ အသက်တာနှင့် အသေခံခြင်းတို့၌တွေ့မြင်ကြရပါသည်။ သူတို့၌ သခင်ယေရှုသည် ခရစ်တော်ဖြစ်သည်ဟူသော ဝိညာဉ်တော်ကပေးထားသည့် နက်နဲသော နားလည်သဘောပေါက်မှုကိုရှိထားသည်။ သူတို့သည် သခင်ယေရှုကိုထာဝရအသက်

အတွက် ၎င်းတို့၏တစ်ခုတည်းသော မျှော်လင့်ချက်အဖြစ် တွယ်ကပ်ထားကြသည်။ သခင့်၏ မျက်မှောက်ပြုခြင်းကိုလည်း အသက်တာ၌ သူတို့ခံစားကြသည်။ သခင်ယေရှုသည် သူပြော သည့်အတိုင်းဖြစ်တည်ကြောင်းကို သံသယမရှိကြပါ။ သင်သည် သခင်ယေရှု၌လည်းကောင်း၊ ထိုသခင်ထုတ်ဖော်ပြောဆိုချက်များ၌လည်းကောင်း မယုံကြည်လျှင် သင့်ကိုသင် ဘုရား သခင်၏ သားသမီးအဖြစ် မှတ်ယူရန် အခြေအမြစ်မရှိပါဟု ရှင်ယောဟန်ကပြောသည်။ ဘုရားသခင်ဖြစ်ပွားစေတော်မူသောသူတို့က သခင်ယေရှုသည်ခရစ်တော်ဖြစ်သည်ဟု ယုံကြည်ကြသည်။

## စဉ်စားသုံးသပ်ရန်အချက်များ

- သင်သည်အသစ်သော မွေးဖွားခြင်းကို ကြုံတွေ့ခံစားခဲ့ရကြောင်း အထောက် အထား သင့်အသက်တာ၌ရှိပါသလား။
- သခင်ယေရှုနှင့် ထိုသခင်လုပ်ဆောင်ခဲ့သော အမှုတော်နှင့်စပ်လျဉ်း၍ ဤအခန်း၌ ရှင်ယောဟန်ကဖော်ပြပေးထားသည့် သက်သေအထောက် အထားများကို စမ်းစစ်လေ့လာဖို့အချိန်ယူပါ။ သခင်ယေရှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ သူလာရောက်၍အထမြောက် ပြည့်စုံစေခဲ့သော အမှုနှင့် စပ်လျဉ်း၍လည်းကောင်း သံသယစိတ်ရှိနိုင်ပါသလား။
- လူတစ်ယောက်သည် သခင်ယေရှု ထုတ်ဖော်ပြောကြားချက်ကို မယုံကြည်ပဲ ခရစ်ယာန်တစ်ယောက် ဖြစ်နိုင်ပါသလား။

## ဆုတောင်းရန်အချက်များ

- ဘုရားသခင်သည် မိမိ၏သားတော်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ထိုသား တော်လုပ်ဆောင်သောအမှုနှင့် စပ်လျဉ်း၍လည်းကောင်း အာမခံချက်ကို ကျွန်ုပ်တို့အား ပေးထားခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။

- သခင်ယေရှုကို ခရစ်တော်အဖြစ် လက်မခံသေးသော သင့်ရဲ့မိတ်ဆွေများနှင့် သင်ချစ်ရသောသူများသည် ဤသမ္မာတရားများကို လွယ်လင့်တကူ နားလည်နိုင်ဖို့ ဖန်တီးပေးရန် ဘုရားသခင်ကိုတောင်းလျှောက်ပါ။
- သခင်ယေရှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ ထိုသခင်ထုတ်ဖော်ပြောကြားထားချက်များနှင့် စပ်လျဉ်း၍လည်းကောင်း သင့်စိတ်နှလုံး၌ ရှိနေနိုင်သည့် သံသယစိတ်ကို ဖယ်ရှားပေးဖို့ ဘုရားသခင်ကိုတောင်းလျှောက်ပါ။

၁၂

# သေပြစ်သင့်သောဒုစရိုက်

၁ ယော ၅း၁၃-၂၁ ကိုဖတ်ရှုပါ။

ရှင်ယောဟန်ဩဝါဒစာပထမစောင်၏အဆုံးပိုင်းကို ကျွန်ုပ်တို့ရောက်လာသည်နှင့် အမျှ တမန်တော်ကြီးက အခန်းငယ် ၁၃ တွင် ဤစာစောင်၏ရည်ရွယ်ချက်ကို ပြန်လည် အသိပေးထားသည်။ ကျွန်ုပ်တို့၌ ထာဝရအသက်ရရှိထားကြောင်းကို ကျွန်ုပ်တို့သိမည့်အ ကြောင်း ဤစာစောင်ကိုသူရေးသားခဲ့ခြင်းဖြစ်သည်။ ဤစာစောင်တွင် ရှင်ယောဟန်က ကျွန်ုပ်တို့အား စစ်မှန်သော ယုံကြည်သူတစ်ယောက်၏ဆိုလိုရင်းအနှစ်သာရကို ဖော်ပြပေး ထားသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်း စစ်မှန်မှုရှိမရှိကို စိစစ်ဆုံးဖြတ်ရန်ကူညီပေးဖို့ စမ်းသပ် ချက်များကို ကျွန်ုပ်တို့အားပေးခဲ့သည်။ သူ၏စာစောင်သည် ကျွန်ုပ်တို့အား မိမိ၏စိတ်ဝိညာဉ် ထဲသို့ နက်နက်နဲနဲကြည့်ရှုစစ်ဆေးစေခဲ့သည်။ ဤစာစောင်သည် သင့်အား သင့်ရဲ့ယုံကြည် ခြင်း၌ အတည်ပြုပေးခဲ့မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် စစ်မှန်ကြောင်း သက်သေထူခဲ့လျှင် ရှင်ယောဟန် က ဤနိဂုံးပိုင်းတွင် ကျွန်ုပ်တို့အား ကတိတစ်ခုပေးထားပါသည်။ သူကကျွန်ုပ်တို့အား ဘုရား သခင်ကို ရဲရင့်ခြင်းနှင့်အတူ တိုးဝင်ချဉ်းကပ်နိုင်ကြောင်းပြောပြသည်။ အလိုတော်နှင့်အညီ အရာခပ်သိမ်းကို ကျွန်ုပ်တို့ တောင်းလျှောက်နိုင်ပြီး၊ ကျွန်ုပ်တို့၏တောင်းဆိုချက်ကို ဘုရား

သခင်ကနားညောင်းပေးပါလိမ့်မည်။ သခင်ဘုရားကသူ့ကိုသိကျွမ်းဖို့ သင့်စိတ်နှလုံး၌ ဝန်ထုပ်တစ်ခုကို တင်ထားလျှင် သင်သည် သူ့ကိုခေါ်သောအခါ သူထူးတော်မူမည့်အကြောင်း သင်စိတ်ချထားနိုင်ပါသည်။ သင်သည် သင့်ရဲ့အပြစ်ဒုစရိုက်ကို အောင်နိုင်ဖို့ ဘုရားသခင်ထံ၌ တောင်းလျှောက်သောအခါ သူသည်သင့်ရဲ့ဆုတောင်းသံကို နားညောင်း၍အဖြေပေးမည့်အကြောင်း သင်စိတ်ချထားနိုင်ပါသည်။ ရဲရင့်ခြင်းနှင့်တကွ သူ့ထံ၌ တိုးဝင်ချဉ်းကပ်၍ ကတိတော်ပေးထားချက်ကို ရယူကြပါစို့။ ကျွန်ုပ်တို့တောင်းလျှောက်နေသောအရာသည် သခင်၏အလိုတော်နှင့် ကိုက်ညီကြောင်းကို ကျွန်ုပ်တို့သိလျှင် သူသည်ကျွန်ုပ်တို့ကို နားညောင်း၍ ကျွန်ုပ်တို့၏ဆုတောင်းချက်များကို ဖြေကြားပေးမည့်အကြောင်း စိတ်ချထားပါ။ ကျွန်ုပ်တို့အနေနှင့် သူ့ကိုစောင့်စား၍ သူ၏လမ်းပြဦးဆောင်ခြင်းကို ဝန်ခံဖို့ပင်ဖြစ်သည်။

ကျွန်ုပ်တို့၏ဆုတောင်းသံကို ဘုရားသခင်နားညောင်းပေးမည်ဟူသော ကတိတော်သည် သခင်ခရစ်တော်၌တည်သောကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမများအတွက် တောင်းလျှောက်ပေးသော ကျွန်ုပ်တို့၏ဆုတောင်းချက်များနှင့်လည်း သက်ဆိုင်ပါသည် (ငယ် ၁၆ ကိုကြည့်ပါ)။ အခြားသူများသည် အပြစ်ဒုစရိုက်၌ပြိုလဲနေကြသည်ကို ကျွန်ုပ်တို့ တွေ့မြင်သောအခါ ထိုသူတို့ကိုအပြစ်၏ချည်နှောင်ခြင်းများမှလည်းကောင်း၊ သေခြင်းမှလည်းကောင်း လွှတ်ပေးဖို့ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ၌ အသနားခံတောင်းလျှောက်ပေးသင့်သည်။ သူတို့သည် မိမိတို့ကယ်တင်ခံရခြင်း၏ဝမ်းမြောက်ခြင်းကို ပြန်လည်သိမြင်ခံစားမည့်အကြောင်း သူတို့၏ဝိညာဉ်ရေးရာအသက်တာများကို မူလအခြေအနေသို့ ပြန်လည်ပြုပြင်ထားရှိပေးဖို့ ကျွန်ုပ်တို့ဘုရားသခင်ထံ၌ တောင်းလျှောက်ရမည်။

ကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမများအားကယ်လွှတ်ပေးဖို့ တောင်းလျှောက်သော ကျွန်ုပ်တို့၏ ဆုတောင်းသံကို ဘုရားသခင်ကနားညောင်းပေးမည့်အကြောင်း ရှင်ယောဟန်က ပြောထားသည်။ ဆုတောင်းခြင်းတွင် အံ့မခန်းကြီးမားသောတန်ခိုးတော်ရှိပါသည်။ ကျွန်ုပ်တို့ရဲ့ညီအစ်ကိုမောင်နှမများ၏ဝိညာဉ်ရေးရာအခြေအနေကို ကျွန်ုပ်တို့၏ပုံမှန် ဆုတောင်းချက်များအဖြစ်ဖန်တီးကြရမည်။ အသင်းတော်တစ်ပါးအနေဖြင့် ကျွန်ုပ်တို့သည် အပြစ်

ဒုစရိုက်၌လဲကျနေကြသော မိတ်ဆွေယုံကြည်သူများအတွက် ကျွန်ုပ်တို့၏ဆုတောင်းသံများ ကိုပေါင်းစည်းကြဖို့လိုအပ်သည်။ ဘုရားသခင်က ကျွန်ုပ်တို့၏ ဆုတောင်းသံကို နားညောင်း၍ ဦးတည်ရာမဲ့ လမ်းပျောက်နေသူများကို မူလအခြေအနေ၌ ပြန်လည်ပြုပြင်ထားရှိမည်ဟု ကတိပေးထားသည်။

သို့သော် ရှင်ယောဟန်က ကျွန်ုပ်တို့ကို "သေပြစ်သင့်သောဒုစရိုက်ရှိ၏" ဟုပြောပြ ထားကြောင်း သတိပြုပါ (၄ယ် ၁၆)။ ထိုသို့သောဒုစရိုက်ကို ကျူးလွန်သောသူကို ဘုရား သခင်က ရွေးနှုတ်လိမ့်မည်ဟု သေချာစိတ်ချမှုနှင့်အတူ ကျွန်ုပ်တို့ဆုမတောင်းနိုင်ကြောင်း ရှင်ယောဟန်က ကျွန်ုပ်တို့ကိုပြောပြသည်။

ဘုရားသခင်က မိမိ၏ပရောဖက်ယေရမိအား ယေရမိ ၁၄း၁၁-၁၂ တွင်ပြောပြထား သည့်အရာကို နားထောင်ကြည့်ပါ။

> "ဤလူမျိုးအဖို့ ဆုမတောင်းနှင့်။ သူတို့သည် အစာရှောင်ခြင်းအကျင့်ကို ကျင့်သော အခါ သူတို့အော်ဟစ်သံကို ငါနားမထောင်။ မီးရှို့ရာယဇ်ကိုသော်၎င်း၊ ပူဇော်သက္ကာ ကို၎င်း၊ ဆက်ကပ်သောအခါ ငါလက်မခံ။ စားဘေး၊ မွတ်သိပ်ခြင်းဘေး၊ ကာလနာ ဘေးဖြင့် သူတို့ကို ငါဆုံးမစေမည်။"

အလားတူ အကြောင်းအရာကို ဘုရားသခင်က ယေရမိ ၇း၁၆တွင်လည်း ပြောခဲ့ သည်။

> "သင်သည်လည်း ဤလူမျိုးအဖို့ ပဌနာမပြုနှင့် သူတို့အဖို့အော်ဟစ်ခြင်း၊ ဆုတောင်း ခြင်းကို မပြုနှင့်။ ငါ့ကိုမသွေးဆောင်နှင့် သင်၏စကားကို ငါးနားမထောင်။"

ဤနေရာတွင် သခင်ဘုရားက ဣသရေလလူမျိုးများ၏ အကြောင်းကို ပြောပြနေပါ သည်။ သူတို့သည် ဘုရားသခင်ကို ကျောခိုင်းခဲ့ကြသည်။ သူတို့သည် ဘုရားသခင်၏ ပရော ဖက်များကို နာခံခြင်းမရှိခဲ့ကြ။ ဘုရားသခင်သည် သူတို့ကို စကားနားထောင်၍နောင်တရ ကြဖို့ အခွင့်အရေးများကို ပေးခဲ့သော်လည်း သူတို့က ငြင်းပယ်ခဲ့ကြသည်။ ဘုရားသခင်သည် ယခုတွင်သူတို့အပေါ်၌ တရားစီရင်ချက်ကို ချမှတ်လိုက်ပြီဖြစ်သည်။ သူတို့သည် မိမိတို့၏

အပြစ်ဒုစရိုက်၌ သေဆုံးခဲ့ကြလိမ့်မည်။ ယခုတွင် သူတို့အတွက် ဆုတောင်းပေးခြင်းသည် အသုံးမဝင်တော့ပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏တရားစီရင်ခြင်းသည် နောက်ဆုံးအဆင့်ကို ရောက်ရှိနေပြီဖြစ်သောကြောင့်ဖြစ်သည်။

တမန်တော် ၅ တွင် အာနနိနှင့် ရှာဖိရေတို့က မိမိတို့၏ ပိုင်ဆိုင်မှုများကို ရောင်းချခြင်းမှ ရရှိလာသော ငွေကြေးနှင့် ပတ်သက်၍ သန့်ရှင်းသောဝိညာဉ်တော်ကို လှည့်စားခဲ့ကြသည်။ သူတို့၏အပြစ်ဒုစရိုက်ကြောင့် ဘုရားသခင်ကသူတို့ကို ထိုနေရာ၌ပင် လဲ၍သေစေခဲ့သည်။ သူတို့ပါဝင်လုပ်ဆောင်ခဲ့သောအရာသည် ဘုရားသခင်ကို တမင်သက်သက် မနာခံခြင်းဖြစ်သည်။ သူတို့အနေဖြင့် မှန်ကန်သောလုပ်ရပ်ကိုသိခဲ့ကြသော်လည်း ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ဖို့ ရွေးချယ်ခဲ့သည်။ သူတို့သည်နောင်တမရတတ်သောသူဖြစ်ကြ၍၊ ဘုရားသခင်က ရုပ်ခန္ဓာ၌ သခြင်းဖြင့် သူတို့ကိုတရားစီရင်ခဲ့သည်။

၁ ကော ၁၁း၃၀ တွင် လူအချို့က ဘုရားသခင်၏ပွဲတော်သို့ မထိုက်တန်သော အပြုအမူဖြင့် ပါဝင်စားသောက်ခဲ့ကြသည်။ သူတို့သည် မိမိတို့၏အပြစ်ကို ဝန်ခံရန်ဆန္ဒမရှိပဲ၊ ပွဲတော်ကိုပါဝင်ဆင်နွှဲရန် သခင်ဘုရား၏ နာမတော်ဖြင့် ဝင်ရောက်လာခဲ့ကြသည်မှာ ထင်ရှားသည်။ ဤအချင်းအရာကြောင့် ကောရိန္သုမြို့ရှိ အသင်းတော်မှ အသင်းဝင်များစွာမှာ သေဆုံးခဲ့ကြကြောင်း ရှင်ပေါလုကအသင်းတော်အားပြောပြခဲ့သည်။ ဘုရားသခင်ကို ကဲ့ရဲ့ရှုတ်ချခြင်း၊ ခေါင်းမာလျှက် ဟန်ဆောင်တတ်သော အပြစ်များကြောင့် ဘုရားသခင်သည် သူတို့ကိုတရားစီရင်ခဲ့သည်။

၁ ကော ၅း၅ တွင်ရှင်ပေါလုက ကောရိန္သုအသင်းတော်အား ၎င်းတို့အထဲမှအသင်းဝင်တစ်ယောက်သည် မတရားသော မေထုန်မှီဝဲခြင်းအပြစ်ကို ကျူးလွန်နေကြောင်း ပြောပြခဲ့သည်။ ရှင်ပေါလုက အသင်းတော်အား ထိုသူတို့ကို အသင်းတော်မှနှင်ထုတ်၍ စာတန်၏လက်၌ အပ်နှံကြရန်ပြောခဲ့သည်။ ထိုသို့ပြုခြင်းဖြင့် သူ၏ကိုယ်ခန္ဓာဖျက်ဆီးခံရမည်ဖြစ်သော်လည်း သူ၏ဝိညာဉ်မှာကယ်တင်ခြင်းခံရမည်ဖြစ်သည်။

လူတစ်ဦးတစ်ယောက်၌ စိတ်နှလုံးမာကြောမှုကြောင့် ဘုရားသခင်က ထိုသူကို

သေဒဏ်စီရင်သည့်အချိန်များရှိသည်။ ထိုပုဂ္ဂိုလ်များသေဆုံးခြင်းအားဖြင့် မည်သည့်အရာများအထမြောက်ပြည့်စုံခဲ့သနည်း။ အာနာနိနှင့် ရှာဖိရေတို့၏ အမှုကိစ္စတွင် အသင်းတော်တစ်ခုလုံး သခင်ဘုရားကို ကြောက်ရွံ့ရိုသေခဲ့ကြသည် (တမန်တော် ၅း၅)။ အသင်းတော်တစ်ခုလုံးကို နောင်တရခြင်းနှင့် ဘုရားသခင်အား ကြောက်ရွံ့ရိုသေခြင်းကို ဖြစ်စေသည့် ဘုရားသခင်၏ တရားစီရင်ခြင်းကို ထိုသို့မျက်မြင်ကိုယ်တွေ့ တွေ့မြင်ရခြင်းတွင် အကျိုးရလာဒ်အချို့ရှိနေသည်။ အပြစ်ကျူးလွန်နေသောသူ၏သေခြင်းဖြင့် ဘုရားသခင်သည် ထိုအပြစ်ကျူးလွန်သူများကို ပို၍နက်နဲသော ဆန်ကျင့်ပုန်ကန်ခြင်း၌ ကျရောက်သွားခြင်းမှလည်းကောင်း၊ အခြားသူများကို သူတို့နှင့်အတူ ဖြားယောင်းခေါ်ဆောင်သွားခြင်းမှလည်းကောင်း ဆီးတားပေးပါသည်။ အပြစ်ဒုစရိုက်ကို အသင်းတော်ထဲမှ ဖယ်ရှားခဲ့ပြီး၊ အသင်းတော်အနေနှင့်လည်း ရှေ့သို့ဆက်သွားနိုင်ခဲ့သည်။

ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည်ယနေ့တွင် ထိုသေဒဏ်စီရင်ခြင်းမှ မည်သည့်အကာအကွယ်ကို ရှိထားကြပါသနည်း။ ကျွန်ုပ်တို့၏ စိတ်နှလုံးများ မာကျောနေမှုကိုလည်းကောင်း၊ ကျွန်ုပ်တို့ ဇာတိသဘော၏ ခေါင်းမာမှုကိုလည်းကောင်း ကျွန်ုပ်တို့သိနေကြရသည်။ အခန်းငယ် ၁၈ တွင် ရှင်ယောဟန်က ဘုရားသခင်နှင့် စပ်ဆိုင်သောသူများသည် အပြစ်ဒုစရိုက်ကို ဆက်လက်၍ ကျူးလွန်မည်မဟုတ်၊ အကြောင်းမှာ ဘုရားသခင်သည် သူတို့ကို လုံလုံခြုံခြုံစောင့်ရှောက်ထားမည်ဖြစ်သောကြောင့် ဖြစ်သည်ဟု ပြောပြထားသည်။ ဆက်လက်၍ အခန်းငယ် ၂၀ တွင် သူကဘုရားသခင်၏ သားတော်သည် “မှန်သောဘုရားသခင်ကိုသိသော” ဉာဏ်ကိုကျွန်ုပ်တို့အား ပေးသနားဖို့ ရောက်လာခဲ့သည်ဟု ပြောပြထားသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကွယ်ကာပေးခြင်းကို နည်းလမ်းနှစ်သွယ်ဖြင့်ခံစားကြရသည်။ ပထမမှာ ဘုရားသခင်သည် ယုံကြည်သူများအား အပြစ်ဒုစရိုက်ကို ဆက်၍ဇွတ်တိုးလုပ်နေဖြင်းမှ ကွယ်ကာပေးသည်။ ဒုတိယမှာ ဘုရားသခင်သည် မိမိ၏သားတော်ကို သမ္မာတရားအားလုံးနှင့် အပြစ်လွှတ်ခြင်းအားလုံး၏ အရင်းအမြစ်အနေဖြင့် ယုံကြည်သူများထံတွင် ထုတ်ဖော်ပြသပေးသည်။

အပြစ်ဒုစရိုက်ကို ဆက်၍ ဇွတ်တိုးလုပ်နေခြင်းမှာ အလွန်လေးနက်ပြင်းထန်သော ကိစ္စဖြစ်သည်။ ဟေဗြဲဩဝါဒစာကို ရေးသားပြုစုခဲ့သောသူက ဤသို့ပြောဆိုထားသည်။

"အကြောင်းမူကား၊ သမ္မာတရားကိုသိပြီးမှ ကိုယ်အလိုသို့လိုက်၍ ပြစ်မှားပြန်လျှင် နောက်တစ်ဖန်အပြစ်ဖြေသောယဇ်ကို ပူဇော်ရာအခွင့်မရှိပဲ၊ ဒဏ်စီရင်ခြင်းကိုခံရမည်ဟု ကြောက်မက်ဖွယ်သော မျှော်လင့်ရသောအကြောင်း၊ ငြင်းဆန်သောသူတို့ကို ဖျက်ဆီးဖို့ရာ အမျက်တော်မီးလောင်ခြင်းကို ခံရသောအကြောင်းရှိ၏" (ဟေဗြဲ ၁၀း၂၆-၂၇)။

ရှင်ယောဟန်ဩဝါဒစာ ပထမစောင်၏ နောက်ဆုံးအခန်းကြီး၌ ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည့်အကြောင်းအရာများမှကြည့်လျှင် သေပြစ်သင့်သောဒုစရိုက်သည် စိတ်လိုက်ကိုယ်ပါ ဘုရားသခင်ကိုဆက်၍ ဆန့်ကျင်ပုန်ကန်ကာ သားတော်သခင်ယေရှု၏ဖြစ်တည်မှုနှင့် စပ်လျဉ်းသော ဘုရားသခင်၏သမ္မာတရား ဗျာဒိတ်တော်ကို ငြင်းပယ်ခြင်းအပြစ်ဖြစ်သည်။ ဤအပြစ်ဒုစရိုက်သည် သမ္မာတရားလမ်းကိုသိသော်လည်း ထိုသမ္မာတရားကို ကျောခိုင်းထားသောသူ၏အပြစ်ဒုစရိုက်ဖြစ်သည်။ ဤအပြစ်ဒုစရိုက်သည် ၂ ပေ ၂း၂၀-၂၂ တွင် ရှင်ပေတရုက သတိပေးခဲ့သောအရာဖြစ်သည်။

"ကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း အားဖြင့်၊ လောကီညစ်ညူးခြင်းနှင့် ကင်းလွတ်ပြီးမှ၊ တဖန်ကျော့မိ၍ရှုံးလျှင်၊ နောက်ဖြစ်ဟန်သည် ရှေးဖြစ်ဟန်ထက်သာ၍ဆိုး၏။ ဖြောင့်မတ်ခြင်းတရားလမ်းကိုသိ၍၊ မိမိခံခဲ့ပြီးသော သန့်ရှင်းသောပညတ်ကို တဖန်စွန့်ပစ်သည်ထက်၊ ထိုလမ်းကိုမသိဘဲနေသော်သာ၍ ကောင်း၏။ ခွေးသည် မိမိအန်ဖတ်ကိုပြန်၍စား၏။ ဝက်သည်လည်း ဆေးပြီးမှရွံ့တွင်လူး ပြန်၏ဟု မှန်သောစကားပုံသည် ထိုသူတို့၌ ပြည့်စုံသတည်း။"

ဘုရားသခင်သည် မိမိနှင့်စပ်ဆိုင်သောသူများကို ကွယ်ကာပေးချိန်တွင် ဘုရားသခင်ကို စိတ်လိုက်ကိုယ်ပါ ဆန့်ကျင်ပုန်ကန်၍ ဘုရားသခင်က ကိုယ့်ကိုတရားစီရင်မည် မဟုတ်ဟု မည်သူကမျှ မမျှော်လင့်သင့်ပါ။ သမ္မာတရားကိုသိသော်လည်း ထိုသမ္မာတရားကို ဆန့်ကျင်

ပုန်ကန်သောသူများသည် သမ္မာတရားကို လုံးလုံးမသိသောသူများထက်ပို၍ ဘုရားသခင် အပေါ်၌ တာဝန်ရှိသည်။ သမ္မာတရားကို ဥပေက္ခာပြု၍နေထိုင်ခြင်းသည် တစ်မျိုးဖြစ်၍၊ ကျွန်ုပ်တို့ စုံစုံလင်လင်သိရှိထားသော သမ္မာတရားကို ဆန့်ကျင်ပုန်ကန်၍ ပြုမူကျင့်ကြံခြင်း သည် ကြီးလေးသောအရာဖြစ်သည်။

ဤနေရာတွင် ရှင်ယောဟန်က မိမိ၏စာဖတ်ပရိတ်သတ်ကြီးအား သူတို့အနေဖြင့် မျှော်လင့်ချက်အားလုံးကို လက်လွှတ်ရသည့်အချိန်ရှိလာမည်ဖြစ်ကြောင်း သတိပေးထား သည်။ ဘုရားသခင်သည် ဤစာစောင်ရှိ သမ္မာတရားများကို ပုန်ကန်တတ်သောနှလုံးသားဖြင့် ဆန္ဒရှိရှိ ငြင်းပယ်သောသူများအတွက် တောင်းလျှောက်သော ဆုတောင်းသံကို နားညောင်း ၍ အဖြေပေးမည်မဟုတ်ပါ။ ဤအချင်းအရာက ရှင်ယောဟန်၏ စကားလုံးများကို အလေး အနက်ထားရန် အဘယ်မျှအရေးကြီးကြောင်းကို ကျွန်ုပ်တို့အားပြသနေသည်။

တမန်တော်ကြီးက ရုပ်တုဆင်းတုများကို ရှောင်ကြဉ်ကြဖို့ ကျွန်ုပ်တို့ကို ပြောပြခြင်း ဖြင့် မိမိ၏စာကို နိဂုံးချုပ်ထားသည် (ငယ် ၂၁)။ ရုပ်တုဆင်းတုဆိုသည်မှာ ကျွန်ုပ်တို့၏ အသက်တာ၌ ဘုရားသခင်၏နေရာကို ဝင်ရောက်အစားထိုးလာသည့် အရာအားလုံးကို ဆိုလိုသည်။ ရှင်ယောဟန်ကကျွန်ုပ်တို့အား သခင်ခရစ်တော်၌ဝန်ခံအပ်နှံ၍ ထိုသခင်၏ သမ္မာတရား၌ ကျင်လည်လျှောက်လှမ်းကြရန် ဆင့်ခေါ်ထားသည်။ ကျွန်ုပ်တို့၏စိတ်နှလုံး များကို သခင်ခရစ်တော်နှင့် ထိုသခင်တစ်ပါးတည်းအတွက် စောင့်ကြပ်ကြရန် ရှင်ယောဟန် ကစိန်ခေါ်ထားသည်။ ကျန်ကြွင်းသောအရာမှန်သမျှကို မောင်းထုတ်ပစ်ရမည်။ သူသည် အရာခပ်သိမ်းဖြစ်ရမည်။ သူသည် ကျွန်ုပ်တို့၏ စဉ်းစားတွေးခေါ်မှုနှင့် စိတ်ဆန္ဒများ၏ အဓိကစူးစိုက်ရာဖြစ်ရမည်။ ဤသည်မှာအလင်း၌ အောင်မြင်စွာကျင်လည်လျှောက်လှမ်းခြင်း ၏ လျှို့ဝှက်ချက်ဖြစ်သည်။

**စဉ်းစားသုံးသပ်ချက်များ**

- ဘုရားသခင်သည် မိမိ၏သားသမီးတစ်ယောက်ယောက်၏ အသက်တာ၌

စစ်ကြောခြင်းဖြင့်လည်းကောင်း၊ ဝမ်းနည်းဖွယ်ဖြစ်ရပ်များဖြင့်လည်းကောင်း၊ သေခြင်းအားဖြင့်လည်းကောင်း အပြစ်ဒုစရိုက်ကို တရားစီရင်ခဲ့သည့် ဖြစ်ရပ်မျိုးကို သင်မြင်တွေ့ဖူးပါသလား။

- ဆန့်ကျင်ပုန်ကန်တတ်သော ယုံကြည်သူတစ်ယောက်၏သေခြင်းသည် အသင်းတော်၌ ဘုရားသခင်၏ဘုန်းတော်ကို မည်သို့ပြည့်စုံအထမြောက်စေနိုင်ပါသနည်း။
- သေပြစ်သင့်သော ဒုစရိုက်မှ ကျွန်ုပ်တို့ကို ဘုရားသခင်မည်သို့ ကွယ်ကာပေးပါသနည်း။

## ဆုတောင်းရန်အချက်များ

- ဆန္ဒရှိရှိဆန့်ကျင်ပုန်ကန်ခြင်းဖြင့် သခင်ဘုရားထံမှ ဝေးရာဆီသို့ ဦးတည်ရာမဲ့သွားနေသော ယုံကြည်သူတစ်ယောက်ကို သင်သိပါသလား။ ဘုရားသခင်သည် ထိုပုဂ္ဂိုလ်ကို မိမိထံသို့ ပြန်လည်လုပ်ဆောင်ယူလာမည့်အကြောင်း ဆုတောင်းရန်အချိန်ယူပါ။
- နှုတ်ကပတ်တော်ကို ဆန္ဒရှိရှိ ဆန့်ကျင်ပုန်ကန်ခြင်းမှ သင့်ကို ကွယ်ကာပေးရန် သခင်ဘုရားကို တောင်းလျှောက်ပါ။ ရှေ့တော်၌ သင့်ရဲ့စိတ်နှလုံးကို နူးညံ့ပျော့ပျောင်းအောင်ထားရှိပေးဖို့ တောင်းလျှောက်ပါ။
- သခင်ခရစ်တော်၌ အောင်မြင်သောအသက်တာဖြင့် ရှင်သန်နေထိုင်ရန် ကျွန်ုပ်တို့လိုအပ်သည့် အရာအားလုံး ကျွန်ုပ်တို့၌ရှိနေသောကြောင့် သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။
- သခင်ဘုရားနှင့် ကျွန်ုပ်တို့၏ဆက်ဆံရင်းနှီးမှု၌ ကျွန်ုပ်တို့ကို ကွယ်ကာပေးခြင်း၊ လုံခြုံစွာထားရှိခြင်းစသည့် ကျွန်ုပ်တို့၏အသက်တာရှိ ဝိညာဉ်တော်၏လုပ်ဆောင်မှုများအတွက် သခင်ဘုရားကို ကျေးဇူးတင်ချီးမွမ်းပါ။

- သန့်ရှင်းခြင်း၌လည်းကောင်း၊ တန်ခိုးတော်၌လည်းကောင်း လျှောက်လှမ်းဖို့ သင်လိုအပ်သောအရာအားလုံးအတွက် သူကိုပို၍ ယုံကြည်ကိုးစားလာရန် သင့်အားကျေးဇူးတော်ကို ပေးသနားဖို့ဘုရားသခင်အား တောင်းလျှောက်ပါ။

# ရှင်ယောဟန်ဩဝါဒစာ ဒုတိယစာစောင်ကိုနိဒါန်းပျိုးခြင်း

*ရေးသားပြုစုသူ*

ဤဒုတိယစာစောင်တွင် ရေးသားပြုစုသူ၏ အမည်နာမကို ဖော်ပြထားခြင်းမရှိသော်လည်း ဤစာစောင်ကို ရေးသားပြုစုသူမှာ တမန်တော်ယောဟန်ဖြစ်သည်ဟု ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားကြသည်။ သူသည် တမန်တော်ယာကုပ်၏ညီဖြစ်၍ (မဿဲ ၄း၂၁၊ ၁၀း၂)၊ တံငါသည်လုပ်ငန်းကိုလုပ်ကိုင်သော ဇေဗေဒဲ၏သားဖြစ်သည် (မာကု ၁း၂၀)။

မဿဲ ၄ း ၂၁-၂၂ တွင် သခင်ယေရှုက ရှင်ယောဟန်ကို နောက်တော်သို့ လိုက်ရန် ဆင့်ခေါ်ခဲ့ချိန်က ရှင်ယောဟန်နှင့်သူ၏အစ်ကိုရှင်ယာကုပ်တို့သည် တပည့်တော်များဖြစ်လာရန် ဖခင်ကြီးကိုလည်းကောင်း၊ ငါးဖမ်းပိုက်များကိုလည်းကောင်း စွန့်ပစ်ထားခဲ့ကြသည်။ ရှင်ယောဟန်မှာ သခင်ယေရှုနှင့် အလွန်နီးစပ်သူဖြစ်လာခဲ့ပြီး၊ သခင်ယေရှု၏အသက်တာ၌လည်းကောင်း၊ သာသနာလုပ်ငန်း၌ လည်းကောင်းရှိခဲ့သည့် အလွန်ထူးခြားသည့် အခါသမယများတွင် သခင်နှင့်အတူရှိနေရသည့်အခွင့်ထူးများကို ရရှိခဲ့သည် (မာကု ၅း၃၇၊ မဿဲ ၁၇း၁၊ ၂၆း၃၇ တို့ကိုကြည့်ပါ)။

သခင်ယေရှု ရှင်ပြန်ထမြောက်ပြီးနောက်ပိုင်းတွင် ရှင်ယောဟန်သည် ယေရုရှလင်မြို့ရှိ အသင်းတော်၌ အသင်းတော်ခေါင်းဆောင်တစ်ဦးအနေဖြင့် တမန်တော်ပေတရုနှင့်

အတူ အမှုတော်ဆောင်ခဲ့သည် (တမန်တော် ၃း၁၊ ၄း၁-၃)။ (ဤအချက်ကို သမ္မာကျမ်းစာ၌ တိတိကျကျဖော်ပြထားခြင်းမရှိသော်လည်း) သမိုင်းအစဉ်အလာအရ သူသည် ဧဖက်မြို့၌လည်း အမှုတော်တောင်ခဲ့သည်ဟု ယုံကြည်ခဲ့ကြသည်။

*နောက်ခံအကြောင်းအရာ*

ဤစာစောင်ကို "မြတ်သောသခင်မ" (ရွေးကောက်ခြင်းခံအမျိုးသမီး)ထံသို့ လိပ်မူ၍ ရေးသားပေးပို့ခဲ့သည်။ ဤသခင်မ(အမျိုးသမီး) မည်သူမည်ဝါဖြစ်ကြောင်းမှာ မသေမချာဖြစ်နေရာ၊ ဤအသုံးအနှုန်းသည်ကျမ်းစာရှင်းလင်းချက်ရေးသားသူများအတွက် အသင်းတော်ကိုယေဘူယျအားဖြင့် ခေါ်ဝေါ်ပြောဆိုရန် အသုံးပြုထားသောစကားလုံးဖြစ်သည်ဟု မှတ်ယူစေခဲ့သည်။ ထင်ရှားသိသာသောအချက်မှာ ယုံကြည်သူများအား ၎င်းတို့ အလယ်၌ရှိနေသော မှားယွင်းသည့်သွန်သင်ချက်များ၏ အန္တရာယ်ကိုသတိပေးရန်နှင့် အချင်းချင်း တစ်ယောက်နှင့်တစ်ယောက်ချစ်ခြင်း၌ ဆက်လက်၍လျှောက်လှမ်းကြရန် ခွန်အားပေးတိုက်တွန်းဖို့ ဤစာစောင်ကိုရေးသားခဲ့ခြင်းဖြစ်သည်။ တမန်တော်ကြီးကလည်း မိမိ၏စာဖတ်ပရိတ်သတ်ကြီးအား ဤအကြောင်းအရာများကို ပို၍အသေးစိတ်ရှင်းပြရန် ၎င်းတို့ထံ လာရောက်လည်ပတ်ဖို့ စီစဉ်နေကြောင်းပြောဆိုရန် အခွင့်ကောင်းကိုယူခဲ့သည်။

*ယနေ့အတွက် ဤစာစောင်၏အရေးပါပုံ*

ရှင်ယောဟန်၏ ဒုတိယစာစောင်သည် စာဖတ်သူကို "သခင်ခရစ်တော်၏ ဒေသနာတော်" ဆီသို့လည်းကောင်း (ငယ် ၉)၊ ပညတ်ဟောင်းဖြစ်သည့် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ အိမ်နီးချင်ကို ချစ်ခြင်းဆီသို့လည်းကောင်း (ငယ် ၅) ပြန်လည်ခေါ်ဆောင်သွားသည်။ ဤတိုတောင်းသောကျမ်းပိုဒ်ငယ် ၁၃ပိုဒ်တွင် ရှင်ယောဟန်က ခရစ်ယာန်အသက်တာကို တည်ဆောက်ရာ၌ အဓိကပါဝင်သည့်အရာနှစ်ခုကို ပြောပြထားသည်။ ၎င်းတို့မှာ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ အိမ်နီးချင်းကိုချစ်ခြင်းနှင့် ဘုရားသခင်၏နှုတ်ကပတ်တော်အား

နာခံခြင်း၌ ကျင်လည်လျှောက်လှမ်းခြင်းတို့ဖြစ်ကြသည်။ ဤသည်မှာ အောင်မြင်သော ခရစ်ယာန်အသက်တာ၏ လျှို့ဝှက်ချက်ဖြစ်သည်။ ကျွန်ုပ်တို့၏ခေတ်ကာလတွင် ခရစ်ယာန် အသက်တာကို ရှုပ်ထွေးအောင်လုပ်နေကြသည်။ ရှင်ယောဟန်က ဤစာတိုလေးတွင် ကျွန်ုပ်တို့အားအခြေခံများဆီသို့ ပြန်လည်ခေါ်ဆောင်သွားသည်။ ဤစာတိုလေး၏ အခြေခံအကျဆုံးသွန်သင်ချက်များ၏ အလင်းအောက်တွင် ဤစာစောင်ကိုကောင်းကောင်း ဖတ်နိုင်၍ ကျွန်ုပ်တို့၏အသက်တာများကို အသစ်တဖန် ပြန်လည်စမ်းစစ်နိုင်ကြပါသည်။

# ၁၃

# ချစ်ခြင်းမေတ္တာ၌ ကျင်လည်လျှောက်လှမ်းခြင်း

၂ ယော ၁-၆ ကိုဖတ်ရှုပါ။

ဤဒုတိယစာစောင်တွင် ရှင်ယောဟန်က ကိုယ့်ကိုကိုယ် "အသက်ကြီးသူ" အဖြစ် မိတ်ဆက်ထားသည် (ငယ် ၁)။ ရှင်ယောဟန်သည် မိမိရေးသားပြုစုခဲ့သော စာစောင်တိုင်းတွင် မိမိ၏အမည်ကို ဖော်ပြရန် မရည်ရွယ်ထားခဲ့ပါ။ အရှင်းဆုံးဆိုရလျှင် သူ့ကိုလူတိုင်းက သိနေသောကြောင့် သူ့နာမည်ကို ဖော်ပြဖို့ပင် မလိုအပ်တော့ပါ။ ဤနေရာ၌ ရှင်ယောဟန် အမှုထားသောအရာမှာ မိမိကိုယ်ကိုအဓိကမထားရန်ဖြစ်သည်။ သူသည် ဤစာစောင်ကို အဖွဲ့အစည်းတစ်ခု၏ အာဏာပိုင်အဆင့်တစ်ခု၌ ရှိနေသော လူကြီးတစ်ဦးအနေဖြင့် ရေးသားခဲ့သည်။ စာစောင်ကို "ရွေးကောက်ခြင်းခံအမျိုးသမီး" (KJV) (သို့) "ရွေးချယ်ခြင်းခံအမျိုးသမီး" (NIV) ထံသို့လိပ်မူပေးပို့ခဲ့သည်။ ဤအမျိုးသမီးမည်သူမည်ဝါဖြစ်ကြောင်းကို အတိအကျမသိပါ။ သမ္မာကျမ်းစာရှင်းလင်းချက်ရေးသားသူအချို့က ဤအမျိုးသမီးကို ရှင်ယောဟန်နှင့် ရင်းနှီး၍ အမှန်တကယ်ရှိခဲ့သော အမျိုးသမီးဖြစ်သည်ဟု ရှုမြင်ထားကြသည်။ အချို့ကလည်း ရှင်ယောဟန်သည်တိကျသေချာသော အသင်းတော်တစ်ပါးထံသို့ ရေးသားပေးပို့ခဲ့ပြီး ထိုအသင်းတော်ကို "ရွေးကောက်ခြင်းခံ အမျိုးသမီး"ဟု ရည်ညွှန်းခဲ့

သည်ဟု ယုံကြည်ထားကြသည်။ သူမ၏သားသမီးများကို ရည်ညွှန်းထားချက်သည် အသင်းသူအသင်းသားများအား ရည်ညွှန်းထားခြင်းဖြစ်သည်။ ဤစာစောင်ကို ၎င်း၏ကျမ်းဘောင်နယ်နမိတ်ထဲမှကြည့်လျှင် ရှင်ယောဟန်က ယုံကြည်သူတစ်စုကို စကားပြောနေကြောင်း ကျွန်ုပ်တို့နားလည်ရသည်။ အခန်းငယ် ၄-၆ တွင် ရှင်ယောဟန်က ၎င်းတို့အား အချင်းချင်းချစ်ခြင်း၌ကျင်လည်လျှောက်လှမ်းကြရန် စိန်ခေါ်ထားသည်။ အခန်းငယ် ၇-၁၁တွင် ရှင်ယောဟန်က ၎င်းတို့အလယ်၌ ရောက်ရှိနေသည့် မှားယွင်းသောဆရာများအား မည်သို့ကိုင်တွယ်ဖြေရှင်းရမည်အကြောင်း ညွှန်ကြားချက်များကို ၎င်းတို့အား ပေးထားသည်။ ရှင်ယောဟန်သည် အသင်းတော်တစ်ပါးကို ရေးသားခဲ့ကြောင်း အထက်ပါအချက် များက သွယ်ဝိုက်၍ ညွှန်းဆိုနေကြသည်။

မိမိထံမှ ပထမစိန်ခေါ်ချက်ကို မပေးမီတွင် ရှင်ယောဟန်က မိမိ၏စာဖတ်ပရိသတ်အား ၎င်းတို့ကို အဘယ်မျှချစ်မြတ်နိုးရကြောင်းအား အသိပေးထားသည်။ ရှင်ယောဟန်က သူတို့အပေါ်၌ ထားရှိသော မိမိ၏ချစ်ခြင်းမေတ္တာကို သူတို့အား အသိပေးနေခြင်းဖြစ်သည်။ သူတို့အပေါ်၌ ထားရှိသော မိမိ၏ချစ်ခြင်းမေတ္တာသည် "သမ္မာတရား၌" (မှန်ကန်သော ချစ်ခြင်းမေတ္တာ) ဖြစ်သည် (ငယ် ၁)။ သမ္မာတရား၌ ချစ်ခြင်းဆိုသည်မှာအဘယ်နည်း။ ရှင်ယောဟန်က သူတို့ကိုဟန်ဆောင်မှုမရှိပဲ ချစ်ခဲ့သည်ဟု ရိုးရိုးလေးအဓိပ္ပါယ်ဖော်နိုင်ပါသည်။ ရှင်ယောဟန်က သူတို့ကို ရိုးသားစွာ၍ချစ်ခဲ့ပါသည်။ သို့သော်လည်း အခန်းငယ် ၂ မှ၊ ဤသမ္မာတရားသည် ယုံကြည်သူ၏စိတ်နှလုံးထဲ၌လည်းရှင်သန်နေကြောင်း ကျွန်ုပ်တို့နားလည်ကြသည်။ ဤနေရာ၌ ပြောဆိုထားသည့် သမ္မာတရားသည် သခင်ခရစ်တော်နှင့် သခင်ခရစ်တော်၏တရားတော်ကို ရည်ညွှန်းနိုင်ပါသလား။ ရှင်ယောဟန်က မိမိ၏စာဖတ်ပရိသတ်တို့အား သူတို့ကို သခင်ခရစ်တော်၌ ချစ်သည်ဟုပြောနေပါသလား။ သူတို့အပေါ်၌ ထားရှိသော ရှင်ယောဟန်၏ချစ်ခြင်းမေတ္တာသည် လောကီချစ်ခြင်းမေတ္တာမျိုးမဟုတ်ပါ။ သူ့အထဲ၌ရှိနေသော သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာဖြစ်သည်။

ဤယုံကြည်သူအုပ်စုသည် ရှင်ယောဟန်၏ချစ်ခြင်းကိုသာ ခံကြရသည်မဟုတ်၊

"သမ္မာတရားကို သိသောသူအပေါင်းတို့" ၏ ချစ်ခြင်းကိုလည်းခံကြရသည် (ငယ် ၁)။ ရှင်ယောဟန်က သခင်ယေရှုခရစ်၏သမ္မာတရားကိုသိသော ယုံကြည်သူအားလုံးသည် ချစ်ခြင်းမေတ္တာအနှောင့်အဖွဲ့၌ အတူတကွစည်းနှောင်ခြင်းကိုခံရကြသည်ဟု ပြောနေပါသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏အထဲ၌ ရှင်သန်နေသောကြောင့် ကျွန်ုပ်တို့ကို သူချစ်သကဲ့သို့ ကျွန်ုပ်တို့ကလည်း ညီအစ်ကိုတို့ကို ချစ်ကြပါသည်။ အခန်းငယ် ၂ တွင် ရှင်ယောဟန်က ဤသမ္မာတရားသည် ကျွန်ုပ်တို့၌ အစဉ်မပြတ်ရှိနေလိမ့်မည်ဟု ကျွန်ုပ်တို့အား ပြောပြထားသည်ကို သတိပြုပါ။ သခင်ယေရှုသည် ကျွန်ုပ်တို့ကို ဘယ်သောအခါတွင်မျှ စွန့်ပစ်သွားသည်မဟုတ်ပါ။ သူရဲ့မပြောင်းလဲသော မျက်မှောက်ပြုခြင်းကို ကျွန်ုပ်တို့ယုံကြည်စိတ်ချနိုင်ပါသည်။

ဤကျမ်းပိုဒ်တွင် ရှင်ယောဟန်က နောက်ထက်ခွန်အားပေးစကားအချို့ကို ပြောပြထားပါသည်။ သူကမိမိ၏ စာဖတ်ပရိတ်သတ်တို့အား ခမည်းတော်ဘုရားထံမှလည်းကောင်း၊ သားတော်သခင်ယေရှုထံမှလည်းကောင်း ကျေးဇူးတော်၊ ဂရုဏာတော်နှင့် ငြိမ်သက်ခြင်းသည် သမ္မာတရား၌လည်းကောင်း၊ မေတ္တာတရား၌လည်းကောင်း သူတို့နှင့်အတူရှိနေလိမ့်မည်ဟု ပြောပြသည်။ ဘုရားသခင်၏ ကျေးဇူးတော်ဆိုသည်မှာ ထိုက်တန်မှုမရှိပဲရရှိသည့် ဘုရားသခင်၏ မျက်နှာသာပေးမှုဖြစ်သည်။ ဂရုဏာတော်ဆိုသည်မှာ ကျွန်ုပ်တို့အပေါ်၌ ထားရှိသော ဘုရားသခင်၏ ကြင်နာခြင်းနှင့် စိတ်ရှည်သည်းခံခြင်းဖြစ်သည်။ ငြိမ်သက်ခြင်းသည် ဘုရားသခင်နှင့် ယုံကြည်သူများကြားရှိ ရန်စောင်တင်းမာမှုများအားလုံးမှာ ကျိုးပျက်သွားခဲ့ကြပြီး ဘုရားသခင်သည် မိမိ၏သားသမီးများကို ၎င်းတို့ကြုံတွေ့ရသောအခြေအနေတိုင်း၌ ဂရုစိုက်ပေးနေပါသည်ဟု သိနေခြင်း၏ ရလာဒ်ဖြစ်သည်။ ဤအရာများအားလုံးသည် ယုံကြည်သူများဖြစ်ကြသည့် ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှုများဖြစ်ကြသည်။ ရှင်ယောဟန်က ဤအရာများသည် သမ္မာတရား၌လည်းကောင်း၊ မေတ္တာတရား၌လည်းကောင်း ကျွန်ုပ်တို့၏ ဥစ္စာများဖြစ်ကြသည်ဟုပြောဆိုထားကြောင်းကို သတိပြုပါ။ ဆိုလိုသည်မှာ ၎င်းတို့သည် သခင်ယေရှုနှင့် စပ်လျဉ်းသော သမ္မာတရားနှင့် ကျွန်ုပ်တို့အပေါ်ထားရှိသောသူ့ရဲ့ ကြီးမား

သည့်ချစ်ခြင်းမေတ္တာကြောင့် ကျွန်ုပ်တို့ထံသို့ ရောက်လာကြရပါသည်ဟူ၍ဖြစ်သည်။

ယုံကြည်သူများကို ခွန်အားပေးတိုက်တွန်းပြီးနောက်တွင် ရှင်ယောဟန်က မိမိပြုစုရေးသားသောစာစောင်၏ ပထမစိန်ခေါ်ချက်ဆိုသို့ ဦးတည်သွားသည်။ သူသည် ၎င်း၏ချဉ်းကပ်ပုံတွင် အလွန်အပြုသဘောဆောင်လှပါသည်။ ဤလူအုပ်စုထဲမှ သားသမီးအချို့က "သမ္မာတရား၌ ကျင်လည်၍နေကြသည်ကို" မြင်တွေ့ရခြင်းသည် သူ့ကိုအလွန်ဝမ်းမြောက်စေကြောင်း ရှင်ယောဟန်က သူတို့ကို ပြောပြသည် (၄ယ ၄)။ ဤအချင်းအရာကို ရှင်ယောဟန်ကအခြားနည်းလမ်းဖြင့်လည်း ပြောနိုင်ပါသည်။ သူမ၏သားသမီးများအားလုံးသည် သမ္မာတရား၌ မကျင်လည်ကြသောကြောင့်သူ၌ကြီးစွာသော ဝမ်းနည်းခြင်းကို ခံစားရပါသည်ဟုလည်း ရှင်ယောဟန်ကရေးသားဖော်ပြ၍ရပါသည်။ သို့သော်ထိုသို့မရေးခဲ့ပါ။ ဤအချင်းအရာက ရှင်ယောဟန်၏စိတ်နေစိတ်ထားအချို့ကို ပြောပြနေပါသည်။ သူသည်အလွန်ချစ်တတ်၍ မေတ္တာတရားကြီးမားသောသူဖြစ်သည်။ သူသည် အကောင်းဘက်ကို ရှုမြင်နိုင်သော ပုဂ္ဂိုလ်ဖြစ်သည်ဟု ယူဆရသည်။ သို့သော် ဤသို့ပြောဆိုရာတွင် သူတို့အထဲမှ အချို့ကချစ်ခြင်းမေတ္တာ၌ ကျင်လည်လျှောက်လှမ်းဖို့ သင်ယူရန်လိုအပ်နေသော ၎င်းတို့၏လက်ရှိအခြေအနေမှန်ကို ရှင်ယောဟန်က ဥပေက္ခာမပြုထားပါ။

ယုံကြည်သူများထံပြောလိုက်သော ဤစိန်ခေါ်ချက်တွင် ရှင်ယောဟန်က ကိုယ့်ကိုကိုယ်လည်း မည်သို့ထည့်သွင်းပါဝင်စေကြောင်းကို သတိပြုပါ။ သူက "ငါတို့"ဟူသောစကားလုံးကို အခန်းငယ် ၅ တွင် အသုံးပြု၍ "ငါတို့၌. . . ပညတ်တော်တို့အတိုင်း ကျင့်စောင်ခြင်းအရာသည် ချစ်ရာရောက်၏"ဟု ပြောထားသည်။ အလွန်နှိမ့်ချစွာဖြင့် တမန်တော်ကြီးက စာဖတ်ပရိသတ်တို့အား ဘုရားသခင်က သူတို့ကိုအဘယ်မျှချစ်တော်မူကြောင်းကို ပြန်လည်အသိပေးထားသည်။ ဘုရားသခင်၏ အလွန်ချစ်ခြင်းခံရသောသူတို့သည် ဘုရားသခင်ကိုပြန်ချစ်ဖို့လိုကြောင်း သူတို့ကိုပြောပြထားသည်။ ဘုရားသခင်ကိုချစ်သော ဤချစ်ခြင်းမေတ္တာသည် ၎င်းတို့၏ အသက်တာ၌ နည်းလမ်းနှစ်သွယ်ဖြင့် ပြသခဲ့ရပါလိမ့်မည်။

ပထမမှာ၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသူတို့၏အထဲ၌တည်နေလျှင် သူတို့သည်

အချင်းချင်းချစ်ကြလိမ့်မည်။ ရှင်ယောဟန်က မိမိ၏ပထမစောင်တွင် ဘုရားသခင်ကို ချစ်ပါသည်ဟု နှုတ်ဖြင့်ပြောသော်လည်း သူတစ်ပါးကို မချစ်သောသူသည် မုသာစကားကို ပြောသောသူဖြစ်သည်ဟု ဆိုထားသည်။ ဘုရားသခင်သည် သူတို့၏စိတ်နှလုံးထဲ၌ ကိန်းဝပ်တော်မူလျှင် သူတို့၏စိတ်နှလုံးသည် အနီးအနားရှိ လူတို့ကို ချစ်သော ချစ်ခြင်းမေတ္တာနှင့် ပြည့်လျှံနေပါလိမ့်မည်။ ရှင်ယောဟန်က ဤယုံကြည်သူများအနေဖြင့် ဤချစ်ခြင်းမေတ္တာတရားအား နားလည်သဘောပေါက်ခြင်း၌ တိုးပွားကြဖို့ အလိုရှိခဲ့သည်။ အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် ချစ်ခြင်းကို သာ၍ကြီးမားစွာ ပြသနေကြသည်ကို ရှင်ယောဟန် မြင်ချင်ခဲ့သည်။

ဒုတိယမှာ၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် သူတို့၌ရှိလျှင် သူတို့သည် ဘုရားသခင်၏ပညတ်တော်ကို နာခံခြင်း၌ ကျင်လည်လျှောက်လှမ်းကြပါလိမ့်မည်။ ဤနေရာတွင် ရှင်ယောဟန်က သူတို့သည်ဘုရားသခင်ကိုချစ်လျှင် ဘုရားသခင်ကိုနာခံကြလိမ့်မည်ဟု ပြောပြနေပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မနာခံခြင်းသည် ဘုရားသခင်အား မချစ်ခြင်းကိုသာ သက်သေပြနေပါသည်။ ဘုရားသခင်ကို ကျွန်ုပ်တို့မည်မျှချစ်သည်ကို ဘုရားသခင်အား မည်မျှနာခံသည်ဟူသော အချက်ဖြင့် တိုင်းတာနိုင်ပါသည်။ ဘုရားသခင်ကို ချစ်သောသူများသည် နာခံခြင်း၏ အဖိုးအခကို ထည့်တွက်ကြမည်မဟုတ်ပါ။ သူတို့၏ သခင်၊ သူတို့၏ကယ်တင်ရှင်ကို စိတ်ကျေနပ်စေဖို့ သူတို့သည် မိမိတို့၏ အသက်ကို လည်းကောင်း၊ လောကီအရာများကိုလည်းကောင်း၊ စည်းစိမ်ပိုင်ဆိုင်မှုများကိုလည်းကောင်း၊ ဂုဏ်သတင်းကျော်ဇောခြင်းတို့ကိုလည်းကောင်း၊ ခပ်သိမ်းသောအခြားအရာများကို လည်းကောင်း လိုလိုလားလား စွန့်လွှတ်ကြပါလိမ့်မည်။

ရွေးကောက်ခြင်းခံ သခင်မနှင့် သူမ၏သားသမီးများအား ရှင်ယောဟန်က စိန်ခေါ်ထားသည်မှာ ချစ်ခြင်းမေတ္တာ၌ လျှောက်လှမ်းကျင်လည်ကြဖို့ဖြစ်သည်။ ရှင်းရှင်းပြောရလျှင် သူတို့၏ ခရစ်ယာန်အဖွဲ့အစည်းထဲ၌ လူမှုဆက်ဆံရေး ပြဿနာတစ်ခုရှိနေခဲ့သည်။ ရှင်ယောဟန်က အသင်းတော်အား ၎င်းတို့အချင်းချင်းအကြားရှိ ဆက်ဆံရေးများကိုလည်း

ကောင်း၊ ဘုရားသခင်နှင့် ဘုရားသခင်၏နှုတ်ကပတ်တော်အား နာခံခြင်းကိုလည်းကောင်း ပြန်လည်ကြည့်ရှု၍ သူတို့၏ဝိညာဉ်ကျန်းမာရေးကို ပြန်လည်ချင်တွက်စဉ်းစားကြဖို့ စိန်ခေါ်ထားသည်။ ဤစမ်းသပ်ချက်နှစ်ခုသည် သခင်ခရစ်တော်၌ ရင့်ကျက်ခြင်းကို တိုင်းတာပေးသော အရာများဖြစ်ကြသည်။

သင်သည်သခင်ဘုရားကို နာခံခြင်း၌ ကျင်လည်လျှောက်လှမ်းဖို့ မည်သည့်အရာကို ရင်ဆိုင်ကြုံတွေ့ဖို့ ဆန္ဒရှိပါသနည်း။ သင့်အထဲမှနေ၍ အခြားသူများထံသို့ ပြန်လည်၍ စီးဆင်း သွားရလောက်သည်အထိ သခင်ခရစ်တော်၏စစ်မှန်သောချစ်ခြင်းမေတ္တာသည် သင့်ထဲ၌ရှိပါသလား။ ဤသည်မှာ ရွေးကောက်ခြင်းခံသခင်မအား ရှင်ယောဟန်ကပေးခဲ့သည့် စိန်ခေါ်ချက်ဖြစ်သကဲ့သို့ ထိုစိန်ခေါ်ချက်သည် ယခုတွင်ကျွန်ုပ်တို့အတွက်လည်း ဖြစ်နေသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သင်သည်ချစ်ခြင်းမေတ္တာ၌ ကျင်လည်လျှောက်လှမ်းနေပါသလား။ သင့်ရဲ့ ညီအစ်ကိုမောင်နှမများအပေါ်၌ထားရှိသည့် ချစ်ခြင်းမေတ္တာ၏အထောက်အထားကိုသင်တွေ့ပါသလား။
- ဤစာစောင်တွင် ရှင်ယောဟန်အဘယ်မျှ နှည့်သိမ်မွေ့သည်ကို မှတ်သာပါ။ သင်သည် အဘယ်မျှနှည့်သိမ်မွေ့ပါသနည်း။ ဤကျမ်းပိုဒ်၌တွေ့ရသော တမန်တော်ကြီး၏ စိတ်နေသဘောထားမှ သင် သင်ယူနိုင်မည့်အရာများရှိပါသလား။
- ဘုရားသခင်အား သင်မည်မျှချစ်ကြောင်းကို သင့်ရဲ့နာခံခြင်းက မည်သို့ သက်သေပြပါသနည်း။
- သခင်ခရစ်တော်၌တည်သောသင့်ရဲ့ ညီအစ်ကိုမောင်နှမများကို သင်မည်သို့ ချစ်သည်ဟူသော အချက်ကို သင့်ရဲ့ယုံကြည်သူဖြစ်နေမှုက မည်သို့အကျိုး

သက်ရောက်စေသင့်သနည်း။ သခင်ယေရှုခရစ်တော်၏ အသင်းတော်သည် ယနေ့တွင် ဤအသက်တာကို အချင်းချင်းအပေါ်၌ သက်သေပြကြပါသလား။

**ဆုတောင်းရန်အချက်များ**

- သင့်အနေဖြင့် ချစ်ဖို့အခက်တွေ့နေရသည့်သူရှိပါသလား။ သင်သည်သူတို့ကို သခင်ဘုရားက ချစ်သကဲ့သို့ ချစ်နိုင်ရန် ကူညီမစပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- တမန်တော်ယောဟန်ကပေးခဲ့သည့် နူးညံ့သိမ်မွေ့ခြင်းစိတ်အား သင့်ကိုလည်း ပေးဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- သင်အပြစ်ဒုစရိုက်၌ ပြိုလဲသောအချိန်တွင် သင့်အပေါ်၌ ပြသခဲ့သည့် ဘုရားသခင်၏နူးညံ့သိမ်မွေ့ခြင်းအတွက် ကျေးဇူးတင်ချီးမွမ်းပါ။
- ဘုရားသခင်ကိုလည်းကောင်း၊ နှုတ်ကပတ်တော်ကိုလည်းကောင်း ပို၍ နက်နဲသောနာခံခြင်း၌ ကျင်လည်ရှင်သန်ရန် ကူညီမစပေးဖို့ တောင်းလျှောက်ပါ။ သင့်အသက်တာ၌ ဘုရားသခင်၏ စံချိန်စံညွှန်းကို မမီသောအရာရှိနေလျှင် ထိုအရာများကို ဖော်ပြပေးဖို့ တောင်းလျှောက်ပါ။

# ၁၄
# သမ္မာတရား၌ဆက်လက်ကျင်လည်ခြင်း

၂ ယော ၇ - ၁၃ ကိုဖတ်ရှုပါ။

ဤဒုတိယစာစောင်၏ ပထမပိုင်းတွင် ရှင်ယောဟန်က ရွေးကောက်ခြင်းခံ သခင်မအား ချစ်ခြင်းမေတ္တာ၌ကျင်လည်လျှောက်လှမ်းဖို့ စိန်ခေါ်ခဲ့သည်။ ယခုတွင် သူသည်ဒုတိယစိန်ခေါ်ချက်ကို ဦးတည်သွားပါသည်။ ရှင်ယောဟန်ကသူမအား ဤလောက၌လှည့်ဖြားသောသူများစွာရှိကြောင်း အသိပေးခြင်းဖြင့်အစပြုထားသည်။ ရှင်းရှင်းပြောရလျှင် ဤလှည့်ဖြားသူများသည် ဤအသင်းတော်၏စိတ်သဘောထားညီညွတ်ခြင်းကို ခြိမ်းခြောက်ဖို့ ဖန်တီးနေကြသည်။ ရှင်ယောဟန်က ဤလှည့်ဖြားသူများကို ခွဲခြားသိရှိနိုင်ကြောင်း ဖော်ပြထားသည်။ အကြောင်းမှာ သူတို့သည် သခင်ယေရှုလူ့ဇာတိအားဖြင့် ကြွဆင်းလာခြင်းကိုအသိအမှတ် မပြုကြသောကြောင့်ဖြစ်သည်ဟု သူကဆိုထားသည်။ ဤပြောကြားချက်ကိုအနည်းငယ် အသေးစိတ်လေ့လာကြည့်ကြပါစို့။

တမန်တော်ကြီးက မိမိ၏ပထမစာစောင်တွင် သခင်ယေရှု လူ့ဇာတိအားဖြင့် ကြွလာတော်မူသည်ကို အသိအမှတ်မပြုသောသူများအကြောင်းကိုပြောထားသည် (၁ ယော ၄း၂-၃ ကို ကြည့်ပါ)။ ဤအရာက ဘာကိုဆိုလိုသနည်း။ အမြင်အတိုင်းဆိုရလျှင် သခင်ယေရှုသည်

ဘုရားသခင်၏သားတော်အဖြစ်နှင့် လူသားတစ်ယောက်၏သဏ္ဌာန်ကို ယူဆောင်၍ ဤလောက၌ ရှင်သန်ခဲ့သည်ဟု အသိအမှတ်ပြုခြင်းဖြစ်သည်။ သို့သော် "လူ့ဇာတိ အားဖြင့် ကြွလာတော်မူသော ယေရှုခရစ်ကို" အသိအမှတ်ပြုခြင်းတွင် ဤထက်မကသော အကြောင်းအရာများရှိနေပါသည် (၄ယ် ၇)။ စာတန်ကပင် သခင်ခရစ်တော်၏ လူ့အသွင်ဖြင့် ဤလောက၌ ရှင်သန်ခဲ့သည့်သမိုင်းဖြစ်ရပ်ကို အသိအမှတ်ပြုထားသည်။ သခင်ခရစ်တော် "လူ့ဇာတိအားဖြင့် ကြွလာတော်မူခြင်း"ကို စစ်မှန်စွာအသိအမှတ်ပြုသောသူသည် ထိုသခင် ကြွလာခဲ့သည့်အကြောင်းအရင်းကိုလည်း လက်ခံပါလိမ့်မည်။ သူသည် ကျွန်ုပ်တို့၏ အပြစ်ဒုစရိုက်များထဲမှ ကျွန်ုပ်တို့တို့ကို ကယ်တင်ဖို့ကြွလာခဲ့ပါသည်။ စာတန်အပေါ်၌လည်းကောင်း၊ သေခြင်းအပေါ်လည်းကောင်း အောင်နိုင်ခြင်းကိုပေးဖို့ကြွလာခဲ့ပါသည်။ သခင်ယေရှု လူ့ဇာတိအားဖြင့်ကြွလာတော်မူကြောင်းကို ယုံကြည်ခြင်းသည် သူ့အား အပြစ်ဒုစရိုက်နှင့် သေခြင်းကိုအောင်နိုင်ဖို့ ကျွန်ုပ်တို့၏တစ်ခုတည်းသော မျှော်လင့်ချက်အဖြစ် ဝန်ခံခြင်း ဖြစ်သည်။ အစွန်ဆုံးပြောရလျှင် ဤအရာသည် ထိုသမိုင်းဆိုင်ရာ အမှန်တရားများနှင့် သမ္မာတရားဆိုင်ရာ အမှန်တရားများကို ကျွန်ုပ်တို့၏ ကိုယ်ပိုင်တုန့်ပြန်မှုပင်ဖြစ်သည်။ သခင်ခရစ်တော်ကို အပြည့်အဝဝန်ခံသောသူများသည် သခင်ခရစ်တော်ကို အသက်သခင်အဖြစ် မိမိတို့၏ အသက်တာကို သူထံသို့လွှဲပြောင်းပေးအပ်ကြသည်။ သခင်ယေရှုလူ့ဇာတိအားဖြင့် ကြွလာတော်မူကြောင်းကို ဝန်ခံသောသူများသည် မိမိတို့၏ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်အားလုံး ကိုသူ့ထံ၌ပေးကမ်းထားကြသည်။ သူတို့သည် မိမိတို့ကိုယ်ကို သခင့်ထံ၌ ဆက်ကပ်အပ်နှံ ကြပြီး၊ မိမိတို့၏ အပြစ်များခွင့်လွှတ်ခြင်းခံရဖို့ သခင်ယေရှုက ကိုယ်စားခံ၍ပေးဆပ်သွား သော အမှုကို ယုံကြည်လက်ခံကြသည်။ သခင်ယေရှုကို ဤနည်းလမ်းဖြင့် ဝန်မခံသောသူများ သည် လှည့်ဖြားသူများဖြစ်ကြောင်း ရှင်ယောဟန်က မိမိ၏စာဖတ်ပရိသတ်တို့ကို သတိပေး ထားသည်။ ထိုသူတို့ကို အန္တိခရစ်များဟုပင် ခေါ်ဆိုသည်အထိဖြစ်ခဲ့သည်။

လှည့်ဖြားသောသူများ၏ ဒုတိယမြောက် စရိုက်လက္ခဏာတစ်ခုရှိသည်။အခန်းငယ် ၉ တွင် ရှင်ယောဟန်က ကျွန်ုပ်တို့အား "ခရစ်တော်၏ဒေသနာ၌ မတည်ဘဲ လွန်ကျူးသော

သူမည်သည်ကား ဘုရားသခင်ကိုမသိ” ဟုပြောပြထားသည်။ ခရစ်ယာန်အားလုံး၌ တူညီသောယုံကြည်မှုများရှိကြမည်မဟုတ်ကြောင်းကို ဤနေရာ၌ ဖော်ပြရန်မှာအရေးကြီးသည်။ ပဓာနမကျသော အကြောင်းအရာများအပေါ်၌ သမ္မာကျမ်းစာ၏ သွန်သင်ထားချက်နှင့် စပ်လျဉ်း၍ သူတို့ကွဲပြားကြပါလိမ့်မည်။ သို့သော် ဤနေရာ၌ရှင်ယောဟန်က သူတို့သည် ခရစ်တော်နှင့် သခင်ခရစ်တော်လုပ်ဆောင်ခဲ့သော အမှုတော်နှင့်စပ်လျဉ်း၍ အငြင်းအခုံဖြစ်စရာမရှိ ကြောင်းပြောပြနေပါသည်။ စစ်မှန်သောယုံကြည်သူများက သခင်ယေရှုသည် လူ့ဇာတိကိုခံယူခဲ့သော ဘုရားသခင်၏သားတော်ဖြစ်၍ ကျွန်ုပ်တို့အလယ်၌နေထိုင်ရှင်သန်ခဲ့ကြောင်းကို ဝန်ခံကြပါလိမ့်မည်။ သူသည် ပြီးပြည့်စုံသော အသက်တာဖြင့် ဤလောက၌ နေထိုင်ရှင်သန်ခဲ့ပြီး ကျွန်ုပ်တို့၏ အပြစ်ဒုစရိုက်အတွက် ပြီးပြည့်စုံသော ယဇ်ကောင်အနေဖြင့် အသေခံခဲ့ပါသည်။ သူသည်သင်္ချိုင်းမှ အောင်မြင်ခြင်းနှင့်အတူ ထမြောက်ခဲ့ပြီး ယခုတွင် ခမည်းတော်ဘုရားနှင့်အတူ စိုးစံလျှက်ရှိနေပါသည်။ သူ့ကိုယုံကြည်လက်ခံသောသူများအားလုံးကို သူနှင့်အစဉ်ထာဝရရှိနေရန် ယူဆောင်သွားဖို့ပြန်လည်ဆင်းကြွလာပါမည်။ သူလုပ်ဆောင်သွားခဲ့သောအမှုတော်သည် ထာဝရအသက်အတွက် ကျွန်ုပ်တို့၏ တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်သည်။ ဤသွန်သင်ချက်များမှ စွန့်ခွါသွားကြသောသူများကို သတိထားပါ။ သူတို့သည် လှည့်ဖြားသောသူများဖြစ်ကြသည်။ လှည့်ဖြားသောသူများကို သခင်ခရစ်တော်နှင့်ဆိုင်သော ၎င်းတို့၏အယူဝါဒခံယူချက်အားဖြင့်သိရှိနိုင်ပါသည်။

ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် သခင်ယေရှုနှင့် ထိုသခင်လုပ်ဆောင်ခဲ့သော အမှုတော်အပေါ်၌ဗဟိုပြုထားပါသည်။ ယုံကြည်သူများဖြစ်လျှက်နှင့် ကျွန်ုပ်တို့ကို စိတ်ဝမ်းကွဲစေနိုင်သော အယူဝါဒများစွာရှိနေစဉ်တွင် သခင်ယေရှုနှင့် ထိုသခင်လုပ်ဆောင်ခဲ့သော အမှုတော်နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ ပြည့်ဝစုံလင်စွာသဘောတူကြသည်။

လှည့်ဖြားသောသူများကို ကျွန်ုပ်တို့မည်သို့ မှတ်မိနိုင်မည်ကို ပြောပြပြီးနောက်တွင် ရှင်ယောဟန်က မိမိ၏ စာဖတ်ပရိတ်သတ်တို့အား ဤလှည့်ဖြားသောသူများက လုပ်ဆောင်နိုင်သောအရာများကို သတိပေးခြင်းဆီသို့ ဦးတည်ထားသည်။ အခန်းငယ် ၈ တွင် ရှင်ယော

ဟန်က ကျွန်ုပ်တို့အားထိုလှည့်ဖြားသောသူများသည် ကျွန်ုပ်တို့အား ဆုလာဘ်များကို ဆုံးရှုံးသွားအောင်လုပ်ဆောင်နိုင်ကြောင်းပြောပြထားသည်။ အဆုံးတိုင်သစ္စာရှိသောသူများအားပေးသော ဆုလာဘ်များရှိသည်။ ဗျာဒိတ် ၂ နှင့် ၃ ရှိ အောင်နိုင်သူအသင်းတော်များအား ၎င်းတို့၏သစ္စာရှိမှုအတွက်ဆုပေးရန် ကတိတော်ရှိထားသည်။ ရှင်ပေါလုက ဤဆုလာဘ်များကို ၁ ကော ၃း၁၁-၁၅ တွင် ပြောပြထားသည်။

"အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသော၊ ချလျက်ရှိ သောတိုက်မြစ်မှတပါး အခြားသောတိုက်မြစ်ကို အဘယ်သူမျှမချနိုင်။ ထိုတိုက်မြစ်အပေါ်၌ရွှေ၊ ငွေ၊ ကျောက်ကောင်း၊ သစ်သား၊ မြက်ပင်၊ ကောက်ရိုးများကို ထပ်ဆင့်၍တည်ဆောက်သောသူရှိသမျှ အသီးအသီးလုပ်သော အလုပ်သည်ထင်ရှားလိမ့်မည်။ အဘယ်သို့နည်း ဟူမူကား၊ ဘော်ပြချိန်နေ့ရက်သည် မီးအားဖြင့်ထင်ရှားစေလိမ့်မည်။ လူတိုင်းလုပ်သောအလုပ်သည် အဘယ်သို့သောအလုပ်ဖြစ်သည်ကို မီးသည် စစ်ကြောစုံစမ်းလိမ့်မည်။ ထိုတိုက်မြစ်အပေါ်၌ ထပ်ဆင့်၍တည်ဆောက်သော အကြင်သူ၏အလုပ်သည်မြဲ၏။ ထိုသူ သည်အကျိုးကိုခံရလိမ့်မည်။ အကြင်သူ၏အလုပ်သည် ကျွမ်းလောင်၏။ ထိုသူသည် အရှုံးခံရလိမ့်မည်။ သို့သော်လည်း၊ မီးနှင့်လွတ်သကဲ့သို့ သူသည်ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။"

၁ ကော ၃း၁၁-၁၅ တွင်ရှင်ပေါလုက သခင်ဘုရားထံ၌ သစ္စာရှိစွာအစေခံသောသူများအား စောင့်ဆိုင်နေသည့် ဆုလာဘ်များအကြောင်းကိုကျွန်ုပ်တို့အား ပြန်လည်အသိပေးထားသည်။ သို့သော် ဘုရားသခင်တရားစီရင်ခြင်း၏ မီးကိုမကျော်ဖြတ်နိုင်သည့် အမှုတော် ကိုဆောင်ခဲ့သောသူအချို့လည်းရှိပါလိမ့်မည်။ သူတို့ကိုယ်၌က "မီးနှင့်လွတ်သကဲ့သို့" ကယ်တင်ခြင်းကိုခံရမည်ဖြစ်သော်လည်း ဆုလာဘ်ဆုံးရှုံးခြင်းများကိုမူ သူတို့ကြုံတွေ့ခံစားကြရလိမ့်မည် (၁ ကော ၃း၁၅)။ ဤဆုလာဘ်များ၏ သဘောသဘာဝအမှန်ကို ကျွန်ုပ်တို့မသိကြပါ။ သို့သော်ဤဆုလာဘ်ကိုဆုံးရှုံးခြင်းမှာ အလွန်ဆိုးဝါးသောအရာဖြစ်မည်မှာသေချာသည်။ တစ်ဦးတစ်ယောက်က "ကောင်းကင်ဘုံဝင်စားရရင်ပြီးရော၊

ဆုရတာ၊ မရတာ ငါဂရုမ စိုက်ဘူး” ဟု မပြောနိုင်ရလောက်အောင် ထိုဆုလာဘ်များသည် ထူးခြားသည့် သဘောသဘာဝကို ပိုင်ဆိုင်ထားကြသည်။ ဤစာစောင်၌ ရှင်ယောဟန်က ရွေးကောက်ခြင်းခံသခင်မအား ပြောပြနေသောအရာမှာ ဤလှည့်ဖြားသောသူများနှင့် မှားယွင်းသောဆရာများသည် လူတို့ ကိုယုံကြည်ခြင်းမှလမ်းလွဲအောင်ဖြားယောင်းခြင်းဖြင့် ကောင်းကင်ဘုံ၌သူတို့ရရှိမည့်ဆုများကို လက်လွှတ်ဆုံးရှုံးစေနိုင်ကြသည်ဟူသော အချက်ပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် လှည့်ဖြားသောသူများကို မည်သို့ပြုမူဆက်ဆံကြရမည်နည်း။ ရှင်ယောဟန်က ကျွန်ုပ်တို့အား သူတို့ကို လက်ခံဆီးကြိုစရာလည်းမလို၊ သူတို့၏ ဒုစရိုက်အမှု၌လည်း ပါဝင်ဖို့မလိုကြောင်း ပြောပြထားသည် (၎ယ် ၁၀-၁၁)။ ဤပုဂ္ဂိုလ်များသည် အလွန်အန္တရာယ်ရှိသောကြောင့် ရှင်ယောဟန်က မိမိ၏ စာဖတ်ပရိသတ်အား ၎င်းတို့၏ နေအိမ်များ၌ ထိုပုဂ္ဂိုလ်များရောက်ရှိလာခဲ့လျှင် ဧည့်သည်ဝတ်ကိုပြုကြဖို့ပင် သတိပေးထားသည်။ ဤကျမ်းချက်ကို အနည်းဆုံးအဓိပ္ပါယ်သုံးမျိုးဖြင့် အနက်ဖွင့်ဆိုထားကြသည်။

ပထမအနေဖြင့် မှားယွင်းသောပရောဖက်များသည်လာ၍ သင့်အိမ်တံခါးကို ခေါက်လျှင်သင်သည် ထိုသူတို့အားအိမ်ထဲသို့ဝင်ခွင့်ပြုခြင်းကို သမ္မာကျမ်းစာက တားမြစ်ထားသည်ဟူသောအဓိပ္ပါယ်ဖြင့် ဤကျမ်းပိုဒ်ကိုလက်စွဲထားသူများရှိသည်။ ဤမှားယွင်း သောဆရာများကို သင့်အိမ်ထဲသို့ဝင်ခွင့်ပြုခြင်းသည် မိသားစုဝင်များအား ၎င်းတို့၏မှားယွင်းသောသွန်သင်ချက်များ၌ အပ်နှံခြင်းသာဖြစ်လိမ့်မည်။ သင်သည်သူတို့၏ မှားယွင်းသောသွန်သင်ချက်များကို သင့်ရဲ့အိမ်အမိုးအောက်၌ဝါဒဖြန့်ဖို့ သူတို့ကိုလုပ်ပိုင်ခွင့်ပေး လိုက်ခြင်းဖြစ်သည်။ ဤအရာကို သင်မပြုလုပ်ဖို့ ရှင်ယောဟန်ကပြောသည်ဟူ၍ဖြစ်သည်။

ဒုတိယမှာ သမ္မာကျမ်းစာရှင်းလင်းချက်ရေးသားသူအချို့က ၎င်းသည် ဤမှားယွင်းသောပရောဖက်များက မိမိတို့ကိုယ်ကိုထောက်ပံ့ကျွေးမွေးဖို့ အသုံးပြုသောနည်းလမ်း အားရည်ညွှန်းထားသည်ဟု ရှုမြင်ကြသည်။ မှားယွင်းသောပရောဖက်များသည် အစားအသောက်နှင့် ခိုလှုံစရာအရိပ်အာဝါသအတွက် ၎င်းတို့အမှုတော်ဆောင်နေကြသည့် မြို့ရွာများမှာ

လူများ၏ စေတနာသဒ္ဓါတရားအပေါ်၌ မှီခိုနေကြရသည်။ ရှင်ယောဟန်က မိမိ၏ စာဖတ်ပရိသတ်တို့အား ဤမှားယွင်းသောပရောက်ဖက်များကို ကျွေးမွေးခြင်း၊ အရိပ်အာဝါသကိုပေးခြင်း စသည်တို့ကိုငြင်းပယ်ဖို့ပြောနေပါသလား။ ကျွေးမွေးခြင်း၊ အရိပ်အာဝါသကိုပေးခြင်းများကိုပြုလုပ်လျှင် ထိုသူတို့အား ၎င်းတို့၏ဒုစရိုက်မှုကို ဆက်လက်လုပ်ကြဖို့ ခွန်အားပေးရာရောက်ပေမည်။ ဤရပ်တည်ချက်မှကြည့်လျှင် ဘုရားသခင်က မိမိ၏လူမျိုးတော်တို့အား သခင်ခရစ်တော်နှင့်စပ်ဆိုင်သောသမ္မာတရားကို မဟောပြောသောသူတို့၏အမှုအား ထောက်ပံ့နေသည်ကိုအလိုမရှိပါ။

တတိယမှာ အခြားသမ္မာကျမ်းစာရှင်းလင်းချက်ရေးသားသောသူများက ထိုနေ့ရက်ကာလတွင်ရှိသောအသင်းတော်များသည် အသင်းဝင်အသီသီ၏နေအိမ်များ၌ စုရုံးခဲ့ကြသည်ဟု ကျွန်ုပ်တို့ကိုအသိပေးထားသည်။ ရှင်ယောဟန်က အသင်းတော်သည် မှားယွင်းသောပရောဖက်များကို ၎င်းတို့စုဝေးနေရာ အိမ်ထဲဝင်ရောက်၍ မှားယွင်းသောတရားများကို ဟောပြောခွင့်မပြုဖို့ ပြောနေသည်ဟု သူတို့ယုံကြည်ထားကြသည်။

ကျွန်ုပ်တို့မှတ်သားထားဖို့ အရေးကြီးသည့်အချက်မှာ မှားယွင်းသောဆရာများနှင့် ကျွန်ုပ်တို့ပြုမူဆက်ဆံရာတွင် အလွန်သတိထားကြဖို့ ရှင်ယောဟန်က ကျွန်ုပ်တို့ကိုမိန့်မှာနေသည်ဟူသောအချက်ဖြစ်သည်။ သခင်ခရစ်တော်နှင့်စပ်ဆိုင်သော သမ္မာတရားကို မသွန်သင်ပေးသောသူများနှင့် ကင်းကင်းကွာကွာနေကြဖို့ ရှင်ယောဟန်က ကျွန်ုပ်တို့ကို တိတိကျကျတိုက်တွန်းထားပါသည်။ သူတို့၏ လုပ်ငန်းကိုမထောက်ပံ့ဖို့ ကျွန်ုပ်တို့ကိုလည်း ပြောပြထားသည်။ သူတို့၏ မုသာဝါဒများကို ကျွန်ုပ်တို့၏အိမ်၊ ကျွန်ုပ်တို့၏အသင်းတော်များ ၌ ဖြန့်ဖြူးရန် သူတို့ကို အခွင့်မပေးဖို့လည်း ပြောထားသည်။ ကျွန်ုပ်တို့သည် သူတို့အပေါ်၌ တံခါးများကို ပိတ်ထား၍ အိမ်ထဲသို့ဝင်ရောက်လာခြင်းကို ငြင်းပယ်ကြရမည်။ ထိုသို့အားဖြင့် သူတို့သည် ကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမများကို အပြစ်၌မသွေးဆောင်နိုင်တော့သလို၊ သခင်ယေရှုထံ၌ သစ္စာရှိရှိအစေခံခြင်းအတွက် ရရှိမည့်ဆုလာဘ်များကို ဆုံးရှုံးအောင်လုပ်နိုင်ကြတော့မည်မဟုတ်ပါ။

ရှင်ယောဟန်က မိမိ၏ စာဖတ်ပရိတ်သတ်တို့အား ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံလို ကြောင်းပြောပြရင်း ဤစာစောင်ကို နိဂုံးချုပ်ထားသည်။ စာဖတ်ပရိသတ်များနှင့် တွေ့ဆုံ ခြင်းသည် ၎င်းတို့အထံ၌လည်းကောင်း၊ မိမိအထံ၌လည်းကောင်း ကြီးမားသော ဝမ်းမြောက် ခြင်းကို ဖြစ်စေမည့်အကြောင်း ရှင်ယောဟန်စိတ်ချလျှက်ရှိသည်။ ဤသည်မှာ ရှင်ယောဟန် က သူတို့ကို အဘယ်မျှချစ်သည်ကို ဖေါ်ပြသော လက္ခဏာတစ်ခုပင်ဖြစ်သည်။ သူတို့သည် ရှင်ယောဟန်၏ချစ်ခြင်းကိုသာ ခံကြရသည်မဟုတ်၊ လက်ရှိ ရှင်ယောဟန်ပါဝင်နေသော အသင်းတော်အနီးတဝိုက်ရှိ ဒေသများမှညီအစ်ကိုမောင်နှမများ၏ ချစ်ခြင်းကိုလည်း ခံကြရပါသည်။ ဤယုံကြည်သူများက ၎င်းတို့၏နှုတ်ခွန်းဆက်သခြင်းများကိုလည်း ပေးပို့ခဲ့ကြသည်။

## စဥ်စားသုံးသပ်ရန်အချက်များ

- သင်တို့ရဲ့အသိုင်းအဝိုင်းတွင် မှားယွင်းသောဆရာများရှိပါသလား။ ဤအခန်း ၌ သင်လေ့လာထားသည့်အရာများတွင်အခြေခံ၍ ထိုပုဂ္ဂိုလ်များကို မှားယွင်းသော ဆရာများအဖြစ် အဘယ့်ကြောင့် သင်သုံးသပ်ခဲ့လိမ့်မည်နည်း။
- သခင်ဘုရားထံသို့ ပြန်လည်သွေးဆောင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် မှားယွင်းသော အယူဝါဒများကို သွန်သင်ပေးသော ဆရာများနှင့် မိတ်ဆွေ ဖွဲ့ခြင်းနှင့် သင့်အိမ်ထဲသို့ ဝင်ခွင့်ပြု၍ သူတို့၏ယုံကြည်ချက်များဖြင့် သင့်အား စိုးမိုးခွင့်ပေးခြင်းတို့တွင် ခြားနားချက်ရှိပါသလား။ ဤအရာနှစ်ခုကို ဟန်ချက် ညီအောင် သင်မည်သို့ ထိန်းသိမ်းမည်နည်း။
- မှားယွင်းသောဆရာများသည် သင့်ကို မလှည့်ဖြားနိုင်မည့်အကြောင်း သင်ရယူ ထားဖို့လိုအပ်သည့် ကြိုတင်ကာကွယ်မှုများကို ဤကျမ်းပိုဒ်က မည်သို့သင်ပေး ထားပါသနည်း။

**ဆုတောင်းရန်အချက်များ**

- မှားယွင်းသောသွန်သင်ခြင်း၌ ဖမ်းချုပ်ခံနေရသောသူများကို သင်သိပါသလား၊ ဘုရားသခင်သည် ထိုသူတို့ကို ကယ်တင်ပေးမည့်အကြောင်း ဆုတောင်းပေးဖို့အချိန်ယူပါ။
- သခင်ယေရှုနှင့် ထိုသခင်လုပ်ဆောင်ခဲ့သော အမှုတော်နှင့် စပ်လျဉ်း၍ သမ္မာကျမ်းစာ၏ ရှင်လင်းပြတ်သားသော သွန်သင်ချက်ကို ရေရော၍ အာနိသင်လျော့ကျအောင် ရန်သူ၏အပြင်းအထန်းတိုက်ခိုက်ခြင်းမှ ကျွန်ုပ်တို့ကို ကာကွယ်ပေးဖို့ ဆုတောင်းပါ။
- သင့်ရဲ့အသင်းတော်ရှိ မှားယွင်းသော သွန်သင်ဆရာများ၏ အမှားများကို ဖော်ထုတ်ပေးဖို့ ဘုရားသခင်ထံ၌ တောင်းလျှောက်ပါ။

# ရှင်ယောဟန်ဩဝါဒစာတတိယစောင်ကို နိဒါန်းပျိုးခြင်း

*ရေးသားပြုစုသူ*

ဤတတိယစာစောင်တွင် ရေးသားပြုစုသူ၏ အမည်နာမကို ဖော်ပြထားခြင်းမရှိသော်လည်း ဤစာစောင်ကို ရေးသားပြုစုသူမှာ တမန်တော်ယောဟန်ဖြစ်သည်ဟု ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားကြသည်။ သူသည် တမန်တော်ယာကုပ်၏ညီဖြစ်၍ (မဿဲ ၄း၂၁၊ ၁၀း၂)၊ တံငါသည်လုပ်ငန်းကိုလုပ်ကိုင်သော ဇေဗေဒဲ၏သားဖြစ်သည် (မာကု ၁း၂၀)။

မဿဲ ၄ း ၂၁-၂၂ တွင် သခင်ယေရှုက ရှင်ယောဟန်ကို နောက်တော်သို့ လိုက်ရန် ဆင့်ခေါ်ခဲ့ချိန်တွင် ရှင်ယောဟန်နှင့် သူ၏အစ်ကို ရှင်ယာကုပ်တို့က တပည့်တော်များဖြစ်လာရန် ဖခင်ကြီးကိုလည်းကောင်း၊ ငါးဖမ်းပိုက်များကိုလည်းကောင်း စွန့်ပစ်ထားခဲ့ကြသည်။ ရှင်ယောဟန်မှာ သခင်ယေရှုနှင့် အလွန်နီးစပ်သူဖြစ်လာခဲ့ပြီး၊ သခင်ယေရှု၏အသက်တာ၌လည်းကောင်း၊ သာသနာလုပ်ငန်း၌လည်းကောင်းရှိခဲ့သော အလွန်ထူးခြားသည့် အခါသမယများတွင် သခင်နှင့်အတူရှိနေရသည့်အခွင့်ထူးများကို ရရှိခဲ့သည် (မာကု ၅း၃၇၊ မဿဲ ၁၇း၁၊ ၂၆း၃၇ တို့ကိုကြည့်ပါ)။

သခင်ယေရှု ရှင်ပြန်ထမြောက်ပြီးနောက်ပိုင်းတွင် ရှင်ယောဟန်သည် ယေရုရှလင်မြို့ရှိ အသင်းတော်၌ အသင်းတော်ခေါင်းဆောင်တစ်ဦးအနေဖြင့် တမန်တော်ပေတရုနှင့်အတူ အမှုတော်ဆောင်ခဲ့သည် (တမန်တော် ၃း၁၊ ၄း၁-၃)။ (ဤအချက်ကို သမ္မာကျမ်းစာ၌

တိတိကျကျဖော်ပြထားခြင်းမရှိသော်လည်း) သမိုင်းအစဉ်အလာအရ သူသည် ဇေက်မြို့၌လည်း အမှုတော်တောင်ခဲ့သည်ဟု ယုံကြည်ခဲ့ကြသည်။

*နောက်ခံအကြောင်းအရာ*

တမန်တော်ယောဟန်က မိမိ၏တတိယစာစောင်ကို ဂါယုဟုခေါ်သော အမျိုးသားတစ်ဦးထံသို့ လိပ်မူ၍ ပေးပို့ခဲ့သည်။ ဤအမည်ကို သမ္မာကျမ်းစာတွင် အခြားနေရာများ၌ အနည်းဆုံးနှစ်ကြိမ်ဖော်ပြထားသည် (ရောမ ၁၆း၂၃၊ ၁ ကော ၁း၁၄ ကိုကြည့်ပါ)။ ရှင်ယောဟန်က ဂါယုကို ချစ်အပ်သော (သို့) အချင်းချစ်သူ ဟုခေါ်ဆိုထားပြီး (၄ယ် ၁ နှင့် ၂)၊ သူ့ရဲ့သစ္စာရှိသောအသက်တာ (၄ယ် ၃) အတွက်လည်းကောင်း၊ ဧည့်သည်အာဂန္တုများအပေါ်၌ ထားသောချစ်ခြင်းမေတ္တာ (၄ယ် ၅) အတွက်လည်းကောင်း သူ့ကိုချီးကျူးခဲ့သည်။ ဂါယုသည် ကျန်းမာရေးချူချာသူဖြစ်ကြောင်း ထင်မှတ်ရသော်လည်း သူသည် ဤအရာကို ဂရုမထားပဲ သခင်ဘုရားအတွက် မိမိ၏အစေခံခြင်းကို အပတ်တကုတ် ကြိုးစားလုပ်ဆောင်ခဲ့သည် (၄ယ် ၂)။

ဂါယုပါဝင်မိတ်သဟာယဖွဲ့နေသော အသင်းတော်၌ ဒယောတရပ် ဟုခေါ်သော အမျိုးသားတစ်ဦးရှိခဲ့သည်။ သူသည် မာနထောင်လွှား၍ (၄ယ် ၉)၊ ပြစ်မှုသောစကားကို ပြောပြီး (၄ယ် ၁၀) လူများကို တမန်တော်တို့နှင့် မည်သို့မျှပတ်သက်စရာမရှိအောင် ထိန်းချုပ်ခဲ့သည် (၄ယ် ၁၀)။ ဤပုဂ္ဂိုလ်အကြောင်းကို ရှင်ယောဟန်က ဂါယုအားသတိပေးခဲ့သည်။ ရှင်ယောဟန်က သူသည် ဂါယုထံသို့လည်းကောင်း၊ အသင်းတော်ထံသို့လည်းကောင်း လာရောက်၍ ပြဿနာကိုဖြေရှင်းချင်သည်ဟု ဂါယုအားပြောခဲ့သည်။ ဒယောတရပ်၏ လုပ်ရပ်ကြောင့် သခင်ဘုရား၏ အမှုတော်၌ဆန်ကျင့်မှုများကို ရင်ဆိုင်နေရသော ဂါယုကို နှစ်သိမ့်ခွန်အားပေးဖို့ ရှင်ယောဟန်က ဤစာစောင်ကိုရေးသားခဲ့ဟန်ရှိသည်။

တမန်တော်ကြီးက လူအများကချီးကျူးကြ၍ သမ္မာတရားအတွက် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့သော ဒေမေတရိဟုခေါ်သည့်အမျိုးသားတစ်ဦးကိုလည်း ချီးကျူးထားသည်။ ဤသို့

သောခက်ခဲကျပ်တည်းသည့်ကာလတွင် ဂါယုသည်၄င်းနှင့်မိတ်သဟာယဖွဲ့နိုင်မည့် စိတ်တူကိုယ်တူလူတစ်ယောက်ယောက်ကိုရှိထားရန်မှာ ရှင်ယောဟန်၏အမှုထားစရာ ကိစ္စဖြစ်ကောင်းဖြစ်နေခဲ့နိုင်သည်။

*ယနေ့အတွက် ဤစာစောင်၏အရေးပါပုံ*

ရှင်ယောဟန်၏ တတိယစာစောင်က အသင်းတော်ထဲ၌ ပြဿနာများရှိနေခဲ့ကြောင်းကိုစာစောင်စစချင်း၌ ကျွန်ုပ်တို့ကို ပြသထားသည်။ ဒယောတရပ်သည် ချုပ်ချယ်တတ်ပြီး၊ မာနထောင်လွှားကာ အကဲအမျှုး (ပထမပုဂ္ဂိုလ်)လုပ်လိုသောသူဖြစ်သည်။ သူအမှုထားသောအရာမှာ ဘုရားသခင်၏ နိုင်ငံတော်အတွက်မဟုတ်၊ မိမိ၏ရာထူးနေရာနှင့် ဂုဏ်ပုဒ်အတွက်ဖြစ်သည်။ သစ္စာရှိသောအမှုတော်ဆောင်တစ်ဦးအနေဖြင့် ဂါယုမှာ မိမိ၏အသင်းတော်ထဲ ၌ ဆန့်ကျင်မှုများကို ရင်ဆိုင်ခဲ့ရသည်။ ဂါယုအပေါ်၌ထားရှိသော ရှင်ယောဟန်၏စိုးရိမ်ပတ်သက်မှုက သခင်ဘုရားအတွက် အသက်ရှင်ခြင်းနှင့် အမှုတော်ဆောင်ခြင်းတို့၌ အခက်အခဲများကို ရင်ဆိုင်နေကြသည့် ရိုးသားသောယုံကြည်သူများအတွက် ထားရှိသောသူ၏စိတ်ထားကို ကျွန်ုပ်တို့အားပြသနေသည်။ ဤစာစောင်တွင် ဆန့်ကျင်မှုများသည် အသင်းတော်၏ပြင်ပမှအမြဲမလာတတ်ကြောင်းကို ကျွန်ုပ်တို့တွေ့ရသည်။ တစ်ခါတစ်ရံတွင် ဆန့်ကျင်မှုများကို အသင်းတော်ထဲမှပင် ကျွန်ုပ်တို့ရင်ဆိုင်ရသည်။ ဤကဲ့သို့သောအချိန်ကာလတွင် မှန်ကန်သောအရာကို လုပ်ဆောင်ရာ၌ မဆုတ်မနစ်ကြိုးစား၍ စိတ်ဓါတ်မကျဖို့ ရှင်ယောဟန်က ဂါယုကိုနှစ်သိမ့်ခွန်အားပေးခဲ့သည်။ ဒေမေတရိသည် သခင်ဘုရားအတွက် မိမိ၏အမှုတော်၌ မဆုတ်မနစ်ကြိုးစားသေည်နှင့်အမျှ သူသည် သစ္စာရှိသောဂါယုအတွက် အထောက်အပံ့နှင့် ခွန်အားဖြစ်ခဲ့ပေလိမ့်မည်။

# ၁၅

# ဂါယု

၃ ယော ၁-၁၄ ကိုဖတ်ရှုပါ။

ရှင်ယောဟန်၏ တတိယစာစောင်သည် ဂါယုဟုခေါ်သောအမျိုးသားတစ်ဦးကို လိပ်မူရေးသားခဲ့သည်။ ဂါယသည် ရှင်ယောဟန်က မိမိ၏ကနဦး စာနှစ်စောင်၌ကျွန်ုပ်တို့အား သွန်သင်ပေးထားသည့်အကြောင်းအရာအားလုံး၏ အသက်ရှင်သော ဥပမာတစ်ခုဖြစ်သည်။

ဂါယုသည် တမန်တော်ယောဟန် အလွန်ချစ်ခင်ရသော မိတ်ဆွေတစ်ဦးဖြစ်သည်။ ဂါယုမှာ ကျန်းမာရေးချူချာသူဟု ထင်မှတ်ရသည်။ အခန်းငယ် ၂ တွင် ရှင်ယောဟန်က ဂါယု၏ ဝိညာဉ်ရေးရာကျမ်းမာရေးကို ချီးကျူးခဲ့ပြီး သူ၏ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးသည် ဝိညာဉ်ရေးရာကျန်းမာရေးကဲ့သို့ ကောင်းမွန်ဖို့ ဆုတောင်းမေတ္တာပို့သခဲ့သည်။ ကျွန်ုပ်တို့၏ ခေတ်ကာလကြီးတွင် ရုပ်ခန္ဓာကျန်းမာရေးကိုအထူးအလေးပေးနေကြသည်ကို ကျွန်ုပ်တို့ တွေ့မြင်နေရပါသည်။ အဝလွန်၍ပုံပျက်ပန်းပျက်ဖြစ်သွားမည်ကို အထူးစိုးရိမ်ကြသည်။ သို့သော် ကျွန်ုပ်တို့၏ဝိညာဉ်ကျန်းမာရေးကို ကျွန်ုပ်တို့မည်မျှအလေးထားကြပါသနည်း။ ဂါယုသည် ရုပ်ခန္ဓာကျန်းမာရေးတွင် အားနည်းသော်လည်း ဝိညာဉ်ရေးရာ၌ သန်မာလျက်

ရှိသည်။

ဂါယုနှင့်ပတ်သက်၍ ဒုတိယမြောက်ကျွန်ုပ်တို့တွေ့ရှိရသည့်အရာမှာ သူသည် သစ္စာရှိစွာဖြင့် "သမ္မာတရား၌ကျင်လည်"နေသူဖြစ်သည် (ငယ် ၃)။ သမ္မာတရား၌ ကျင်လည်လျှောက်လှမ်းခြင်းတွင် သမ္မာတရားအားယုံကြည်ခြင်းသက်သက်ထက်ပိုသော အရာများပါဝင်သည်။ "ကျင်လည်" ရန်အတွက် ကျွန်ုပ်တို့ယုံကြည်ထားသော သမ္မာတရားပေါ်၌ ခြေထောက်ကိုချဖို့လိုအပ်သည်။ သမ္မာတရားကို ယုံကြည်၍ ထိုသမ္မာတရား၌ ကျင်လည်လျှောက်လှမ်းခြင်းမပြုလုပ်ရန်မှာ ဖြစ်နိုင်သောအရာဖြစ်သည်။ ဂါယုသည် သမ္မာတရားကိုယုံကြည်ခဲ့ယုံသက်သက်သာမဟုတ်၊ ထိုသမ္မာတရားကို မိမိအသက်တာ၌လည်း လက်တွေ့ရှင်သန်ခံစားခဲ့ပါသည်။ သခင်ယေရှုနှင့် စပ်လျဉ်း၍ သူယုံကြည်ထားခဲ့သောအရာများသည် နေစဉ်အသက်တာ၏ အစိတ်အပိုင်းဖြစ်တစ်ခုလာခဲ့သည်။ ထိုအရာသည် သူပြုလုပ်ခဲ့သမျှသောဆုံးဖြတ်ချက်များကို သက်ရောက်မှုများပြုလုပ်ခဲ့သည်။ ထိုအရာသည် အခြားသူများအပေါ်၌ သူ၏ပြုမူဆက်ဆံပုံများကိုလည်း ပုံဖော်ပေးသည်။ ထိုအရာသည် သူပြောခဲ့သောအရာ၊ သူလုပ်ခဲ့သောအရာများကို ထိန်းချုပ်စိုးမိုးခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ထံမှ အခြား ဘာကိုမျှမတောင်းဆိုပါ။ သခင်ခရစ်တော်၏ တမန်တော်တစ်ပါးအနေဖြင့် ရှင်ယောဟန်သည် ဂါယုရဲ့ သခင်ခရစ်တော်၏ သမ္မာတရား၌ ဆက်ကပ်အပ်နှံထားမှုကို တွေ့မြင်ရသောအခါ စိတ်နှလုံး၌ ကြီးစွာသော ဝမ်းမြောက်ခြင်းကိုခံစားခဲ့ရသည်။

ရှင်ယောဟန်က ဂါယုကို ရေးသားခဲ့သော စာစောင်၏ အဓိကတရားဒေသနာဆီသို့ ဦးတည်သွားခဲ့သည်။ ရှင်ယောဟန်က ဂါယုကို သန့်ရှင်းသူများအပေါ်၌ ဧည့်သည်ဝတ်ပြုခြင်းကိုသစ္စာရှိရှိ ကျေပွန်ခဲ့သည့်အတွက် ချီးကျူးခဲ့သည်။ ဂါယုသည် မိမိနေထိုင်သော ဒေသတစ်ဝိုက်ကို ဖြတ်သန်းသွားလာခဲ့ကြသည့် နယ်လှည့်သာသနာပြုဆရာများကို မိမိတတ်နိုင်သ၍ ကူညီပေးခဲ့သည်ဟုထင်ရသည်။ အခန်းငယ် ၈ တွင် ရှင်ယောဟန်က ဂါယုအား ထိုအမှုတော်ကို ဆက်လက်၍ ကြိုးစားအားထုတ်လုပ်ဆောင်ဖို့ ခွန်အားပေးခဲ့သည်။ ဘုရားသခင်၏အမှုတော်ကို ရှေ့သို့ချီနိုင်ဖို့ လူမျိုးစုံလိုအပ်သည်။ လှည့်လည်ဟောပြောသော

သူများရှိသကဲ့သို့ ပေးကမ်းစွန့်ကြဲသောသူများလည်းရှိရပါမည်။ ဘုရားသခင်က ဂါယုကို "ပေးကမ်းစွန့်ကြဲသောသူ" အဖြစ်ရွေးချယ်ခဲ့သည်။ သူ၏ထောက်ပံ့ကူညီပေးမှုသည် နယ်လှည့် သာသနာပြုဆရာများအတွက် အလွန်အရာရောက်ခဲ့သည်။ အခန်းငယ် ၇ တွင် ရှင်ယောဟန်က ကျွန်ုပ်တို့အား ဘုရားသခင်၏ အစေခံများသည် "နာမတော်" (သခင်ယေရှု) ကို ထောက်၍ လှည့်လည်သွားလာနေကြသည်ဟု ပြောပြထားသည်။ သူတို့ သည် ဂါယုကဲ့သို့ ယုံကြည်သူများ၏ အထောက်အပံ့အပေါ်၌ မှီခိုကြရသည်။ ရှင်ယောဟန် က ဂါယုအား "ငါတို့သည် သမ္မာတရားကို ကူမသောသူဖြစ်အံ့သောငှါ" ထိုအမှုတော်ကို ဆက်လက်လုပ် ဆောင်ဖို့ ခွန်အားပေးခဲ့သည် (ငယ် ၈)။ ရှင်ယောဟန်သည် ဂါယု၏ဧည့်သည်ဝတ်ကိုပြုခြင်း အမှုတော်အားဖြင့် သူကို နိုင်ငံတော်ချဲ့ထွင်ခြင်း၌ အရေးပါသော အစိတ်အပိုင်းတစ်ခု အနေဖြင့်ရှုမြင်ခဲ့သည်။

သန့်ရှင်းသူများထံ၌ ဧည့်သည်ဝတ်ကိုပြုဖို့သူ့ကိုတစ်ခါတစ်ရံ အခက်တွေ့စေသော ပြဿနာတစ်ခု ဂါယု၏ အသင်းတော်တွင်ရှိခဲ့သည်။ ဂါယု၏အမှုတော်ကို ဆန့်ကျင်ခဲ့သည် သူတစ်ယောက် အသင်းတော်ထဲတွင်ရှိခဲ့သည်။ ထိုသူ၏အမည်မှာ ဒယောတရပ်ဖြစ်သည်။ ဒယောတရပ်သည် အသင်းတော်တွင် "အကဲအမှူး" (ပထမပုဂ္ဂိုလ်) ဖြစ်လိုခဲ့သည် (ငယ်၉)။ သူ့အားလူအများက ဂရုပြုနေမှုကို ပျက်ပြားသွားစေသည့်လူတိုင်းနှင့် အရာတိုင်းအပေါ်၌ မကျေမချမ်းနိုင်ဖြစ်ခဲ့သည်။ သူသည် တမန်တော်များနှင့်လည်းကောင်း၊ နယ်လှည့်သာသနာ ပြုဆရာများနှင့်လည်းကောင်း လုံးဝမပတ်သက်ချင်ခဲ့ပါ။ သူသည် ထိုနေ့ရက်ကာလရှိ တမန် တော်များနှင့် ခရစ်ယာန်အမှုတော်ဆောင်များ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေဖို့ ၎င်းတို့၏ မဟုတ်မမှန်သတင်းများကို ထုတ်လွှင့်ခဲ့သည်။ ထိုဒေသတစ်ဝိုက်၌ သွားလာနေကြသော နယ်လှည့်တရားဟောဆရာများနှင့် နှုတ်ကပတ်တော်သင်ပေးသူဆရာများကို ကြိုဆိုလက်ခံ ရန် ငြင်းပယ်ခဲ့သည်။ ဒယောတရပ်သည် ဤနယ်လှည့်တရားဟောဆရာများကို ခရီးဦး ကြိုပြုသည့်သူများကို အသင်းတော်မှ နှင်ထုတ်သည်အထိ ပြုလုပ်ခဲ့သည် (ငယ် ၁၀)။ သူသည် ကန့်သတ်ချုပ်ချယ်၍ ကြိုးကိုင်ခြယ်လှယ်သောသူဖြစ်သည်။

ဒေယာတရပ်သည် ခါးသီးပြင်းထန်၍ မာနကြီးသောသူဖြစ်သည်။ သူသည် သတင်းကောင်းတရားတော်၏အမှုတော်၌ အဟန့်အတားတစ်ခုဖြစ်သည်။ သူအမှုထားသည့် တစ်ခုတည်းသောအရာမှာ သူ့ကိုယ်သူဖြစ်သည်။ ဒယောတရပ်သည် ဘုရားသခင်၏ အမှုတော်ကို ထိုအသင်းတော်၌ ဖျက်ဆီးဖို့ စာတန်၏လက်နက်တန်ဆာပလာအမှန်ဖြစ်ခဲ့သည်။ ရှင်ယောဟန်က ဂါယုအား ဒယောတရပ်ကို မိမိလူပုဂ္ဂိုလ်ချင်းတွေ့၌ ဖြေရှင်းမည်ဟုပြောခဲ့သည်။ ဒယောတရပ်ကြောင့် ဂါယုသည် မိမိပြုလုပ်နေသည့် ဧည့်သည်ဝတ်ကိုပြုခြင်းအမှုတော်၌ စိတ်ဓါတ် ကျဆင်းနေခဲ့ပါသလား။ ဒယောတရပ်က ဂါယုကို ရပ်တန့်ဖို့ ကြိုးစားအားထုတ်နေသော်လည်း ထိုကောင်းသာအမှု၌ ဆက်လက်ကြိုးစားအားထုတ်ဖို့ ညီအစ်ကိုဂါယုကို ခွန်အားပေးရန် ရှင်ယောဟန်ကဤစာစောင်ကို ရေးသားပေးပို့ခဲ့သည်ဟု ယူဆရသည်။

သင်သည် ဂါယုကဲ့သို့ စိတ်ဓါတ်ကျဆင်းနေပါသလား။ ဆန့်ကျင်ခံရမှုများကြောင့် လက်လျှော့လိုက်တော့မည်ဟု ခံစားနေရပါသလား။ ဆက်လက်လုပ်ဆောင်ဖို့ကောထိုက်တန်ပါသေးသလားဟု သင်တွေးကောင်းတွေးနေမည်။ ဆန်ကျင်ခံရမှုသည် ယခုသင်လုပ်ဆောင်နေသော အမှုတော်ကို စွန့်ခွာ၍ အခြားတစ်ခုကို ရှာကြံဖို့ ဘုရားသခင်ထံမှလာသော နိမိတ်လက္ခဏာတစ်ခုလားဟု သင်တွေးကောင်းတွေးနေမည်။ ဤကဲ့သို့သော အချိန်များတွင် ဂါယုအားရေးပို့လိုက်သော ရှင်ယောဟန်၏ စာစောင်သည် သင့်အတွက် ခွန်အားဖြစ်စေပါလိမ့်မည်။ ရှင်ယောဟန်၏ ဤစကားကိုလာရောက်ပေါင်းစည်းခဲ့သော စကားသံများမှာ ရှင်ပေါလုနှင့် ရှင်ပေတရုတို့၏ စကားပင်ဖြစ်သည်။

“ငါတို့သည် အားမလျှော့၊ စိတ်မပျက်ဘဲ ကောင်းသော အကျင့်ကို ကျင့်ကြကုန်အံ့။ ထိုသို့တည်ကြည်၍ ကျင့်လျှင် အချိန်တန်သောကာလ၌ အသီးအနှံကို ရိတ်ရကြလိမ့်မည်။ ထိုကြောင့် ငါတို့သည် အဆင်သင့်သည်အတိုင်း ယုံကြည်ခြင်း၏ အိမ်သူအိမ်သားတို့၌ အထူးသဖြင့် ကျေးဇူးပြုလျက်၊ ခပ်သိမ်းသောသူတို့အား ကျေးဇူး ပြုကြကုန်အံ့” (ဂလာတိ ၆း ၉-၁၀)။

“ညီအစ်ကိုတို့၊ အားလျှော့စိတ်ပျက်ခြင်းမရှိဘဲ ကောင်းသောအကျင့်ကို ကျင့်

ကြလော့” (၂ သက် ၃ း ၁၃)။

“အကြောင်းမူကား၊ သင်တို့သည် ကောင်းသောအကျင့်ကိုကျင့်သောအားဖြင့် လူမိုက်တို့၏ မိုက်မဲသောစကားကို ချေစေခြင်းငှာ ဘုရားသခင်အလိုတော်ရှိ၏” (၁ ပေ ၂း၁၅)။

ဂါယုသည် ခွန်အားပေးနှစ်သိမ့်ခြင်းကို လိုအပ်နေသော အလွန်ချစ်ရသည့် ဘုရားသခင်၏ သစ္စာရှိသော အစေခံတစ်ယောက်ဖြစ်သည်ဟု ကျွန်ုပ်ထင်သည်။ သာသနာလုပ်ငန်း၌ စိတ်ဓါတ်ကျနေသော ညီအစ်ကို တစ်ဦးထံ၌ ခွန်အားပေးနှစ်သိမ့်ခြင်းစကားကို ယူဆောင်လာဖို့ ရှင်ယောဟန်သည် ဘုရားသခင်၏ လက်နက်တန်ဆာပလာဖြစ်ခဲ့သည်။ အလားတူ အဆီးအတားကို သင်ရင်ဆိုင်နေရပါက ရှင်ယောဟန်၏ စကားများကို ယနေ့တွင် သင့်ရဲ့ခွန်အားဖြစ်စေလိုက်ပါ။

ဤရှင်ယောဟန်က ကျွန်ုပ်တို့လိုက်လျှောက်ရမည် ဥပမာတစ်ခုကို ပေးထားသည်။ ဤနေရာ၌ ကျွန်ုပ်တို့တွေ့ရသည့် အရာမှာ ရှင်ယောဟန်သည် မိမိဟောပြောသည့်အတိုင်း လုပ်ဆောင်သည်ဟူသောအချက်ဖြစ်သည်။ သူသည် သူတစ်ပါးအား ချစ်ခြင်း၏အရေးပါပုံကိုသာ သွန်သင်ပေးသည်မဟုတ်၊ ထိုအရာကို အသက်တာ၌ လက်တွေ့ရှင်သန်ခဲ့သည်။ ညီအစ်ကိုတစ်ယောက် အခက်အခဲနှင့်ရင်ဆိုင်နေရသည်ကို သူသိမြင်သောအခါ သူသည် မှင်တံကိုဆွဲယူ၍ နှစ်သိမ့်ခွန်အားပေးစာတစ်စောင်ကို ရေးသားလိုက်သည်။ သင်ရောဘယ်လိုလဲ။ ယနေ့တွင် အခက်အခဲကြုံတွေ့နေသော ညီအစ်ကိုမောင်နှမတစ်ယောက်ယောက်ကို သင်သိပါသလား။ ထိုပုဂ္ဂိုလ်အတွက် သခင်ခရစ်တော်၏ ချစ်ခြင်းမေတ္တာကို သင့်အသက်တာ၌ မည်သို့ပေါ်လွင်ထင်ရှားအောင် လုပ်ဆောင်မည်နည်း။

ရှင်ယောဟန်က ဂါယုအား ဒရောတရပ်၏ အလွန်ယုတ်မာသော ပုံဥပမာကို မလိုက်လျှောက်ဖို့ အသိပေးထားသည်။ ရှင်ယောဟန်၏ ပြောဆိုထားချက်အရ ဒရောတရပ်သည် ဘုရားသခင်ကို အမှန်တကယ် မသိခဲ့ပါ။ သူသည် ဘုရားသခင်ကို သိခဲ့ပါက “ကောင်းသောအကျင့်” ကိုကျင့်ကြံလုပ်ဆောင်ခဲ့မည်ဖြစ်သည် (၃ယ် ၁၁)။

ရှင်ယောဟန်က ဂါယုထံ၌ ဒေမေတရိဟူသော သူကိုချီးကျူးပြောဆိုရင်း စာစောင်ကို အဆုံးသတ်ထားသည်။ ဂါယုအား ဒေမေတရိသည် သမ္မာတရားနှင့်အညီ ကျင့်ကြံနေထိုင်ကြောင်း လူများစွာကပြောနေကြသည်ဟု ပြောပြသည်။ ရှင်ယောဟန်သည် ဒေမေတရိကို ဤနေရာ၌အဘယ်ကြောင့် ဖော်ပြထားသည်။ ကျမ်းစာရှင်းလင်းချက်ရေးသားသူအချို့က ဒေမေတရိသည် ဤတတိယမြောက်စာကို ဂါယုထံယူလာသောသူဖြစ်သည်ဟု ယုံကြည်ကြသည်။ အချို့ကလည်း ဒယောတရပ်က ဒေမေတရိကို လုပ်ကြံ အသရေပျက်အောင်ပြောဆိုခဲ့သောကြောင့် ဂါယုက ထိုအရာမှန်မမှန် ရှင်ယောဟန်ထံ၌ အတည်ပြုချက်ကို လိုအပ်နေခဲ့သည်ဟု စဉ်းစားသုံးသပ်ကြသည်။ ရှင်ယောဟန်က ဒေမေတရိ၏ အကြောင်းကို ဤနေရာ၌အဘယ်ကြောင့် ဖော်ပြခဲ့သည်ကို ကျွန်ုပ်တို့ အတိအကျမသိရသော်လည်း ကျွန်ုပ်တို့တွေ့ရှိရသောအရာမှာ ဂါယုတစ်ဦးတည်း အထီးကျန်မနေပါဟူသောအချက်ဖြစ်သည်။ ဂါယုသည် ဒေမေတရိ၌ စစ်မှန်သောယုံကြည်သူတစ်ဦးကိုတွေ့ရှိနိုင်ပြီး၊ သူနှင့်လည်းမိတ်သဟာယဖွဲ့နိုင်ပါသည်။

ရှင်ယောဟန်က ဂါယုအား လူပုဂ္ဂိုလ်ချင်း လာရောက်တွေ့ဆုံလိုသည့်အကြောင်းကို အသိပေးထားသည်။ ရှင်ယောဟန်က အခြားယုံကြည်သူများထံမှ နှုတ်ခွန်းဆက်သမှုများကိုရေးပို့ခဲ့ပြီး၊ မိတ်ဆွေများကို နာမည်ဖြင့် ခေါ်၍ နှုတ်ဆက်ဖို့ ဂါယုကို မှာထားသည်။

ဤစာစောင်သည် တမန်တော်ယောဟန်က မိမိသွန်သင်ပေးနေသည့် သူတစ်ပါးကိုချစ်ခြင်းဟူသောအရာကို မည်သို့လက်တွေ့ပြသခဲ့ကြောင်း ဖော်ပြသော အလွန်လက်တွေ့ကျသည့် ဥပမာတစ်ခုဖြစ်သည်။ ဤစာစောင်က သခင်ဘုရားအား နာခံခြင်းသည် တစ်ခါတစ်ရံတွင် ဆင်းရဲဒုက္ခခံရခြင်းကို တောင်ခံပါလိမ့်မည်။ ကျွန်ုပ်တို့ကို ဆန့်ကျင်ကြသည့်အချိန်များလည်းရှိလာပါလိမ့်မည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်တွင် ကျွန်ုပ်တို့သည် တစ်ယောက်ကိုတစ်ယောက် လိုအပ်ကြသည်။ ဂါယု၏အမှုတော်သည် တမန်တော်ယောဟန်အတွက် ဝမ်းမြောက်ခြင်းနှင့် စိတ်ဓါတ်ခွန်အားတို့၏ အရင်းအမြစ် အမှန်တစ်ခုဖြစ်သည်။ အပြန်အလှန်အဖြစ် ရှင်ယောဟန်ကလည်း အခက်အခဲကြုံတွေ့နေရသည့်

ညီအစ်ကိုအတွက် ခွန်အားယူစရာတစ်ခုဖြစ်လိုခဲ့သည်။ သူတို့နှစ်ဦးသည် ယုံကြည်ခြင်း၌ တစ်ဦးကိုတစ်ဦး တည်ဆောက်နေကြသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- အမှုတော်မြတ်၌ ခွန်အားပေးခြင်းကို လိုအပ်နေသည့်သူများ သင့်အနီးအနားတွင်ရှိပါသလား။ သင်သည်သူတို့အတွက် ခွန်အားပေးနှစ်သိမ့်မှုတစ်ခုဖြစ်ဖို့မည်သည့်အရာကို သင်လုပ်နိုင်ပါသနည်း။
- ဒယောတရပ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကိုသင်တွေ့ဖူးပါသလား။ ဒယောတရပ်ကဲ့သို့မာနကြီး၍ အခြားသူများ၏အမှုတော်သည် သင့်ရဲအမှုတော်ထက်ပို၍အရေးပါအရာရောက်နေသည်ဟုထင်၍ မနာလိုစိတ်များရှိနေသည့် အခြေအနေမျိုးတွင် သင့်ကိုသင်မြင်တွေ့ခဲ့ဖူးပါသလား။ ဤခံစားချက်များ၏ အဓိကအကြောင်းအရင်းများမှာ အဘယ်နည်း။
- ဤကျမ်းပိုဒ်က ကျွန်ုပ်တို့တစ်ဦးကိုတစ်ဦး လိုအပ်နေကြကြောင်းကို မည်သို့ပြောပြထားပါသနည်း။
- အရေးကြီးသော အမှုတော်အားလုံးကို လူသိရှင်ကြား ကျင့်ဆောင်ကြပါသလား။ ဂါယု၏ "ကန့်လန့်ကာနောက်မှ" အမှုတော်သည် အဘယ်ကြောင့်အရေးပါခဲ့သနည်း။

## ဆုတောင်းရန်အချက်များ

- ကန့်လန်ကာနောက်မှ စစ်မှန်သောကောင်းကြီးမင်္ဂလာဖြစ်နေခဲ့သည့် သင်တို့၏အသင်းတော်မှ တစ်စုံတစ်ယောက်၏ အမှုတော်အတွက် ဘုရားသခင်ကိုကျေးဇူးတင်ချီးမွမ်းပါ။
- အမှုတော်၌ ဖိနှိပ်ခံရ၍ စိတ်ဓါတ်ကျဆင်းခြင်းကိုခံစားနေသောသူ

တစ်ယောက်ယောက်ကို သင်သိပါသလား။ ဘုရားသခင်သည် ထိုပုဂ္ဂိုလ်အား ဆွဲထူ၍ ခွန်အားပေးနှစ်သိမ့်ပေးမည့်အကြောင်း ဆုတောင်းပေးရန် အချိန်ယူပါ။

- သခင်ခရစ်တော်၌တည်သောမိတ်ဆွေများနှင့် ယုံကြည်သူချင်းတို့အားဖြင့် ဘုရားသခင်ကပေးခဲ့သော အထောက်အပံ့များနှင့် ခွန်အားပေးနှစ်သိမ့်မှုများ အတွက် ကျေးဇူးတင်ချီးမွမ်းပါ။

# ရှင်ယုဒသြဝါဒစာကို နိဒါန်းပျိုးခြင်း

*ရေးသားပြုစုသူ*

ရှင်ယုဒသည် တမန်တော်ဆယ့်နှစ်ပါးထဲမှ တစ်ပါးဖြစ်ကြောင်းကလွဲ၍ သူ့အကြောင်းကို အနည်းငယ်သာသိရသည်။ လုကာ ၆း၁၆တွင် သူ့ကို ယုဒရှာကာရုတ်နှင့်ခွဲခြားသိမြင်နိုင်ဖို့ ယာကုပ်၏သားယုဒဟုခေါ်ဆိုထားသည်။ မဿဲ ၁၃း၅၅ က သူသည်သခင်ယေရှု၏ မိခင်မာရိ၏သားဖြစ်သည်ဟု ဖေါ်ပြထားသည်။ ဤအချက်က ရှင်ယုဒကိုသခင်ယေရှု၏ မအေတူညီအစ်ကိုဖြစ်စေခဲ့သည်။ မဿဲ ၁၀း၃တွင် သူ့ကို သဒ္ဒဲ ဟုခေါ်ဆိုထားသည်။

*နောက်ခံအကြောင်းအရာ*

ရှင်ယုဒက မိမိ၏စာစောင်ကို "ခမည်းတော်ဘုရားသခင် သန့်ရှင်းစေတော်မူ၍၊ ယေရှုခေါ်ထားစောင့်မတော်မူသောသူတို့"အား ရေးသားပေးပို့ထားသည်။ ဤစာစောင်သည် ယုံကြည်သူအားလုံးနှင့်ဆိုင်သော အထွေထွေသြဝါဒစာတစ်စောင်ပုံပေါက်နေသည်။ ဤစာစောင်၏ရည်ရွယ်ချက်မှ အလွန်ရှင်းလင်းလှပါသည်။ ရှင်ယုဒက ယုံကြည်သူတို့အားသမ္မာတရားကို မှောက်လှန်၍ သခင်ယေရှုကိုငြင်းပယ်ခဲ့ကြသည့် မှားယွင်းသောဆရာများ

အကြောင်းကို သတိပေးရန်ဖြစ်သည်။ သူသည် တမန်တော်များထံမှဆင်းသက် ရောက်ရှိလာသောသမ္မာတရားမှလွဲ၍ အခြားသောသမ္မာတရားများကို သွန်သင်ပေးသည့်သူတိုင်းအပေါ်၌ စူးရှပြင်းထန်သည့် ပြစ်တင်ရှုတ်ချခြင်းများကို ဆောင်ယူလာသည်။

*ယနေ့အတွက်ဤစာစောင်အရေးပါပုံ*

မိမိ၏စာတွင် ရှင်ယုဒက မှားယွင်းသောဆရာများအကြောင်းကို ပြင်းပြင်းထန်ထန်ပြောပြထားသည်။ သူ့အတွက်ဆိုလျှင် သမ္မာတရားကို အလျှော့အတင်းလုပ်၍ ညှိနှိုင်းခြင်းမရှိနိုင်ပါ။ အခြားသောသတင်းကောင်းတရားတော်ကို ဟောပြောသောသူများသည် သမ္မာတရားကို မိမိတို့၏ ကိုယ်ပိုင်ရည်ရွယ်ချက်များအတွက် အသုံးချရန် မှောက်လှန်ခဲ့ကြသည်။ အသင်းတော်သည် တမန်တော်များထံမှ ဆင်းသက်ရောက်ရှိလာသော အယူဝါဒများအားသွန်သင်မပေးသောသူများကို သတိထားရမည်ဖြစ်သည်။ ရှင်ယုဒက မှားယွင်းသောဆရာများအား ကျွန်ုပ်တို့အလယ်သို့ဝင်ရောက်ခွင့်ပြုခြင်း၏ အန္တရယ်ကို ဖော်ပြထားပြီး၊ ထိုမှားယွင်းသောဆရာများ၏ သဘောသဘာဝအမှန်ကိုလည်း ထုတ်ဖော်ပြသပေးထားသည်။ ဤစာစောင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဟောပြောရာ၌လည်းကောင်း၊ သွန်သင်ပေးရာ၌လည်းကောင်း သစ္စာရှိဖို့ဆင့်ခေါ်ထားခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းအတွက် အနှောက်အယှက်နည်းလာအောင် သမ္မာတရားကို အတိုးအလျှော့လုပ်၍ ညှိနှိုင်းခြင်း (သို့) ရေရောခြင်းတို့ကို ဆန့်ကျင်ရပ်တည်ဖို့ ကျွန်ုပ်တို့၏ ခေတ်ကာလရှိ အသင်းတော်အတွက် စိတ်ခေါ်ချက်တစ်ခုဖြစ်သည်။

# ၁၆
# ယုံကြည်ခြင်းအတွက် ကြိုးစားတိုက်လှန်ခြင်း

ယုဒ ၁-၇ ကိုဖတ်ရှုပါ။

မိမိ၏ စာကိုစတင်သည်နှင့်အမျှ ရှင်ယုဒက မိမိကိုယ်ကို စာဖတ်ပရိတ်သတ်များနှင့် မိတ်ဆက်ပေးခဲ့သည်။ သူသည် ကိုယ့်ကိုကိုယ် "ယေရှု၏ကျွန်ဖြစ်သော ယာကုပ်၏ညီ" ဟုခေါ်ဆိုထားသည် (ငယ် ၁)။ ကျမ်းစာရှင်းလင်းချက်ရေးသားသူများက သူ့ကို သခင်ယေရှု၏ ညီအဖြစ်ယုံကြည်ထားကြသည်။ သူသည် ကိုယ့်ကိုကိုယ် သခင်ယေရှု၏ညီတစ်ဦးအဖြစ် ထုတ်ဖော်ပြောဆိုနိုင်သော်လည်း ရှင်ယုဒက ဤဝန်ခံချက်ကို ရှောင်ကြဉ်ထားသည်။ ရှင်ယုဒ အတွက် သခင်ယေရှုသည် ညီအစ်ကိုတစ်ယောက်ထက်ပိုပါသည်။ သခင်ယေရှုသည် သူ၏ ကယ်တင်ရှင်ဖြစ်သည်။ ရှင်ယုဒကကိုယ့်ကိုကိုယ် သခင်၏နှိမ့်ချသော အစေခံအဖြစ် ရှုမြင်ခဲ့သည်။

ရှင်ယုဒက မိမိ၏စာကို "ခမည်းတော် ဘုရားသခင်က သန့်ရှင်းစေတော်မူ၍၊ ယေရှုခရစ်ခေါ်ထားစောင့်မတော်မူသောသူတို့" ထံသို့ရေးသားပေးပို့ခဲ့သည် (ငယ် ၁)။ ဤနေရာ၌ ရှင်ယုဒပြောပြထားသော အကြောင်းအရာများကို စဉ်းစားသုံးသပ်ရန် ကျွန်ုပ်တို့ အတွက် အရေးကြီးပါသည်။ သူ၏စာသည် ယုံကြည်သူအားလုံးကို ယေဘုယျခြုံငုံ၍ လိပ်မူထား

သည်။ ရှင်ယုဒက ယုံကြည်သူသည် “ခေါ်ထားစောင့်မခြင်း” ခံရသောသူဖြစ်သည်ဟု ဆိုထားသည်။ ဤဆင့်ခေါ်ခြင်းသည် ကယ်တင်ခြင်းတရားတော်ကို ကြားနာရရုံသက်သက် ထက်ပိုပါသည်။ မိမိ၏သားတော် သခင်ယေရှုခရစ်အားဖြင့် မိမိထံသို့ ဆောင်ယူရန် ဘုရားသခင်က ဆင့်ခေါ်ထားသောသူများအပေါ်၌ ဘုရားသခင်၏လက်တော်ရှိနေပါသည်။ မိမိ ဆင့်ခေါ်ထားသောသူများ၏အသက်တာအတွက် ဘုရားသခင်၌ ရည်ရွယ်ချက်များနှင့် အကြံအစည်များရှိပါသည်။ သူတို့သည် ကယ်တင်ခြင်းအတွက် ဆင့်ခေါ်ခြင်းကိုခံထားရ သကဲ့သို့ အမှုတော်အတွက်လည်း ဆင့်ခေါ်ခြင်းကိုခံထားရပါသည်။ နိုင်ငံတော်၏သာသနာတော်မြတ်၌ အသုံးဝင်သောအစေခံများဖြစ်လာမည့်အကြောင်း သခင်ဘုရားသည် မိမိဆင့်ခေါ်ထားသောသူများကို လေ့ကျင့်သင်ကြားပေး၍ ပြင်ဆင်မွမ်းမံပေးပါသည် (ဂလာတိ ၁း၁၅-၁၆)။

ယုံကြည်သူသည် ခေါ်ထားခြင်းကိုသာခံရသည်မဟုတ်၊ ခမည်းတော်၏ “ချစ်ခြင်း” ကိုလည်း ခံကြရသည်။ မိမိ၏သားသမီးများအပေါ်၌ ထားရှိသောဘုရားသခင်၏ ချစ်ခြင်းမေတ္တာမှာ အလွန်ကြီးမားသောကြောင့် သူတို့ကိုယ်စား အသေခံရန် မိမိ၏သားတော်ကို လိုလိုလားလား စေလွှတ်ခဲ့သည်။ ထိုသို့အားဖြင့် သူတို့သည် အပြစ်လွှတ်ခြင်းကို ခံရ၍ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့နိုင်ကြမည်ဖြစ်သည်။ ဤထက်ကြီးမြတ်သော ချစ်ခြင်းမေတ္တာမရှိတော့ပါ။ ယုံကြည်သူသည် ဘုရားသခင်၏ချစ်ခြင်းကိုခံရ၍ သခင်ယေရှုက ကိုယ်စားအသေခံပေးထားခြင်းခံရသောသူဖြစ်သည်။

သို့သော် ဤအရာထက်ကျော်လွန်၍ ကျွန်ုပ်တို့ကိုပြောပြထားသည်။ ရောမ ၈တွင် ရှင်ပေါလုကလည်း ကျွန်ုပ်တို့ကို သခင်ယေရှု၏ချစ်ခြင်းမေတ္တာနှင့် အဘယ်အရာက မျှခွဲမထားနိုင်ကြောင်းကိုပြောထားသည်။ စစ်မှန်သောယုံကြည်သူများသည် သခင်ယေရှုက ပေးထားသော ကယ်တင်ခြင်း၌ အစဉ်ထာဝရစောင့်မထားခြင်းကိုခံကြရသည်။ ဤထာဝရ အမွေအနှစ်ကို ဘုရားသခင်၏ သားသမီးများထံမှ ဘယ်သောအခါတွင်မျှ ပြန်ယူ၍မရနိုင်ပါ။ သခင်ယေရှုက သူတို့ကို လုံခြုံအောင်စောင့်မပေးထားမည်ဖြစ်သည်။ ဤသဘောထား ခံယူချက်တွင် အံ့ဖွယ်ကောင်းသော အာမခံချက်တစ်ခုရှိသည်။ ကျွန်ုပ်တို့ဘယ်နှစ်ကြိမ်၊

ဘယ်နှစ်ခါကြုံရှုံးခဲ့ကြပါသနည်း။ သခင်ဘုရားအပေါ်၌ ကျွန်ုပ်တို့ဘယ်နှစ်ကြိမ်၊ ဘယ်နှစ်ခါ ပျက်ကွက်ခဲ့ကြပါသနည်း။ ဤကျရှုံးမှုများနှင့် ချွတ်ယွင်းချက်များရှိနေစေကာမူ သခင်ဘုရားသည် ကျွန်ုပ်တို့ကို စောင့်မထားတော်မူလျှက်ရှိသည်။ သူသည် ကျွန်ုပ်တို့ကို ဘယ်သောအခါတွင်မျှ ပစ်ပယ်၍ စွန့်လွှတ်သွားမည်မဟုတ်ပါ။

မိမိ၏စာဖတ်ပရိသတ်အတွက် ထားရှိသော ရှင်ယုဒ၏စိတ်ဆန္ဒမှာ ဘုရားသခင်၏ ဂရုဏာတော်၊ ငြိမ်သက်ခြင်းနှင့် ချစ်ခြင်းသည် သူတို့ပိုင်ဆိုင်သောအရာများဖြစ်လာဖို့ဖြစ်သည်။ ယုံကြည်သူများသည် ဘုရားသခင်၏ ဂရုဏာ(မထိုက်မတန်ပဲရသော မျက်နှာသာပေးမှု)ကို နေ့စဉ်နှင့်အမျှ အသစ်ခံစားကြဖို့မှာ သူ၏စိတ်ဆန္ဒဖြစ်သည်။ ဘုရားသခင်၏ ဂရုဏာတော်သည် ယုံကြည်သောသူများအတွက် နေ့စဉ်အတွေ့အကြုံတစ်ခု အမှန်ဖြစ်သည်။ ဘုရားသခင်၏ မျက်နှာသာပေးမှုနှင့် မည်သူမျှမထိုက်တန်ပါ။ သို့ပင်ဖြစ်သောငြားလည်း သူ့ရဲ့ဂရုဏာတော်သည် ကျွန်ုပ်တို့ အိပ်ယာမှနိုးထသည့် နံနက်တိုင်းတွင် အသစ်ဖြစ်လျှက်နေသည် (မြည်တမ်းစာ ၃း၂၂-၂၃)။

ဘုရားသခင်၏ ငြိမ်သက်ခြင်းနှင့် ချစ်ခြင်းသည်လည်း ကျွန်ုပ်တို့၏ နေ့စဉ်အတွေ့အကြုံတစ်ခုဖြစ်နိုင်ပါသည်။ ရှင်ယုဒ၏စိတ်ဆန္ဒမှာ မိမိ၏စာဖတ်ပရိတ်သတ်တို့သည် ဤငြိမ်သက် ခြင်းနှင့် ချစ်ခြင်းကို အလျှံအပယ်တွေကြုံခံစားကြမည့်အကြောင်းပင်ဖြစ်သည်။ ယခုအချိန်တွင် သင်သည်သခင့်၏ချစ်ခြင်းနှင့် ငြိမ်သက်ခြင်းကိုမည်မျှကြုံတွေ့ခံစားနေပါသနည်း။ သေချာသည့်အရာမှာ ကျွန်ုပ်တို့အထဲမှမည်သူကမျှ သခင့်ရဲ့ချစ်ခြင်းနှင့် ငြိမ်သက်ခြင်း၏အတိုင်းအတာပမာဏကို အပြည့်အဝမခံစားဖူးခဲ့ကြပါ။ ချစ်ခြင်းနှင့် ငြိမ်သက်ခြင်းသည် ယခုအသက်တာ၌ ကျွန်ုပ်တို့ခံစားရနိုင်သည်ထက် ဘုရားသခင်၌ပို၍ ရှိပါသည်။ မိမိ၏စာဖတ်ပရိတ်သတ်တို့သည် ဘုရားသခင်၏ဂရုဏာတော်၊ ငြိမ်သက်ခြင်းနှင့် ချစ်ခြင်းတို့ဖြင့် ပြည့်လျှံနေကြရန်မှာ ရှင်ယုဒ၏ဆန္ဒဖြစ်သည်။ ဘုရားသခင်သည် အလွန်စေတနာကြီးသောဘုရားဖြစ်သည်။ ကျွန်ုပ်တို့၏အနီးအနားရှိ ဖန်ဆင်းထားသော အရာများကိုကြည့်ပါ။ ကျွန်ုပ်တို့၏ပျော်ရွှင်ကြည်နူးမှုအတွက် သူဖန်ဆင်းခဲ့သည့်စကြာ

ဝဋ္ဋာကြီး၏ကျယ်ပြန့်နက်ရှိုင်းမှုကို အချိန်အနည်းငယ်စဉ်စားသုံးသပ်ကြည့်ပါ။ ဘုရားသခင်သည် မိမိ၏ဂုဏ်ကျေးဇူးတော်၊ ငြိမ်သက်ခြင်း နှင့် ချစ်ခြင်းတို့ကို ခွဲတမ်းမချပါ။ တစ်ခုတည်းသောကန့်သတ်မှုအတိုင်းအတာမှာ ကျွန်ုပ်တို့ ဘက်မှမည်မျှလက်ခံချင်ပါသနည်းဟူ၍ဖြစ်သည်။

မူလတွင် ရှင်ယုဒသည် ဤယုံကြည်သူများထံ၌ ၎င်းတို့မျှဝေခံစားနေကြသည့် ကယ်တင်ခြင်းအကြောင်းကို ရေးသားပေးပို့ချင်ခဲ့သည် (ငယ် ၃)။ ထိုကဲ့သို့သော စာသည် စိတ်ဓါတ်ကိုမြှင့်တင်ပေး၍ အပြုသဘောဆောင်ခဲ့ပါမည်။ သို့သော် သူတို့နှင့်ပတ်သက်သည့် ရှင်ယုဒကြားခဲ့သောသတင်းက ဤစာစောင်၏ အနေအထားကိုပြောင်းလဲခဲ့သည်။ ထို့ကြောင့် သူတို့ထံသို့ဆင့်ကဲရောက်ရှိလာသော ယုံကြည်ခြင်းအတွက်ကြိုးစားတိုက်လှန်ကြရန် စိန်ခေါ်ဖို့ဤစာစောင်ကိုရေးပို့ခဲ့သည်။ အကြောင်းအရင်းမှာ သူတို့အထဲသို့လူတစ်ချို့လျှိုဝင်လာပြီး သမ္မာတရားကိုမှောက်လှန်ခဲ့ကြသောကြောင့်ဖြစ်သည်။ ထိုပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ရှင်ယုဒကမည်သို့ပြောဆိုထားသည်ကိုမှတ်သားကြည့်ပါ။

ပထမအနေဖြင့်၊ ၎င်းတို့အားဒဏ်ခတ်စီရင်ခြင်းကို ရှေးကာလကတည်းကပင် ရေးမှတ်ခဲ့ပြီးဖြစ်သည်။ ဤအချက်နှင့်စပ်လျဉ်း၍အခန်းငယ် ၅-၇ တွင်ဥပမာများစွာကို ကျွန်ုပ်တို့တွေ့ရသည်။ မိမိတို့၏မူလရည်ရွယ်ချက်များကိုကျော်ခိုင်းသွားခဲ့ကြသော ကောင်းကင်တမန်များပင်မည်သို့ထာဝရဒဏ်ခတ်ခံကြရသည်ကို ရှင်ယုဒကစာဖတ်သူတို့အား ပြန်လည်အသိပေးထားသည်။ သောဒုံမြို့နှင့် ဂေါမောရမြို့များကဘုရားသခင်ကို ကျော်ခိုင်းခဲ့ကြချိန်၌မည်သို့ဖြစ်သွားခဲ့ကြသည်ကိုလည်း ပြန်လည်အသိပေးထားသည်။ ရှင်ယုဒကမိမိ၏စာဖတ်သူတို့အား နှောက်ယှက်နေသည့်မှားယွင်းသောဆရာများကို ဘုံကြိုးပြတ်ကောင်းကင်တမန်များနှင့်လည်းကောင်း၊ သောဒုံမြို့နှင့် ဂေါမောရမြို့၌ နေထိုင်ခဲ့ကြသောသူများနှင့်လည်းကောင်း ခိုင်းနှိုင်းထားသည်။ ၎င်းတို့၏အားဒဏ်ခတ်စီရင်ခြင်းမှာ အတူတူပင်ဖြစ်ခဲ့လိမ့်မည်။ ဤသည်မှာလေးနက်ပြင်းထန်သော ထုတ်ဖော်ပြောကြားချက်ဖြစ်သည်။ ရှင်ယုဒက ဤမှားယွင်းသောဆရာများကို ဘုရားသခရန်သူများအဖြစ် အမှန် တကယ်ရှုမြင်ခဲ့သည်။

ဒုတိယအနေဖြင့် ဤမှားယွင်းသော ဆရာများသည် ယုံကြည်သူများအလယ်သို့ "ပရိယာယ်နှင့် အမှတ်တမဲ့ဝင်ခဲ့ကြသည်" ကိုသတိပြုပါ (ငယ် ၄)။ ကျွန်ုပ်တို့၏ ရန်သူစာတန်မှာ အလွန်ပါးနပ်သောသူဖြစ်သည်။ ယုံကြည်သူများအလယ်သို့ မိမိ၏အလိမ်အညာမုသားများနှင့် ထိုးဖောက်ဝင်ရောက်ရန်မှာ စာတန်၏ဆန္ဒဖြစ်သည်။ သူ၏ရည်ရွယ်ချက်များကို လူသိရှင်ကြား ထုတ်ဖော်ပြောကြားမည်မဟုတ်ပါ။ ဖျက်ဆီးရန်ရည်ရွယ်ချက်ဖြင့် ကျူးကျော်ဝင်ရောက်လာပါသည်။ ကျွန်ုပ်တို့အမြဲတမ်း နိုးကြားနေဖို့လိုအပ်သည်။ စာတန်သည် မည်သည့်အကြောင်းကြောင့်မျှ ရပ်တန့်သွားမည်မဟုတ်ပါ။ သူသည် အလွန်အတင့်ရဲသည်။ သူသည်ကျွန်ုပ်တို့၏ ဆုတောင်းအစည်းအဝေးများနှင့် ဝတ်ပြုခြင်းအစီအစဉ်များတွင် တိတ်တဆိတ်နှင့် လျှိုဝင်လာပါလိမ့်မည်။ သူသည် အသင်းတော်ကော်မတီများထဲသို့ ဝင်ရောက်ရန် ရှာကြံနေပါသည်။ တရားဟောစင်မြင့်၏နောက်၌ ရပ်နေသောသူများကိုပင် အသုံးပြုကောင်းပြုပါလိမ့်မည်။ စာတန်အသုံးပြုသောသူများသည် သာမန်လူများဟုထင်မှတ်ရသကဲ့သို့ ဝိညာဉ်ရေးရာ၌ အလွန်ရင့်ကျက်သူများဟုလည်း ထင်မှတ်ကောင်းထင်မှတ်ရသည်။ ဤကိစ္စကို ကျွန်ုပ်တို့ခွဲခြားသိရှိဖို့လိုအပ်ပါသည်။

ဤမှားယွင်းသောဆရာများကို ကျွန်ုပ်တို့မည်သို့ ခွဲခြားသိရှိနိုင်သနည်း။ ရှင်ယုဒက သူတို့သည် ဘုရားမရှိသောသူများဖြစ်ကြသည်ဟု ကျွန်ုပ်တို့ကို ပြောပြထားသည် (ငယ်၄)။ ဤဘုရားမဲ့ခြင်းကို နည်းလမ်းနှစ်သွယ်ဖြင့် တွေ့မြင်ရသည်။ ပထမနည်းလမ်းမှာ သူတို့၏ အသက်တာရှင်သန်ပုံ၌ တွေ့မြင်ရသည်။ အခန်းငယ် ၄ က သူတို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို ကိလေသာညစ်ညူးခြင်းအားလုပ်ဆောင်ရန် ခွင့်ပြုမိန့်လိုင်စင်တစ်ခု အနေဖြင့် ပြောင်းလဲခဲ့ကြသည်ဟု ကျွန်ုပ်တို့ကိုပြောပြထားသည်။ ဤပုဂ္ဂိုလ်များသည် ဘုရားသခင်၏ချစ်ခြင်းနှင့် အပြစ်လွှတ်ခြင်းအကြောင်းများကို ဟောပြောနေကြစဉ်တွင် သန့်ရှင်းသော အသက်တာဖြင့် သူတို့အသက်မရှင်ခဲ့ကြပါ။ ဘုရားသခင်၏ စစ်မှန်သော အစေခံများတွင် ဘုရားသခင်၏ စရိုက်လက္ခဏာများကို ထင်ဟပ်သောအသက်တာရှိကြပါလိမ့်မည်။ မှားယွင်းသော ဆရာများသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၊ အပြစ်လွှတ်ခြင်းနှင့် ကျေးဇူးတော်

တို့ကို အလေးအနက်ထား၍ သွန်သင်ပေးကြပါသော်လည်း ဤသွန်သင်ချက်ကို မိမိတို့၏ စိတ်ဆန္ဒတောင့်တမှုအတိုင်းရှင်သန်ရန် ဆင်ခြေတစ်ခုအဖြစ်အသုံးပြုခဲ့ကြသည်။ သူတို့သည် ပုန်ကန်ခြင်း၌ ရှင်သန်ကြပြီး၊ မိမိတို့ စိတ်ကျေနပ်သလိုပြုမူကြသည်။ ဘုရားသခင်၏ စရိုက်လက္ခဏာကိုမထင်ဟပ်သော အသက်တာဖြင့်ရှင်သန်သူများကို ကျွန်ုပ်တို့သတိထားကြရမည်။ သင်သည် မှားယွင်းသောဆရာများကို သူတို့၏ဘုရားတရားမဲ့သော အသက်တာအားဖြင့် ခွဲခြားသိမြင်နိုင်ပါသည်။

ဒုတိယနည်းလမ်းမှာ ဤမှားယွင်းသော ဆရာများသည် “တစ်ပါးတည်းအစိုးရတော်မူသောအရှင်၊ ငါတို့သခင်ယေရှုခရစ်ကိုငြင်းပယ်” ကြသည်ဟု ရှင်ယုဒကဆိုထားသည် (၄ယ် ၄)။ သခင်ယေရှုတစ်ပါးတည်းကိုသာ အရှင်သခင်အဖြစ် လက်မခံသောသူများကို ကျွန်ုပ်တို့ငြင်းပယ်ကြရမည်။ သခင်ယေရှုခရစ်တစ်ပါးတည်းကို မဟုတ်ပဲ၊ အခြားဘုရားများကိုလည်း ဦးညွတ်၍ ဒူးထောက်ကြသောသူများကို ကျွန်ုပ်တို့ငြင်းပယ်ကြရမည်။ ဤမှားယွင်းသော ဆရာများက သခင်ယေရှုကို တစ်ပါးတည်းအစိုးရတော်မူသော အရှင်အဖြစ်လက်မခံခဲ့ကြပါ။ သခင်ယေရှုတစ်ပါးတည်းကို မိမိတို့၏ရှင်ဘုရင်အဖြစ် သူတို့ဦးညွတ်၍ ဒူးမထောက်ခဲ့ကြပါ။ သခင်ယေရှုတစ်ပါးတည်းကိုသာ သူတို့နာခံကြသည်မဟုတ်ပါ။ သခင်ယေရှုကို မိမိတို့၏ စစ်မှန်သောရှင်ဘုရင်နှင့် အသက်သခင်အဖြစ် ဆည်းကပ်ရန် အခြားအရာများအားလုံးကိုလည်းကျော့မခိုင်းခဲ့ကြပါ။ သူတို့သည်သခင်ယေရှုကို ၎င်းတို့၏တစ်ပါးတည်းသော သခင်ဖြစ်ရန် အခွင့်အရေး မပေးခဲ့ကြပါ။ သူတို့သည် အခြားသောကိုးကွယ်မှုဘာသာများကိုလည်း အလွန်အသိအမှတ် ပြုလက်ခံသောသူများအဖြစ် လူတို့ကသိထားကြပြီး၊ အသိုင်းအဝိုင်းထဲ၌ လူအများ၏နှစ်သက်ထောက်ခံမှုကိုရရှိကြသည်။ သို့သော် ဤအရာကိုပြုလုပ်ဖို့ သူတို့အနေဖြင့် သခင်ယေရှုတစ်ပါးတည်းကသာ ကယ်တင်ခြင်းအတွက် တစ်ခုတည်းသောလမ်းဖြစ်သည်ဟူသောအချက်ကို ငြင်းပယ်ကြရမည်ဖြစ်သည်။ ဤမှားယွင်းသောဆရာများ၏ နောက်ဆုံးသွားရာလမ်းမှာ အဘယ်နည်း။ ရှင်ယုဒက ယုံကြည်သူများအား မှားယွင်းသော ဆရာများနှင့် မိစ္ဆာပရောဖက်များ၌ မည်သို့ဖြစ်ပျက်ခဲ့သည်ကို ထုတ်ဖော်ပြောပြထားသော

သမ္မာကျမ်းစာမှ အဖြစ်အပျက်များဖြင့် ပြန်လည်အသိပေးခဲ့သည်။

မိမိ၏ လူမျိုးတော်တို့အား အဲဂုတ္တုပြည်မှ ကယ်နှုတ်ပြီးနောက် ကန္တာရတောအရပ်၌ မိမိကိုကျောခိုင်းခဲ့ကြသည့်သူများအား ဘုရားသခင်ကမည်သို့ဖျက်ဆီးခဲ့သည်ကို ရှင်ယုဒက မိမိ၏စာဖတ်ပရိတ်သတ်တို့အား ပြန်လည်အသိပေးထားသည်။ ဘုရားသခင်သည် ကန္တာရတောအရပ်၌ မိမိ၏လူမျိုးများကိုပင်ဖျက်ဆီးခဲ့လျှင် ဤမှားယွင်းသောဆရာများနှင့် မိစ္ဆာပရောဖက်များအား အသက်ချမ်းသာခွင့်ပေးမည်ဟု သင်ထင်ပါသလား။ သူတို့၏ ကြံမှာပန်းတိုင်းသည် မောရှေ၏ခေတ်ကာလမှ ဘုရားသခင်ကို ကျောခိုင်းခဲ့ကြသောသူများနှင့် အတူတူပင်ဖြစ်သည်။ သူတို့သည်လည်း မိမိတို့၏ အပြစ်ဒုစရိုက်ကြောင့် ဖျက်ဆီးခံရမည်ဖြစ်သည်။

အခန်းငယ် ၆ တွင် ရှင်ယုဒက မိမိ၏စာဖတ်ပရိတ်သတ်တို့အား အခြားသာဓကတစ်ခုကိုပေးထားသည်။ ဤကျမ်းပိုဒ်တွင် ရှင်ယုဒကသူတို့အား ဘုရားသခင်ကိုကျောခိုင်းခဲ့ကြသော ကောင်းကင်တမန်များအကြောင်းကို ပြန်လည်အသိပေးထားသည်။ စာတန်နှင့် ၎င်း၏ ဝိညာဉ်ဆိုးများသည် မိမိတို့၏ အထက်အရပ်ကောင်းကင်မှ ဆင့်ခေါ်ခွဲခန့်ခြင်းကို မာနထောင်လွှားခြင်း၊ စိတ်ကြီးဝင်ခြင်းတို့ဖြင့် စွန့်လွှတ်ခဲ့ကြသည့်အကြောင်းကို ပြောပြထားသည်။ ဤကောင်းကင်တမန်များမှာ အမှောင်၌ ပစ်ချထားခြင်းကို ခံကြရသည်။ သူတို့သည် နောက်ဆုံးတရားစီရင်ခြင်းနေ့မတိုင်မီအထိ အမှောင်ထဲ၌ သံကြိုးဖြင့် ချည်နှောင်ခြင်းခံထားကြရသည်။ သို့သော် ဤနတ်ဆိုးများမှာ သက်ဝင်လှုပ်ရှားမှုမရှိကြဟုမဆိုလိုပါ။ ရှင်ပေတရုက စာတန်သည် "ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျှက်ရှိ၏" ဟုကျွန်ုပ်တို့ကို ပြောပြထားသည် (၁ ပေ ၅း၈)။ စာတန်နှင့် ၎င်း၏နတ်ဆိုးများသည် ဘယ်တော့မျှ နောင်တရမည်မဟုတ်သကဲ့သို့ နောင်တလည်းမရနိုင်ကြပါ။ သခင်ခရစ်တော်သည် လူသားမျိုးနွယ်ကို ကယ်တင်ဖို့ အသေခံခဲ့သည်။ သို့သော် စာတန်နှင့် ၎င်းရဲ့ကောင်းကင်တမန်များ၏ ကြံမှာပန်းတိုင်မှာ တံဆိပ်ခပ်နှိပ်ထားပြီးဖြစ်သည်။ လက်ရှိတွင် ၎င်းတို့သည် ဘုရားသခင်နှင့် ကင်းကွာရာအရပ်ဖြစ်သော မှောက်မိုက်ထဲ၌ သမ္မာတရား၏ အလင်းတော်ထဲသို့ ပြန်လာမည့်အခွင့်အရေးမရှိခြင်းနှင့်အတူ ရှင်သန်

နေကြသည်။ စာတန်နှင့် ၎င်း၏ နတ်ဆိုးများသည် မီးအိုင်ထဲသို့ ထာဝရပစ်ချခံရမည် ဖြစ်ပြီး၊ ထိုအရပ်တွင် ဘုရားသခင်အား ဆန့်ကျင်ပုန်ကန်ခြင်းအတွက် အပြစ်ဒဏ်ကိုထာဝရခံစားကြရမည်ဖြစ်သည် (ဗျာဒိတ် ၂၀း၁၅)။ ဘုရားသခင်သည် ဤဖောက်ပြန်ပျက်စီးနေ သောကောင်းကင်တမန်များကို ဤပုံစံဖြင့်အပြစ်ပေးခဲ့လျှင် သူသည်သတင်းကောင်း တရားတော်၏သမ္မာတရားကို မှောက်လှန်၍၊ လူအများကိုနှုတ်ကပတ်တော်၏ သမ္မာတရားအားကျော်ခိုင်းသွားကြဖို့ ဖန်ဆီးရှာကြံနေသောသူများကို ပြစ်ဒဏ်မခတ်ပဲ နေပါမည်လား။

ရှင်ယုဒက ဤနေရာ၌ နောက်ဆုံးပေးထားသောသာဓကမှာ သောဒုံမြို့နှင့် ဂေါမောရ မြို့တို့ပင်ဖြစ်သည်။ ဤမြို့များ၌ နေထိုင်သောသူများသည် မတရားသော မေထုန်ပြုခြင်း၌လည်းကောင်း၊ ကာမဂုဏ်ဖောက်ပြန်ခြင်း၌လည်းကောင်း ကိုယ့်ကိုကိုယ်ပေးအပ်ခဲ့ကြသည်။ သူတို့ကိုသူတို့ ဘုရားသခင်၏ သန့်ရှင်းခြင်းစံချိန်စံညွှန်းနှင့်လည်းကောင်း၊ သမ္မာတရား၏စံချိန်စံညွှန်းနှင့်လည်းကောင်း မနှီးနွှယ်ခဲ့ကြပါ။ ဤမှားယွင်းသော ဆရာများနှင့် မိစ္ဆာပရောဖက်တို့သည်လည်း ဘုရားသခင်၏ သန့်ရှင်းခြင်းစံချိန်စံညွှန်းကို ကျော်ခိုင်းခဲ့ကြသည် (ငယ် ၄)။ ဘုရားသခင်က သူတို့ထံမှမျှော်လင့်ထားသည့် အသက်တာမျိုးဖြင့် မရှင်သန်ခဲ့ကြပါ။ ရှင်ယုဒက မိမိ၏စာဖတ်ပရိတ်သတ်တို့အား သောဒုံမြို့နှင့် ဂေါမောရမြို့တို့ မည်သို့ဖြစ်သွားခဲ့ကြသည်ကို သတိရကြဖို့ စိန်ခေါ်ထားသည်။ ဘုရားသခင်သည် ဤမြို့ကြီးများကို ၎င်းတို့၏မတရားသောမေထုန်ကိုမှီဝဲခြင်းနှင့် ကာမဂုဏ်ဖောက်ပြန်ခြင်းတို့ကြောင့် လုံးလုံးပျက်ဆီးခဲ့လျှင် မိမိ၏လူများကို လမ်းမှားသို့ခေါ်ဆောင်သွားဖို့ ကြံရွယ်၍ မိမိ၏သန့်ရှင်းခြင်းစံချိန်စံညွှန်းအတိုင်း ရှင်သန်ဖို့ ငြင်ဆိုနေကြသောသူများကို ဖျက်ဆီးဖို့ တုန့်ဆိုင်းနေပါမည်လား။

ဤသာဓကများအားလုံးသည် ယနေ့တွင် ကျွန်ုပ်တို့အတွက် သတိပေးချက်များဖြစ်နေကြပါသည်။ ရှင်ယုဒ၏မူရင်းစာဖတ်ပရိတ်သတ်များအလယ်၌ ရှိနေခဲ့ကြသည့်မှားယွင်းသောဆရာများသည် ဘုရားသခင်၏ပြင်းထန်သောတရားစီရင်ခြင်းအောက်၌ ရောက်ရှိတော့မည့် အန္တရာယ်နှင့် ရင်ဆိုင်နေကြရသည်။ သူတို့သည် မိမိတို့လုပ်ဆောင်မှုများ

၏ အကျိုးအပြစ်ကိုခံစားကြရပါလိမ့်မည်။ ယုံကြည်သူများသည် သခင်ယေရှုကို ငြင်းပယ်၍ နှုတ်ကပတ်တော်၏ စံချိန်စံညွှန်းအတိုင်း နေထိုင်ဖို့ ငြင်းပယ်ခဲ့သည့် ဤမှားယွင်းသောဆရာများနှင့် မိစ္ဆာပရောဖက်တို့၏လှည့်စားမှုကို မခံသင့်ပါ။

သခင်ယေရှု၏ အစေခံဖြစ်ရန်နှင့် ထိုသခင်ကို ဤလောက၌ ဟောပြောဝေငှရန်မှာ အလွန်ထူးကဲသော တာဝန်တစ်ခုဖြစ်သည်။ ဤအမှုတော်အတွက် ဆင့်ခေါ်ခြင်းခံရသော ကျွန်ုပ်တို့သည် ထိုဆင့်ခေါ်ခြင်းနှင့် ထိုက်တန်သော အသက်တာဖြင့် ရှင်သန်ကြရမည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ သွန်သင်ခြင်းနှင့် ဟောပြောခြင်းတွင် သခင်ခရစ်တော်ကို ဗဟိုနေရာ၌ထားကြရန် အထူးဂရုစိုက်ကြရမည်။ ဤလောက၌ ဘုရားသခင်ကကျွန်ုပ်တို့ကို ရှင်သန်နေထိုင်စေလိုသည့် အသက်တာဖြင့်ရှင်သန်နေထိုင်ဖို့ကိုလည်း ဂရုစိုက်ကြရမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်မှုတ်သွင်းတော်မူထားသော နှုတ်ကပတ်တော်၏ သမ္မာတရားအပေါ်၌ သစ္စာရှိရုံသာမဟုတ်၊ ကျွန်ုပ်တို့၏ အသက်တာသည်လည်း ထိုနှုတ်ကပတ်တော်၏ စံချိန်စံညွှန်းများနှင့် ကိုက်ညီနေရပါမည်။

## စဉ်စားသုံးသပ်ရန်အချက်များ

- ယနေ့တွင် ကျွန်ုပ်တို့၏တိုင်းနိုင်ငံရှိ အသင်းတော်များ၌ မှားယွင်းသော ဆရာများနှင့် ပရောဖက်များ၏ အထောက်အထားရှိပါသလား။
- ရှင်ယုဒ၏ အဆိုအရ မှားယွင်းသောဆရာများကို ကျွန်ုပ်တို့မည်သို့ ခွဲခြားသိရှိနိုင်သနည်း။
- ယနေ့ကျွန်ုပ်တို့၏ အသင်းတော်များ၌ မည်သည့်သမ္မာတရားအတွက် မားမားရပ်တည်ကြရမည်နည်း။
- ယနေ့တွင် သင်ကိုယ်တိုင် ပါဝင်လုပ်ဆောင်နေသော ဘုရားသခင်၏ အမှုတော်ကို ထိုးဖောက်ဝင်ရောက်ဖို့ စာတန်၏ကြိုးစားအားထုတ်မှု အထောက်အထားရှိပါသလား။ မည်ကဲ့သို့သောအမှားများကို စာတန်ကဆက်သွယ်

ပြောဆို ဖို့ကြိုးစားနေခဲ့ပါသနည်း။

**ဆုတောင်းရန်အချက်များ**

- သခင်ယေရှုခရစ်တော်ကို မိမိတို့၏ ကယ်တင်ရှင်နှင့် တစ်ပါးတည်းသော သခင်အဖြစ်မသိသေးပဲ တရားဟောစင်မြင့်များ၌ ရပ်နေကြသည့် ကျွန်ုပ်တို့၏တိုင်းနိုင်ငံမှ ပုဂ္ဂိုလ်များအတွက် ဆုတောင်းပေးဖို့အချိန်ယူပါ။
- လမ်းမှားသို့လိုက်နေကြသောသူများ သမ္မာတရား၏ ရှင်းလင်းပြတ်သားသော သွန်သင်ခြင်းအောက်သို့ ပြန်လည်ရောက်ရှိလာကြမည့်အကြောင်း ဤမှားယွင်းသော ဆရာများကို နာခံနေကြသောသူများ၏ မျက်စိများကို ဘုရားသခင်က ဖွင့်ဟပေးမည့်အကြောင်း ဆုတောင်းပါ။
- သခင်ယေရှု၏နာမတော်ကို ဝန်ခံသောသူများအလယ်၌ အသစ်သော အသက်တာရှင်သန်ပုံများကို ကျွန်ုပ်တို့တွေ့မြင်ရမည့် အကြောင်း ဆုတောင်းပါ။

# ၁၇

# ဘုရားကိုမကြောက်သောသူများ၏အမင်္ဂလာ

ယုဒ ၈-၁၆ ကိုဖတ်ရှုပါ။

လွန်ခဲ့သည့်နောက်ဆုံးနှလုံးသွင်းဆင်ခြင်ခြင်းတွင် ရှင်ယုဒက မိမိ၏စာဖတ်ပရိတ်သတ်တို့အား ၎င်းတို့၏အလယ်၌ရောက်ရှိနေကြသည့် မှားယွင်းသောဆရာများနှင့် ပရောဖက်များကိုထောက်ရှု၍ ယုံကြည်ခြင်းတရားဘက်၌ ကြိုးစား၍တိုက်လှန်ကြဖို့ ဆင့်ခေါ်ခဲ့သည်။ ဤအပိုင်းတွင် ရှင်ယုဒကဆက်လက်၍ ထိုအမွှလူတို့၏ဆိုးညစ်မှုများကို ဆန့်ကျင်လျှက်ပြောဆိုထားသည်။ ဤမှားယွင်းသောဆရာများနှင့်စပ်လျဉ်း၍ ရှင်ယုဒ ပြောပြမည့်အရာများကို ပို၍အသေးစိတ်လေ့လာသုံးသပ်ကြည့်ကြပါစို့။

*မိမိတို့ကိုယ်ကိုညစ်ညူးစေကြ၏ (ငယ် ၈)*

ရှင်ယုဒက အသင်းတော်ထဲသို့ လျှိုဝင်လာကြသည့် မှားယွင်းသောဆရာများကို "ယောင်ယမ်းသောအမွှလူတို့" (အိပ်မက်မက်နေသောသူများ) ဟုဖေါ်ပြထားသည်။ သမ္မာကျမ်းစာတွင် အိပ်မက်များကို ဘုရားသခင်က မိမိ၏အလိုတော်ကို ဆက်သွယ်ပြောဆိုသောနည်းလမ်းတစ်ခုအဖြစ် မိမိ၏ပရောဖက်များကို မကြာခဏပေးခဲ့သည် (တောလည်ရာ

၁၂း၆၊ မဿဲ ၁း၂၀)။ ရှင်ယုဒပြောပြထားသော ပုဂ္ဂိုလ်များကသူတို့ကိုသူတို့ဘုရားသခင်၏ ပြောရေးဆိုခွင့်ရှိသောသူများဟုပြောခဲ့ကြပါသလား။ ဘုရားသခင်၏လူများအတွက် ဘုရားသခင်ထံမှ ဗျာဒိတ်များကိုအိပ်မက်များအားဖြင့် ရရှိခဲ့ကြသည်ဟု ပြောဆိုထားကြပါသလား။ ဘုရားသခင်ထံမှဗျာဒိတ်စကားများကို လက်ခံရရှိခဲ့ကြပါသည်ဟု သူတို့ကြွေးကြော်နေကြစဉ်တွင် သူတို့၏အသက်တာသည် သူတို့ပြောဆိုနေသောအရာနှင့် မအပ်စပ်ခဲ့ကြောင်းကို သတိပြုပါ။ ဘုရားသခင်၏ပြောရေးဆိုခွင့်ရှိသောသူများဟု သူတို့ကပြောနေချိန်တွင် သူတို့သည် မိမိတို့၏ကိုယ်ခန္ဓာကို ညစ်ညူးစေခဲ့ကြသည်။ အခန်းငယ် ၄ တွင် ရှင်ယုဒကသူတို့သည် ကိလေသာညစ်ညူးခြင်း၌ ရှင်သန်နေစေကြသည့် အိပ်မက် မက်သူများ (ယောင်ယမ်းသောသူများ) ဖြစ်ကြသည်ဟုပြောထားသည်။ ထိုကဲ့သို့သော အသက်တာဖြင့် ရှင်သန်နေခြင်းက သူတို့သည် ဘုရားသခင်ထံမှ မဟုတ်ကြကြောင်းကို သက်သေပြနေပါသည်။

*အာဏာစက်ကိုငြင်းပယ်ကြ၏ (ငယ် ၈)*

ဤမှားယွင်းသော ဆရာများနှင့် ပရောဖက်များအကြောင်း ဒုတိယမှတ်သားရမည့်အချက်မှာ သူတိုသည် ဩဇာအာဏာကိုလက်မခံခြင်းဖြစ်သည်။ သူတို့လုပ်နိုင်သည့်အရာ၊ မလုပ်နိုင်သည့်အရာများကို ညွှန်ကြားပေးမည့်သူများကို သူတို့မလိုချင်ကြပါ။ သူတို့သည် မည်သူ့ထံတွင်မျှ ရှင်းလင်းချက်ပေးရန် တာဝန်မရှိချင်ကြပါ။ သူတို့သည် မိမိတို့ကြိုက်နှစ်သက်သည့်အတိုင်း ရှင်သန်နေထိုင်ကြ၍ သူတို့၏ရှင်သန်နေထိုင်ပုံနှင့် အယူဝါဒများကို စိန်ခေါ်သည့်သူများအပေါ်တွင် မကျေမချမ်းဖြစ်ကြသည်။ ဤပုဂ္ဂိုလ်များသည် ဘုရားသခင်၏စစ်မှန်သော အစေခံများဖြစ်ကြလျှင်၊ သူတို့သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ လက်ခံအသိအမှတ်ပြုထားသောဩဇာအာဏာ၌ ဝန်ခံအပ်နှံခဲ့ကြပါလိမ့်မည်။ သို့သော်သူသည် ကိုယ့်ကိုကိုယ်မှလွဲ၍ မည်သူ့ကိုမျှ နာခံမည်မဟုတ်ပါ။

*ဘုန်းတန်ခိုးကြီးသောသူတို့ကို ကဲ့ရဲ့တတ်ကြ၏ (ငယ် ၈-၉)*

သူတို့သည် အသင်းတော်၏ ဩဇာအာဏာစက်ကိုငြင်းပယ်ကြသည်သာမဟုတ်၊ ဘုန်းတန်ခိုးကြီးသောသူတို့ကိုလည်း ကဲ့ရဲ့တတ်ကြ၏။ ဤဘုန်းတန်ခိုးကြီးသောသူတို့မှာ မည်သူတို့ဖြစ်ကြသနည်း။ ကျမ်းစာအသွားအလာအရ ယင်းတို့သည် ကောင်းကင်တမန်များနှင့် နတ်ဆိုးများဖြစ်သည် (ငယ် ၉ ကိုကြည့်ပါ)။

ရှင်ယုဒက မိမိဆိုလိုချင်သည့်အရာကို အခန်းငယ် ၉ တွင် ပုံဥပမာတစ်ခုဖြင့် ဖေါ်ပြထားသည်။ ဤနေရာတွင် မောရှေ၏ရုပ်ခန္ဓာနှင့်ပတ်သက်၍ ကောင်းကင်တမန်မင်းမိက္ခေလနှင့် စာတန်တို့ ငြင်းခုန်ကြသည့် ဥပမာကို သူအသုံးပြုထားသည်။ သမ္မာကျမ်းစာက ဤအဖြစ်အပျက်ကိုပြောပြမထားပါ။ ဤအဖြစ်အပျက်ကို မောရှေ၏ အဖြစ်မှန်ယူဆချက် (the Assumption of Moses) ဟူသောရှေးကျမ်းတစ်စောင်တွင် တွေ့ရှိရသည်။ ဤကျမ်းတွင် မောရှေက နိုင်ငံ့ခေါင်းဆောင်အရိုက်အရာကို ယောရှုအားလွှဲပြောင်းပေးခဲ့ချိန်၌ ပြောခဲ့သည်ဟု ယူဆရသည့် အနာဂတ္တိစကားများပါဝင်သည်။ သို့သော် ဤကျမ်းကို ယုဒလူမျိုးများကသမ္မာကျမ်းစာ၏အစိတ်အပိုင်းတစ်ခုအနေဖြင့် လက်မခံခဲ့ကြပါ။

ဤအဖြစ်အပျက်တွင်တမန်တော် မိက္ခေလသည် မောရှေ၏ရုပ်အလောင်းကို မြှုပ်နှံဖို့တာဝန်ပေးအပ်ခြင်းခံရသည်။ သူသည် ရုပ်အလောင်းကို မြှုပ်နှံဖို့ ယူဆောင်စဉ်တွင် မောရှေအား လူသတ်သမားအဖြစ် စွပ်စွဲခဲ့သည့် နတ်ဆိုးက သူ့ကိုချဉ်းကပ်ခဲ့သည်။ မောရှေအဲဂုတ္တုပြည်၌နေထိုင်ခဲ့စဉ်က အဲဂုတ္တုပြည်သားတစ်ဦးကို အမှန်တကယ်သတ်ခဲ့ပါသည်။ ထို့ကြောင့် နတ်ဆိုးက မောရှေသည်မိမိနှင့်သက်ဆိုင်၍ သူ၏ရုပ်အလောင်းအား မိမိရထိုက်သည်ဟုတောင်းဆိုခဲ့သည်။ မိက္ခေလသည် နတ်ဆိုးအပေါ်၌ လက်တုန့်ပြန်ခြင်း (သို့) အပြစ်တင်ကဲ့ရဲ့ခြင်းကို မပြုလုပ်ခဲ့ပါ။ ထိုအစား ဘုရားသခင်က သင့်တော်သည့်အတိုင်းဆုံးဖြတ်ရန် ထိုကိစ္စကို လက်တော်၌အပ်နှံခဲ့သည်။

မိက္ခေလသည် နတ်ဆိုးကိုပြစ်တင်ကဲ့ရဲ့ဖို့ ငြင်းပယ်ခဲ့စဉ်တွင် ဤမှားယွင်းသောဆရာများနှင့် ပရောဖက်များသည် ဘုန်းတန်ခိုးကြီးသောသူတို့ကို ပြစ်တင်ကဲ့ရဲ့ခဲ့ကြသည်။

သူတို့မည်သို့ဖြစ်တင်ကဲ့ရဲ့သည်ကို ကျွန်ုပ်တို့အားပြောပြမထားပါ။ သူတို့သည် ကိုယ့်ကိုကိုယ် ထိုဘုန်းတန်ခိုးကြီးသောသူများကို ရိုသေလေးစားမှုပေးခြင်း၏အထက်၌ ရှိနေကြပါသည်ဟု ခံစားနေကြပါသလား။ ထိုဘုန်းတန်ခိုးကြီးသောသူများထက်ပို၍ မြင့်မြတ်ကြသည်ဟု သူတို့ ခံစားနေကြပါသလား။ ကျွန်ုပ်တို့မသိပါ။

ရှင်ယုဒက ဘုန်းတန်ခိုးကြီးမားသူများ၏ စစ်မှန်ခြင်းနှင့် တန်ခိုးအစွမ်းကို နားလည် သဘောပေါက်ခဲ့သည်။ နတ်ဆိုးကယောဘအပေါ်၌ လုပ်ခဲ့သည့်အရာများကို အချိန်အနည်း ငယ်စဉ်စားသုံးသပ်ကြည့်ပါ။ သခင်ယေရှုက လူများကို နတ်ဆိုးတို့၏ ညှဉ်းပန်းဖိနှိပ်ခြင်းမှ လွှတ်ပေးခဲ့သည်ကို ပြန်လည်စဉ်းစားကြည့်ပါ။ မြောက်များစွာသောသူတို့သည် ရုပ်ပိုင်း ဆိုင်ရာ၌လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ၌လည်းကောင်း၊ ဝိညာဉ်ရေးရာ၌လည်းကောင်း ဤဝိညာဉ်ဆိုးများ၏ ကျွန်ပြုခြင်းကိုခံကြရသည် (မာကု ၉း၂၅၊ လုကာ၁၂း၁၁)။ ကျွန်ုပ်တို့ အား အောင်နိုင်ခြင်းကိုပေးဖို့ ဘုရားသခင်၏ တန်ခိုးတော်ကို ကျွန်ုပ်တို့ယုံကြည်နေစဉ်တွင် ဤဘုန်းတန်ခိုးကြီးသောသူများကို နောက်ပြောင်ကျီးစယ်ခြင်း (သို့) နှုတ်ဖြင့်စော်ကားခြင်း များ မပြုလုပ်ကြဖို့ကိုလည်း ကျွန်ုပ်တို့နားလည်ထားဖို့လိုအပ်သည်။ ဤနေရာ၌ ရှင်ယုဒ ပြောပြနေသည့် မှားယွင်းသောဆရာများတွင် ဤဘုန်းတန်ခိုးကြီးသောသူများအားလေးစားမှု မရှိပါ။ သူတို့သည် ဘုရားသခင့်နှုတ်ကပတ်တော်၏သမ္မာတရား၌ ကျင်လည်လျှောက်လှမ်း နေသောသူများကိုလည်း ရိုသေလေးစားမှုမရှိကြသကဲ့သို့၊ သူတို့ကိုကဲ့ရဲ့ရာ၌လည်းကောင်း အပြစ်တင်ရာ၌လည်းကောင်း အလွန်လျှင်မြန်ကြသည်။

*မိမိတို့နားမလည်သေးသောအရာများကိုကဲ့ရဲ့တတ်ကြ၏ (ငယ် ၁၀)*

ရှင်ယုဒက သူတို့အလယ်၌ တိတ်တဆိတ်လျှို့ဝင်လာခဲ့ကြသည့် မှားယွင်းသော ဆရာများသည် သူတို့နားမလည်သောအရာများ အားလုံးကို ရင့်သီးရိုင်းစိုင်းစွာ ပြောဆိုကဲ့ရဲ့ တတ်သောသူများဖြစ်သည်ဟု ကျွန်ုပ်တို့ပြောပြသည်။ သူတို့၏အနီးတစ်ဝိုက်၌ရှိနေသော ဝိညာဉ်တန်ခိုးများ၏ စစ်မှန်ခြင်းကိုသူတို့အနည်းငယ်သာသိခဲ့ကြကြောင်း ကျွန်ုပ်တို့သိမြင်

ခဲ့ပြီးဖြစ်သည်။ ထို့အတွက်ကြောင့်သာသူတို့သည် ဤပုဂ္ဂိုလ်များကို စော်ကားကဲ့ရဲ့ခြင်းဖြစ်သည်။ မိမိတို့နားမလည်သော အရာများကို တုန့်ပြန်ရာတွင် ထိုအရာ၏ ယုတ်ညံ့မှုကိုသာ ပြောသောသူများကို ကျွန်ုပ်တို့တွေ့ဖူးကြလိမ့်မည်ဟုထင်ပါသည်။ အခြားသောယုံကြည်သူများနှင့် ၎င်းတို့၏ဝတ်ပြုကိုးကွယ်ခြင်းပုံစံများ (သို့) ၎င်းတို့၏ဝိညာဉ်စွမ်းရည် ဆုကျေးဇူးများကိုကဲ့ရဲ့တတ်ကြခြင်းဖြစ်သည်။ သူတို့သည်များသောအားဖြင့် နာကျဉ်းခါးသီး၍ဒေါသထွက်နေသူများဖြစ်ကြသည်။ ရှင်ယုဒက မိမိစိတ်ကို ဤနေရာ၌ ရှင်းလင်းပြတ်သားစွာပြောပြပါသည်။ ဤမှားယွင်းသောဆရာများသည် "ချင့်ချိန်စဉ်းစားဉာဏ်မရှိသော တိရစ္ဆာန်ကဲ့သို့" ဖြစ်ကြသည်။ သူတို့ကိုသူတို့ဘုရားသခင်၏ပြောရေးဆိုခွင့်ရှိသူများဟု အခိုင်အမာဆိုခဲ့ကြသော်လည်း သူတို့၏ဘုရားသည် ထိုဘုရားနှင့်စပ်လျဉ်း၍ သူတို့၌ ရှိနေသောအယူအဆထက် မကြီးမြတ်ခဲ့ပါ။ သူတို့နားမလည်နိုင်သောအရာမှန်သမျှကို လက်ခံဖို့ငြင်းဆိုခဲ့ကြသည်။ သူတို့၏ကိုးကွယ်မှုဘာသာသည် လူ့သဘောကိုဆောင်သည်။ သူတို့၏ကိုးကွယ်မှုဘာသာသည် သူတို့ထက် အလွန်ကြီးမြတ်တော်မူသော ဘုရားသခင်၌ ယုံကြည်ခြင်း၊ ကိုးးစားခြင်းတို့နှင့်သက်ဆိုင်မှုမရှိပါ။

## *ကာဣနနောက်သို့လိုက်ကြ၏ (ငယ် ၁၁)*

ရှင်ယုဒ၏ပြောဆိုထားချက်အရ မှားယွင်းသောဆရာများသည် "ကာဣနနောက်သို့လိုက်ကြ၏။" ဘုရားသခင်က အာဗေလ၏ ယဇ်ပူဇော်ခြင်းကို လက်ခံ၍ ကာဣန၏ ယဇ်ပူဇော်ခြင်းကို ငြင်းပယ်သောအချိန်တွင် ကာဣနက မိမိ၏ညီ အာဗေလကိုသတ်ခဲ့သည့် အဖြစ်အပျက်ကို ကမ္ဘာဦးကျမ်းတွင်ဖော်ပြထားသည်။ ကာဣနသည် မိမိ၏ညီကိုစိတ်ဆိုးဒေါသထွက်ခြင်း၊ မနာလိုဝန်တိုခြင်းတို့ကြောင့် သတ်ခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်က မိမိ၏ပူဇော်သည့်အရာကို ငြင်းပယ်၍ ညီဖြစ်သူ၏ပူဇော်ခြင်းကို လက်ခံခဲ့သည့်အကြောင်းကို မလက်မခံနိုင်ခဲ့ပါ။ ဤမှားယွင်းသောဆရာများသည် ကိုယ့်ဘက်ကိုသာယက်သောသူများဖြစ်ပြီး၊ သူတို့၏တစ်ခုတည်းသောဆန္ဒမှာ အခြားသူများ၏ချီးမွမ်းခြင်းနှင့် လေးစားကြည်ညိုခြင်း

ကိုရရှိဖို့ဖြစ်သည်။ သူတို့ကိုယ်သူတို့မြှင့်တင်ရန်အခြားသူများကို အနာတရဖြစ်စေဖို့ ဝန်မလေးကြပါ။ သူတို့သည် ကာဣန၏ အကုသိုလ်လမ်းများကို လိုက်လျှောက်ခဲ့ကြပါသည်။

*ဗာလမ် မှားယွင်းသကဲ့သို့ အလွန်မှားယွင်းခြင်းရှိကြ၏ (ငယ် ၁၁)*

၂ ပေ ၂း၁၅ တွင် ဗာလမ်သည်မတရားသောအမှု၏အခကို နှစ်သက်မြတ်နိုးခဲ့သည်ဟု ကျွန်ုပ်တို့ကို ပြောပြထားသည်။ သူသည် ဣသရေလလူမျိုးများကို ကျိန်ဆဲဖို့ ငြင်းဆိုခဲ့သော်လည်း (တောလည်ရာ ၂၃-၂၄)၊ ဗျာဒိတ် ၂း၁၄ က ရုပ်တုအားပူဇော်သော အစားအစာများကိုစား၍ ကိလေသာဖောက်ပြန်ခြင်းအမှုကို ကျူးလွန်ခြင်းဖြင့် အပြစ်ဒုစရိုက်ကိုပြုရန် ဣသရေလလူမျိုးတို့အား မြူဆွယ်ဖြားယောင်းဖို့ ကြံစည်ခဲ့သည်ဟု ပြောထားသည် (တောလည်ရာ ၂၅း၁-၂ ကိုကြည့်ပါ)။ ဤအချင်းအရာမှ ကျွန်ုပ်တို့နားလည်သဘောပေါက်သောအရာမှာ ဤမှားယွင်းသော ဆရာများနှင့် ပရောဖက်များသည် စာရိတ္တပျက်စီး၍ ကိုယ်ကျင့်တရားဖောက်ပြန်နေသောသူများဖြစ်ကြပြီး၊ သူတို့၏ အာကုသိုလ်လမ်းသို့ လိုက်ရန်သူတစ်ပါးကိုဆွဲဆောင်စည်းရုံးကြသည်။ သူတို့သည် ဤအချင်းအရာကို မိမိတို့၏ အကျိုးစီးပွားအတွက် ပြုလုပ်ခဲ့ကြသည်။

*ကောရ၏ငြင်းခုံခြင်းအပြစ်နှင့်ဖျက်ဆီးခြင်းသို့ရောက်၏ (ငယ် ၁၁)*

ရှင်ယုဒက ဤမှားယွင်းသောဆရာများကို ကောရနှင့်လည်း နှိုင်းထားသည်။ တောလည်ရာ ၁၆တွင် ကောရသည် မောရှေနှင့်အာရုန်တို့၏ ဩဇာအာဏာကို ဆန့်ကျင်၍ ပုန်ကန်မှုကြီးတစ်ခုကို ဦးဆောင်ခဲ့သည်။ မြေကြီးကွဲ၍ ပွင့်လာပြီး သူတို့ကို အရှင်လတ်လတ်မျိုချခြင်းဖြင့် ဘုရားသခင်သည် ကောရနှင့်နောက်လိုက်များကို တရားစီရင်ခဲ့သည်။ ဤမှားယွင်းသောဆရာများသည် ကောရကဲ့သို့ ဘုရားသခင်၏ ဩဇာအာဏာကို ဆန့်ကျင်ပုန်ကန်ကြသည်။ သူတို့သည် ဘုရားသခင်၏တရားစီရင်ခြင်းဟူသောအလားတူ အဆုံးအသတ်ကိုရင်ဆိုင်ခဲ့ကြရပါလိမ့်မည်။

*မေတ္တာပွဲ၌အစွန်းအကွက်ဖြစ်ကြ၏ (၁၂)*

ဓမ္မသစ်ကာလရှိမေတ္တာပွဲများသည် ယုံကြည်သူများအတူတကွစားသောက်ကြသော စာသောက်ပွဲများဖြစ်ကြသည်။ ယုံကြည်သူများသည်ဤစားသောက်ပွဲများတွင် ပွဲတော်ကိုပါဝင်ဆင်နွှဲကြသည်။ ဤအချက်အားဖြင့်ကြည့်လျှင် မှားယွင်းသောပရောဖက်များနှင့် ဆရာများသည် ဤစားပွဲများတွင် ပါဝင်ခဲ့ကြသည့်မှာ သိသာထင်ရှားနေသည်။ သူတို့သည် အသင်းတော်ထဲ၌လည်းကောင်း၊ ပွဲတော်သုံးဆောင်ရာ၌လည်းကောင်း ပါဝင်ခဲ့ကြသော်လည်း သခင်ဘုရားအတွက်အသက်မရှင်ခဲ့ကြပါ။ ရှင်ယုဒ၏ပြောဆိုထားချက်အရ၊ ဤစားသောက်ပွဲများ၌ ၎င်းတို့ပါဝင်ခြင်းသည် အသင်းတော်အပေါ်၌အစွန်းအကွက်ဖြစ်စေခဲ့သည်။ သူတို့သည် သခင်ဘုရားနှင့်လည်းကောင်း၊ သခင်ဘုရား၏လူများနှင့်လည်းကောင်း မိတ်သဟာယဖွဲ့ခြင်း၌ မကျင်လည်ကြသောကြောင့် သူတို့သည်ထိုနေရာ၌ မရှိသင့်ပါ။ သို့သော်ဤအဓမ္မလူများသည် ပွဲတော်ကိုသုံးဆောင်ရာ၌ လိပ်ပြာမသန့်ဖြစ်ခြင်းမျိုးကို တစစုံတစ်ရာမျှ မခံစားခဲ့ကြပါ။ သူတို့၏ ဆိုးညစ်သောအသက်တာ ရှင်သန်ပုံများအတွက်လည်းအပြစ်ရှိသည်ဟု မခံစားခဲ့ကြပါ။ သူတို့တွင်အသိတရားမရှိပါ။ သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်က အပြစ်ရှိကြောင်းဖော်ပြခြင်းကို ငြင်းဆန်ခဲ့ကြသည်။

*မိမိတို့ကိုယ်ကိုဝစွာကျွေးသော သိုးထိန်းများကဲ့သို့ဖြစ်ကြ၏ (ငယ် ၁၂)*

သမ္မာကျမ်းစာတွင် "သိုးထိန်း" ဟူသောအသုံးအနှုန်းကို ခရစ်တော်၏ ကိုယ်ခန္ဓာတော်အပေါ်၌ တာဝန်ရှိသော ဝိညာဉ်ရေးရာခေါင်းဆောင်များနှင့် ဆက်နွှယ်၍ မကြာခဏအသုံးပြုသည်။ ဤမှားယွင်းသောဆရာများကို သိုးထိန်းများဟုခေါ်ထားသည်။ သူတို့သည် ကိုယ့်ကိုကိုယ် သိုးအုပ်တို့အား ထိန်းကျောင်းနေသော သိုးထိန်းများအဖြစ် ရှုမြင်ခဲ့ကြမည်ဖြစ်သော်လည်း သူတို့သည် မိမိတို့ရရှိနိုင်သောအရာများကိုရယူဖို့သာ အမှုတော်ထဲ၌ရှိနေကြပါသည်။ သူတို့သည် သိုးအုပ်တို့ကို မိမိတို့၏ လောဘကြီးသော ရည်ရွယ်ချက်များအတွက် အသုံးပြုခဲ့ကြသည်။ ဘုရားသခင်၏လူများဝိညာဉ်ရေးရာ၌ ကျန်းမာချမ်းသာ

ခြင်းအတွက် မည်သည့်အရာကိုမျှ ပေးကမ်းထည့်ဝင်ခြင်းမရှိခဲ့ကြသည့်အပြင် သိုးများထံမှ သူတို့ရယူနိုင်သောအရာများမှန်သမျှကို ယူဆောင်သွားခဲ့ကြသည်။

*ရေမရှိသောမိုးတိမ်ကဲ့သို့ဖြစ်ကြသည် (ငယ် ၁၂)*

ဤပုဂ္ဂိုလ်များသည် ရေမရှိသော မိုးတိမ်ကဲ့သို့ ကြီးကျယ်သော ဂတိများကိုပေးကြသော်လည်း ဘယ်တော့မျှ ကတိမတည်ကြပါ။ မနာလိုဝန်တိုခြင်းနှင့် မာနထောင်လွှားခြင်းဟူသောလေကြောင့် လွင့်စင်သွားကြပြီး ဘုရားသခင်၏လူများအပေါ်၌ လန်းဆန်းခြင်းမိုးရေကို မပေးနိုင်ကြပါ။ ထိုအစား ဘုရားသခင်၏လူများကို ခြောက်သွေ့၍ အသီးအပွင့်မဲ့စေခဲ့ကြသည်။ သူတို့သည် သေခြင်းကို ဖြစ်စေသော မှားယွင်းသည့် သတင်းကောင်းတရားတော်ကို ဟောပြောခဲ့ကြသည်။

*အသီးမတင်သောဆောင်းဦးသစ်ပင်ကဲ့သို့ဖြစ်ကြ၏ (ငယ် ၁၂)*

သူတို့သည် အသီးမသီးသော ဆောင်းဦးသစ်ပင်ကဲ့သို့ဖြစ်ကြသည်။ ဆောင်းဦးသစ်ပင်များသည် များပြားသောအသီးကိုသီးကြရသည်။ ဤမှားယွင်းသောဆရာများသည် အပြင်ပန်းသဏ္ဍာန်၌ အစစ်အမှန်ဟုထင်ရသော်လည်း ၎င်းတို့၏ သာသနာလုပ်ငန်းများတွင် ဝိညာဉ်အသီးအပွင့်များကို မသီးပွင့်စေနိုင်ကြပါ။ သူတို့၌ ဘုရားသခင်၏ လူများကိုပေးကမ်းရန် ဝိညာဉ်ရေးရာ၌ တန်ဖိုးရှိသောအရာ တစ်ခုမျှမရှိပါ။ သူတို့သည် စားသောက်ပွဲကြီးတစ်ခုကို ပြုလုပ်ပေးဖို့ကတိပေးသော်လည်း အစာခေါင်းပါးခြင်းကိုသာယူဆောင်လာခဲ့ကြသည်။

*မိမိရှက်ကြောက်ခြင်းအကြောင်းကို ပွက်စေတတ်သောလှိုင်းတံပိုးရိုင်းကဲ့သို့ ဖြစ်ကြ၏ (ငယ် ၁၃)*

အခန်းငယ် ၁၃ တွင် ရှင်ယုဒက ဤမှားယွင်းသောဆရာများကို အရှက်ကွဲခြင်း

နှင့် ဗလုံထိုးနေသောလှိုင်းတံပိုးရိုင်းနှင့် ခိုင်းနှိုင်းထားသည်။ ၎င်းတို့သည် ကမ်းခြေကို အရှိန်နှင့်ပြင်းထန်စွာဖြင့် လာဆောင့်တိုက်သောအခါ ၎င်းတို့၏ အရှက်ကွဲခြင်းနှင့် ဆိုးညစ်ခြင်းဟူသော ရေမြှုပ်ရေမွှာများသည် အနီးအနားမှလူများအပေါ်သို့ လွင့်စင်သွားကြသည်။ ဤအဓမ္မလူများသည် ပေါင်းသင်းရန်ပင် နှစ်သက်ဖွယ်မကောင်းပါ။ သူတို့၏ အထက်စီးဆန်သော အပြုအမူနှင့် အရှက်ကွဲခြင်း၊သည် သူတို့ကို ပြောဆိုဆက်ဆံသောသူများအပေါ်သို့ လွင့်စင်သွားခဲ့ပါသည်။

*မှောင်မိုက်အဖို့သိုထားလျက်ရှိသော ကြယ်ပျံများကဲ့သို့ဖြစ်ကြ၏ (ငယ် ၁၃)*

ရှင်ယုဒက မိမိ၏စာဖတ်ပရိသတ်တို့အား ဤမှားယွင်းသောဆရာများသည် လွင့်မြောနေသော (သို့) ကြွေကျနေသူများဖြစ်ကြသည်ဟု အသိပေးထားသည်။ သူတို့တွင် ဦးတည်ချက်ရှိသော်လည်း ရည်မှန်းချက်ကင်းမဲ့နေကြသည်။ သူတို့သည် မိမိတို့၏ ပျက်စီးရာသို့ ကြွေကျနေကြပါသည်။ သူတို့၏အလင်းများမှာ လောင်ကျွမ်းသွားကြသည်။ သူတို့ထာဝရကျင်လည်ရမည့် အနက်ဆုံးသော မှောက်မိုက်ဆီသို့ ဦးတည်သွားဖို့ ခွဲခန့်ခြင်းခံထားကြသည်။ သူတို့သည် ဘုရားသခင်မျက်မှောက်ပြုခြင်း၏အလင်းမှ ထာဝရကင်းကွာနေခဲ့ကြပါ လိမ့်မည်။

*သူတို့သည် မြည်တမ်း၍ ပြစ်တင်တတ်သောသူများဖြစ်ကြ၏ (ငယ် ၁၆)*

အခန်းငယ် ၁၆တွင် ရှင်ယုဒက ယုံကြည်သူတို့အား ဤမှားယွင်းသော ဆရာများသည် မည်သည့်အရာကိုမျှအကောင်းမမြင်နိုင်သော ညည်းတွားသူများနှင့် အပြစ်ရှာတတ်သူများဖြစ်ကြသည်ဟုဆိုထားသည်။ သူတို့သည် နာကျဉ်းခါးသီး၍ ဒေါသထွက်နေသူများဖြစ်ကြသည်။ သူတို့အတွက်မည်သည့်အရာကမှ တကယ်မကောင်းခဲ့ပါ။ ဘယ်အရာကမျှ သူတို့လိုချင်သည့်အတိုင်း မဖြစ်ခဲ့ပါ။ သူတို့အမြင်၌ ဘယ်သူကမှ အမှန်အတိုင်းမပြုလုပ်ခဲ့ကြပါ။ နူးညံ့သိမ်မွေ့ခြင်းဟူသော ဝိညာဉ်အသီးအပွင့်သည် ၎င်းတို့အသက်တာ၏ အစိတ်အပိုင်းတစ်ခုမဟုတ်ခဲ့ပါ။

*ထောင်လွှားသောစကားကိုပြော၍၊ ကိုယ့်အကျိုးစီးပွားအတွက် သူတစ်ပါးကို မြှောက်ပင့်တတ်သောသူများဖြစ်ကြ၏ (ငယ် ၁၆)*

သူတို့သည် ကိုယ့်ကိုကိုယ် ကိုယ်ရည်သွေးရာတွင် အလွန်ကျွမ်းကျင်ကြသည်။ မိမိတို့၏အကျိုးစီးပွားအတွက် သူတို့သည် လူအများက ကြားချင်သောစကားများကို ပြော၍ မိမိ၏ကိုယ်ကာယတပ်မက်ခြင်းကို အာသာပြေစေဖို့နေထိုင်လုပ်ဆောင်ကြသည်။ ကျွန်ုပ်တို့ပြောခဲ့သည့်အတိုင်း သူတို့သည် ကိုယ့်ဘက်ကိုယက်သည့် တစ်ကိုယ်ကောင်းဆန်းသောသူများဖြစ်ကြသည်။

*တရားစီရင်ခြင်း (ငယ် ၁၄-၁၅)*

ရှင်ယုဒသည် ဤမှားယွင်းသော ဆရာများကို ဆန့်ကျင်ပြောဆိုဖို့ တွန့်ဆုတ်မနေပါ။ အခန်းငယ် ၁၄ နှင့် ၁၅ တွင် ရှင်ယုဒက မိမိ၏စာဖတ်ပရိတ်သတ်တို့အား ရောက်ရှိလာနေသည့် တရားစီရင်ခြင်းအကြောင်းကို အသိပေးထားသည်။ ဧနောက်က ဤပုဂ္ဂိုလ်များအကြောင်းကို ပရောဖက်ပြုခဲ့သည်။ ဤပရောဖက်ပြုချက်များကို မှတ်သွင်းခြင်းခံ သမ္မာကျမ်းစာ၏ စာမျက်နှာများတွင် ကျွန်ုပ်တို့အတွက် မှတ်တမ်းတင်မထားသော်လည်း ရှင်ယုဒပြောပြနေသည့် အရာမှာ မှန်ပါသည်။ သခင်ဘုရားသည် အမွှလူတို့ကို ၎င်းတို့၏ ပြုမူခဲ့မှုများအတွက်လည်းကောင်း၊ မိမိကိုဆန့်ကျင်၍ကြမ်းတမ်းသောစကားများကို ပြောဆိုခဲ့ကြခြင်းအတွက်လည်းကောင်း တရားစီရင်ဖို့ အတိုင်းမသိများစွာသော မိမိ၏သန့်ရှင်းသူတို့နှင့်ကြွဆင်းလာပါလိမ့်မည်။ ဤသည်မှာ ယုံကြည်သူများအလယ်သို့ ဝင်ရောက်လာခဲ့ကြသည့် မှားယွင်းသောဆရာများနှင့် ပရောဖက်များ၏ နောက်ဆုံးကြမ္မာဖြစ်ကြောင်း ရှင်ယုဒက ပြောထားသည်။

## စဉ်းစားသုံးသပ်ရန်အချက်များ

- သမ္မာကျမ်းစာ၏ ဤအပိုင်း၌ ပြောထားသည့်သူများကဲ့သို့သော ပုဂ္ဂိုလ်များကို သင်တွေ့ကြုံဖူးပါသလား။ မည်သည့်အရာက သူတို့ကို အသင်းတော်ထဲသို့ ဆောင်ယူလာပါသနည်း။
- သင်နားမလည် သဘောမပေါက်ခဲ့သောအရာများကို ကဲ့ရဲ့ဝေဖန်တတ်ခြင်း၌ သင့်ကိုသင် တွေးမြင်ခဲ့ဖူးပါသလား။ ထိုသို့သောအရာသည် မှန်ပါသလား။ ဤအရာသည် ကျွန်ုပ်တို့အတွက် အဘယ်ကြောင့် စုံစမ်းနှောက်ယှက်ခြင်း ဖြစ်နေပါသနည်း။ ဤအရာအတွက် အဖြေမှာအဘယ်နည်း။
- ရှင်ယုဒကမှားယွင်းသော ဆရာများကို အသီးမတင်သော ဆောင်ဦးသစ်ပင် များနှင့် ခိုင်းနှိုင်းထားသည်။ သင့်အသက်တာ၌ အသီးအပွင့်သီးပွင့်ကြောင်း အထောက်အထားရှိပါသလား။ ရှင်းပြပေးပါ။
- ခရစ်တော်၏ ကိုယ်ခန္ဓာ၌ အခြေတကျတည်ထောင်ထားသော ဩဇာအာဏာ စက်ကို ကျွန်ုပ်တို့ လိုလိုလားလား ဝန်ခံအပ်နှံကြဖို့ အဘယ်ကြောင့် အရေး ကြီးပါသနည်း။
- စာတန်သည် မိမိ၏ မိစ္ဆာပရောဖက်များကို ကျွန်ုပ်တို့၏အလယ်သို့ ဆောင်ယူ လာသည့်အဖြစ်ကို ကျွန်ုပ်တို့အံ့အားသင့်စေသင့်ပါသလား။

## ဆုတောင်းရန်အချက်များ

- သင့်အသက်တာ၌ ဖြောင့်မတ်ခြင်းအသီးအပွင့်ကို သီးပွင့်စေဖို့ ဘုရားသခင် အား တောင်းလျှောက်ပါ။
- ဘုရားသခင်ထံမှလာသောသူများနှင့် စာတန်ထံမှလာသောသူများကို ခွဲခြားသိနိုင်မည့်အကြောင်း ဘုရားသခင်သည် မိမိ၏အသင်းတော်အပေါ်၌ ဝိညာဉ်ရေးရာခွဲခြားသိမြင်နိုင်သော စွမ်းရည်ဆုကျေးဇူးကို သွန်းလောင်းပေးဖို့

တောင်းလျှောက်ပါ။

- ကျွန်ုပ်တို့၏ချည့်နဲ့အားနည်းမှုများရှိလင့်ကစား ဘုရားသခင်သည် မိမိ၏ အကြံအစည်ကို အကောင်အထည်ဖော်လျှက် ရှိနေသောကြောင့် ကျေးဇူးတင် ချီးမွမ်းပါ။
- ဘုရားသခင်သည် သင်တို့အသိုင်းအဝိုင်းမှ မှားယွင်းသောဆရာများကို သတင်းကောင်းတရားတော်၏ သမ္မာတရားအားသတိပြုမိလာခြင်းသို့ ဆောင်ယူလာရန် တောင်းလျှောက်ပါ။

၁၈

# သင်တို့ကိုယ်ကိုစောင့်ရှောက်ကြလော့။

ယုဒ ၁၇-၂၅ ကိုဖတ်ရှုပါ။

ရှင်ယုဒက မိမိ၏စာဖတ်ပရိတ်သတ်တို့အား ၎င်းတို့၏အလယ်၌ ရောက်ရှိနေကြသည့် မှားယွင်းသောဆရာများအကြောင်းကို သတိပေးနေခဲ့ပါသည်။ အသင်းတော်ထဲရှိ လူတိုင်းသည် စစ်မှန်သော ယုံကြည်သူးမဟုတ်ကြပါ။ အချို့သောပုဂ္ဂိုလ်များက လျှို့ဝှက်စွာဖြင့် ၎င်းတို့၏အလယ်သို့ ကျူးကျော်ဝင်ရောက်လာပြီး မြောက်များစွာသောသူတို့ကို မှားယွင်းခြင်းနှင့် ကိုယ်ကျင့်တရားပျက်ပြားခြင်းဆီသို့ ဆောင်ယူသွားခဲ့ကြသည်။ ကျွန်ုပ်တို့၏ ခေတ်ကာလတွင်လည်း အလားတူဖြစ်ပျက်နေပါသည်။ စာတန်သည် သခင်ယေရှုနှင့် နှုတ်ကပတ်တော်၏သမ္မာတရားတော်ကို မှောက်လှန်ဖို့ ကြိုးစားရှာကြံနေကြသည့်သူများကို အသင်းတော်ထဲသို့ ဆက်လက်သွတ်သွင်းနေပါသည်။ ကျွန်ုပ်တို့၏မျက်မှောက်၌ရှိနေသော ထိုတိုက်ပွဲကို ထောက်ရှု၍ ကျွန်ုပ်တို့မည်သို့ ရှင်သန်ကြရပါမည်နည်း။ မိမိတို့အား ပေးအပ်ခဲ့ပြီးသော ယုံကြည်ခြင်းတရားအပေါ်၌ သစ္စာရှိရှိရပ်တည်လိုသော ယုံကြည်သူများအတွက် ရှင်ယုဒက အကြံပြုချက်အချို့ကို ဤအပိုင်းတွင် ဖော်ပြပေးထားသည်

*တမန်တော်တို့ဟောပြောသောစကားများကိုအောက်မေ့ကြလော့ (ငယ် ၁၇)*

ကျွန်ုပ်တို့သည် ယုံကြည်ခြင်းတရားအတွက် ကြိုးစားတိုက်လှန်၍ သခင်ဘုရားက ဖြစ်စေလိုသည့်အတိုင်းဖြစ်လာဖို့ဆိုလျှင် တမန်တော်များကပြောကြားခဲ့သော စကားများကို ကျွန်ုပ်တို့သတိရနေကြရမည်။ ထိုတမန်တော်များက နောက်ဆုံးသောကာလတွင် ပြက်ရယ်ပြုတတ်သောသူအမြောက်အများပေါ်ထွက်လာမည်ဟု ပရောဖက်ပြုခဲ့ကြသည်။ ဤပုဂ္ဂိုလ်များသည် မိမိတို့၏မတရားသော တပ်မက်ခြင်းအတိုင်းကျင့်ကြံနေထိုင်ခဲ့ကြလိမ့်မည်။ ရန်သူကို တိုက်ခိုက်အောင်မြင်နိုင်ဖို့ ပထမအဆင့်မှာ ထိုရန်သူရှိနေသည့်အကြောင်းကို ခွဲခြားသိရှိထားရန်ဖြစ်သည်။ စာတန်သည် ရုပ်ဖျက်ရာ၌ သခင်တစ်ပါးဖြစ်သည်။ ဧဒင်ဥယျာဉ်ကြီးထဲသို့ ပထမဆုံးအကြိမ်ဝင်ရောက်ခဲ့ချိန်မှစ၍ သူသည်မိမိ၏ဖြစ်တည်မှုအမှန်ကို ဖုံးကွယ်ခဲ့သည်။ သူသည် ဧဝထံသို့ မြွေတစ်ကောင်အနေဖြင့်လာခဲ့သည်။ တမန်တော်ဝတ္ထုတွင် သူသည်အာနနိကိုသတင်းကောင်းတရားတော် ထွန်းကားပြန့်ပွားရေးအားကူညီထောက်ပံ့ရန် ကြီးမားသောငွေကြေးပမာဏနှင့်အတူစေလွှတ်ခဲ့သည်။ ဤရှင်ယုဒဩဝါဒစာတွင် သူသည်မှားယွင်းသောဆရာများနှင့် ပရောဖက်များကိုစေလွှတ်ခြင်းဖြင့် ယုံကြည်သူများအကြား၌ လျှို့ဝှက်စွာထိုးဖောက်ဝင်ရောက်ခဲ့သည် (ငယ် ၄)။ ရန်သူသည် ကျွန်ုပ်တို့ကို သတင်းကောင်းတရားတော်မှလမ်းချော်သွားရန် မည်သည့်အရာကိုမဆို လုပ်မည့်အကြောင်း ကျွန်ုပ်တို့နားလည်သဘောပေါက်သောအခါ ကျွန်ုပ်တို့မည်သည့်အရာကို ယုံကြည်လက်ခံထားကြကြောင်းနှင့်စပ်လျဉ်း၍ ပိုမိုသတိရှိလာကြပါလိမ့်မည်။ ကျွန်ုပ်တို့နားလည်သဘောပေါက်ထားရန်လိုအပ်သောပထမအချက်မှာ ဘုရားသခင်၏အသင်းတော်ထဲသို့ဝင်ရောက်ရန် ကြိုးစားရှာကြံနေကြသည့် မှားယွင်းသောဆရာများနှင့် ပြက်ရယ်ပြုတတ်သောသူများရှိလာမည့်အကြောင်း ကြိုတင်ဟောကိန်းထုတ်ခဲ့ပြီးဖြစ်သည် ဟူသောအချက်ဖြစ်သည်။ ရန်သူသည် အသင်းတော်ကို ဖျက်ဆီးဖို့ကြိုးစားရှာကြံနေပါသည်။ သူသည် အသင်းတော်ကို မျက်ခြေမပြတ်စောင့်ကြည့်နေသည်ကို သတိထားပါ။ ရန်သူသည် သင်တို့၏ စစ်မျက်နှာတန်းများကို ကျူးကျော်ဝင်ရောက်ဖို့အခွင့်အရေးတိုင်းကို စောင့်စား

နေကြောင်း သင်တို့နားလည်သဘောပေါက်သောအခါ သင်သည် စစ်ဝတ်တန်ဆာ များကို ဝတ်ဆင်ထားပါလိမ့်မည် (ဧဖက် ၆း၁၁-၁၈)။ ရန်သူရောက်ရှိနေကြောင်းကို သင်သတိထားမိပါက သင်သည်အလွန်ကြီးမားသော သတိထားမှုနှင့်အတူ လှုပ်ရှားပါလိမ့်မည်။ နုံအမနေပါနှင့်။ သင်ကြားသမျှကိုလည်းလက်မခံပါနှင့်။ ရန်သူသည် သင့်ခြေရင်း၌ ရောက်နေပြီး သင့်ကို မည်သည့်အချိန်တွင်မဆိုဝါးမြိုဖို့ ရှာကြံနေကြောင်းကို နားလည် သဘောပေါက်ခြင်းနှင့်အတူ အသက်တာကိုရှင်သန်ပါ။ ကျွန်ုပ်တို့သည် ဤနောက်ဆုံးသောကာလ၏ နေ့ရက်များတွင် အထူးသတိပြုနေထိုင်ကြရမည်။

*အလွန်သန့်ရှင်းသောယုံကြည်ခြင်းပေါ်မှာ မိမိတို့ကိုတည်ဆောက်ကြလော့ (ယု ၂၀)*

ရန်သူသည် အသင်းတော်ကို ဖျက်ဆီးဖို့ ထွက်ရှာနေသည်ဟူသော အချက်ကို ထောက်ရှု၍ ရှင်ယုဒက မိမိ၏စာဖတ်ပရိတ်သတ်တို့အား ၎င်းတို့၏ အလွန်သန့်ရှင်းသော ယုံကြည်ခြင်း၌ ကိုယ့်ကိုကိုယ်တည်ဆောက်ထားကြဖို့ စိန်ခေါ်ထားသည်။ သူတို့၏ရှေ့၌ဖြစ်နေသော တိုက်ပွဲသည် အားနည်းချည့်နဲ့သောသူများအတွက်မဟုတ်ပါ။ စာတန်သည် အလွန်အစွမ်းကြီးသော ရန်သူဖြစ်သည်။ ကျွန်ုပ်တို့သည် သူ့ကိုထွက်၍တိုက်ရမည်ဆိုလျှင် ကျွန်ုပ်တို့၏ယုံကြည်ခြင်း၌ အားသစ်သွန်းလောင်းပေးဖို့လိုလိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်၌လည်းကောင်း၊ ဘုရားသခင်၏ လူများနှင့်လည်းကောင်း အချိန်မယူလျှင် ကျွန်ုပ်တို့၏ယုံကြည်ခြင်း၌ မည်သည့်အခါတွင်မျှ ခွန်အားသစ်သွန်းလောင်းပေးနိုင်မည်မဟုတ်ပါ။ သခင်ဘုရားနှင့် အချိန်ယူခြင်းသည် ကျွန်ုပ်တို့၏အသက်တာ၌ ပထမဦးစာပေးအရာဖြစ်ရမည်။ ရန်သူကိုအောင်နိုင်လိုလျှင် ကျွန်ုပ်တို့သည် သခင်ဘုရားကိုလည်းကောင်း၊ ထိုသခင်၏နှုတ်ကပတ်တော်ကိုလည်းကောင်း သိကျွမ်းထားကြရမည်။ သင့်ကို သခင်ဘုရားထံမှလည်းကောင်း၊ ထိုသခင်၏နှုတ်ကပတ်တော်ထံမှလည်းကောင်း ဆွဲယူနေသော သင့်အသက်တာမှ သင့်ကိုစိုးမိုးထားသည့်အရာများကို ဖယ်ရှားပစ်ရမည်ဟုလည်း ဆိုလိုနိုင်သည်။ ကျွန်ုပ်တို့၏ရှေ့၌ရှိနေသော တိုက်ပွဲကိုနိုင်လိုလျှင် ကျွန်ုပ်တို့သည်သခင်

ဘုရား၌ ကိုယ့်ကိုကိုယ် အားသစ်သွန်းလောင်းကြရမည်။

*သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဆုတောင်းပါဌနာပြုလော့ (ငယ် ၂၀)*

ကျွန်ုပ်တို့၏ဆုတောင်းခြင်းအသက်တာသည်လည်း အရေးကြီးပါသည်။ ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်၏ တန်ခိုးတော်ကို လွှင့်ထုတ်ရသည်။ သို့သော် ဤနေရာ၌ ရှင်ယုဒ ပြောပြနေသောအရာမှ ထိုဆုတောင်းခြင်းသက်သက်ကို မဟုတ်ပါ။ ရှင်ယုဒက ကျွန်ုပ်တို့အား သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဆုတောင်းကြရန် စိန်ခေါ်ထားသည်။ ဤဝိညာဉ်တော်အားဖြင့် ဆုတောင်းခြင်းဆိုသည်မှာ အဘယ်နည်း။ အချို့သောသူများက အခြားသောဘာသာစကားများဖြင့် ဆုတောင်းခြင်းဖြစ်သည်ဟု အနက်ဖွင့်ပြန်ဆိုခဲ့ကြလိမ့်မည်။ သို့သော် ဤအနက်ဖွင့်ပြန်ဆိုခြင်း၏ ပြဿနာမှာ ယုံကြည်သူအားလုံးက အမျိုးမျိုးသောဘာသာစကားကို ပြောနိုင်သည့်ဝိညာဉ်စွမ်းရည်ဆုကျေးဇူးကို မရရှိကြခြင်းဖြစ်သည် (၁ ကော ၁၂း၃၀)။

ယုံကြည်သူများအဖြစ်နှင့်ဘုရားသခင်ထံ၌ ကျွန်ုပ်တို့၏ကိုယ်ပိုင်ဆုတောင်းချက်အယူအဆများဖြင့် တိုးဝင်သွားရန်မှာ အလွန်လွယ်ကူပါသည်။ သို့သော် ကျွန်ုပ်တို့သည် ဘုရားသခင့်ဝိညာဉ်တော်၏ လမ်းပြသွန်သင်ပေးမှုအောက်၌ ဆုတောင်းခြင်းပညာကို သင်ယူကြဖို့ လိုအပ်သည်။ စစ်မှန်သောဆုတောင်းခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ စေ့ဆော်ခြင်းဖြင့်သာ ဖြစ်လာရသည်။ သင်ဆုတောင်းရမည့်အရာဆီသို့ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်ကိုဆောင်ယူသွားဖို့ သင်သည် ထိုဝိညာဉ်တော်နှင့် လုံလောက်သေဆက်ဆံရင်းနှီးမှုတစ်ခုကို ရှိထားပါသလား။ ကျွန်ုပ်တို့၏ သဘာဝဆုတောင်းခြင်းများသည် အသက်မဲ့၍ ခြောက်သွေ့နေကြသည်။ သို့သော် ဝိညာဉ်တော်အားဖြင့် ဆုတောင်းခြင်းများသည် မေတ္တာအားကြီး၍ အသက်နှင့်ပြည့်နေကြသည်။ ဝိညာဉ်တော်သည်ကျွန်ုပ်တို့မှတဆင့် ဆုတောင်းပါသည်။ သူသည်ကျွန်ုပ်တို့၏ စိတ်နှလုံးများ ကို တို့ထိ၍နှိုးဆော်တိုက်တွန်းပေးကာ ဘုရားသခင်၏ စိတ်နှလုံးကို ပူပန်စေသောအရာများဖြင့် ကျွန်ုပ်တို့ကိုလည်း ပူပန်စေသည် (ရောမ ၈း၂၅၊ ယာကု ၁း၅)။ သမ္မာတရားအတွက် တိုက်ပွဲကိုအောင်နိုင်ချင်

လျှင် ကျွန်ုပ်တို့သည်ဝိညာဉ်တော်အားဖြင့် ဆုတောင်းခြင်းပညာကို သင်ယူကြရမည်။

*ဘုရားသခင်ကိုချစ်ခြင်းမေတ္တာ၌ ကိုယ့်ကိုကိုယ်စောင့်ရှောက်လော့ (ယုဒ ၂၁)*

ထို့နောက်ရှင်ယုဒက ကျွန်ုပ်တို့အား သခင်ဘုရား၏ ချစ်ခြင်းမေတ္တာ၌ ကိုယ့်ကိုကိုယ်စောင့်ရှောက်ကြဖို့ပြောထားသည်။ သခင်ဘုရား၏ ချစ်ခြင်းမေတ္တာနှင့် ကျွန်ုပ်တို့ကို မည်သည့်အရာကမျှ ခွဲထားနိုင်မည်မဟုတ်သည်မှာ မှန်ကန်နေစဉ်တွင် ထိုချစ်ခြင်းမေတ္တာအား ကျွန်ုပ်တို့ကြုံတွေ့ခံစားနိုင်မှုကို အပြစ်ဒုစရိုက်ကဖုံးအုပ်သွားနိုင်ပါသည်။ ကျွန်ုပ်တို့၏ "ရှေးဦးစွာသောချစ်ခြင်းမေတ္တာ" ကိုဆုံးရှုံးနိုင်ပါသည် (ဗျာဒိတ် ၂း၃)။ ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ်သခင်ဘုရား၏ချစ်ခြင်းမေတ္တာ၌ စောင့်ရှောက်ထားလိုလျှင် ထိုချစ်ခြင်းမေတ္တာ မှေးမှိန်သွားမည့်အဖြစ်ကို ကျွန်ုပ်တို့ခွင့်မပေးသင့်ပါ။ သခင်ဘုရား၌ နှစ်ပေါင်းများစွာ ကျင်လည်ပြီးနောက်၌ပင် ရှင်ပေါလုသည် အပြစ်သားများအပေါ်၌ထားရှိသော သခင်ယေရှု၏ ချစ်ခြင်းမေတ္တာကို အံ့ဩလျှက်ရှိနေခဲ့သည်။ သခင်ယေရှု၏ချစ်ခြင်းမေတ္တာ၌ ကျွန်ုပ်တို့ပို၍ပို၍ စစ်မှန်လာရမည်။ သခင်ယေရှုကိုသင့်ရဲ့ ကယ်တင်ပိုင်ရှင်အဖြစ် သင်လက်ခံခဲ့သော နေ့ထက်ဒီကနေ့တွင် သင့်အပေါ်၌ ထားရှိသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကိုပို၍ အံ့ဩမှင်သက်မိပါသလား။ သင့်အပေါ်၌ထားရှိသောသူ့ရဲ့ချစ်ခြင်းမေတ္တာအား အံ့ဩမှင်သက်နေခြင်းကို မရပ်တန့်ပါနှင့်။ သူရဲ့ချစ်ခြင်း မေတ္တာလက်တော်ဖြင့် သင့်ကိုသာ၍ ဝန်းရံထားဖို့ ခွင့်ပြုပေးပါ။ သင့်ကိုအဘယ်မျှချစ်ကြောင်းကို သင့်အသက်တာ၌ ကြုံတွေ့ရသော စစ်ကြောခြင်းများနှင့် ညှင်းပန်းနှိပ်စက်ခြင်းများက သင့်ကိုသံသယမဖြစ်ပါစေနှင့်။ သခင်ဘုရား၏ ချစ်ခြင်းမေတ္တာအပေါ်၌ သင်ကိုသံသယဖြစ်အောင် ရန်သူကသင့်ကိုပြုလုပ်နိုင်လျှင် သင်သည်ထိုရန်သူ၏ကျန်ရှိနေသော စုံစမ်းနှောက်ယှက်ခြင်းအားလုံးတွင်လည်း အကွယ်အကာရှိတော့မည်မဟုတ်ပါ။ သင့်ကိုသင်သခင်ဘုရား၏ချစ်ခြင်းမေတ္တာ၌ စောင့်ရှောက်ပါ။

*ထာဝရအသက်အလိုငှါ၊ ငါတို့သခင်ယေရှုခရစ်၏ ဂရုဏာတော်ကိုမျှော်လင့်၍နေကြလော့ (ယုဒ ၂၁)*

ကျွန်ုပ်တို့၏ ရှေ့၌ရှိသောအပြေးပြိုင်ပွဲကို မည်သူမျှပန်းမဝင်ရသေးကြောင်း သတိရပါ။ ကျွန်ုပ်တို့၏ပန်းတိုင်သည် ကောင်းကင်ဘုံနှင့် ထာဝရအသက်တို့ဖြစ်ကြစဉ်တွင် ထိုထာဝရအသက်သို့သွားရာလမ်းသည် ကျွန်ုပ်တို့ကို လွင်ပြင်များ၊ ချိုင့်ဝှမ်းများနှင့် နက်ရှိုင်းသောမြစ်ချောင်းများကိုဖြတ်သန်းစေပါလိမ့်မည်။ လမ်းမှာ မည်မျှပင်မတ်စောက်နေပါစေ၊ ချိုင့်ဝှမ်းများမှာ မည်သို့ပင်နက်ရှိုင်းနေပါစေ ဘုရားသခင်က သင့်ကိုမည်သည့် အခါတွင်မျှ စွန့်လွှတ်သွားမည်မဟုတ်ဟူသော ဂတိတော်ကိုသတိရပါ။ သူသည်သင့်ကို ဘယ်သောအခါတွင်မျှ စွန့်လွှတ်မည်မဟုတ်ပါ။ သူ့ကိုယုံကြည်ကိုးစားပါ။ အဘယ်အရာကမျှ ဤချစ်ခြင်းမေတ္တာကို သင့် ထံမှလုယူမသွားနိုင်ပါ။ ဘုရားသခင်၏ ဂရုဏာတော်နှင့် ကြင်နာခြင်းတရား၏ သေချာမှုသည် ဒုက္ခရောက်ချိန်နှင့် စစ်ကြောခြင်းများရင်ဆိုင်ရချိန်တွင် သင့်အားခွန်အားပေးစေပါ။

*သံသယစိတ်ရှိသောသူတို့ကို သနားကြလော့ (ယုဒ ၂၂)*

သခင်ယေရှုက မိမိ၏ဂရုဏာတော် (မထိုက်မတန်ပဲရသောမျက်နှာသာပေးမှု) ကို သင့်အားဂတိပေးထားသကဲ့သို့ ဤဂရုဏာတော်ကို သင့်အသက်တာ၌လည်း ထင်ရှားစေပါ။ အထူးသဖြင့် ယုံကြည်ခြင်း၌ အားနည်းသေူသူများကို သနားပါ။ ရန်သူကိုအောင်နိုင်ခြင်းအမှုသည် ကျွန်ုပ်တို့တစ်ဦးတည်းအားဖြင့် လုပ်ယူ၍ရနိုင်သည့်အရာမဟုတ်ပါ။ အခြားတစ်ဦးတစ်ယောက်ကို ကျွန်ုပ်တို့လိုအပ်ကြသည်။ သံသယစိတ်ရှိနေသောသူများကို ၎င်းတို့၏ ယုံကြည်ခြင်း၌ အားသစ်လောင်းပေး၍ တိုက်တွန်းနှိုးဆော်ပေးဖို့ သူတို့ထံကမ်းလက်ကို ဆန့်တန်းပေးပါ။ သူတို့သည် သင့်ကိုလိုအပ်၍ သင်သည်လည်း သူတို့ကိုလိုအပ်ပါသည်။

*အချို့တို့ကိုမီးထဲမှဆယ်နုတ်ကယ်တင်ကြလော့ (ယုဒ ၂၃)*

ဘုရားသခင်ထံမှထွက်ခွါ၍ အန္တရာယ်ကြီးစွာလမ်းပျောက်နေကြသောသူများ

ရှိသည်။ သခင်ခရစ်တော်ကို သူတို့ငြင်းပယ်လိုက်ခြင်းက သူတို့ကို အပယ်ငရဲသို့ တန်းတန်းမတ်မတ် ဆောင်ယူသွားမည့်အဖြစ်ကို သူတို့သတိမထားမိကြပါ။ ဤသူများထံ ကမ်းလက်ကို ဆန့်တန်း၍ သတိပေးရမည်ဖြစ်သည်။ ဤသူများလမ်းမှန်သို့ပြန်ရောက်လာဖို့ သင့်လုပ်နိုင်သောအရာမှန်သမျှကို လုပ်ဆောင်ပါ။ အပယ်ငရဲ၏မီးတောက်မီးလျှံများထဲမှ သူတို့ကို ကယ်နှုတ်ဆွဲတင်လိုက်ပါ။

*ကြောက်ရွံ့ခြင်းနှင့်ရောနှောထားသောသနားခြင်းဂရုဏာကိုပြကြလော့ (ယေ ၂၃)*

သင်သည် သခင်ခရစ်တော်၏နာမ၌ အခြားသူများထံ ကမ်းလက်ကိုဆန့်တန်းပေးသည်နှင့်အမျှ ကြောက်ရွံ့ခြင်းနှင့် ရောနှောထားသော သနားခြင်းဂရုဏာကိုလည်း ပြသပါ။ ရှင်ယုဒပြောပြနေသော ကြောက်ရွံ့ခြင်းဆိုသည်မှာအဘယ်နည်း။ ဘုရားသခင်ကို နက်နက်နဲနဲကြည်ညိုလေးစားခြင်းဖြစ်နိုင်ပါသလား။ ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင်ကို နက်နက်နဲနဲ ကြောက်ရွံ့လေးစားခြင်းဖြင့် ကမ်းလက်များကို ဆန့်တန်းကြဖို့ ရှင်ယုဒက ကျွန်ုပ်တို့ကို ပြောပြနေပါသလား။ ကျွန်ုပ်တို့၏ စိတ်ရင်းရည်ရွယ်ချက်သည် အနန္တတန်ခိုးတော်ရှင်၊ ခပ်သိမ်းသောအရာကို ပိုင်သအုပ်စိုးစီရင်တော်မူသော ဘုရားသခင်အား ဂုဏ်ကြီးခြင်းဂုဏ်ပြုခြင်းကိုပေးရန်ဖြစ်သည်ဟု ပြောပြနေပါသလား။ သခင်ယေရှု၏နာမတော်အား ဂုဏ်ကြီးခြင်း၊ ဂုဏ်ပြုခြင်းကို မပေးသောလမ်းဆီသို့ ဦးတည်သွားနေသောသူများအား ကမ်းလက်ကိုဆန့်တန်း၍ဆွဲယူဖို့ အရာခပ်သိမ်းကိုကျွန်ုပ်တို့စွန့်လွှတ်ကြဖို့မှာ နာမတော်အပေါ်၌ထားရှိသော ကျွန်ုပ်တို့၏ အလေးအနက်ထားမှုပင်ဖြစ်သည်။ သင်သည် တိုက်ပွဲကိုအနိုင်ရလို၍ ယုံကြည်ခြင်းတရားအတွက် ကြိုးစားတိုက်လှန်လိုပါက သင့်၌ ဘုရားသခင်ကိုကြောက်ရွံ့၍ ဘုန်းတော်ထင်ရှားစေခြင်းကို အလွန်ထက်သန်သော စိတ်နှလုံးရှိရမည်ဖြစ်သည်။

*ကိုယ်ကာယနှင့် ညစ်ညူးစွန်းကွက်သောအဝတ်ကိုပင် စက်ဆုပ်ရွံ့ရှာကြလော့ (ငယ် ၂၃)*

ကျွန်ုပ်တို့သည် ဘုရားသခင်ကို ပြင်းထန်သောကြောက်ရွံ့ခြင်းနှင့် ကြည်ညိုလေးစားခြင်းကိုသာရှိရန် လိုအပ်သည်မဟုတ်၊ ဤလောက၏ ပျက်စီးဖောက်ပြန်ခြင်းကိုလည်း စက်ဆုပ်ရွံ့ရှာတတ်ကြဖို့ကိုလည်း လိုအပ်ကြပါသည်။ သခင်ဘုရားက စက်ဆုပ်ရွံ့ရှာသောအရာများကို သင်မစက်ဆုပ်မရွံ့ရှာလျှင် သင်သည် သခင်ဘုရားအတွက် အသက်ရှင်နိုင်မည်မဟုတ်ပါ။ သင်သည် သခင်နှစ်ပါးကိုမခစားနိုင်ပါ။ အပြစ်ဒုစရိုက်ကိုချစ်ခြင်းနှင့် ဤလောကီအရာများကို ချစ်ခြင်းသည် သခင်ဘုရားနှင့်အတူကျင်လည်လျှောက်လှမ်းရာ တွင်သင့်ကိုဟန့်တားနှောက်ယှက်ကြပါလိမ့်မည်။ ဘုရားသခင်က ရှုမြင်သကဲ့သို့ သင်လည်း ရှုမြင်ရမည်။ သင်သည် ဘုရားသခင်ချစ်သောအရာများကို ချစ်၍ ဘုရားသခင်မုန်းတီးသောအရာများကို မုန်းတီးတတ်ဖို့သင်ယူရမည်။ အပြစ်ဒုစရိုက်သည် သင့်အတွက် စက်ဆုပ်ရွံ့ရှာဖွယ် ဖြစ်ရမည်။ အပြစ်ဒုစရိုက်၏ ပုံပန်းသဏ္ဌာန်ကိုပင် သင်မုန်းတီးရပါမည်။ ဘုရားသခင်၏ဝိညာဉ်တော်ကို ကျွန်ုပ်တို့၏အသက်တာ၌ လှုပ်ရှား၍ ကူညီမစပေးရန် အခွင့်ပေးသည်နှင့်အမျှ အပြစ်ဒုစရိုက်နှင့် ဖောက်ပြန်ပျက်စီးခြင်းတို့ကို မုန်းတီးခြင်းမှာ အသက်တာ၌ ရောက်လာပါသည်။ ဤအရာသည် ကျွန်ုပ်တို့၏ ကယ်တင်ရှင်နှင့် အချိန်ယူ၍ ဝိညာဉ်တော်အား ကျွန်ုပ်တို့၏ အသက်တာနှင့် အတွေးအခေါ်များကို ပြောင်းလဲစေခြင်းဖြင့် အလွန်သန့်ရှင်းသော ယုံကြည်ခြင်း၌ ကျွန်ုပ်တို့ကြီးထွားလာသည်နှင့်အမျှ အသက်တာထဲသို့ ဝင်ရောက်လာပါမည်။

*ထိမိ၍လဲခြင်းနှင့်ကင်းလွတ်စေမည့်အကြောင်းတတ်နိုင်တော်မူသောသူ၏အကြောင်းကို သတိရလော့ (ငယ် ၂၄)*

နိဂုံးချုပ်အနေဖြင့် ရှင်ယုဒက ကျွန်ုပ်တို့၏ ကယ်တင်ရှင်သည် ကျွန်ုပ်တို့ကို ထိမိ၍လဲကျခြင်းမှ အကြွင်းမဲ့ကာကွယ်ပေးနိုင်သောသူဖြစ်သည်ဟု အသိပေးထားပါသည်။ ရန်သူသည် အလွန်တန်ခိုးအစွမ်းကြီးသည်မှာ မှန်ပါသော်လည်း ကျွန်ုပ်တို့၏ကယ်တင်ရှင်သည်

ထိုထက်ပင်အစွမ်းကြီးမားပါသည်။ သူ့ကိုကျွန်ုပ်တို့ ယုံကြည်ကိုးစားသည်နှင့်အမျှ သူသည် ကျွန်ုပ်တို့ကို စောင့်ရှောက်ပေးနိုင်ပါသည်။ ကျွန်ုပ်တို့လဲကျသွားဖို့မရှိပါ။ သူ့ကိုကျွန်ုပ်တို့ ဝန်ခံအပ်နှံကြသည်နှင့်အမျှ သူသည်ကျွန်ုပ်တို့ကိုချီမထားပါမည်။ သူသည် ရန်သူက ကျွန်ုပ်တို့သွားရာလမ်း၌ စေလွှတ်နိုင်သော စုံးစမ်းနှောက်ယှက်ခြင်းများ (သို့) ခက်ခဲပင်ပန်းခြင်းများထက်သာ၍ ကြီးမြတ်ပါသည်။

သခင်ယေရှုသည် ကျွန်ုပ်တို့ကို အဖဘုရားသခင်၏ ဘုန်းအသရေနှင့် ပြည့်နေသော မျက်မှောက်တော်၌ အပြစ်ကင်းခြင်းနှင့်အတူ ဆက်သမည့်အကြောင်း ရှင်ယုဒက ကျွန်ုပ်တို့ကိုအသိပေးထားသည်။ ဤအချင်းအရာသည် သူပေးထားသော အပြစ်လွှတ်ခြင်းအားဖြင့်သာဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏စံချိန်စံညွှန်းနှင့် မပြည့်မှီချိန်၌ပင် ကျွန်ုပ်တို့သည် သူ့ထံသို့လာ၍အပြစ်လွှတ်ခြင်းကို ရရှိနိုင်ကြပါသည်။ သခင်ယေရှု၏ အပြစ်လွှတ်ပေးခြင်းကြောင့်သာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မျက်မှောက်တော်၌ အပြစ်ကင်းလျှက် ရပ်နိုင်ကြခြင်းဖြစ်သည်။ ဤအချင်းအရာကို ကျွန်ုပ်တို့အတွက် လုပ်ဆောင်ပေးရန်မှာ သခင်ယေရှု အလွန်ဝမ်းသာအားရသော အရာဖြစ်ကြောင်းကို သတိပြုပါ။ သူသည် ကြီးမားသောဝမ်းမြောက်ခြင်းနှင့်အတူ ကျွန်ုပ်တို့ကို ဘုရားသခင်၏ရှေ့တော်၌ အပြစ်ကင်းလျှက် ဆက်သပါလိမ့်မည်။ သခင်ယေရှုသည် အခြားအရာများအားလုံးထက် ကျွန်ုပ်တို့၏အပြစ်များ ခွင့်လွှတ်ခံရခြင်းကို ဝမ်းမြောက်ပျော်ရွှင်နေပါသည်။ အပြစ်သားတစ်ယောက် အပြစ်လွှတ်ခံရခြင်းအတွက် ကောင်းကင်ဘုံ၌ ကြီးမားသောဝမ်းမြောက်ခြင်းရှိပါသည် (လုကာ ၁၅း၇)။ သင်အပြစ်ဒုစရိုက်၌ လဲကျသွားသောအခါ အပြစ်လွှတ်ခြင်းအတွက် သူ့ထံကိုလာပါ။ ပြည့်မှီခြင်းမရှိသောသူအားလုံးကို ခွင့်လွှတ်ပေးရန်မှာ သခင်ယေရှု ကျေနပ်အားရသောအရာဖြစ်သည်။ သူ့ထံသို့ကျွန်ုပ်တို့လာသောအခါ သူသည် ကျွန်ုပ်တို့ကို လိုလိုလားလား ခွင့်လွှတ်ပေးကြောင်းကိုသိရခြင်းသည် အံ့ဖွယ်အရာမဟုတ်ပါလား။

ရှင်ယုဒက သခင်ယေရှုအား ချီးမွမ်း၍ ကျေးဇူးတင်ခြင်းစာတိုတစ်ခုဖြင့် မိမိ၏စာကို နိဂုံးချုပ်ထားသည်။ သခင်ယေရှု၌တည်သောကျွန်ုပ်တို့၏ အောင်နိုင်ခြင်းကို ထောက်ရှုသော

အခါ ဤစာစောင်ကို ဤနည်းလမ်းဖြင့် အဆုံးသတ်ထားသည်မှာ အလွန်လိုက်လျောညီထွေမှုရှိပါသည်။ "ငါတို့ကိုကယ်တင်တော်မူသောအရှင်၊ တစ်ဆူတည်းသောဘုရားသခင်သည် ငါတို့ သခင်ယေရှုခရစ်အားဖြင့် ယခုမှစ၍ ကမ္ဘာအဆက်ဆက် ဘုန်းတန်ခိုးအာနုဘော်နှင့် အစွမ်းသတ္တိအာဏာစက်ရှိတော်မူစေသတည်း" (ယု ၂၅)။ သခင်ယေရှုလုပ်ဆောင်ခဲ့သော အမှုတော်ကြောင့် ဘုန်းတန်ခိုးအာနုဘော်နှင့် အစွမ်းသတ္တိအာဏာစက်တို့သည် ဤကမ္ဘာမြေမှ အထက်အရပ်ရှိ သုံးပါးတစ်ဆူဘုရားထံသို့ တက်ရောက်သွားပါသည်။ သခင်ယေရှုက ဘုရားသခင်ကို ကျွန်ုပ်တို့ထံ၌ ထုတ်ဖော်ပြသခဲ့သည်။ သခင်ယေရှုကြောင့် ထာဝရကာလ တစ်လျှောက်လုံးတွင် လူသားတို့၏ နှုတ်ပါးစပ်များသည် ချီးမွမ်းခြင်းနှင့် နာမတော်အား ဘုန်းပေးခြင်းကို သီဆိုကြပါလိမ့်မည်။

## စဉ်းစားသုံးသပ်ချက်များ

- သမ္မာကျမ်းစာ၏ ဤအပိုဒ်တွင် မည်သည့်စိန်ခေါ်ချက်မျိုးကို သင်တွေ့ရပါသနည်း။ သင့်အသက်တာ၌ သင်လက်တွေ့ကျင့်သုံးဖို့လိုအပ်သည့်အရာ တစ်ခုခုရှိနေပါသလား။ ယုံကြည်ခြင်း၌ ကိုယ့်ကိုကိုယ် စောင့်ရှောက်ဖို့နှင့် စပ်လျဉ်း၍ ရှင်ယုဒက ကျွန်ုပ်တို့ကို ဖော်ပြထားသောအရာများကို ပြန်လည်သုံးသပ်ပြီး၊ သင့်အသက်တာ၌ ပြည့်ပြည့်ဝဝရယူကျင့်သုံးဖို့လိုအပ်သော သမ္မာတရားအချို့ကို ကောက်ယူလိုက်ပါ။
- သင့်ရဲ့ဝိညာဉ်ရေးရာအသက်တာ၌ ရှိနေသောအတားအဆီးများကို ရင်ဆိုင်ဖို့ သင့်ကို ကူညီမစပေးရန် သမ္မာကျမ်းစာ၏ ဤအပိုင်းမှ မည်သည့်ခွန်အားပေး တိုက်တွန်းမှုကို သင်တွေ့မြင်ပါသနည်း။
- ဝိညာဉ်ရေးရာအသက်တာသည် လွယ်ကူချောမွေ့သောအသက်တာဖြစ်ပါမည်လော။ ရင်ဆိုင်ကြုံတွေ့ဖို့ သင်မျှော်လင့်ထားသော အတားအဆီး အချို့မှာ အဘယ်နည်း။ ထိုအတားအဆီးများကို သင်ကိုင်တွယ်ဖြေရှင်းရန် ကူညီ

ပေးမည့် ရှင်ယုဒပြောထားသော အရာမှာအဘယ်နည်း။

**ဆုတောင်းရန်အချက်များ**

- ဤကျမ်းပိုဒ်၌ သင့်အား ကတိပေးထားသည့် အောင်နိုင်ခြင်းအတွက် သခင်ဘုရားကို ချီးမွမ်းရန် အချိန်အနည်းငယ်ယူပါ။
- ယုံကြည်ခြင်းမှ လေလွင့်သွားသည့်သူတစ်ယောက်ယောက်ကို သင်သိပါသလား။ ထိုပုဂ္ဂိုလ်ကို မီးထဲမှ ဆယ်နှုတ်ဆွဲယူဖို့ ကူညီရန် သင်လုပ်ဆောင်ပေးနိုင်သောအရာများကိုဖော်ပြဖို့ သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။
- ဘုရားသခင်၏ဂုဏ်ကြီးခြင်းကို ဤလောက၌ ထုတ်ဖော်ပြသရန်အတွက် ပို၍နက်နဲသောဝန်ထုပ်ကို သင့်အားပေးဖို့ တောင်းလျှောက်ပါ။ နာမတော်နှင့်နှုတ်ကပတ်တော်တို့ကို အသရေဖျက်ကျချိန်၌ သင်လှုပ်ရှားဖို့ ပျက်ကွက်ခဲ့သည့်အချိန်များအတွက် ခွင့်လွှတ်ပေးဖို့ တောင်းပန်ပါ။
- ဤကျမ်းပိုဒ်၌ ရှင်ယုဒဖော်ပြထားသော အခြေခံဥပဒေသများထဲမှ တစ်ခုကိုရွေး၍ ထိုအရာကို သင့်အသက်တာ၌ နက်နက်နဲနဲ ရယူကျင့်သုံးနိုင်ဖို့ ကူညီမစပေးရန် သခင်ဘုရားထံ၌ တောင်းလျှောက်ပါ။

## *Light To My Path* စာအုပ်ဖြန့်ချီရေး

*Light To My Path* စာအုပ်ဖြန့်ချီရေးအဖွဲ့ (LTMP) သည် စာအုပ်စာပေ ရေးသားပြုစုခြင်းနှင့် ဖြန့်ဖြူးခြင်းသာသနာလုပ်ငန်းဖြစ်ပြီး၊ အာရှ၊ လက်တင်အမေရိကနှင့် အာဖရိကနိုင်ငံများရှိ လိုအပ်ချက်များနှင့် မပြည့်စုံသောခရစ်ယာန်အမှုဆောင်များအား လက်ကမ်းပေးနေသောသာသနာပြုလုပ်ငန်းဖြစ်သည်။ ဤဖွံ့ဖြိုးဆဲနိုင်ငံများရှိ ခရစ်ယာန် အမှုဆောင်များစွာ၌ သမ္မာကျမ်းစာသင်တန်းသို့လာရန် (သို့) သူတို့၏သာသနာလုပ်ငန်း အတွက် သမ္မာကျမ်းစာလေ့လာရာတွင် လိုအပ်သောအထောက်အကူပြုပစ္စည်းများကို ဝယ်ယူနိုင်ရန်နှင့် ကိုယ်ပိုင်လေ့လာမှုများအတွက် အရင်းအမြစ်များမရှိကြပါ။ F. Wayne Mac Leod သည် Action International Ministries ၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး၊ သူသည် အကူအညီလိုအပ်သော ကမ္ဘာ့တဝှမ်းရှိ သင်းအုပ်ဆရာများနှင့် ခရစ်ယာန်အမှုဆောင် များအား အခမဲ့(သို့) အရှုံးခံ၍ဖြန့်ဖြူးပေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဤစာအုပ်များကို ရေးသားခဲ့သည်။

ယနေ့တွင် ထောင်ပေါင်းများစွာသောစာအုပ်များသည် နိုင်ငံပေါင်းခြောက်ဆယ် ကျော်ရှိ ဒေသန္တရအသင်းတော်များ၏ တရားဟောခြင်း၌၄င်း၊ သင်ကြားခြင်း၌၄င်း၊ ဧဝံဂေလိလုပ်ငန်း များ၌၄င်း၊ ခွန်အားပေးတိုက်တွန်းခြင်းများ၌၄င်း အသုံးပြုလျက်ရှိကြသည်။ ဤစာအုပ်များကို ဘာသာစကားအမျိုးမျိုးဖြင့် ဘာသာပြန်ထားပြီးဖြစ်သည်။ ရည်ရွယ်ချက်မှာ ယုံကြည်သူ အားလုံးအတွက် စာအုပ်အလုံအလောက်ရရှိနိုင်ဖို့ အတတ်နိုင်ဆုံးပြုလုပ်ပေ ရန်းဖြစ်သည်။

*LTMP* သာသနာလုပ်ငန်းသည် ယုံကြည်ခြင်းကိုအခြေခံထားသော အမှုတော်ဖြစ် သည့်အားလျော်စွာ၊ ကမ္ဘာတဝှမ်းရှိ ယုံကြည်သူများအား ခွန်အားပေးခြင်း၊ နှိုးဆော်တိုက်တွန်း ခြင်းများအတွက် စာအုပ်များကို ဖြန့်ဖြူးနိုင်ရန် လိုအပ်သော အရင်းအမြစ်များအတွက်

ကျွန်ုပ်တို့သည် ဘုရားသခင်အား ယုံကြည်ပုံအပ်ထားသည်။ ဤစာအုပ်များအား အခြားဘာသာစကားဖြင့် ပြန်ဆိုခြင်းအတွက်၎င်း၊ ဤထက်မကပို၍ ဖြန့်ဝေနိုင်ရန်အတွက်၎င်း၊ ဘုရားသခင်လမ်းဖွင့်ပေးရန် သင်ဆုတောင်းပေးနိုင်ပါသလား။

*Light To My Path* သာသနာလုပ်ငန်းနှင့်စပ်လျဉ်းသော အသေးစိတ်အချက်အလက်များကို သိလိုလျှင် ကျွန်ုပ်တို့၏ *website* ဖြစ်သော *www.ltmp.ca.* ၌လေ့လာပါ။

မြန်မာဘာသာဖြင့် ပြန်ဆိုလေးသောစာအုပ်များနှင့်စပ်လျဉ်း၍ စုံစမ်းလိုလျှင် အောက်ပါလိပ်စာအတိုင်းဆက်သွယ်ပါ။


Light To My Path Myanmar

GPO Box 1021

Yangon, Myanmar 18111.

Ph:  09779912305